# ကြေးမုံ
The Mirror Daily
၁၉၅၇ ဇပြီ ၁၆ တွင် စတင်တည်ထောင်သည်။ Established in 1957


**စိုးရိမ်ကြောင့်ကြမှုမရှိ**

ချစ်ခင်နှစ်သက်စွဲလမ်းမှုကြောင့် စိုးရိမ်ခြင်း၊ ကြောင့်ကြခြင်းတို့သည် ဖြစ်ကုန်၏။ ချစ်ခင်နှစ်သက် စွဲလမ်းခြင်းမရှိလျှင် စိုးရိမ်ကြောင့်ကြမှုတို့သည် အဘယ်လျှင်ရှိနိုင်တော့အံ့နည်း။ (မည်သည့်အရာ၊ မည်သည့်ပုဂ္ဂိုလ်ကိုမျှ ချစ်ခင်စွဲလမ်းခြင်း မပြုရာ၊ မရဏာနုဿတိ စီးဖြန်းခြင်းဖြင့် ကင်းလွတ်အောင် အားထုတ်ရာ၏)

ပီယဝဂ်(ဓမ္မပဒ-၂၁၂)


၁၃၈၂ ခုနှစ်၊ နယုန်လဆန်း ၆ ရက်၊ ဗုဒ္ဓဟူးနေ့။ Wednesday, 27 May 2020 ၁၀၀၂၅


## နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်က

## အိန္ဒိယသမ္မတနိုင်ငံ ဝန်ကြီးချုပ် ရှရီ နာရန်ဒရာ မိုဒီထံသို့ စာနာထောက်ထားကြောင်း သဝဏ်လွှာပေးပို့

**နေပြည်တော် မေ ၂၆**

အိန္ဒိယနိုင်ငံ အနောက်ဘင်္ဂလားပြည်နယ်နှင့် ဩရိသပြည်နယ်များသို့ ဖြတ်ကျော်တိုက်ခတ်ခဲ့သည့် ဆိုင်ကလုန်းမုန်တိုင်း အမ်ဖန်ကြောင့် အသက်အိုးအိမ်စည်းစိမ်များ ပျက်စီးဆုံးရှုံးခဲ့ရခြင်းအတွက် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်သည် အိန္ဒိယသမ္မတနိုင်ငံ ဝန်ကြီးချုပ် ရှရီ နာရန်ဒရာ မိုဒီထံသို့ စာနာထောက်ထားကြောင်း သဝဏ်လွှာပေးပို့ခဲ့သည်။ **သတင်းစဉ်**

## နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်က

## Covid ၏ အကျိုးဆက်များကို အောင်နိုင်စွာ ကိုင်တွယ်ဆောင်ရွက်ရေး စီမံချက်များထဲတွင် အလုပ်အကိုင်ဖန်တီးရေးကို အထူးအလေးပေးမည်ဖြစ်ကြောင်း ရေးသားဖော်ပြ

**နေပြည်တော် မေ ၂၆**

နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်က Covid ၏ အကျိုးဆက်များကို အောင်နိုင်စွာ ကိုင်တွယ်ဆောင်ရွက်ရေး စီမံချက်များထဲတွင် အလုပ်အကိုင်ဖန်တီးရေးကို အထူးအလေးပေးမည်ဖြစ်ကြောင်း ၎င်း၏ ဖေ့စ်ဘွတ်စာမျက်နှာမှ ယနေ့တွင် ရေးသားဖော်ပြထားသည်။

နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်က မိမိတို့ ယခုလုပ်ဆောင်မှုများသည် နောင်အတွက် ရင်းနှီးမှုများဖြစ်စေချင်သည်ဟု မနေ့က ရေးခဲ့ပါကြောင်း၊ ဘယ်အခြေအနေမဆို အဆိုးဘက်ကို ရောက်သွားမလား၊ အကောင်းဘက်ကို ရောက်သွားမလားဆိုတာ ကာယကံရှင်များအပေါ် အများကြီး မူတည်ပါကြောင်း။

ပြည်ပမှ မိမိတို့နိုင်ငံသားတွေ အများအပြား ပြန်လာနေချိန်မှာ အတွေးလေးတွေဝင်လာပါကြောင်း၊ ပြန်လာသူများအတွက် ကျန်းမာရေး၊ ခရီးသွားရေးအစီအစဉ်တွေ ချမှတ်ဆောင်ရွက်ရတာ ကြီးမားတဲ့ တာဝန်ဖြစ်ပေမဲ့၊ အခက်အခဲနဲ့ ကြုံချိန်မှာ ကိုယ့်နိုင်ငံကို အားကိုးစိတ်နဲ့ ပြန်လာကြတာကို ကျေနပ်ဂုဏ်ယူမိပါကြောင်း၊ အချို့ အင်အားကြီးနိုင်ငံများ၏ ပြည်သူများသည် နိုင်ငံရပ်ခြားရောက်တုန်း ပြဿနာတစ်ခုခုဖြစ်လျှင် "ကျုပ်တို့က ဘယ်နိုင်ငံသား"ဆိုပြီး မိမိတို့နိုင်ငံ၏ အင်အားအရှိန်ကိုယူကြပါကြောင်း၊ မိမိကတော့ ဘယ်သူ့ကိုမှ ကျော်ချင်တဲ့စိတ်နှင့် မဟုတ်ဘဲ ဘယ်လိုအခြေအနေမှာမဆို ဒို့နိုင်ငံက ဒို့ကိုပစ်ထားမှာမဟုတ်ဘူးဆိုသည့် စိတ်လုံခြုံမှုမျိုး မိမိတို့ ပြည်သူများမှာ ရှိစေချင်ပါကြောင်း။

စီးပွားရေးလိုအပ်ချက်ကြောင့် မိမိတို့ပြည်သူများ တိုင်းတစ်ပါးကိုသွားရသည့် အခြေအနေများကိုလည်း ပြောင်းချင်ပါကြောင်း၊ Covid ၏ အကျိုးဆက်များကို အောင်နိုင်စွာ ကိုင်တွယ်ဆောင်ရွက်ရေး စီမံချက်များထဲတွင် အလုပ်အကိုင်ဖန်တီးရေးကို အထူးအလေးပေးမှာ ဖြစ်ပါကြောင်း၊ အရာရာတိုင်းမှာလိုပဲ ရည်ရွယ်ချက်တွေအောင်မြင်ဖို့ ပြည်သူ၏ ပူးပေါင်းအားပေးမှုသည် အဓိကဖြစ်ပါကြောင်း၊ ပြည်တွင်း အလုပ်အကိုင်တွေအတွက် ရမဲ့ဝင်ငွေက ချက်ချင်းတော့ ပြည်ပမှာ ရနိုင်တာကို မမီတာ ဖြစ်နိုင်ပါကြောင်း၊ ဒါပေမဲ့ ကိုယ့်ရပ်ကိုယ့်ရွာ၊ ကိုယ့်နိုင်ငံမှာနေရတဲ့ သုခအကျိုးအမြတ်တွေရဲ့ တန်ဖိုးလည်း ရှိပါသေးကြောင်း။

ယခုလို မိမိတို့နိုင်ငံ၏ ပြန်လည်ထူထောင်ရေးကာလလို့ ဆိုနိုင်သည့်အချိန်မှာ တစ်ထောင့်တစ်နေရာက ပါဝင်နိုင်သည့်အခွင့်အရေး၏ တန်ဖိုးကလည်း ကြီးမားပါကြောင်း၊ နောင်မျိုးဆက်တွေအတွက် ရုပ်ပိုင်းဆိုင်ရာသာမက၊ စိတ်ပိုင်းဆိုင်ရာ အမွေအနှစ်တွေ စုဆောင်းရေးမှာ ပါဝင်ကြစေချင်ပါကြောင်း ရေးသားဖော်ပြထားသည်။

- ☆ **ပြန်လာသူများအတွက် ကျန်းမာရေး၊ ခရီးသွားရေးအစီအစဉ်တွေ ချမှတ်ဆောင်ရွက်ရတာ ကြီးမားတဲ့ တာဝန်ဖြစ်ပေမဲ့၊ အခက်အခဲနဲ့ကြုံချိန်မှာ ကိုယ့်နိုင်ငံကို အားကိုးစိတ်နဲ့ ပြန်လာကြတာကို ကျေနပ်ဂုဏ်ယူမိ။**
- ☆ **မိမိတို့နိုင်ငံ၏ ပြန်လည်ထူထောင်ရေးကာလလို့ ဆိုနိုင်သည့်အချိန်မှာ တစ်ထောင့်တစ်နေရာက ပါဝင်နိုင်သည့်အခွင့်အရေး၏ တန်ဖိုးကလည်းကြီးမားပါကြောင်း၊ နောင်မျိုးဆက်တွေအတွက် ရုပ်ပိုင်းဆိုင်ရာသာမက၊ စိတ်ပိုင်းဆိုင်ရာ အမွေအနှစ်တွေ စုဆောင်းရေးမှာ ပါဝင်ကြစေချင်။**

### ကြေးမုံ ယနေ့ ဖတ်စရာ




**နိုင်ငံတော်၏လိုငွေ ဖြည့်ဆည်းရန်အတွက် အပြည်ပြည်ဆိုင်ရာ ငွေကြေးရန်ပုံငွေအဖွဲ့ထံမှ ချေးငွေ အမေရိကန်ဒေါ်လာသန်း ၇၀၀ ရယူရေး ကိစ္စနှင့်စပ်လျဉ်း၍ လွှတ်တော်က သဘောတူကြောင်း ကြေညာ**


ပြည်ထောင်စုလွှတ်တော် စာမျက်နှာ » ၄




**ဂျပန်နိုင်ငံက ဆေးဘက်ဆိုင်ရာ အထောက်အကူပစ္စည်းများနှင့် ဝန်ဆောင်ခအတွက် အမေရိကန်ဒေါ်လာ ၁ ဒသမ ၇ ဘီလီယံ သုံးစွဲမည်**


စာမျက်နှာ » ၁၂

## ကြေးမုံ

## မည်သူ့မျှမကျန်ရစေဘဲ ပူးပေါင်းလုပ်ဆောင်

လူတို့သည် ဘေးဒုက္ခကြုံတွေ့နေချိန်တွင် တစ်ဦးအပေါ်တစ်ဦး ရိုင်းပင်းကူညီလေ့ရှိသည်။ ပုံမှန်ကာလများထက် ဒုက္ခအခက်အခဲကြုံတွေ့နေချိန်တွင် ဖေးမကူညီစောင့်ရှောက်ပေးခြင်းသည် မိတ်ဆွေကောင်းမည်သလို မင်္ဂလာတစ်ပါးလည်းဖြစ်သည်။ အထူးသဖြင့် မတူကွဲပြားသူများအား ဖေးမကူညီပေးသည်မှာ လူသားချင်းစာနာထောက်ထားသည့် မေတ္တာစိတ်အစစ်အမှန်ဖြစ်သည်။

ယခုအခါ ကမ္ဘာတစ်ဝန်းကြုံတွေ့နေရသည့် ကိုဗစ်-၁၉ ကပ်ဘေးရောဂါဖြစ်ပွားနေသောအချိန်တွင် ကမ္ဘာ့လူသားအားလုံး စိုးရိမ်ထိတ်လန့်ပူပန်နေကြသည်။ မြန်မာနိုင်ငံတွင် ပြည်ပမှတစ်ဆင့် ဝင်ရောက်လာသည့် ရောဂါဘေးအန္တရာယ်ကို ပြည်သူများ စိုးရိမ်ထိတ်လန့်မှုမဖြစ်အောင် အလေးထားဆောင်ရွက်နေကြသည်။ ရောဂါပိုးတွေ့ရှိသူအများစုမှာ ပြည်ပနိုင်ငံများမှ ရောက်လာကြသူများဖြစ်၍ နိုင်ငံတကာလေဆိပ်များနှင့် နယ်စပ်ဂိတ်များတွင် ရောဂါစစ်ဆေးစောင့်ကြည့်ရေးကို အလေးထားလုပ်ဆောင်နေကြသည်။

မြန်မာနိုင်ငံသည် နိုင်ငံငါးနိုင်ငံနှင့် နယ်နိမိတ် ရှည်လျားစွာထိစပ်လျက်ရှိရာ ကုန်းလမ်းမှ ပြန်လည်ဝင်ရောက်လာကြသော မြန်မာနိုင်ငံသားများအား စနစ်တကျ စစ်ဆေးလက်ခံဆောင်ရွက်ပေးနေသည်။ နယ်စပ်ဒေသအများစုသည် တိုင်းရင်းသား လက်နက်ကိုင်အဖွဲ့အစည်းများ အခြေပြုသော ဒေသများဖြစ်သော်လည်း နိုင်ငံတော်အနေဖြင့် ထိုဒေသများကို ပစ်ပယ်ထားခြင်းမရှိပေ။ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများအနေဖြင့် ၎င်းတို့၏နယ်မြေဒေသများတွင် ရောဂါကာကွယ်တားဆီးရေးလုပ်ငန်းများကို တစ်ပိုင်တစ်နိုင်လုပ်ဆောင်နေကြရာ ယခုအခါ နိုင်ငံတော်အစိုးရကပါ ဝိုင်းဝန်းကူညီဆောင်ရွက်ပေးနေသည်။

နိုင်ငံတော်အစိုးရအနေဖြင့် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်တွင်လည်းကောင်း၊ တိုင်းပြည်ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများတွင်လည်းကောင်း၊ ယခုကြုံတွေ့နေရသော ကိုဗစ်-၁၉ ရောဂါဘေး ကာကွယ်ရေးလုပ်ငန်းများတွင်လည်းကောင်း မည်သူ့မျှ မကျန်စေရအောင် တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် အမျိုးသားရေးတာဝန်တစ်ရပ်အနေဖြင့် ဆောင်ရွက်နေပါသည်။ ကိုဗစ်-၁၉ ရောဂါအရေးတွင် နိုင်ငံတော်သမ္မတရုံးက တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများနှင့် ညှိနှိုင်းပူးပေါင်းရေးကော်မတီကိုဖွဲ့စည်းပေးပြီး NCA လက်မှတ်ရေးထိုးထားသော အဖွဲ့အစည်းများရော လက်မှတ်မရေးထိုးရသေးသော အဖွဲ့အစည်းများနှင့်ပါ ပူးပေါင်းလက်တွဲဆောင်ရွက်နေသည်ကို မြင်တွေ့ရသည်။

ကိုဗစ်-၁၉ ရောဂါပိုးတွေ့ရှိမှုကို ရန်ကုန်မြို့တွင် အများဆုံးတွေ့ရှိသော်လည်း ပြည်ပမှဝင်ရောက်လာသူ အများဆုံးရှိသည့် နယ်စပ်ဒေသများကိုလည်း မပေါ့မဆကရုစိုက်လုပ်ကိုင်ပေးရန် လိုအပ်သည်။ ကိုဗစ်-၁၉ ရောဂါကို ပိုမိုထိရောက်စွာ ကာကွယ်နိုင်ရေးအတွက် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနက ထုတ်ပြန်ထားသည့် စည်းမျဉ်း/စည်းကမ်း၊ ဆောင်ရန်/ရှောင်ရန်အချက်များနှင့် တိုင်းဒေသကြီးနှင့် ပြည်နယ်များမှ ထုတ်ပြန်ထားသည့် ဒေသန္တရအမိန့်များ၊ အသိပညာပေးမှုများကို ပြည်သူအားလုံး သိရှိနားလည်အောင် လုပ်ဆောင်ပေးရန် လိုအပ်သည်။

ယင်းအချက်ကို တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများက မိမိတို့၏နယ်မြေဒေသများအတွင်း နိုင်ငံတော်အစိုးရနှင့်အတူ ကျယ်ကျယ်ပြန့်ပြန့် ပါဝင်ဆောင်ရွက်ခြင်းဖြင့် ကပ်ရောဂါဘေးကင်းဝေးရေးကို တစ်နိုင်ငံလုံးလွှမ်းခြုံဆောင်ရွက်နိုင်မည်ဖြစ်သည်။ ထို့အပြင် နိုင်ငံတော်အစိုးရနှင့် စေတနာရှင်များ၏ ထောက်ပံ့ကူညီပေးသော ရောဂါကာကွယ်ရေးနှင့် ဆေးပစ္စည်းများကို အကျိုးရှိထိရောက်စွာအသုံးပြုပြီး တိုင်းရင်းသား ပြည်သူများကို ဝိုင်းဝန်းကူညီစောင့်ရှောက်ပေးကြရမည် ဖြစ်သည်။

ယနေ့ကာလတွင် ငြိမ်းချမ်းရေးကော်မတီအနေဖြင့် NCA လက်မှတ်ရေးထိုးထားသော တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့ ၁၀ ဖွဲ့နှင့် လက်မှတ်မထိုးရသေးသည့် အဖွဲ့ နှစ်ဖွဲ့အား ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ တားဆီး၊ ထိန်းချုပ်ရေးနှင့်ပတ်သက်သော အထောက်အကူပြုပစ္စည်းများ လှူဒါန်းထားပြီးဖြစ်သည်။ ရောဂါဘေးကာကွယ်ရေးတွင် နိုင်ငံတော်အစိုးရနှင့် အတူလက်တွဲ၍ တိုင်းရင်းသားပြည်သူများအတွက် ပူးပေါင်းဆောင်ရွက်ခြင်းဖြင့် တစ်ဦးနှင့်တစ်ဦး ယုံကြည်မှုတည်ဆောက်နိုင်ပြီး ငြိမ်းချမ်းရေးခရီးတွင် ပိုမိုအားကောင်းသော တွန်းအားဖြစ်ပေါ်လာစေမည်ဖြစ်သည်။

သို့ဖြစ်ရာ ပြည်ထောင်စုဖွား တိုင်းရင်းသားပြည်သူအပေါင်းတို့သည် ခြိမ်းခြောက်နေသော ကိုဗစ်-၁၉ ရောဂါကို အခွင့်အရေးအဖြစ်သဘောထား၍ ရောဂါကာကွယ်၊ တားဆီး၊ ထိန်းချုပ်ရေးလုပ်ငန်းများကို တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများနှင့်အတူ ပူးပေါင်းလက်တွဲ ညီညွတ်စွာ ဆောင်ရွက်ခြင်းဖြင့် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များ အောင်မြင်ရေးအတွက် ယုံကြည်မှုများ တိုးတက်စေနိုင်သည့်အပေါင်းလက္ခဏာများကို ဆောင်ကြဉ်းနိုင်မည်ဖြစ်ပါကြောင်း။ ။

# ကျေးလက်တောင်သူများအားကူညီနိုင်ရန် ကမ္ဘောဇဘဏ်မှ ဂေါ်ဖီထုပ် ငါးသိန်းကျော် ဝယ်ယူ၍ နိုင်ငံအနှံ့ ဖြန့်ဝေလှူဒါန်း

**ရန်ကုန် မေ ၂၆**

ကိုဗစ်-၁၉ ကမ္ဘာ့ကပ်ရောဂါကြောင့် ဈေးကွက်အတွင်း တင်ပို့ရောင်းချရန် အခက်အခဲဖြစ်နေသော ရှမ်းပြည်နယ်အတွင်းရှိ ကျေးလက်တောင်သူများကို အကူအညီပေးရန်အတွက် ကမ္ဘောဇဘဏ်က တောင်သူများထံမှ ဂေါ်ဖီထုပ် ငါးသိန်းကျော် ဝယ်ယူ၍ နိုင်ငံအနှံ့သို့ အရောက်ပို့စနစ်ဖြင့် ယနေ့တွင် စတင်ဖြန့်ဝေလှူဒါန်းလျက်ရှိကြောင်း သိရသည်။

ကိုဗစ်-၁၉ ရောဂါကြောင့် ဈေးကွက်အတွင်း တင်ပို့ရောင်းချရန် အခက်အခဲဖြစ်နေသော ရှမ်းပြည်နယ်တောင်ပိုင်းရှိ ပအိုဝ်း၊ တောင်ရိုးနှင့် ကယန်းတိုင်းရင်းသားများ စိုက်ပျိုးထားသော ဂေါ်ဖီထုပ်(မုံလာထုပ်) ငါးသိန်းကို ဝယ်ယူကာ နိုင်ငံအနှံ့အပြားမှ အကျဉ်းထောင်များနှင့် ရန်ကုန်၊ မန္တလေး၊ နေပြည်တော်၊ ပခုက္ကူ၊ မြင်းခြံ၊ ရမည်းသင်း၊ မော်လမြိုင်၊ အေးသာယာ အစရှိသည့်နေရာဒေသများမှ အခြေခံပြည်သူများထံသို့ ကုန်တင်ကားကြီး ၁၀၀ ဖြင့် ဖြန့်ဝေလှူဒါန်းမည်ဖြစ်သည်။

"တစ်ရက်တစ်ရက် စိုက်ထားခဲ့တာတွေ ဘယ်ပို့ရမှန်းမသိတော့ စိတ်မကောင်းဘူး။ ဘယ်ရောင်းရမှန်းလည်းမသိဘူး။ အခုတော့ နောက်ရာသီဆက်ပြီး ရင်းနှီးစိုက်ပျိုးဖို့ ကျွန်မအရင်းလေးရပါပြီ။ ရွာအထိ ကိုယ်တိုင်လာဝယ်ပေးတာ ကျေးဇူးတင်ပါတယ်" ဟု ဂေါ်ဖီထုပ်စိုက်ပျိုးသူ တောင်ရိုးတိုင်းရင်းသူတစ်ဦးက ပြောသည်။ ဂေါ်ဖီထုပ်များ ဖြန့်ဝေလှူဒါန်းရာတွင် ကမ္ဘောဇဘဏ်မှ သက်ဆိုင်ရာမြို့များအထိ အရောက်ပို့ဆောင်သွားမည်ဖြစ်ကာ ဒေသခံလူမှုရေးနှင့် ပရဟိတအသင်းများမှ အခြေခံပြည်သူများထံသို့ လက်ဝယ်အရောက် ဆက်လက်ပို့ဆောင်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။



ရန်ကုန်တိုင်းဒေသကြီးအတွင်း ဖြန့်ဝေရာ၌ We Love Yangon၊ ရန်ကုန်တိုင်းဒေသကြီး လူငယ်စွန့်ဦးတီထွင် လုပ်ငန်းရှင်များအသင်း၊ ပန်းသီးဖောင်ဒေးရှင်းတို့နှင့် ပူးပေါင်းကာ လှူဒါန်းမှုများကို စနစ်တကျ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ရေး၊ ကုသရေးနှင့် ထိန်းချုပ်ရေး လုပ်ငန်းစဉ်များကို ထိရောက်စွာ ဆောင်ရွက်နိုင်ရန်အတွက် ကမ္ဘောဇဘဏ်သည် KBZ MS General Insurance၊ KBZ Life၊ Myanmar Airways International (MAI) နှင့် Air KBZ တို့နှင့် ဖေဖော်ဝါရီ ၂၆ ရက်မှစ၍ ယခုအချိန်အထိ ကျပ်သိန်းပေါင်း ၃၅၃၂၄ သိန်း လှူဒါန်းထားကြောင်း သိရသည်။ **ကိုကျော်**

## ရန်ကုန်စတော့အိတ်ချိန်းဈေးကွက် (၂၆-၅-၂၀၂၀)

| ကုမ္ပဏီအမည် | အဖွင့်ဈေး (ကျပ်) | အပိတ်ဈေး (ကျပ်) | ရှယ်ယာ စောင်ရေ | ရှယ်ယာတန်ဖိုး (ကျပ်) |
|---|---|---|---|---|
| FMI | ၁၀,၅၀၀ | ၁၁,၅၀၀ | ၂,၆၉၃ | ၂၈,၅၂၉,၀၀၀ |
| MTSH | ၃,၈၀၀ | ၃,၇၅၀ | ၂,၂၀၇ | ၈,၃၇၂,၁၀၀ |
| MCB | ၈,၂၀၀ | ၈,၂၀၀ | ၉၅ | ၇၇၉,၀၀၀ |
| FPB | ၂၄,၀၀၀ | ၂၄,၀၀၀ | ၀ | ၀ |
| TMH | ၂,၈၀၀ | ၂,၈၀၀ | ၂,၀၀၀ | ၅,၆၀၀,၀၀၀ |

ရန်ကုန်စတော့အိတ်ချိန်းမှ ရယူသည်။

## ရွှေဈေး၊ စက်သုံးဆီဈေးနှင့် နိုင်ငံခြားငွေလဲလှယ်နှုန်း

**နေပြည်တော် မေ ၂၆**

ရန်ကုန်(ရွှေဈေး) ၁၂၁၉၀၀၀ မန္တလေး(ရွှေဈေး) ၁၂၁၉၀၀၀

| စက်သုံးဆီဈေးနှုန်း | | ရန်ကုန် | မန္တလေး |
|---|---|---|---|
| (က) ဒီဇယ် | တစ်လီတာ | ၄၈၀/၅၂၀ ကျပ် | ၅၂၀/၅၃၀ ကျပ် |
| (ခ) အောက်တိန်း ၉၅ | တစ်လီတာ | ၅၃၀/၅၅၅ ကျပ် | ၆၀၅/၆၂၀ ကျပ် |
| (ဂ) အောက်တိန်း ၉၂ | တစ်လီတာ | ၄၀၀/၄၆၀ ကျပ် | ၄၇၀/၄၈၀ ကျပ် |
| (ဃ) အဆင့်မြင့်ဒီဇယ် | တစ်လီတာ | ၄၉၀/၅၃၀ ကျပ် | ၅၃၀/၅၄၅ ကျပ် |

**ရန်ကုန် လက်ကားဈေး**

ဒီဇယ် တစ်လီတာ ၄၄၅/၄၆၀ ကျပ်၊ အဆင့်မြင့်ဒီဇယ် တစ်လီတာ ၄၅၅/၄၇၀ ကျပ်၊ အောက်တိန်း ၉၂ တစ်လီတာ ၄၀၅/၄၁၅ ကျပ်

(မြန်မာနိုင်ငံစက်သုံးဆီအသင်း)

**နိုင်ငံခြားငွေလဲလှယ်နှုန်း**

| | | | |
|---|---|---|---|
| (က) အမေရိကန် | တစ်ဒေါ်လာ | = | ၁၄၀၅.၄ |
| (ခ) ဥရောပ | တစ်ယူရို | = | ၁၅၄၀.၀ |
| (ဂ) တရုတ် | တစ်ယွမ် | = | ၁၉၇.၀၃ |
| (ဃ) ထိုင်း | တစ်ဘတ် | = | ၄၄.၀၇၀ |
| (င) မလေးရှား | တစ်ရင်းဂစ် | = | ၃၂၂.၀၈ |
| (စ) အိန္ဒိယ | တစ်ရူပီး | = | ၁၈.၅၇၂ |
| (ဆ) ဂျပန် | တစ်ရာယန်း | = | ၁၃၀၄.၄ |
| (ဇ) တောင်ကိုရီးယား | တစ်ရာဝမ် | = | ၁၁၄.၀၄ |
| (ဈ) သြစတြေးလျ | တစ်ဒေါ်လာ | = | ၉၃၀.၇၀ |
| (ည) စင်ကာပူ | တစ်ဒေါ်လာ | = | ၉၉၀.၅၀ |

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဗဟိုဘဏ်ဝက်ဘ်ဆိုက်မှ ရယူသည်။

ကြေးမုံ

ခေတ္တ စာတည်းမှူးချုပ် - ဦးစိုးစိုးနိုင်
စာတည်းမှူး - ဦးဝင်းနိုင်
စာတည်းများ - ဦးစန်းအောင်၊ ဦးကျော်ဇေယျာမြင့်၊ ဦးအေဝမ်းစိုး၊ ဒေါ်ခင်ခင်သက်၊ ဒေါ်ယုဝါဝါ၊ ဒေါ်သီသီမင်း
သတင်းထောက်မှူး - ဦးမြင့်စိုး
ဘာသာပြန်စာတည်းများ - ဦးဇော်ဝင်း၊ ဦးအောင်ကျော်ကျော်
အကြီးတန်း သတင်းထောက်များ - ဦးဟိန်းထက်လင်း၊ ဦးနိုင်လင်းကြည်၊ ဒေါ်နေဇာဇာထွန်း၊ ဦးသက်ထွေး၊ ဦးကိုမင်း၊ ဒေါ်စန်းယဉ်ဥ
အငယ်တန်း သတင်းထောက်များ - ဦးအောင်ကျော်ဦး၊ ဦးအောင်ကျော်ဝင်း၊ ဦးသန်းတင်အောင်၊ ဒေါ်ခင်မို့မို့အောင်၊ ဒေါ်ခင်မျိုးနိုင်၊ ဒေါ်ခင်စုစုလှိုင်၊ ဦးအေးမင်းသူ၊ ဒေါ်မာမာစိုး
ဓာတ်ပုံသတင်းထောက် - ဦးခင်မောင်ဝင်း
သုတေသန - ဒေါ်ဇင်မာဝင့်
စာပြင် - ဒေါ်ခင်ယုဆွေ၊ ဒေါ်ခိုင်သန္တာရွှေနှင့်အဖွဲ့
စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း - ဒေါ်အေးအေးသင်း၊ ဦးတင်ထွန်းတာနှင့်အဖွဲ့
အီးမေးလ်နှင့် အွန်လိုင်း - ဦးအောင်ကျော်ဖြိုး၊ ဦးချစ်ဦးနှင့်အဖွဲ့

ပုံနှိပ်ခြင်းလုပ်ငန်းအမှတ် (၀၀၆၄၀)၊ ပုံနှိပ်ထုတ်ဝေခွင့်အမှတ်(၀၀၇၇၁)ဖြင့် ကြေးမုံသတင်းစာတိုက်က ထုတ်ဝေသည်။

themirror.npt@gmail.com
www.facebook.com/themirrordaily

နေပြည်တော် - စာတည်းမှူး ၀၆၇-၃၆၁၂၆၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၂၈၊ ၀၆၇-၃၆၁၃၀၊ ဖက်စ် ၀၆၇-၃၆၁၃၁
ရန်ကုန်ရုံးခွဲ - အမှတ် ၇၇၊ ၅၂ လမ်းနှင့် မဟာဗန္ဓုလလမ်းထောင့်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့၊ စာတည်းဌာန ၀၁-၂၉၂၈၃၂
မန်နေဂျာ - ၀၁-၈၆၁၀၆၈၅၊ စီမံ/ငွေစာရင်း ၀၁-၂၉၁၄၅၄၊ ဖြန့်ချိရေး ၀၁-၂၉၂၈၃၀၊ ကြော်ငြာ ၀၁-၃၉၇၃၃၀၊ ဖက်စ် ၀၁-၂၀၃၃၅၁

# ပြည်သူသာလျှင် အဓိက

## အဂတိလိုက်စားမှုတိုက်ဖျက်ရေး၊ ဖြောင့်မတ်တည်ကြည်မှုနှင့် ကျင့်ဝတ်ဆိုင်ရာ ရည်ညွှန်းစာစောင်များ လွှဲပြောင်းပေးအပ်

**နေပြည်တော် မေ ၂၆**

ပြည်ထောင်စုလွှတ်တော်ကိုယ်စားလှယ်များနှင့် ဝန်ထမ်းများ ဖတ်ရှုမှီငြမ်းပြုနိုင်ရန်နှင့် လွှတ်တော်စာကြည့်တိုက်များတွင် ထားရှိနိုင်ရန်အတွက် အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်မှ ပြည်ထောင်စုလွှတ်တော်သို့ အဂတိလိုက်စားမှုတိုက်ဖျက်ရေး၊ ဖြောင့်မတ်တည်ကြည်မှုနှင့် ကျင့်ဝတ်ဆိုင်ရာ အခြေခံပညာအထက်တန်းအဆင့်နှင့် တက္ကသိုလ်အဆင့် ရည်ညွှန်းစာစောင်များ လွှဲပြောင်းပေးအပ်ခြင်းကို ယနေ့ နံနက် ၉ နာရီတွင် ပြည်ထောင်စုလွှတ်တော်နာယက ရုံးခန်း၌ ကျင်းပသည်။

အခမ်းအနားတွင် အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်ဥက္ကဋ္ဌ ဦးအောင်ကြည်က လူ့အဖွဲ့အစည်းတစ်ရပ်လုံးက ဖြောင့်မတ်တည်ကြည်မှုကို ကိုယ်ပိုင်အသိတရားဖြင့် တန်ဖိုးထားပြီး လက်တွေ့လိုက်နာကျင့်သုံးတတ်စေရန်၊ မိမိတို့ လူ့အဖွဲ့အစည်းအပေါ် မှန်ကန်ကောင်းမွန်သော အတွေးအမြင်များ ရရှိစေရန်နှင့် ပြည်သူ့ဝန်ထမ်းများနှင့် နိုင်ငံ့ဝန်ထမ်းများအတွင်း အများပြည်သူဆိုင်ရာ ဖြောင့်မတ်တည်ကြည်မှု ဖွံ့ဖြိုး တိုးတက်လာစေရန် ရည်ရွယ်ချက်များဖြင့် ယခုလို ရည်ညွှန်းစာစောင်များကို ပညာရေးဝန်ကြီးဌာနနှင့် ပူးပေါင်း၍ ရေးသားပြုစုခဲ့ခြင်းဖြစ်ကြောင်း ရှင်းလင်းပြောကြားသည်။ ထို့နောက် အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်ဥက္ကဋ္ဌ ဦးအောင်ကြည်က ရည်ညွှန်းစာစောင် လေးအုပ်ပါ အစုံ ၇၀၀ အား ပြည်ထောင်စုလွှတ်တော်နာယက ဦးတီခွန်မြတ်ထံသို့ လွှဲပြောင်းပေးအပ်သည်။

ပြည်ထောင်စုလွှတ်တော်နာယကက အဂတိလိုက်စားမှုတိုက်ဖျက်ရေးအတွက် ရည်ညွှန်းစာအုပ်များ ရေးသားပြုစု၍ လွှဲပြောင်းပေးအပ်ခြင်းအတွက် ဂုဏ်ယူပါကြောင်းနှင့် ကျေးဇူးတင်ရှိပါကြောင်း၊ အဂတိလိုက်စားမှုတိုက်ဖျက်ရေးသည် နိုင်ငံတစ်ခုဖွံ့ဖြိုးတိုးတက်ရေးအတွက် အလွန်အရေးကြီးပါကြောင်း၊ အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်က ဤရည်ညွှန်းစာစောင်များ ရေးသားပြုစုဖြန့်ဝေနိုင်ခြင်းသည် နိုင်ငံတော်အတွက် အရေးကြီးသည့် လိုအပ်ချက်ကို ဖြည့်ဆည်းပေးခြင်းဖြစ်ပါကြောင်း၊ လွှတ်တော်များအနေဖြင့် အဂတိလိုက်စားမှုတိုက်ဖျက်ရေးအတွက် ကော်မရှင်နှင့် ကျရာကဏ္ဍမှ ပါဝင်ပူးပေါင်းဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ပြောကြားသည်။



အခမ်းအနားသို့ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ မန်းဝင်းခိုင်သန်း၊ ပြည်ထောင်စုလွှတ်တော် ဒုတိယနာယက ဦးထွန်းထွန်းဟိန်၊ အမျိုးသားလွှတ်တော် ဒုတိယဥက္ကဋ္ဌ ဦးအေးသာအောင်၊ အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်အဖွဲ့ဝင်များနှင့် တာဝန်ရှိပုဂ္ဂိုလ်များ တက်ရောက်ကြသည်။

**သတင်းစဉ်**



## အမျိုးသားအဆင့် စေတနာ့ဝန်ထမ်းဦးဆောင်အဖွဲ့သို့ စေတနာ့ဝန်ထမ်း လက်စွဲစာအုပ်၊ နှာခေါင်းစည်းများနှင့် လက်သန့်ဆေးရည်များ လှူဒါန်း

**နေပြည်တော် မေ ၂၆**

ကမ္ဘာလုံးဆိုင်ရာကပ်ရောဂါ ကိုဗစ်-၁၉ ကာကွယ်၊ ထိန်းချုပ်၊ တုံ့ပြန်ရေးလုပ်ငန်းစဉ်များတွင် ပါဝင်ဆောင်ရွက်နေကြသော စေတနာ့ဝန်ထမ်းများအတွက် စေတနာ့ဝန်ထမ်းလက်စွဲစာအုပ်များ၊ လက်သန့်ဆေးနှင့် နှာခေါင်းစည်းများကို ရင်ခွင်မဲ့ကလေးငယ်များ လျှော့ချရေးနှင့် ကာကွယ်စောင့်ရှောက်ရေးအသင်းက ယနေ့မွန်းလွဲပိုင်းက လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနရှိ အမျိုးသားအဆင့်စေတနာ့ဝန်ထမ်း ဦးဆောင်အဖွဲ့ အတွင်းရေးမှူးရုံးသို့ လာရောက်လှူဒါန်းသည်။

ရင်ခွင်မဲ့ကလေးငယ်များ လျှော့ချရေးနှင့် ကာကွယ်စောင့်ရှောက်ရေးအသင်းဥက္ကဋ္ဌ ဒေါ်မေယဉ်ထွန်းနှင့်အဖွဲ့သည် စေတနာ့ဝန်ထမ်းလက်စွဲစာအုပ် ၂၀၀၀၊ နှာခေါင်းစည်း ၅၀၀၀၊ လက်သန့်ဆေးရည် ငါးလီတာဘူး ၁၂၀ ၊ ၅၀၀ မီလီလီတာဘူး ၁၀ ဘူးတို့ကို ပေးအပ်လှူဒါန်းရာ စေတနာ့ဝန်ထမ်းဦးဆောင်အဖွဲ့ အတွင်းရေးမှူး ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝင်းမြတ်အေးက လက်ခံရယူပြီး ကျေးဇူးတင်စကား ပြောကြားကာ ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည်ပေးအပ်ခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

## မြန်မာနိုင်ငံတော်ဗဟိုဘဏ်ဥက္ကဋ္ဌ ဦးကျော်ကျော်မောင် ကမ္ဘာ့ဘဏ်၏ Country Director အား Video Conference ဖြင့် ချိတ်ဆက်ဆွေးနွေး

**နေပြည်တော် မေ ၂၆**

မြန်မာနိုင်ငံတော်ဗဟိုဘဏ်ဥက္ကဋ္ဌဦးကျော်ကျော်မောင်သည် ကမ္ဘာ့ဘဏ်၏ မြန်မာ၊ ကမ္ဘောဒီးယားနှင့် လာအိုနိုင်ငံတို့ဆိုင်ရာ Country Director Ms. Mariam J. Sherman အား ယနေ့တွင် Video Conference ဖြင့် ချိတ်ဆက်ဆွေးနွေးသည်။

**ကျေးဇူးတင်ရှိ**

ရှေးဦးစွာ မြန်မာနိုင်ငံတော်ဗဟိုဘဏ်ဥက္ကဋ္ဌက မြန်မာနိုင်ငံ၏ ငွေရေးကြေးရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ကမ္ဘာ့ဘဏ်မှ ပံ့ပိုးပေးခဲ့သည်များကို ကျေးဇူးတင်ရှိပါကြောင်း၊ အထူးသဖြင့် အဆင့်မြင့်ငွေစက္ကူရေတွက်စစ်ဆေးစက်များ တပ်ဆင်ခြင်းနှင့် နေပြည်တော်နှင့် ရန်ကုန်မြို့တို့တွင် မြန်မာနိုင်ငံတော်ဗဟိုဘဏ်သင်တန်းကျောင်းများ တည်ဆောက်ခြင်းလုပ်ငန်းစီမံကိန်းများအတွက် ပံ့ပိုးပေးခဲ့မှုများအပေါ် ကျေးဇူးတင်ရှိပါကြောင်း ပြောကြားသည်။

ဆက်လက်၍ Country Director Ms. Mariam J. Sherman က ကမ္ဘာ့ဘဏ်အနေဖြင့် မြန်မာနိုင်ငံငွေရေးကြေးရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးအတွက် လိုအပ်သည့်အကူအညီများ ပံ့ပိုးပေးရန်အသင့်ရှိပါကြောင်း၊ ထို့အပြင် မြန်မာနိုင်ငံ၏ စီးပွားရေးပြုပြင်ပြောင်းလဲမှုအစီအစဉ် (Reform Agenda) အောင်မြင်စွာ အကောင်အထည်ဖော်နိုင်ရေးအတွက် လိုအပ်သည်များ ဆက်လက်အကူအညီပေးသွားမည်ဖြစ်ပါကြောင်း ဆွေးနွေးပြောကြားသည်။

အဆိုပါတွေ့ဆုံပွဲသို့ ဒုတိယဥက္ကဋ္ဌများဖြစ်ကြသော ဦးစိုးမင်း၊ ဦးစိုးသိန်းတို့လည်း တက်ရောက်ခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**





## မနက်ဖြန်နံနက်အထိ ခန့်မှန်းချက်

**နေပြည်တော် မေ ၂၆**

ကချင်ပြည်နယ်တွင် နေရာအနှံ့အပြား၊ တနင်္သာရီတိုင်းဒေသကြီးနှင့် မွန်ပြည်နယ်တို့တွင် နေရာစိပ်စိပ်၊ စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်းနှင့် ကရင်ပြည်နယ်တို့တွင် နေရာကျဲကျဲနှင့် စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်း၊ မန္တလေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ ရှမ်းပြည်နယ် (မြောက်ပိုင်း)၊ ချင်းပြည်နယ်နှင့် ရခိုင်ပြည်နယ်တို့တွင် နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။ ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် တိမ်အသင့်အတင့် ဖြစ်ထွန်းမည်။

**မိုး/ဇလ**

# ဒုတိယအကြိမ် ပြည်ထောင်စုလွှတ်တော် (၁၆)ကြိမ်မြောက် ပုံမှန်အစည်းအဝေး စတုတ္ထနေ့ကျင်းပ

## နိုင်ငံတော်၏လိုငွေ ဖြည့်ဆည်းရန်အတွက် အပြည်ပြည်ဆိုင်ရာ ငွေကြေးရန်ပုံငွေအဖွဲ့ထံမှ ချေးငွေ အမေရိကန်ဒေါ်လာသန်း ၇၀၀ ရယူရေးကိစ္စနှင့်စပ်လျဉ်း၍ လွှတ်တော်ကသဘောတူကြောင်း ကြေညာ

နေပြည်တော် မေ ၂၆

ဒုတိယအကြိမ် ပြည်ထောင်စုလွှတ်တော် (၁၆)ကြိမ်မြောက် ပုံမှန်အစည်းအဝေး စတုတ္ထနေ့ကို ယနေ့နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ ပြည်ထောင်စုလွှတ်တော် အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အစည်းအဝေးတွင် ပြည်ထောင်စုလွှတ်တော်နာယက ဦးတီခွန်မြတ်က ပြည်ထောင်စုလွှတ်တော် ဥပဒေကြမ်း ပူးပေါင်းကော်မတီအဖွဲ့ဝင် အစားထိုးတာဝန်ပေးအပ်ရန်နှင့် စပ်လျဉ်း၍ လွှတ်တော်၏ သဘောတူညီချက်ရယူသည်။

ထို့နောက် နိုင်ငံတော်သမ္မတထံမှ ပေးပို့ထားသော နိုင်ငံတော်၏လိုငွေအား ဖြည့်ဆည်းရန်အတွက် အပြည်ပြည်ဆိုင်ရာ ငွေကြေးရန်ပုံငွေအဖွဲ့(IMF)ထံမှ ချေးငွေ အမေရိကန်ဒေါ်လာသန်း ၇၀၀ ရယူရေးနှင့်စပ်လျဉ်း၍ စီမံကိန်း၊ ဘဏ္ဍာရေးနှင့် စက်မှုဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမောင်မောင်ဝင်းနှင့် မြန်မာနိုင်ငံတော်ဗဟိုဘဏ် ဒုတိယဥက္ကဋ္ဌ ဦးစိုးမင်းတို့က ပြန်လည်ရှင်းလင်းဆွေးနွေးကြသည်။

ဒုတိယဝန်ကြီး ဦးမောင်မောင်ဝင်းက ယခုချေးငွေသည် ဘတ်ဂျက်လိုငွေ ဖြည့်ဆည်းရန်အတွက် အဓိကသုံးစွဲမည့် ချေးငွေဖြစ်ပါကြောင်း၊ ၂၀၁၉-၂၀၂၀ဘဏ္ဍာရေးနှစ်အတွက် လိုငွေသည် ၂၀၂၀ စက်တင်ဘာလကုန်ပြီးမှသာ သိရှိနိုင်မည်ဖြစ်သည့်အတွက် ယင်းအချိန်တွင် မည်သို့ဖြည့်ဆည်းမည်ကို သိရှိနိုင်မည်ဖြစ်ပြီး လွှတ်တော်သို့လည်း အစီရင်ခံရန် ဆောင်ရွက်မည်ဖြစ်ပါကြောင်း၊ COVID-19 ၏ သက်ရောက်မှုများသည် ယနေ့အထိ တိကျစွာ ခန့်မှန်းတွက်ချက်၍ မရသေးပါကြောင်း၊ လိုအပ်သည့်အစီအမံများကို ကြိုတင်ဆောင်ရွက်နေကြသည့်အဆင့် ဖြစ်ပါကြောင်း၊ ထို့ကြောင့် မည်သည့်နေရာတွင် မည်မျှသုံးမည်ဆိုသည်ကို အတိအကျ မပြောနိုင်သေးခြင်းဖြစ်ပါကြောင်း။

### ၇၀ ရာခိုင်နှုန်းသော လယ်သမားများအတွက် လူမှုစီးပွားဘဝများ တိုးတက်စေရန် ထည့်သွင်းစီစဉ်ရမည်ဖြစ်

စိုက်ပျိုးရေး၊ မွေးမြူရေးကဏ္ဍအတွက်လည်း မကျန်အောင် စီစဉ်ရမည်ဖြစ်ပါကြောင်း၊ ၇၀ ရာခိုင်နှုန်းသော လယ်သမားများအတွက်လည်း လူမှုစီးပွားဘဝများ တိုးတက်စေရန် ထည့်သွင်းစီစဉ်ရမည်ဖြစ်ပါကြောင်း၊ ပြည်ပမှ ပြန်လည်ရောက်ရှိလာသည့် မိမိနိုင်ငံသားများအတွက် အလုပ်အကိုင်အခွင့်အလမ်းများ ဖော်ထုတ်ပေးရေးကိုလည်း ထည့်သွင်းစဉ်းစားရမည်ဖြစ်ပါကြောင်း၊ ထို့ကြောင့် ချေးငွေကို IMF နှင့်ညှိနှိုင်းပြီး ဘတ်ဂျက်လိုငွေဖြည့်ဆည်းရေးအတွက် ဦးတည်သုံးစွဲသွားမည်ဖြစ်ပါကြောင်း၊ သို့ဖြစ်ပါ၍ အမေရိကန် ဒေါ်လာသန်း ၇၀၀ ရယူရေးကို နိုင်ငံတော်၏ရေရှည်အကျိုးအတွက် ရယူဆောင်ရွက်လိုပါသဖြင့် ပြည်ထောင်စုလွှတ်တော်က အတည်ပြုပေးနိုင်ပါရန် တင်ပြအပ်ပါကြောင်း ပြောကြားသည်။

ဒုတိယဥက္ကဋ္ဌ ဦးစိုးမင်းက COVID-19 သက်ရောက်မှု ကုစားရေးအတွက် IMF မှ ထုတ်ချေးမည့် ချေးငွေအစီအစဉ်များသည် နိုင်ငံသားများအတွက် ကျန်းမာရေး အသုံးစရိတ်တိုးမြှင့်ရေး၊ စီးပွားရေးလုပ်ငန်းများအပေါ် ထိခိုက်မှု သက်သာစေရန် ဘဏ္ဍာရေးတွန်းအားပေးမှု အစီအစဉ်များ ဆောင်ရွက်ရေး၊ COVID-19 ကြောင့် စားဝတ်နေရေးအတွက် အခက်အခဲကြုံနေရသူများ ထောက်ပံ့ရေးတို့ကို အဓိကထား ဆောင်ရွက်နိုင်ရေးအတွက် ဘတ်ဂျက်လိုငွေဖြည့်ဆည်းရန် ဖြစ်ပါကြောင်း၊ IMF ထံမှ ချေးငွေရယူမည်ဆိုပါက မြန်မာနိုင်ငံတော်ဗဟိုဘဏ်သည် စီမံကိန်း၊ ဘဏ္ဍာရေးနှင့် စက်မှုဝန်ကြီးဌာနနှင့် ရှေ့ဆက်လက်ညှိနှိုင်းဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ပြောကြားသည်။

ယင်းနောက် ပြည်ထောင်စုလွှတ်တော်နာယက က အဆိုပါ ချေးငွေအမေရိကန်ဒေါ်လာ သန်း ၇၀၀ ရယူရေးကိစ္စနှင့်စပ်လျဉ်း၍ လွှတ်တော်၏ သဘောထားရယူပြီး လွှတ်တော်ကသဘောတူကြောင်း ကြေညာသည်။

ဆက်လက်၍ နိုင်ငံတော်သမ္မတထံမှ ပေးပို့ထားသော မြန်မာ့စားနပ်ရိက္ခာနှင့် စိုက်ပျိုးစနစ် ဖွံ့ဖြိုးရေးစီမံကိန်း



ဒုတိယဝန်ကြီး
ဦးမောင်မောင်ဝင်း



ဒုတိယဝန်ကြီး
ဦးလှကျော်



မြန်မာနိုင်ငံတော်ဗဟိုဘဏ်
ဒုတိယဥက္ကဋ္ဌ ဦးစိုးမင်း

အတွက် ကမ္ဘာ့ဘဏ်၊ အပြည်ပြည်ဆိုင်ရာဖွံ့ဖြိုးရေးအဖွဲ့ (IDA) ထံမှ အမေရိကန်ဒေါ်လာသန်း ၂၀၀ ချေးငွေရယူရေးနှင့် စပ်လျဉ်း၍ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးလှကျော်နှင့် စီမံကိန်း၊ ဘဏ္ဍာရေးနှင့် စက်မှုဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမောင်မောင်ဝင်းတို့က လွှတ်တော်သို့ ရှင်းလင်းတင်ပြကြသည်။

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးလှကျော်က အဆိုပါ စီမံကိန်းကို မိမိတို့ဝန်ကြီးဌာနအောက်ရှိ စိုက်ပျိုးရေးဦးစီးဌာနမှ ဦးဆောင်ညှိနှိုင်းဆောင်ရွက်သွားမည်ဖြစ်ပြီး စိုက်ပျိုးရေးသုတေသနဦးစီးဌာန၊ မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန၊ သမဝါယမဦးစီးဌာနနှင့် ဆည်မြောင်းနှင့် ရေအသုံးချမှု စီမံခန့်ခွဲရေးဦးစီးဌာနတို့မှ ပူးပေါင်းအကောင်အထည်ဖော် ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း။

စီမံကိန်းကာလကို ၂၀၂၀ ပြည့်နှစ် ဇွန် ၃၀ ရက်မှ ၂၀၂၅ ခုနှစ် ဒီဇင်ဘာ ၃၁ ရက်အထိ ငါးနှစ်ခွဲအဖြစ် သတ်မှတ်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း၊ ချေးငွေသက်တမ်းအနေဖြင့် နှစ် ၃၀၊ ဆိုင်းငံ့ကာလ ငါးနှစ်၊ ပြန်ဆပ်ကာလ ၂၅ နှစ်ဖြစ်ပြီး အတိုးနှုန်းမှာ ၁ ဒသမ ၂၅ ရာခိုင်နှုန်းနှင့် ဝန်ဆောင်ခမှာ ၀ ဒသမ ၇၅ ရာခိုင်နှုန်း ဖြစ်ပါကြောင်း၊ စီမံကိန်းကို အကောင်အထည်ဖော်ဆောင်ရွက်ခြင်းဖြင့် စိုက်ပျိုးရေးကဏ္ဍထုတ်လုပ်မှု တိုးမြှင့်လာနိုင်ခြင်း၊ ကွင်းဆက်တစ်လျှောက် စိုက်ပျိုးမွေးမြူထုတ်ကုန်များ၏ အရည်အသွေးပိုမိုကောင်းမွန်လာပြီး ဈေးကွက်ယှဉ်ပြိုင်နိုင်မှု တိုးမြှင့်လာနိုင်ခြင်း၊ အစားအစာဘေးကင်းလုံခြုံ မှုနှင့် အာဟာရ ပြည့်ဝမှုအတွက် ပံ့ပိုးပေးနိုင်ခြင်း၊ COVID-19 ကပ်ရောဂါကြောင့် ဖြစ်ပေါ်လာသည့် ရေတိုရေရှည် ကုစားပေးနိုင်မည့် အစီအမံများကို ဆောင်ရွက်ခြင်းဖြင့် စိုက်ပျိုးရေးကဏ္ဍ ရေရှည်ဖွံ့ဖြိုးတိုးတက်လာမှုကို အထောက်အပံ့ပေးနိုင်ခြင်းစသည့် အကျိုးကျေးဇူးများ ရရှိနိုင်မည်ဖြစ်ပါကြောင်း။

သို့ပါ၍ ကမ္ဘာ့ဘဏ်၏ IDA-18 အစီအစဉ်အောက်ရှိ အတိုးနှုန်းသက်သာသည့် အမေရိကန်ဒေါ်လာသန်း ၂၀၀ ချေးငွေရယူနိုင်ရေးအပေါ် ပြည်ထောင်စုလွှတ်တော်မှ ဆွေးနွေးခွင့်ပြုနိုင်ရေးအတွက် တင်ပြအပ်ပါကြောင်း ပြောကြားသည်။

ဒုတိယဝန်ကြီး ဦးမောင်မောင်ဝင်းက ယခုချေးငွေစီမံကိန်းသည် တည်ဆဲဥပဒေများနှင့်လည်း ကိုက်ညီပြီး ကြွေးမြီစီမံခန့်ခွဲမှု မဟာဗျူဟာ၊ ဖွံ့ဖြိုးမှုအကူအညီဆိုင်ရာ မူဝါဒများ၊ MSDP၊ CERP လုပ်ငန်းစဉ်များနှင့်လည်း ကိုက်ညီသည့် ချေးငွေဖြစ်ပါကြောင်း၊ COVID-19 အလွန်ကာလတွင် စီးပွားရေးအလျင်အမြန် ပြန်လည်နာလန်ထူထောင်နိုင်ရန် အခွင့်အလမ်း အကောင်းဆုံးကဏ္ဍတွင် စိုက်ပျိုးရေး၊ မွေးမြူရေးကဏ္ဍလည်း ပါဝင်ပါကြောင်း၊ စိုက်ပျိုးရေး၊ မွေးမြူရေးကဏ္ဍကိုနိုင်ငံ့ဘဏ္ဍာရန်ပုံငွေများအပြင် ယခုကဲ့သို့ ပြင်ပချေးငွေများဖြင့်လည်း ပံ့ပိုးဆောင်ရွက်ပေးသင့်သည်ကို သုံးသပ်တွေ့ရှိရပါကြောင်း၊ သို့ဖြစ်ပါ၍ ချေးငွေအမေရိကန်ဒေါ်လာသန်း ၂၀၀ ရယူနိုင်ရေးကိစ္စအပေါ် ပြည်ထောင်စုလွှတ်တော်က ဆွေးနွေးသုံးသပ်ပြီး အတည်ပြုရယူပေးနိုင်ပါရန် တင်ပြအပ်ပါကြောင်း ပြောကြားသည်။

ထို့နောက် ပြည်ထောင်စုလွှတ်တော်နာယက က ယင်းကိစ္စနှင့်စပ်လျဉ်း၍ ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်များရှိပါက ပြည်ထောင်စုလွှတ်တော်ရုံး ညွှန်ကြားရေးမှူးချုပ်ထံ အမည်စာရင်းပေးပို့နိုင်ကြောင်းနှင့် မေ ၂၈ ရက်တွင် ဆွေးနွေးရန် လျာထားပါကြောင်း ကြေညာသည်။



မအူပင်မဲဆန္ဒနယ်မှ
ဦးစိန်ဝင်း



ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ်
အမှတ်(၃)မှ ဒေါ်ရွှေရွှေစိန်လတ်



မွန်ပြည်နယ် မဲဆန္ဒနယ်
အမှတ်(၅)မှ ဒေါ်မြတ်သီတာထွန်း

### မြန်မာနိုင်ငံတော် ဗဟိုဘဏ်မှချေးငွေ ငွေကျပ် ၁၃၁၁ ဒသမ ၀၆၄ ဘီလီယံအတွင်း ရယူရေးနှင့်စပ်လျဉ်း၍ လွှတ်တော်ကိုယ်စားလှယ်များက ဆွေးနွေး

ယင်းနောက် နိုင်ငံတော်သမ္မတထံမှ ပေးပို့ထားသော ၂၀၁၉-၂၀၂၀ ဘဏ္ဍာရေးနှစ်အတွက် ပြည်ထောင်စုအစိုးရ အပ်ငွေစာရင်း၏ လိုငွေဖြည့်ဆည်းရန် မြန်မာနိုင်ငံတော်ဗဟိုဘဏ်မှချေးငွေ ငွေကျပ် ၁၃၁၁ ဒသမ ၀၆၄ ဘီလီယံအတွင်းရယူရေးနှင့်စပ်လျဉ်း၍ လွှတ်တော်ကိုယ်စားလှယ်များက ဆွေးနွေးကြသည်။

တပ်မတော်သားပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဗိုလ်မှူးစံဝင်းခိုင်က မြန်မာနိုင်ငံတော်ဗဟိုဘဏ်မှ ပြည်တွင်းချေးယူငွေ ၂၀ ရာခိုင်နှုန်းအတွက် ချေးယူငွေကျပ် ၁၃၁၁ ဒသမ ၀၆၄ ဘီလီယံချေးယူရန် လျာထားမှုအပေါ် မူအားဖြင့် သဘောတူပါကြောင်းနှင့် ရငွေများပြည့်ပြည့်ဝဝရရှိရေး၊ သုံးငွေများကို နိုင်ငံတော်နှင့် နိုင်ငံသားများအကျိုး ရှေးရှု၍ နည်းမှန်လမ်းမှန်အသုံးပြုရေး၊ ပွင့်လင်းမြင်သာမှုနှင့်အတူ တာဝန်ယူမှု၊ တာဝန်ခံမှုများရှိစေရေးတို့အတွက် အကြံပြုတိုက်တွန်းပါကြောင်း ဆွေးနွေးသည်။

ယင်းချေးငွေရယူရေးနှင့်စပ်လျဉ်း၍ ဒဂုံမဲဆန္ဒနယ်မှ ဒေါက်တာသက်သက်ခိုင်၊ ချောက်မဲဆန္ဒနယ်မှ ဦးဘိုကြီး၊ တပ်မတော်သားပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒုတိယဗိုလ်မှူးကြီး ထွန်းထွန်းဝင်းနှင့် လှိုင်းဘွဲ့မဲဆန္ဒနယ်မှ ဦးခင်ချိုတို့က ဆက်လက်ဆွေးနွေးကြသည်။

ဆက်လက်၍ နိုင်ငံတော်သမ္မတထံမှ ပေးပို့ထားသော COVID-19 ရောဂါကြောင့် လူမှုစီးပွားရေးထိခိုက်မှုများကို ကုစားနိုင်ရေးနှင့် မြန်မာနိုင်ငံ၏ စီးပွားရေးမူဝါဒ ပြုပြင်ပြောင်းလဲမှုတိုးတက်ရေးအတွက် ဂျပန်နိုင်ငံ အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးအေဂျင်စီ (JICA)ထံမှ ဂျပန်ယန်း ၃၀ ဘီလီယံ ချေးငွေရယူရေးနှင့် စပ်လျဉ်း၍ လွှတ်တော်ကိုယ်စားလှယ်များက ဆွေးနွေးကြသည်။

တပ်မတော်သား ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဗိုလ်မှူးမင်းဇာနည်ထွေးက JICA ထံမှ ODA ချေးငွေ ဂျပန်ယန်း ၃၀ ဘီလီယံ ချေးငွေရယူရေးနှင့် စပ်လျဉ်း၍ မူသဘောအရ ထောက်ခံပါကြောင်း၊ နိုင်ငံတော်အတွက် အမှန်တကယ် အကျိုးပြုနိုင်မည့် ချေးငွေများ ဖြစ်စေရန်၊ အကျိုးရှိရှိနှင့် ထိထိရောက်ရောက် အသုံးပြုနိုင်ရန်၊ ချေးငွေပြန်ပေးဆပ်နိုင်ရေးအတွက် အစီအမံများ ချမှတ်ဆောင်ရွက်ထားရန်လည်း အကြံပြုလိုပါကြောင်း၊ ချေးငွေများကို စီမံခန့်ခွဲသည့်အပိုင်းတွင် ပွင့်လင်းမြင်သာစွာ ထုတ်ပြန်ဆောင်ရွက်ရန်နှင့် လူမှုစီးပွားဘဝများ အမှန်တကယ်ဖွံ့ဖြိုးတိုးတက်နိုင်စေရန်အတွက် ထိရောက်သည့်ကဏ္ဍများတွင် သုံးစွဲစေလိုပါကြောင်း အကြံပြုဆွေးနွေးသည်။

မအူပင်မဲဆန္ဒနယ်မှ ဦးစိန်ဝင်းက ပြည်ပချေးငွေများကို တည်ဆောက်ရေးထက် ကုန်ထုတ်လုပ်မှု တိုးတက်စေရန် ဆောင်ရွက်မှသာ ပိုမိုအကျိုးရှိစေမည်ဖြစ်ပါကြောင်း၊ ထို့ကြောင့် ယခုချေးယူမည့် ငွေများကို တောင်သူလယ်သမားများ၊ အလုပ်သမားများ စားသုံးကုန်ထုတ်လုပ်သော လုပ်ငန်းရှင်များကို အထူးဦးစားပေး ပံ့ပိုးထောက်ပံ့ ကူညီဆောင်ရွက်သင့်သည်ကို အကြံပြုလိုပါကြောင်းနှင့် ယခုချေးငွေ ထုတ်ချေးခြင်းအပေါ် ထောက်ခံပါကြောင်း ဆွေးနွေးသည်။

ယင်းချေးငွေရယူရေးနှင့်စပ်လျဉ်း၍ ဒေးဒရဲမဲဆန္ဒနယ်မှ ဒေါက်တာဒေါ်ခင်ညို၊ ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ် အမှတ်(၃)မှ ဒေါ်ရွှေရွှေစိန်လတ်၊ တပ်မတော်သားပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဗိုလ်မှူးဇော်ဝင်းနိုင်၊ ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၄)မှ ဦးသန်းစိုး(ခေါ်) သန်းစိုး(ဘောဂဗေဒ)၊ စစ်ကိုင်းတိုင်းဒေသကြီး မဲဆန္ဒနယ် အမှတ်(၁)မှ ဦးကျော်သောင်း၊ ရှားတောမဲဆန္ဒနယ်မှ ဒေါ်ဝင့်ဝါထွန်း၊ စေတုတ္တရာမဲဆန္ဒနယ်မှ ဦးကျော်အောင်လွင်နှင့် တပ်မတော်သား အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဗိုလ်မှူး ကျော်စိုးသန့်တို့က ဆက်လက်ဆွေးနွေးကြသည်။

ထို့နောက် နိုင်ငံတော်သမ္မတထံမှ ပေးပို့ထားသော မြန်မာနိုင်ငံ၏အသေးစားနှင့် အလတ်စားစက်မှုလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ချေးငွေအာမခံကော်ပိုရေးရှင်း တည်ထောင်ရန် အာရှဖွံ့ဖြိုးရေးဘဏ်(ADB)ထံမှ အမေရိကန်ဒေါ်လာသန်း ၆၀ ချေးငွေရယူရေးနှင့် စပ်လျဉ်း၍ လွှတ်တော်ကိုယ်စားလှယ်များက ဆွေးနွေးကြသည်။

တပ်မတော်သား ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒုတိယဗိုလ်မှူးကြီးသန့်ဇင်က ချေးငွေ၏ အတိုးနှုန်းသက်သာမှု၊ MSDP နှင့် ကိုက်ညီမှု၊ စီးပွားရေးကော်မတီ၏ ခွင့်ပြုချက်များအရ SME များ ဖွံ့ဖြိုးလာပြီး အလုပ်အကိုင်များ ဖန်တီးပေးနိုင်မှု၊

စာမျက်နှာ ၅ သို့ ☆

✰ စာမျက်နှာ ၄ မှ
နိုင်ငံ၏ GDP နှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်စေမှု၊ ပြည်ပနိုင်ငံများ အထူးသဖြင့် အာဆီယံနိုင်ငံများအတွင်း ယှဉ်ပြိုင်နိုင်မှုစွမ်းရည်မြင့်မားလာပြီး အာဆီယံ စီးပွားရေးအသိုက်အဝန်းကြား အားကောင်းစွာရပ်တည်နိုင်ခြင်းတို့ကို အထောက်အကူဖြစ်စေသဖြင့် ချေးငွေရယူခြင်းကို ထောက်ခံပါကြောင်း ဆွေးနွေးသည်။

မွန်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၅)မှ ဒေါ်မြတ်သီတာထွန်းက SME လုပ်ငန်းများသည် ဖွံ့ဖြိုးဆဲနိုင်ငံများတွင်သာမက ဖွံ့ဖြိုးပြီးနိုင်ငံများတွင်ပါ စီးပွားရေး ရေရှည်ဖွံ့ဖြိုးတိုးတက်ရေးအတွက် အဓိကအချက်အချာကျသည့် ကဏ္ဍဖြစ်ပါကြောင်း၊ ပုံမှန်အခြေအနေတွင် အတော်အသင့် အဆင်ပြေလည်ပတ်နေကြသည့် လုပ်ငန်းများ၊ အစပြု အားယူသည့်လုပ်ငန်းများနှင့် အခက်အခဲများကို ကျော်လွှားဆဲလုပ်ငန်းများသည် ယခုအခါ COVID-19 ကပ်ရောဂါကြောင့် ထိခိုက်ယိမ်းယိုင်သည့်အခြေအနေ ကြုံတွေ့နေရပါကြောင်း၊ ထို့ကြောင့် ယခုအခြေအနေတွင် ADB ချေးငွေဖြင့် ချေးငွေအာမခံကော်ပိုရေးရှင်းတည်ထောင်ပြီး ငွေရေးကြေးရေးအဖွဲ့အစည်းများနှင့် SME လုပ်ငန်းများအကြား အစိုးရက ချေးငွေအာမခံပေးမည့်ကိစ္စကို ထောက်ခံပါကြောင်း ဆွေးနွေးသည်။

ယင်းချေးငွေရယူရေးနှင့်စပ်လျဉ်း၍ ဆိပ်ကမ်းမဲဆန္ဒနယ်မှ ဦးတင်မောင်ဝင်း၊ ဒဂုံမဲဆန္ဒနယ်မှ ဒေါက်တာသက်သက်ခိုင်၊ အုတ်တွင်းမဲဆန္ဒနယ်မှ ဒေါ်ချိုချို၊ တပ်မတော်သားပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဗိုလ်မှူးအောင်သွင်စိုး၊ ကရင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၇)မှ နော်ခရစ္စထွန်း(ခေါ်)ဒေါက်တာအားကာမိုး၊ ဧရာဝတီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၇)မှ ဒေါက်တာပြည့်ဖြိုး၊ ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၃)မှ ဒေါ်ရွှေရွှေစိန်လတ်၊ ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၄)မှ ဦးသန်းစိုး (ခေါ်)သန်းစိုး(ဘောဂဗေဒ)၊ တပ်မတော်သားအမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဗိုလ်မှူးပြည်ထွန်းနှင့် မအူပင်မဲဆန္ဒနယ်မှ ဦးစိန်ဝင်းတို့က ဆက်လက်ဆွေးနွေးကြသည်။

ယင်းနောက် မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်၏ ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ်အတွင်း ဆောင်ရွက်ခဲ့သော လုပ်ငန်းဆောင်ရွက်မှုအစီရင်ခံစာနှင့် စပ်လျဉ်း၍ ပြည်ထောင်စုရှေ့နေချုပ်၊ မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင် အဖွဲ့ဝင် ဦးထွန်းထွန်းဦးက ပြန်လည်ရှင်းလင်းဆွေးနွေးရာတွင် မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်သည် COVID-19 ကာလအတွင်း ရင်းနှီးမြှုပ်နှံမှုလွယ်ကူချောမွေ့စေရေးလုပ်ငန်းစဉ်များကို ဆောင်ရွက်လျက်ရှိပြီး ခွင့်ပြုထားသည့် လုပ်ငန်းများကို ကြီးကြပ်မှု၊ ထောက်ပံ့ကူညီမှုများ ဆောင်ရွက်ပေးလျက်ရှိပါကြောင်း၊ ကော်မရှင်၏ ရင်းနှီးမြှုပ်နှံမှုခွင့်ပြုပေးမှုများ၊ ကြီးကြပ်မှုများ၊ ရင်းနှီးမြှုပ်နှံမှု မြှင့်တင်ရေးဆောင်ရွက်ချက်များနှင့် COVID-19 ကြောင့် စီးပွားရေးသက်ရောက်မှုများအပေါ် ကုစားမှုဆောင်ရွက်ချက်များကို Website တွင် အချိန်နှင့်တစ်ပြေးညီ ဝင်ရောက်ကြည့်ရှုနိုင်ပါကြောင်း ပြောကြားသည်။

ထို့နောက် ပြည်ထောင်စုလွှတ်တော်နာယက က မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှုကော်မရှင်၏ ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ်အတွက် လုပ်ငန်းဆောင်ရွက်မှုအစီရင်ခံစာအပါအဝင် လွှတ်တော်ကိုယ်စားလှယ်များ၏ ဆွေးနွေးချက်များနှင့် သက်ဆိုင်ရာ ပြည်ထောင်စုအဆင့်အဖွဲ့အစည်းဝင်၏ ပြန်လည်ရှင်းလင်းတင်ပြချက်တို့ကို လွှတ်တော်က မှတ်တမ်းတင်ကြောင်း ကြေညာသည်။

ဒုတိယအကြိမ် ပြည်ထောင်စုလွှတ်တော် (၁၆)ကြိမ်မြောက် ပုံမှန်အစည်းအဝေး ပဉ္စမနေ့ကို မေ ၂၇ ရက်တွင် ဆက်လက်ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

**အောင်ရဲသွင်၊ အေးအေးသန့်(သတင်းစဉ်)**

## မြန်မာနိုင်ငံပြန်တမ်း

### ဝန်ထမ်းအဖွဲ့အစည်း အကြီးအမှူး ပြောင်းရွှေ့ခန့်ထားခြင်း

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတသည် ဆောက်လုပ်ရေးဝန်ကြီးဌာန တံတားဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးရွှေလေးကို ပြည်ထောင်စုဝန်ကြီးရုံး ညွှန်ကြားရေးမှူးချုပ်အဖြစ် တာဝန်ဝတ္တရားများကို စတင်ဆောင်ရွက်သည့်နေ့မှစ၍ ပြောင်းရွှေ့ခန့်ထားလိုက်သည်။

# ကျောင်းများပြန်လည်ဖွင့်လှစ်နိုင်ရေး အခြေခံပညာလုပ်ငန်းညှိနှိုင်းအစည်းအဝေး ကျင်းပ

**နေပြည်တော် မေ ၂၆**

ကျောင်းများပြန်လည်ဖွင့်လှစ်နိုင်ရေး အခြေခံပညာလုပ်ငန်းညှိနှိုင်းအစည်းအဝေး (၄/၂၀၂၀)ကို ယနေ့မွန်းလွဲ ၁ နာရီခွဲတွင် နေပြည်တော်ရှိ ပညာရေးဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ပညာရေးဝန်ကြီးဌာနရှိ ဦးစီးဌာနများနှင့် အမျိုးသားပညာရေးမူဝါဒကော်မရှင်မှ တာဝန်ရှိသူများ၊ အမျိုးသားသင်ရိုးညွှန်းတမ်းကော်မတီမှ တာဝန်ရှိသူများ၊ တိုင်းဒေသကြီး/ပြည်နယ်ပညာရေးမှူးများနှင့် Video Conferencing ဖြင့် ကျင်းပသည်။



### ကြိုးပမ်းဆောင်ရွက်

အစည်းအဝေးတွင် ပြည်ထောင်စုဝန်ကြီး ဒေါက်တာမျိုးသိမ်းကြီးက ပညာရေးဝန်ကြီးဌာနအနေဖြင့် မည်သည့်ခွဲခြားမှုမျှမရှိဘဲ၊ မည်သူတစ်ဦးတစ်ယောက်ကိုမျှ ချန်မထားဘဲ၊ ကျောင်းထွက်သူမရှိရေးတို့ကို အခြေခံ၍ ကျောင်းနေအရွယ်ကလေးအားလုံး အရည်အသွေးရှိသော သင်ယူမှုအခွင့်အလမ်းမြင့်မားစေရေးကို ဦးတည်လျက် အခြေခံပညာကျောင်းများအားလုံး ပြန်လည်ဖွင့်လှစ်နိုင်ရေး ကြိုးပမ်းဆောင်ရွက်လျက်ရှိပါကြောင်း၊ ဇူလိုင်လအတွင်း အခြေခံပညာကျောင်းများ ပြန်လည်ဖွင့်လှစ်ရာတွင် အထက်တန်းအဆင့်ကို ဦးစားပေးဖွင့်လှစ်သွားရန် စီစဉ်ဆောင်ရွက်မည်ဖြစ်ပါကြောင်း၊ ကျန်းမာရေးနှင့်ညီညွတ်သော လုံခြုံဘေးကင်း၍ အရည်အသွေးကောင်းမွန်သည့် အခြေခံပညာအထက်တန်းအဆင့်ကျောင်းများ ဖွင့်လှစ်ရာတွင် တွေ့ကြုံရမည့် လိုအပ်ချက်၊ အားနည်းချက်များကို ပြင်ဆင်ပြီးမှသာ အလယ်တန်းနှင့် မူလတန်းများ တစ်ဆင့်ချင်းစီ ဆက်လက်ဖွင့်လှစ်နိုင်ရေး စီမံဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း။

အခြေခံပညာကျောင်းများဖွင့်လှစ်ရာတွင် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနမှ ထုတ်ပြန်ထားသော ကိုဗစ်-၁၉ ကာကွယ် တားဆီးရေးဆိုင်ရာ ညွှန်ကြားချက်များအား တိကျစွာလိုက်နာဆောင်ရွက်သွားရမည်ဖြစ်ပါကြောင်း၊ ကိုဗစ်-၁၉ ကာကွယ်၊ ထိန်းချုပ်၊ တားဆီးနိုင်ရေး ဆရာ ဆရာမများ၊ မိဘများနှင့် ကျောင်းသား ကျောင်းသူများ လိုက်နာရမည့်အချက်များဖြစ်သည့် ကျောင်းသို့မလာမီနှင့် လာရောက်စဉ် မိဘနှင့် ကျောင်းသား ကျောင်းသူများ လိုက်နာရမည့် အချက်များ၊ ကျောင်းသို့ရောက်ရှိပြီး စာသင်ကြားချိန်တွင် ဆရာ ဆရာမနှင့် ကျောင်းသား ကျောင်းသူများ လိုက်နာရမည့်အချက်များ၊ မုန့်စားနားချိန်နှင့် ထမင်းစားနားချိန်တွင် ဆရာ ဆရာမနှင့် ကျောင်းသား ကျောင်းသူများ လိုက်နာရမည့်အချက်များ၊ စာသင်ကြားပြီး ကျောင်းမှအပြန်တွင် မိဘနှင့် ကျောင်းသား ကျောင်းသူများ လိုက်နာရမည့်အချက်များ၊ ကျောင်းတွင်းရှိ စာသင်ခန်းများတွင် ပြင်ဆင်ထားရှိရမည့်အချက်များကို လိုက်နာဆောင်ရွက်ရန်အတွက် အချိန်မီပြုစုတင်ပြရမည် ဖြစ်ပါကြောင်း။

### တင်ပြရန်လိုအပ်

ကိုဗစ်-၁၉ ကူးစက်မြန်ရောဂါဖြင့် ရောဂါလက္ခဏာမပြဘဲ ရောဂါပိုးရှိသူများတွေ့ရှိနေရသဖြင့် ကျောင်းများပြန်လည်ဖွင့်လှစ်ရန် အထူးသတိပြုလိုက်နာ စီစဉ်ဆောင်ရွက်ရမည်မှာ လူတိုင်းပြန်လည်အသုံးပြု၍ရသော နှာခေါင်းစည်းဝတ်ဆင်ရန်နှင့် နေ့စဉ်လူအများတွေ့ဆုံမှုလျှော့ချရန်၊ လူအုပ်စုများဖြစ်ပေါ်လာနိုင်မှုကိုလျှော့ချရန် အရေးကြီးပါကြောင်း၊ လူတစ်ဦးနှင့် တစ်ဦး၊ ကျောင်းသားအချင်းချင်း၊ ကျောင်းသား၊ ဆရာတို့အနည်းဆုံး ခြောက်ပေကွာခြားရန် လိုပါကြောင်း၊ အလယ်တန်း၊ အထက်တန်း စာသင်ခန်းများမှာလည်း တစ်ခန်းလျှင် (၃၀ x ၂၄) ပေဖြစ်သဖြင့် အနည်းဆုံး ခြောက်ပေကွာခြားနိုင်ရေးအတွက် အများဆုံး ၂၀ အတွက်သာ ခုံစီရန်နှင့် မူလတန်းစာသင်ခန်းများတွင်လည်း အနည်းဆုံး ခြောက်ပေကွာခြားနိုင်ရေးကိုသာ ဦးစားပေး၍ ခုံစီရမည် ဖြစ်ပါကြောင်း၊ ကျောင်းအလိုက် အထက်တန်းပြ၊ အလယ်တန်းပြ၊ မူလတန်းပြဆရာဦးရေနှင့် စုစုပေါင်း အထက်တန်းဆင့်၊ အလယ်တန်းဆင့်၊ မူလတန်းဆင့် ကျောင်းသားဦးရေ၊ ကျောင်းအလိုက်နှင့် အတန်းလိုက် အထက်တန်းဆင့်၊ အလယ်တန်းဆင့်၊ မူလတန်းဆင့် ဆရာ၊ ကျောင်းသား အချိုးနှင့် စာသင်ခန်း ကျောင်းသားအချိုးတို့ကို အခြေခံ၍ ပုံမှန်ဖွင့်လှစ်နိုင်မည့်ကျောင်းများ၊ တစ်ပတ်ခြားတက်နိုင်မည့် ကျောင်းများ၊ ကျောင်းချိန် နှစ်သုတ်တက် (2 Shifts) ဖွင့်လှစ်နိုင်မည့်ကျောင်းများ၊ ကျောင်းချိန်နှစ်သုတ် (2 Shifts) တက်၍ တစ်ပတ်ခြား ဖွင့်လှစ်နိုင်မည့်ကျောင်းများ၊ အခက်အခဲရှိသောကျောင်းများစသဖြင့် စာရင်းပြုစုတင်ပြရမည်ဖြစ်ပါကြောင်း၊ လက်တွေ့ကျကျ အခြေခံပညာကျောင်းများအားလုံး အဆင့်အလိုက် ပြန်လည်ဖွင့်လှစ်နိုင်ရေးအတွက် ကျောင်းအလိုက်၊ မြို့နယ်အလိုက်၊ ခရိုင်အလိုက်၊ တိုင်းဒေသကြီး/ပြည်နယ်အလိုက်၊ အခြေခံပညာဦးစီးဌာနအလိုက် စီမံချက်များ စနစ်တကျပြုစု၍ တင်ပြရန် လိုအပ်ပါကြောင်း။

### ပြုစုရန်နှင့် ဖြည့်ဆည်းရန်

ကျောင်းတွင်းစာမေးပွဲများနှင့် G-5, G-9 စာမေးပွဲများ၊ စာစစ်လုပ်ငန်း၊ အောင်စာရင်းထုတ်ပြန်ရေးလုပ်ငန်းများကို စနစ်တကျ အလေးထားကြီးကြပ်ဆောင်ရွက်ရန်၊ တက္ကသိုလ်ဝင်စာမေးပွဲ ကုတ်လုပ်ငန်း၊ စာစစ်လုပ်ငန်း၊ အောင်စာရင်းထုတ်ပြန်ရေးလုပ်ငန်းများကိုလည်း စနစ်တကျ အလေးထားကြီးကြပ်ဆောင်ရွက်ရန် လိုပါကြောင်း၊ ကျောင်းသုံးဖတ်စာအုပ်များ ကျောင်းများသို့ အချိန်မီပုံနှိပ်ဖြန့်ဝေနိုင်ရန်၊ ဗလာစာအုပ်များ အချိန်မီပုံနှိပ်ဖြန့်ဝေနိုင်ရန်၊ အခြေခံပညာကျောင်း ၆၀၂ ကျောင်းတွင် ကန့်သတ်စောင့်ကြည့်စခန်းများအဖြစ် အသုံးပြုပြီး ပိုးသတ်ဆေးဖျန်းပြီးပါက ဇွန် ၁၅ ရက်တွင် ပြန်လည်လွှဲပြောင်းလက်ခံ၍ လိုအပ်သည်များပြင်ဆင်ထားကြရန်၊ ရေ၊ ဆပ်ပြာ၊ လက်ဆေးဂျယ်၊ သန့်စင်ခန်း၊ ကိုယ်အပူချိန်တိုင်းကိရိယာများ ဖြည့်ဆည်းထားရှိရန်၊ ဆရာများနှင့် ကျောင်းသားများအားလုံးကိုပြန်လည်အသုံးပြုနိုင်သော အဝတ်နှာခေါင်းစည်းနှစ်ခုစီနှင့် မျက်နှာကာတစ်ခုစီ အခမဲ့ဖြန့်ဝေရန်၊ တစ်ကိုယ်ရေသုံးကာကွယ်ရေးဝတ်စုံများ ဖြည့်ဆည်းရန်၊ ကျန်းမာရေးဌာနနှင့် ဆေးခန်းများသို့ ဆက်သွယ်နိုင်ရေး ဖုန်းနံပါတ်များကို ပြုစုထားရှိရန်နှင့် လိုအပ်သည်များ ဖြည့်ဆည်းပေးရန် စသည်တို့ကို စီစဉ်ဆောင်ရွက်ကြရမည် ဖြစ်ပါကြောင်း။

### စီစဉ်ဆောင်ရွက်

သတ်မှတ်ချက်များနှင့်ကိုက်ညီသည့် အထက်တန်းပြ၊ အလယ်တန်းပြ၊ မူလတန်းပြ ဆရာ ဆရာမများအား တိုင်းဒေသကြီး/ပြည်နယ်အစိုးရအဖွဲ့များနှင့် ပေါင်းစပ်ညှိနှိုင်း၍ ခန့်အပ်သွားရေး၊ ဆရာ ဆရာမများ ရာထူးခန့်ထားခြင်း၊ ပြောင်းရွှေ့ခြင်း၊ ရာထူးတိုးခြင်း၊ ကျောင်းအဆင့်တိုးခြင်းစာရင်းများကို ထုတ်ပြန်ပေးရေးနှင့် တာဝန်ကျရာနေရာဒေသသို့ အဆင်ပြေစွာ သွားရောက်တာဝန်ထမ်းဆောင်နိုင်ရေးအတွက် တိုင်းဒေသကြီး/ပြည်နယ်အစိုးရအဖွဲ့များနှင့်ညှိနှိုင်း၍ လိုအပ်သည်များ ကူညီဆောင်ရွက်ပေးသွားရန်၊ သင်ရိုးသစ် G-4, G-7, G-10 ကျောင်းသုံးဖတ်စာအုပ်အသစ်များ၊ ဆရာလမ်းညွှန်စာအုပ်အသစ်များ၏ ကာလတို သင်ကြားသင်ယူမှုနည်းလမ်းမွမ်းမံသင်တန်းများအတွက်လည်း အမျိုးသားပညာရေးမူဝါဒကော်မရှင်၊ အမျိုးသားသင်ရိုးညွှန်းတမ်းကော်မတီမှ တာဝန်ရှိသူများနှင့်ပူးပေါင်းလျက် ယခုပညာသင်နှစ်အတွက် စီစဉ်ဆောင်ရွက်မှုများနှင့်ကိုက်ညီသော သင်ရိုးမာတိကာ၊ သင်ခန်းစာများ စီစဉ်ဆောင်ရွက်ရန် အရေးကြီးပါကြောင်း၊ ကျန်းမာရေးအသိပညာပေးဆိုင်ရာ မွမ်းမံသင်တန်းများကိုလည်း စီစဉ်ဆောင်ရွက်သွားရန်နှင့် စကားဝိုင်းဆွေးနွေးပွဲများ၊ ပညာပေးသင်တန်းများ စီစဉ်ဆောင်ရွက်ရန်၊ အခြေခံပညာကျောင်းများရှိ ကျောင်းမုန့်ဈေးတန်းများတွင် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၏ စံသတ်မှတ်ချက်နှင့် ကိုက်ညီသော ဈေးဆိုင်များကိုသာ ဖွင့်လှစ်ရောင်းချရေး စီမံဆောင်ရွက်သွားရန်၊ ကျောင်းကြို/ပို့ယာဉ်များရှိ နှစ်ယောက်တွဲခုံများတွင် ကျောင်းသား ကျောင်းသူတစ်ယောက်စီသာ စီးနင်းလိုက်ပါနိုင်ရေး စီစဉ်ဆောင်ရွက်ရန်နှင့် ကျောင်းကြို /ပို့ယာဉ်များ လုံလောက်ခြင်းမရှိပါက ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့နှင့် ညှိနှိုင်း၍ ယာဉ်ငှားရမ်းအသုံးပြုရေး ဆောင်ရွက်သွားရန် ဖြစ်ပါကြောင်း။

### ပူးပေါင်းဆောင်ရွက်ရမည်

ကျောင်းများတွင် အရန်ခန်းထားရှိရေး စီစဉ်ဆောင်ရွက်၍ ရောဂါပိုးရှိသည့် ကျောင်းသား ကျောင်းသူတွေ့ရှိမည်ဆိုပါက ကျောင်းကို ယာယီပိတ်ထားပြီး ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၏ ကျန်းမာရေးညွှန်ကြားချက်များနှင့်အညီ ကျောင်းများ ပြန်လည်ဖွင့်လှစ်နိုင်ရေး စီစဉ်ဆောင်ရွက်သွားရန်၊ ကျောင်းအပ်နှံရေးသီတင်းပတ်တွင် လိုက်နာဆောင်ရွက်ကြရမည့် လုပ်ငန်းစဉ်များကိုလည်း အောင်မြင်အောင် မိဘ၊ အုပ်ထိန်းသူ၊ ဆရာများ၊ ပြည်သူများအားလုံးနှင့် ပူးပေါင်းဆောင်ရွက်သွားကြရမည်ဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် ဒုတိယဝန်ကြီး ဦးဝင်းမော်ထွန်း၊ အမျိုးသားပညာရေးမူဝါဒကော်မရှင်ဥက္ကဋ္ဌ ဒေါက်တာမျိုးကြွယ်နှင့် အဖွဲ့ဝင်များ၊ အမျိုးသားသင်ရိုးညွှန်းတမ်းကော်မတီဥက္ကဋ္ဌ ဒေါက်တာမြင့်ဆွေနှင့်အဖွဲ့ဝင်များ၊ အခြေခံပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးကိုလေးဝင်း၊ နည်းပညာ၊ သက်မွေးပညာနှင့် လေ့ကျင့်ရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာအေးမြင့်၊ မြန်မာနိုင်ငံစာစစ်ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးမျိုးညွှန့်၊ မြန်မာနိုင်ငံ တိုင်းရင်းသားဘာသာစကားဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာဇော်မြင့်၊ ပညာရေးသုတေသန၊ စီမံကိန်းနှင့် လေ့ကျင့်ရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာဝင်းထွန်းနှင့် တိုင်းဒေသကြီး/ ပြည်နယ်ပညာရေးမှူးများ၊ သက်ဆိုင်ရာ တာဝန်ရှိသူများက Video Conferencing ဖြင့် ညှိနှိုင်းဆွေးနွေးကြကြောင်း သိရသည်။

**သတင်းစဉ်**

**❖ တရုတ်နိုင်ငံမှ**

ထပ်မံဝင်ရောက်လာသည့် မြန်မာအလုပ်သမား ၄၉၅ ဦးသည် မိုင်းလားမြို့တွင် အသွားအလာစောင့်ကြည့်မှု ၂၁ ရက်ထားရှိပြီး ကျိုင်းတုံမြို့သို့ ပြန်လည်ဝင်ရောက်လာရာ ရှမ်းပြည်နယ် လျှပ်စစ်၊ စွမ်းအင်နှင့် စက်မှုဝန်ကြီး ဦးစိုင်းရဲန်တစ်လုံ၊ ရှမ်းပြည်နယ်စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီး ဦးစိုးညွှန့်လွင်၊ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်၊ ပြည်နယ်ဒုတိယအုပ်ချုပ်ရေးမှူးနှင့် ပြည်နယ်၊ ခရိုင်၊ မြို့နယ်ဌာနဆိုင်ရာများ၊ ရဲတပ်ဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ ကြက်ခြေနီတပ်ဖွဲ့ဝင်များ၊ အလှူရှင်များ၊ ကျိုင်းတုံလူငယ်ပရဟိတအဖွဲ့၊ ကျန်းမာရေးဝန်ထမ်းများက လိုအပ်သည့် ကျန်းမာရေးစစ်ဆေးပေးခြင်း၊ ထမင်းထုပ်၊ ရေသန့်ဘူး၊ အချိုရည်၊ သွားတိုက်ဆေး၊ သွားတိုက်တံ၊ မျက်နှာသုတ်ပဝါ၊ ဆပ်ပြာ၊ လက်အိတ်၊ နှာခေါင်းစည်းများ ဝေငှပေးပြီး မူလနေရပ်အသီးသီးသို့ အဆင်ပြေချောမွေ့စွာ ပို့ဆောင်နိုင်ရေး စီစဉ်ဆောင်ရွက်ပေးကာ တောင်ကြီးမြို့သို့ မော်တော်ယာဉ်များဖြင့် ဆက်လက်ပို့ဆောင်ပေးခဲ့သည်။

တရုတ်နိုင်ငံနှင့် အထူးဒေသ-၄ (မိုင်းလား)မှ ပြန်လည်ဝင်ရောက်လာသူ ဧပြီ ၂၈ ရက်မှ ယနေ့အထိ ၃၀၀၀ ကျော်ရှိကာ ရခိုင်ပြည်နယ်မှ အများဆုံးဖြစ်ကြောင်း သိရသည်။

**အောင်ဇင်မြင့်(ပြန်/ဆက်)**

## စာပေမြင့်မှ လူမျိုးတင့်မည်

# လိုက်လှဲစွာကြိုဆိုရမည့် မြန်မာနိုင်ငံ၏ အီလက်ထရောနစ်စနစ်ဖြင့် လူဦးရေမှတ်ပုံတင်ခြင်းလုပ်ငန်း

မြင့်မြတ်ရန်ပိုင်

**မြန်မာနိုင်ငံ၏ လူဦးရေနှင့် မှတ်ပုံတင်ခြင်းနှင့် နိုင်ငံသားမှတ်ပုံတင်ခြင်း လုပ်ငန်းစဉ် နှစ်ခုအနက် လူဦးရေမှတ်ပုံတင်ခြင်းလုပ်ငန်းကို ဦးစားပေးအစီအစဉ်ဖြင့် ဆောင်ရွက်ပြီး နိုင်ငံသားမှတ်ပုံတင်ခြင်းလုပ်ငန်းကို Digital စနစ်ဖြင့် ပြောင်းလဲခြင်းအား ဒုတိယအနေဖြင့် ဆောင်ရွက်ရန်၊ e -ID အတွက် ကတ်တစ်ကတ် ထုတ်ပေးရန် ဆုံးဖြတ်လမ်းညွှန်ခဲ့**

**နိုင်ငံတော်အစိုးရ၏ မူဝါဒနှင့် လူဦးရေမှတ်ပုံတင်စနစ်**

ယနေ့မျက်မှောက်ကာလတွင် မှန်ကန်သည့် အချက်အလက်များ အချိန်နှင့်တစ်ပြေးညီရရှိရေးသည် ဌာနတိုင်း၊ နိုင်ငံတိုင်းအတွက် တစ်နေ့တခြား အရေးပါလျက်ရှိသည်။ အချက်အလက်များများ ပိုင်ဆိုင်သည့်နိုင်ငံသည် အင်အားရှိသည့်နိုင်ငံဟူ၍ပင် ဆိုစမှတ်ပြုလာကြသည်။ ထို့အတူ ကမ္ဘာ့နိုင်ငံအသီးသီး၌ မှီတင်းနေထိုင်ကြသူများအတွက် မှတ်ပုံတင်စာရင်းထားရှိခြင်းကို ကွန်ပျူတာ အချက်အလက်၊ နည်းပညာတိုးတက်ဖြစ်ပေါ်မှုနှင့်အတူ အီလက်ထရောနစ်ကတ်ပြားများကို အသုံးပြုလာခဲ့ကြပါသည်။ ယခင်က မိမိတို့သက်ဆိုင်ရာဌာနအလိုက် Database အချက်အလက်များ တည်ဆောက်၍ ဗီဇာစနစ်၊ အမျိုးသားမှတ်ပုံတင်စနစ်၊ မွေးစာရင်းမှတ်ပုံတင်စနစ် စသည်ဖြင့် သီးခြားလုပ်ဆောင်ခဲ့ကြပါသည်။ ၎င်းစနစ် အမျိုးမျိုးချိတ်ဆက်ရန် လိုအပ်လာသောအခါ ကြားခံစနစ်များဖြင့် တူညီသော မှတ်ပုံတင်အမျိုးမျိုးကို ချိတ်ဆက်ရန် ကြိုးစားလာခဲ့ကြသည်။

ယနေ့အခြေအနေတွင် နည်းပညာတိုးတက်မှုနှင့် ယခင်အတွေ့အကြုံများကိုအခြေခံ၍ Digital Unique ID number သို့မဟုတ် လူတစ်ဦးတစ်ယောက်အတွက် သီးခြားသတ်မှတ်ပေးသော မှတ်ပုံတင်အမှတ်ကို ဗဟိုပြု၍ အခြားသော မှတ်ပုံတင်အချက်အလက်မှတ်တမ်းများနှင့် ချိတ်ဆက်နိုင်သည့် (Digital) နည်းပညာသုံး ID မှတ်ပုံတင်ကို အသုံးပြုလာကြပါသည်။ Digital Unique ID ၏ အဓိက အားသာမှုမှာ ဌာနတစ်ခု အသုံးချရန်အတွက်သာ သီးသန့်ပြုလုပ်သော ID တစ်ခုမဟုတ်ဘဲ လက်ရှိ သို့မဟုတ် နောက်နောင် အသုံးပြုမည့် Use Cases နှင့် Application ခေါ် အသုံးချဝန်ဆောင်မှုအားလုံး အကျုံးဝင် အသုံးပြုနိုင်ခြင်းဖြစ်သည်။ လူတစ်ဦးချင်းအား Unique ID တစ်ခု သတ်မှတ်ပေးခြင်းဖြင့် ဌာနအသီးသီးတွင်ရှိသော စနစ်များနှင့်ချိတ်ဆက်မှုများ မြန်ဆန်လွယ်ကူစေပြီး အားလုံးခြုံငုံ၍ ရွေးချယ်စိစစ်နိုင်သော မှတ်ပုံတင်စနစ်တစ်ခု တည်ဆောက်နိုင်ပါသည်။

မြန်မာနိုင်ငံသည် ခေတ်မီဖွံ့ဖြိုးတိုးတက်သော ဒီမိုကရေစီဖက်ဒရယ်ပြည်ထောင်စု တည်ဆောက်ရာတွင် ကောင်းမွန်သောအုပ်ချုပ်မှုစနစ်ကို အထောက်အကူပြုရန်အတွက် တိကျမှန်ကန်သော လူဦးရေနှင့် စီးပွားရေးဆိုင်ရာ သတင်းအချက်အလက်များသည် မရှိမဖြစ်လိုအပ်လာပါသည်။ နိုင်ငံတော်အစိုးရ၏ စီးပွားရေးမူဝါဒ ၁၂ ရပ်တွင် Data ID Card System, Digital Government Strategy e-Government System ကို အကောင်အထည်ဖော်ဆောင်ရွက်သွားရန်ဆိုသည့် အချက်တစ်ချက်ကို မူဝါဒတစ်ရပ်အဖြစ် သတ်မှတ်ထားပါသည်။ ထို့ကြောင့် မြန်မာနိုင်ငံအတွင်းရှိ မှီတင်းနေထိုင်ကြသူများအားလုံးကို Unique ID တစ်ခုစီ သတ်မှတ်ပေးရန် လက်ရှိအသုံးပြုနေသော စက္ကူသုံးမှတ်ပုံတင်စနစ်အား Digital အဖြစ် ပြောင်းလဲရန်နှင့် e-Government စနစ်ကို အကောင်အထည်ဖော်ဆောင်ရွက်ရန် လုပ်ငန်းများမှာ တိုင်းပြည်၏ ဦးစားပေးလုပ်ငန်းများ ဖြစ်ပါသည်။ ၎င်းဦးစားပေးအချက်များမှာ UN မှ ထုတ်ပြန်ထားသော Sustainable Development Goal များထဲမှတစ်ခုဖြစ်သည့် ၂၀၃၀ ပြည့်နှစ်တွင် လူတိုင်းမွေးစာရင်းအပါအဝင် တရားဝင်အထောက်အထားလက်မှတ်ပံ့ပိုးပေးရန် (provide legal identity for all by 2030) ရည်မှန်းချက်နှင့်လည်း ကိုက်ညီနေပါသည်။ တရားဝင်မှတ်ပုံတင်စနစ်သည် ဖွံ့ဖြိုးတိုးတက်မှုအတွက် အခြေခံအုတ်မြစ်တစ်ခု ဖြစ်ပါသည်။

ကမ္ဘာ့နိုင်ငံအသီးသီးတွင်ရှိသော အစိုးရများ ID စနစ်ကို အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် ကြုံတွေ့ရသည့် စိန်ခေါ်မှုများမှာ တူညီနေသည်ကို လေ့လာတွေ့ရှိရပါသည်။ အဆိုပါ စိန်ခေါ်မှုများမှာ အတုအပကင်းသောနံပါတ်ဖြစ်အောင်ဆောင်ရွက်ခြင်း၊ ကျယ်ပြန့်ကြီးမားသောစနစ်ကြီးတစ်ခုဖြစ်အောင် တည်ဆောက်ရခြင်း၊ ကုမ္ပဏီတစ်ခု၊ ရောင်းချသည့်ဌာနတစ်ခု၏ တစ်ဦးတည်းအပေါ် အရာရာမှီခိုနေရမှုမရှိအောင် စနစ်ကိုတည်ဆောက်ရန်လိုအပ်ခြင်း၊ အကုန်အကျသက်သာခြင်းရှိသော စနစ်တစ်ခု တည်ဆောက်ထိန်းသိမ်းခြင်းတို့ဖြစ်ပါသည်။

**Digital ID ဆိုင်ရာ အခြေခံသဘောတရားများ**

Digital ID ကိုမွေးဖွားချိန်မှ သေဆုံးချိန်အထိ နိုင်ငံအတွင်းရှိ ပါဝင်သင့်သူများအားလုံးကို ခွဲခြားဆက်ခံမှုကင်းစွာဖြင့် စာရင်းသွင်းနိုင်ရမည် ဖြစ်ပါသည်။ သတင်းအချက်အလက်များနှင့် နည်းပညာများရယူခြင်း၊ သုံးစွဲခြင်းနှင့် ကွဲလွဲမှုများတွင် တွေ့ရှိနိုင်သည့် အခက်အခဲများအား ဖယ်ရှားနိုင်ပြီး အတုအပကင်းသော၊ လုံခြုံမှုရှိသော တိကျခိုင်မာသည့် ID စနစ်တစ်ခု တည်ဆောက်နိုင်ရမည် ဖြစ်ပါသည်။ ထို့ပြင် အသုံးပြုလိုသည့် ဌာနအသီးသီးသည် လိုအပ်ချက်များကို ချက်ချင်းဆောင်ရွက်နိုင်ပြီး အခြားစနစ်များနှင့်ပါ တွဲဖက်အသုံးပြုရန် လွယ်ကူစွာချိတ်ဆက်နိုင်သည့် စနစ်တစ်ခုလည်း ဖြစ်ရပါမည်။ Open Standards များ အသုံးပြုခြင်းနှင့် Vendor နှင့် နည်းပညာတစ်ခုတည်းအပေါ်တွင် မှီခိုမှုမရှိသည့် စနစ်တစ်ခုတည်ဆောက်ရန်လည်း လိုအပ်ပါသည်။ စနစ်၏ဒီဇိုင်းဖြင့် အသုံးပြုသူ၏ ကိုယ်ပိုင်လွတ်လပ်ခွင့်နှင့် ထိန်းချုပ်နိုင်မှုအား ကာကွယ်နိုင်ရမည် ဖြစ်ပါသည်။ အလားတူ ဒေတာလျှို့ဝှက်မှု၊ လုံခြုံမှုနှင့် အသုံးပြုသူ၏ အခွင့်အရေးများကို ပြည့်စုံသော ဥပဒေမူဘောင်များ ပြဋ္ဌာန်းပြီး ကာကွယ်စောင့်ရှောက်ပေးရန် လိုအပ်သကဲ့သို့ အဖွဲ့အစည်းဆိုင်ရာ လုပ်ထုံးလုပ်နည်းမူများနှင့် တာဝန်ယူမှုများအား ရှင်းရှင်းလင်းလင်းပြဋ္ဌာန်းသတ်မှတ်ပေးရန်လည်း လိုအပ်ပါသည်။

**ဝန်ကြီးဌာန၏ လူဦးရေမှတ်ပုံတင်စနစ် တည်ဆောက်ရန် ဆောင်ရွက်မှု**

အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနအနေဖြင့် နိုင်ငံတော်အစိုးရ၏ လမ်းညွှန်ချက်နှင့်အညီ လူဦးရေမှတ်ပုံတင်ရေးလုပ်ငန်းအား e-ID စနစ်ဖြင့် ဆောင်ရွက်နိုင်ရေးအတွက် လေ့လာဆန်းစစ်မှုများကိုပြုလုပ်ခဲ့ရာ ၂၀၁၆ ခုနှစ် မေလမှ ၂၀၁၉ ခုနှစ် ဧပြီလအထိ လာရောက်ဆွေးနွေးရှင်းလင်းတင်ပြခဲ့သည့် ကမ္ဘာ့ဘဏ်အပါအဝင် ကုမ္ပဏီအဖွဲ့အစည်းပေါင်း ၅၈ ခုရှိပြီး ရှင်းလင်းဆွေးနွေးခဲ့သည့် အကြိမ်အရေအတွက် ၈၁ ကြိမ် ရှိခဲ့ပါသည်။ ထို့ပြင် Digital စနစ် ကူးပြောင်းရာတွင် လုပ်ဆောင်ရမည့်လုပ်ငန်းစဉ်များကို အသေးစိတ်သိရှိနိုင်ရန်အတွက် HD Center၊ ကမ္ဘာ့ဘဏ်နှင့် Omidyar Network၊ NEC Corporation၊ Thales ကုမ္ပဏီ အိန္ဒိယသံရုံးတို့၏ အကူအညီဖြင့် အလုပ်ရုံဆွေးနွေးပွဲ (၇) ကြိမ် ကျင်းပပြုလုပ်ခဲ့ပါသည်။ ကမ္ဘာ့ဘဏ်က မြန်မာနိုင်ငံ၏ ပြုပြင်ပြောင်းလဲရေးလုပ်ငန်းစဉ်များတွင် လက်ရှိအခြေအနေနှင့်ကိုက်ညီမည့် Digital စနစ်တစ်ခု အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန် အကြံပြုစာတမ်းတစ်ခုကိုလည်း ပြုစုပေးခဲ့ပါသည်။ လေ့လာတွေ့ရှိချက်များအရ ကမ္ဘာ့နိုင်ငံများတွင် အဓိကအားဖြင့် ကျင့်သုံးနေသည့် စနစ် နှစ်မျိုးရှိပြီး လူဦးရေမှတ်ပုံတင်ခြင်း (Population Registration) နှင့် နိုင်ငံသားမှတ်ပုံတင်ခြင်း (Citizen Registration) တို့ဖြစ်ပါသည်။ အချို့သောနိုင်ငံများမှာ နိုင်ငံသားများကိုသာ မှတ်ပုံတင်ကတ် ထုတ်ပေးသော်လည်း အများစုသည် ပြည်တွင်းနေထိုင်သူအားလုံးကို အသိအမှတ်ပြုမှတ်ပုံတင်ကတ်တစ်မျိုးမျိုး ထုတ်ပေးလျက်ရှိသည်ကို တွေ့ရပါသည်။ နိုင်ငံသားဖြစ်မှုသည် အချို့သောနိုင်ငံများတွင် ရှုပ်ထွေးအငြင်းပွားဖွယ်ဖြစ်သည့်အတွက် နိုင်ငံသားမှတ်ပုံတင်များကို အလွယ်တကူထုတ်ပေးနိုင်ခြင်း မရှိသည်ကိုတွေ့ရပါသည်။

**လူဦးရေမှတ်ပုံတင်ခြင်း (Population Registration)**

လူဦးရေမှတ်ပုံတင်ခြင်းဆိုသည်မှာ နိုင်ငံအတွင်းနေထိုင်သူအားလုံးကို မှတ်တမ်းတင်စာရင်းပြုစုခြင်းဖြစ်ပါသည်။ အိမ်ထောင်စုလူဦးရေစာရင်းဖြင့် နေထိုင်သူ (နိုင်ငံသား/ ပြည်တွင်းနေ နိုင်ငံခြားသား/ အမြဲတမ်းနေထိုင်ခွင့်ရရှိသူ)၊ အိမ်ထောင်စုလူဦးရေစာရင်း မရှိသူဟူ၍ နှစ်မျိုးနှစ်စား ပါဝင်နိုင်ပါသည်။ လူဦးရေမှတ်ပုံတင်ခြင်းလုပ်ငန်းဆောင်ရွက်ရာတွင် အိမ်ထောင်စုစာရင်းကို အခြေခံစရာမလိုဘဲ မွေးစာရင်း (သို့မဟုတ်) မြန်မာနိုင်ငံအတွင်း နေထိုင်ကြောင်း ခိုင်မာသောအထောက်အထားကိုသာ အခြေခံ၍ဆောင်ရွက်ရမည်ဖြစ်ပါသည်။ မြန်မာနိုင်ငံအတွင်း မှီတင်းနေထိုင်ကြသူ တစ်ဦးချင်းစီ၏ ကိုယ်ရေးအချက်အလက်များကိုကောက်ယူ၍ တစ်ဦးချင်းစီကို Unique Identity (UID) Number တစ်ခုစီပေးပြီး အီလက်ထရောနစ်စနစ်ဖြင့် Main Database တွင် မှတ်တမ်းတင်သိမ်းဆည်းထားခြင်း ဖြစ်ပါသည်။ နိုင်ငံသားဖြစ်ခြင်း၊ မဖြစ်ခြင်းနှင့် မသက်ဆိုင်ဘဲ နိုင်ငံအတွင်းနေထိုင်သူ အားလုံးကို မှတ်တမ်းတင်စာရင်းပြုစုခြင်းဖြစ်ပါသည်။

**ကမ္ဘာ့နိုင်ငံအချို့တွင် ကျင့်သုံးနေသည့် အီလက်ထရောနစ်မှတ်ပုံတင်စနစ်**

**အိန္ဒိယနိုင်ငံ–** A adhaar ဟုအမည်ဖြင့် နိုင်ငံသားများ အပါအဝင် ပြည်တွင်းနေထိုင်သူ အားလုံးကို Biometric အချက်အလက်နှင့် ဂဏန်း ၁၂ လုံးကို ကျပန်းစနစ်ဖြင့် သတ်မှတ်ထားသည့် မှတ်ပုံတင်ကတ်ထုတ်ပေးပါသည်။ ယင်းကတ်သည် နိုင်ငံသားဖြစ်မှုနှင့် မသက်ဆိုင်သည်ကို တွေ့ရှိရပါသည်။

**အမေရိကန်–** ပြည်တွင်းနေထိုင်သူအားလုံးကို Social Security နံပါတ်တစ်ခုစီ ထုတ်ပေးထားပါသည်။ လူတစ်ဦးစီ၏ ဆက်သွယ်ဆောင်ရွက်မှုအားလုံး၊ အလုပ်အကိုင်အခွင့်အလမ်း၊ အခွန်ပေးဆောင်ခြင်း၊ အရောင်းအဝယ်ပြုလုပ်ခြင်း စသည့် ကိစ္စရပ်အားလုံးကို အဆိုပါနံပါတ်ဖြင့် ဆောင်ရွက်ရပါသည်။

**ဂျပန်နိုင်ငံ–** နိုင်ငံခြားသားမဟုတ်သူများကို My Number ဟုခေါ်သည့် Unique ID တစ်ခု ထုတ်ပေးပါသည်။ ဂျပန်နိုင်ငံတွင် နိုင်ငံသားနှင့် နိုင်ငံခြားသားနှစ်မျိုးသာ ရှိပါသည်။

**ထိုင်းနိုင်ငံ–** မှတ်ပုံတင်ကတ်ပြား (ID) များကို ပိုမိုလုံခြုံမှုရှိသည့် Smart Card ဒစ်ဂျစ်တယ် လက်ဗွေစနစ်ဖြင့် ပြုပြင်ပြောင်းလဲခဲ့ပါသည်။ ထိုင်း ID ကတ်၏ အားသာချက်မှာ လက်ဗွေစိစစ်ရာတွင် လက်ဗွေဖတ်ကိရိယာအတွင်း၌ Data ပြောင်းလဲထည့်သွင်းစိစစ်ခြင်းမျိုးမဟုတ်ဘဲ ကတ်အတွင်း၌ စိစစ်နိုင်ခြင်းဖြစ်သည်။ Precise Match-on Card နည်းပညာအသုံးပြုထားသည်။ ဤနည်းဖြင့် လက်ဗွေစိစစ်မှုအချက်အလက်ပြောင်းလဲခြင်းမပြုလုပ်နိုင်တော့ပေ။ ၂၀၀၅ ခုနှစ်မှ စတင်ခဲ့သော Biometric သုံး Smart ID သည် ကတ် ၁၀ သန်းကျော်ထုတ်ပေးပြီးဖြစ်ပြီး ထိုင်းနိုင်ငံသား ၆၄ သန်းကို ထုတ်ပေးသွားမည်ဖြစ်သည်။ ထိုင်းနိုင်ငံအတွင်း ရေရှည်နေထိုင်သူ နိုင်ငံခြားသားများအတွက် ပန်းရောင် ID ကတ်ကို သတ်မှတ်ထားရှိသည်။

**မလေးရှား–** နိုင်ငံတွင် My Kad အမည်ဖြင့် National ID ကတ်ကို အစိုးရဆိုင်ရာသာမက ပုဂ္ဂလိကဆိုင်ရာလုပ်ငန်းသုံး Application များပါ ပူးပေါင်းအသုံးပြုနိုင်သည့် Smart Card ကို အသုံးပြုသည်။ ၁၂ နှစ်အထက် နိုင်ငံသားအားလုံး ID ကတ်ကိုင်ဆောင်ရပြီး ယခင်က National ID ကတ်အပြင် ယာဉ်မောင်းလိုင်စင်ကတ်၊ အစိုးရခံစားခွင့်ကတ် စသည်ဖြင့် ကတ်အမျိုးမျိုးသယ်ဆောင်နေခဲ့ရသည်ကို My Kad က တစ်ခုတည်းဖြင့် အားလုံးပူးပေါင်း ပါဝင်သည့်ကတ်အဖြစ် ပြောင်းလဲပေးခဲ့သည်။

**စင်ကာပူ–** အီလက်ထရွန်နစ်စနစ် ID စနစ်များကို လူဝင်မှုကြီးကြပ်ရေး (Population Registration) အတွက်သာမကဘဲ အခြားစနစ်အမျိုးမျိုးနှင့်ချိတ်ဆက်၍ အသုံးပြုလျက်ရှိသည်။ မကြာသေးခင်က ၎င်း၏ Singpass စနစ်ကို ဒစ်ဂျစ်တယ် ID စနစ်သစ်ထပ်မံ အဆင့်မြှင့်ပြောင်းလဲရန် ဆောင်ရွက်လျက်ရှိသည်။ နိုင်ငံသားများနှင့် အမြဲနေထိုင်ခွင့်ရရှိသူများကို မှတ်ပုံတင်ကတ်ထုတ်ပေးသည်ကို တွေ့ရှိရပါသည်။

**ကမ္ဘောဒီယား–** Khamar Identification Code (KIDC) ဟုခေါ်သည့် ဂဏန်းကိုးလုံး ကျပန်းစနစ်ဖြင့် သတ်မှတ်ထားသည့် နံပါတ်တစ်ခုကို နေထိုင်သူအားလုံးကို ထုတ်ပေးပါသည်။ ယင်းသည် နိုင်ငံသားဖြစ်ခြင်း/မဖြစ်ခြင်းနှင့် မသက်ဆိုင်ဘဲ လူတစ်ဦးချင်းအတွက် သတ်မှတ်ထားသော ဂဏန်းတစ်ခုပေးခြင်းသာဖြစ်ပါသည်။

**အင်ဒိုနီးရှား–** နိုင်ငံသားများကိုသာမက အမြဲနေထိုင်သူများကိုပါ မှတ်ပုံတင်ကတ် ထုတ်ပေးသည်ကိုတွေ့ရှိရပါသည်။

**e- Government ဦးဆောင်ကော်မတီ၏ လမ်းညွှန်မှု**

မြန်မာနိုင်ငံတွင် နည်းပညာအသုံးပြု၍ နိုင်ငံအတွင်းနေထိုင်ကြောင်း အသိအမှတ်ပြုကတ် ထုတ်ပေးသည့်စနစ်တွင် နိုင်ငံအတွင်းနေထိုင်သူတစ်ဦးချင်းစီ၏ ကိုယ်ရေးအချက်အလက် (Biographic Data)နှင့် လက်ဗွေ၊ မျက်လုံးသူငယ်အိမ်၊ မျက်နှာဓာတ်ပုံ (Biographic Data) များကိုသိမ်းဆည်း၍ လူတစ်ဦးချင်းစီအတွက် သီးခြားနံပါတ်တစ်ခု (Unique ID Number) ထုတ်ပေးပြီး Database တွင် မှတ်တမ်းတင်ထိန်းသိမ်းခြင်းလုပ်ငန်းကို ပထမအဆင့်အနေဖြင့်ဆောင်ရွက်ပြီး မှတ်တမ်းတင်ပြီးသည့်သူများကို နိုင်ငံသားစိစစ်ပြီး နိုင်ငံသားကတ်ကို Smart Card ဖြင့် ထုတ်ပေးသည့်လုပ်ငန်းကို ဒုတိယအဆင့်အနေဖြင့် ဆောင်ရွက်သွားရန် စဉ်းစားဆောင်ရွက်သင့်ကြောင်း ဝန်ကြီးဌာနက e – Government ဗဟိုကော်မတီသို့ တင်ပြခဲ့ပါသည်။ အဆိုပါတင်ပြချက်အပေါ် ၂၇-၆-၂၀၁၈ ရက်နေ့တွင်ကျင်းပသော e-Government ဦးဆောင်ကော်မတီ၏ ဒုတိယအကြိမ်လုပ်ငန်းညှိနှိုင်းအစည်းအဝေးတွင် မြန်မာနိုင်ငံ၏ လူဦးရေနှင့်မှတ်ပုံတင်ခြင်းနှင့် နိုင်ငံသားမှတ်ပုံတင်ခြင်းလုပ်ငန်းစဉ် နှစ်ခုအနက် လူဦးရေမှတ်ပုံတင်ခြင်းလုပ်ငန်းကို ဦးစားပေးအစီအစဉ်ဖြင့် ဆောင်ရွက်ပြီး နိုင်ငံသားမှတ်ပုံတင်ခြင်းလုပ်ငန်းကို Digital စနစ်ဖြင့် ပြောင်းလဲခြင်းအား ဒုတိယအနေဖြင့် ဆောင်ရွက်ရန်၊ e-ID အတွက် ကတ်တစ်ကတ် ထုတ်ပေးရန်ဆုံးဖြတ်လမ်းညွှန်ခဲ့ကြောင်း သိရပါသည်။ ထို့ပြင် e-ID စနစ် လုပ်ငန်းကော်မတီနှင့် ဆပ်ကော်မတီ ခြောက်ခုကိုလည်း ဖွဲ့စည်းပေးခဲ့ကြောင်း တွေ့ရှိရပါသည်။ အလားတူပင် အဆိုပါလုပ်ငန်းသည် တစ်နိုင်ငံလုံးအတိုင်းအတာနှင့် ဆောင်ရွက်ရမည်ဖြစ်သဖြင့် ထိရောက်အောင်မြင်စွာ လုပ်ဆောင်နိုင်ရန်အတွက် နေပြည်တော်၊ တိုင်းဒေသကြီး/

**စာမျက်နှာ ၇ သို့** ■

# ဇမ္ဗူသီရိမြို့နယ်နှင့် ဒက္ခိဏသီရိမြို့နယ်ရှိ ဘုန်းတော်ကြီးကျောင်းများနှင့် သီလရှင်ကျောင်းများသို့ ဆွမ်းဆန်တော်များ လှူဒါန်း

**နေပြည်တော်  မေ ၂၆**

နေပြည်တော် ဇမ္ဗူသီရိမြို့နယ်နှင့် ဒက္ခိဏသီရိမြို့နယ်အတွင်းရှိ ဘုန်းတော်ကြီးကျောင်းများနှင့် သီလရှင်ကျောင်းများသို့ ဆွမ်းဆန်တော်လှူဒါန်းပွဲကို ယနေ့နံနက် ၉ နာရီတွင် ဇမ္ဗူသီရိမြို့နယ် မဟာဝိဇိတာရုံ ပရိယတ္တိစာသင်တိုက် ဓမ္မဝိဇိတဗိမာန်တော်ကြီး၌ ကျင်းပသည်။

လှူဒါန်းပွဲသို့ နေပြည်တော် ဒက္ခိဏသီရိမြို့နယ် သံဃနာယကအဖွဲ့ဥက္ကဋ္ဌ ညောင်ကုန်းကျောင်းတိုက် ပဓာနနာယက ဘဒ္ဒန္တပဏ္ဍိတအမှူးပြုသော ဆရာတော် ငါးပါးကြွရောက်တော်မူကြပြီး သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး သူရဦးအောင်ကို၊ ဒုတိယဝန်ကြီး ဦးကြည်မင်း၊ သာသနာရေးဦးစီးဌာနညွှန်ကြားရေးမှူးချုပ်နှင့် တာဝန်ရှိပုဂ္ဂိုလ်များ တက်ရောက်ကြည်ညိုကြသည်။

ရှေးဦးစွာ နေပြည်တော် ဒက္ခိဏသီရိမြို့နယ် သံဃနာယကအဖွဲ့ဥက္ကဋ္ဌ ညောင်ကုန်းကျောင်းတိုက် ပဓာနနာယက ဘဒ္ဒန္တပဏ္ဍိတထံမှ ပြည်ထောင်စုဝန်ကြီးနှင့် ဌာနဆိုင်ရာအကြီးအကဲများက ငါးပါးသီလခံယူဆောက်တည်ကြပြီး ဆရာတော်၊ သံဃာတော်များ ရွတ်ပွားသရဇ္ဈာယ်တော်မူကြသည့် ရတနသုတ်၊ မေတ္တာသုတ်၊ ပုဗ္ဗဏှသုတ် ပရိတ်တရားတော်များကို နာယူကြည်ညိုကြသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီး သူရဦးအောင်ကိုက သာသနာရေးဆိုင်ရာများ လျှောက်ထားပြီး ဆရာတော်၊ သံဃာတော်များအား လှူဖွယ်ဝတ္ထုပစ္စည်းများနှင့် ဆွမ်းဆန်တော်များ ဆက်ကပ်လှူဒါန်းကြသည်။

ထို့နောက် ဇမ္ဗူသီရိမြို့နယ် သံဃနာယကအဖွဲ့ အကျိုးတော်ဆောင် ရှားတောကျောင်းတိုက် ပဓာနနာယက ဘဒ္ဒန္တဥတ္တရထံမှ ပြည်ထောင်စုဝန်ကြီးနှင့် တာဝန်ရှိပုဂ္ဂိုလ်များက အနုမောဒနာတရားနာကြားကာ လှူဒါန်းမှုအစုစုတို့အတွက် ရေစက်သွန်းလောင်း အမျှပေးဝေကြသည်။

အဆိုပါ ဆွမ်းဆန်တော်လှူဒါန်းပွဲအခမ်းအနားတွင် ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ တုံ့ပြန်နေစဉ်ကာလအတွင်း နေပြည်တော် ဇမ္ဗူသီရိမြို့နယ်အတွင်းရှိ ဘုန်းတော်ကြီးကျောင်း ၁၄ ကျောင်းတို့တွင် သီတင်းသုံးနေထိုင်တော်မူကြသော ရဟန်း၊ သာမဏေ ၃၁၇ ပါး၊ သီလရှင် တစ်ပါး စုစုပေါင်း ၃၁၈ ပါးတို့အတွက် ဆွမ်းဆန်တော် ၆၃ အိတ်နှင့် ဒက္ခိဏသီရိမြို့နယ်အတွင်းရှိ ဘုန်းတော်ကြီးကျောင်း ၄၀ နှင့် သီလရှင်ကျောင်းတစ်ကျောင်းတို့တွင် သီတင်းသုံးနေထိုင်တော်မူကြသော ရဟန်း၊ သာမဏေ ၄၇၈ ပါး၊ သီလရှင် ၅၉ ပါး စုစုပေါင်း ၅၃၇ ပါးတို့အတွက် ဆွမ်းဆန်တော် ၁၁၁ အိတ်၊ စုစုပေါင်း ရဟန်း၊ သာမဏေ၊ သီလရှင် ၈၅၅ ပါးတို့အတွက် ဆွမ်းဆန်တော်အိတ် ၁၇၄ အိတ် လှူဒါန်းခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**





# ကိုဗစ်-၁၉ ရောဂါကာလအတွင်း ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ ပုဂ္ဂလိကမျက်မမြင်ကျောင်းများသို့ ထောက်ပံ့ကြေးပေးအပ်

**ရန်ကုန်  မေ ၂၆**

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနသည် ကိုဗစ်-၁၉ တုံ့ပြန်ဆောင်ရွက်ရာတွင် မသန်စွမ်းသူတစ်ဦးချင်းစီ၏ လိုအပ်ချက်တို့ကို ထည့်သွင်းစဉ်းစား ဆောင်ရွက်နိုင်ရေးစီမံချက်ကို ရေးဆွဲဆောင်ရွက်လျက်ရှိပြီး ၎င်းစီမံချက်အရ ကိုဗစ်-၁၉ အသိပညာပေးခြင်း၊ ကိုဗစ်-၁၉ ကာကွယ်ရေးပစ္စည်းများ ထောက်ပံ့ခြင်း၊ ငွေကြေးထောက်ပံ့ခြင်းတို့ကို ဆောင်ရွက်လျက်ရှိရာ ပုဂ္ဂလိကမျက်မမြင်ကျောင်း ၁၃ ကျောင်းရှိ အမြင်အာရုံမသန်စွမ်းသူ ၆၅၈ ဦးအတွက် ကိုဗစ်-၁၉ ကာလအတွင်း အခြေခံစားသောက်ကုန်များနှင့် တစ်ကိုယ်ရေသုံး ကာကွယ်ပစ္စည်းများ ဝယ်ယူနိုင်ရန် တစ်ဦးလျှင် ငွေကျပ် ၃၀၀၀၀ နှုန်းဖြင့် ထောက်ပံ့ပေးလျက်ရှိသည်။

ယနေ့တွင် ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ မြန်မာနိုင်ငံခရစ်ယာန်မျက်မမြင်များ မိတ်သဟာရအသင်း၊ အေးမေတ္တာမသန်စွမ်းရိပ်မြုံ၊ ထန်းတပင်မသန်စွမ်းမျက်မမြင်ကလေးများရိပ်မြုံ၊ စုပေါင်းအားမာန်မျက်မမြင်အလုပ်သမားများအဖွဲ့တို့မှ အမြင်အာရုံမသန်စွမ်းသူ ၂၅၀ အတွက် ငွေကျပ် ၇၅၀၀၀၀၀ ကို လည်းကောင်း၊ ယမန်နေ့က ကချင်ပြည်နယ် မြစ်ကြီးနားမြို့ရှိ မျက်မမြင်ကျောင်းအတွက် တစ်ဦးလျှင် ငွေကျပ် ၃၀၀၀၀ နှုန်းဖြင့် အယောက် ၅၀ အတွက် ငွေကျပ် ၁၅၀၀၀၀၀ ကို လည်းကောင်း ထောက်ပံ့ပေးခဲ့သည်။

ပြန်လည်ထူထောင်ရေးဦးစီးဌာနအနေဖြင့် စစ်ကိုင်းတိုင်းဒေသကြီးရှိ မျက်မမြင်ကျောင်း နှစ်ကျောင်း၊ မကွေးတိုင်းဒေသကြီးရှိ မျက်မမြင်ကျောင်း တစ်ကျောင်း၊ မန္တလေးတိုင်းဒေသကြီးရှိ မျက်မမြင်ကျောင်း လေးကျောင်း၊ ရှမ်းပြည်နယ်(တောင်ပိုင်း)ရှိ မျက်မမြင်ကျောင်း တစ်ကျောင်းတို့မှ အမြင်အာရုံမသန်စွမ်းသူများအား ဆက်လက်ထောက်ပံ့သွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

■ စာမျက်နှာ ၆ မှ

ပြည်နယ်ဦးဆောင်ကြီးကြပ်မှုအဖွဲ့၊ နေပြည်တော်၊ တိုင်းဒေသကြီး/ပြည်နယ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ တိုင်း၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ ဒေသ၊ ခရိုင်၊ မြို့နယ်၊ ရပ်ကွက်၊ ကျေးရွာအုပ်စုအထိ လုပ်ငန်းအဖွဲ့ အဆင့်ဆင့်ကိုလည်း ဖွဲ့စည်းတာဝန်ပေးအပ်ခဲ့ကြောင်း တွေ့ရှိရပါသည်။

**ဩစတြီးယား၏ အတိုးမဲ့ချေးငွေဖြင့် ဆောင်ရွက်မည့် အီလက်ထရောနစ်စနစ်ဖြင့် လူဦးရေမှတ်ပုံတင်ခြင်းလုပ်ငန်း**

၂၀၁၉ ခုနှစ် ဧပြီလ နောက်ဆုံးပတ်အတွင်း တရုတ်နိုင်ငံတွင် ကျင်းပပြုလုပ်ခဲ့သည့် BRI Forum တွင် နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်နှင့် ဩစတြီးယားနိုင်ငံဝန်ကြီးချုပ်တို့ ဆွေးနွေးပွဲမှ e- ID စနစ်ကို အစိုးရချင်း ပူးပေါင်းဆောင်ရွက်ရေး ညှိနှိုင်းခဲ့ကြပြီး ဩစတြီးယားနိုင်ငံ OeSD မှ e- ID စနစ် တည်ဆောက်ရန်အတွက် ယူရို ၃၃ သန်း အတိုးမဲ့ချေးငွေ ပေးအပ်သွားမှာဖြစ်ပြီး လုပ်ငန်းကို အဆင့် (၃) ဆင့်ဖြင့် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရပါသည်။ အဆင့် (၁) သည် ၁၀ လကြာမည်ဖြစ်ပြီး အသေးစိတ်အစီအစဉ် ရေးဆွဲခြင်း၊ ပင်မအခြေခံစနစ်တည်ဆောက်ခြင်း၊ Database နှင့် ကွန်ရက်တည်ဆောက်ခြင်း၊ Hard Ware မှာယူခြင်းနှင့် တင်သွင်းခြင်း၊ စမ်းသပ်ဆောင်ရွက်ခြင်း၊ စက်ပစ္စည်းများတပ်ဆင်ခြင်းနှင့် ဖြန့်ဝေခြင်း၊ သင်တန်းများပေးခြင်း၊ အချက်အလက်များကောက်ယူခြင်း၊ ဗဟိုရုံးရှိ Database သို့ အချက်အလက်များ ပေးပို့ခြင်း၊ UID နံပါတ်တစ်ခုစီ သတ်မှတ်ပေး၍ မှတ်ပုံတင်သိမ်းဆည်းခြင်း၊ ထပ်တူဖြစ်ခြင်းမှ ကာကွယ်မည့် Deduplication ကို အသုံးပြုခြင်းတို့ ပါဝင်မည်ဖြစ်ပါသည်။ အဆင့် (၂) တွင် ၇ လကြာမြင့်မည်ဖြစ်ပြီး စာရင်းကောက်ခြင်း၊ မှတ်ပုံတင်ခြင်းစနစ် အဆင့်မြှင့်တင်ခြင်း၊ ဗဟိုမှတ်ပုံတင်စနစ် အဆင့်မြှင့်တင်ခြင်းတို့ကို လုပ်ဆောင်မည်ဖြစ်ပါသည်။ အဆင့် (၃)၌ စာရင်းကောက်ခြင်း၊ မှတ်ပုံတင်ခြင်းနှင့် လိုအပ်သည့်အဆင့်မြှင့်တင်ခြင်းလုပ်ငန်းများကို လုပ်ဆောင်သွားမည်ဖြစ်ပါသည်။

**လူဦးရေမှတ်ပုံတင်ခြင်း၏ အကျိုးကျေးဇူးများ**

Unique ID ကိုအသုံးပြုမည့် အီလက်ထရောနစ်စနစ်ဖြင့် လူဦးရေမှတ်ပုံတင်စနစ်သည် နိုင်ငံသားများနှင့် စီမံအုပ်ချုပ်သည့် အစိုးရ၏စွမ်းဆောင်ရည်ကို အလွန်တိုးမြှင့်စွာ အသုံးပြုလာနိုင်မှာ ဖြစ်ပါသည်။ ထို့ပြင် မြန်မာနိုင်ငံ၏ လျင်မြန်သော ပြုပြင်ပြောင်းလဲရေးလုပ်ငန်းစဉ်အတွက် ခိုင်မာသည့် Digital စီးပွားရေးအသွင်သို့ ပြောင်းလဲနိုင်ရန်လိုအပ်သော အခြေခံအုတ်မြစ်တစ်ခုလည်း ဖြစ်ပါသည်။ ဤစနစ်ကြောင့် ဝေးလံခေါင်ဖျားသောဒေသများမှ နေထိုင်သူများနှင့် ဆက်သွယ်ရသော ကုန်ကျစရိတ်ကို လျှော့ချပေးနိုင်ပါသည်။ အစိုးရအတွက်ပိုမိုသက်သာခြင်း၊ မြန်ဆန်ခြင်း၊ ပိုမိုထိရောက်ခြင်းနှင့် နေထိုင်သူအားလုံးကို ထိထိရောက်ရောက် ဆက်သွယ်နိုင်မည်ဖြစ်ပါသည်။ ဥပမာအားဖြင့် ကျန်းမာရေးစောင့်ရှောက်မှု၊ ပညာရေး၊ မဲပေးခြင်းနှင့် ငွေကြေးဝန်ဆောင်မှုများကို အကျိုးရှိစွာဖြင့် လွယ်ကူစွာ ဆောင်ရွက်နိုင်မည်ဖြစ်ပါသည်။

ထို့ပြင် အကျင့်ပျက်ခြစားမှုများနှင့် ဘေးသို့ယိုထွက်ခြင်းတို့ကိုလည်း လျှော့ကျပေးနိုင်မည်ဖြစ်ပါသည်။ Digital နည်းပညာဖြင့် မည်သူမည်ဝါဟုတ်မှန်ကြောင်း စစ်ဆေးနိုင်ခြင်း၏ အကျိုးကျေးဇူးကြောင့် ဤစနစ်သည် အစိုးရဌာနများမှ ထောက်ပံ့ငွေ၊ ဝန်ဆောင်မှုများအား ရည်ရွယ်သူများထံသို့သာ ပေးဆောင်နိုင်ခြင်းတို့ကို စနစ်တကျဆောင်ရွက်နိုင်ပါသည်။ ၎င်းစနစ်သည် ကြားခံလူ ပါဝင်ဆောင်ရွက်ရခြင်းကို လျှော့ချပေးပြီး မမြင်ရသောအကျိုးတရားများကိုလည်းရရှိအောင် အကူအညီပေးမည်ဖြစ်ပါသည်။ ဥပမာ အိန္ဒိယအစိုးရသည် ဤစနစ်ကို အသုံးပြုခြင်းဖြင့် ဘေးသို့ယိုထွက်မည့်စရိတ် တစ်နှစ်လျှင် ဒေါ်လာ ၁၁ ဘီလီယံ သက်သာမည်ဟု ခန့်မှန်းထားပါသည်။ ဤစနစ်သည် နိုင်ငံသားများကို ခေတ်မီ Digital စီးပွားရေးဝန်ဆောင်မှုများတွင် လိုအပ်သော မည်သူမည်ဝါ မှန်ကန်ကြောင်းကို Online နှင့်ပြင်ပ နှစ်မျိုးစလုံးဖြင့် စစ်ဆေးနိုင်ပါသည်။ ၎င်းသည် လုပ်ငန်းကုန်ကျစရိတ် နည်းပါးစေနိုင်သဖြင့် ကုန်သွယ်မှုနှင့် စွန့်ဦးတီထွင် စီးပွားရေးလုပ်ငန်းများ တိုးပွားလာနိုင်ပါသည်။

ယခုလုပ်ငန်းကို အကောင်အထည်ဖော် ဆောင်ရွက်ခြင်းဖြင့် အစိုးရအဖွဲ့အစည်းများ၏ တာဝန်ယူမှု၊ တာဝန်ခံမှုကို မြှင့်တင်နိုင်ခြင်း၊ ပြည်သူ့ဝန်ထမ်းကဏ္ဍကို ပြုပြင်ပြောင်းလဲနိုင်ခြင်း၊ နိုင်ငံသားစိစစ်ခြင်းလုပ်ငန်းနှင့် လူဦးရေသန်းခေါင်စာရင်းကောက်ယူခြင်းအတွက် များစွာအထောက်အကူပြုခြင်း၊ နေရာအတည်တကျမရှိသည့် ရွှေ့ပြောင်းသွားလာသူများအတွက် လူမှုရေးအခက်အခဲများကို ဖြေရှင်းပေးနိုင်ခြင်း၊ နိုင်ငံသားဖြစ်ခြင်း၊ မဖြစ်ခြင်းနှင့် သက်ဆိုင်မှုမရှိသည့်အတွက် အငြင်းပွားဖွယ်ရာကိစ္စများကို လျှော့ချနိုင်ခြင်း စသည့်အကျိုးကျေးဇူးများ ရရှိလာမည်ဖြစ်ပါသည်။

**ပြည်သူကိုဗဟိုပြုသည့်စနစ်**

လူဦးရေမှတ်ပုံတင်စနစ် e- ID လုပ်ငန်းသည် e- Government စနစ် အောင်မြင်ရန် အခြေခံကျသည့် လုပ်ငန်းဖြစ်သည့်အတွက် နိုင်ငံတော်အတွက် အလွန်အရေးကြီးသည့်လုပ်ငန်းဖြစ်ပါသည်။ ဒီစနစ်ကို အောင်မြင်အောင် အကောင်အထည်ဖော်ဆောင်နိုင်မှသာ ပြည်သူကို မှန်ကန်မြန်ဆန်ထိရောက်စွာနှင့် ဝန်ဆောင်မှုပေးနိုင်မည်ဖြစ်သကဲ့သို့ အဂတိလိုက်စားမှုလည်း လျှော့နည်းသွားအောင် ဆောင်ရွက်နိုင်မည်ဖြစ်ပါသည်။ အဆိုပါ လုပ်ငန်းအောင်မြင်စွာ အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရေးအတွက် ဖွဲ့စည်းထားသည့်ကော်မတီဝင်များသာမက အစိုးရအဖွဲ့အစည်းအားလုံး၊ တိုင်းဒေသကြီးနှင့် ပြည်နယ်အစိုးရအဖွဲ့အားလုံး၊ လွှတ်တော်ကိုယ်စားလှယ်များအားလုံး၊ လူမှုအဖွဲ့အစည်းအားလုံး၊ ပြည်သူအားလုံး၏ တက်ညီလက်ညီ ပူးပေါင်းပါဝင်လုပ်ဆောင်မှုသည် အထူးလိုအပ်ပါသည်။

ထို့ပြင် နိုင်ငံတစ်ဝန်းနေထိုင်ကြသည့် ပြည်သူအားလုံး အသိတရားနှင့် ပူးပေါင်းပါဝင်လာရေး လုပ်ဆောင်သည့် လုပ်ငန်း၏ ရည်ရွယ်ချက်နှင့် အကျိုးကျေးဇူးများကို သိရှိရေးအတွက် အသိပညာပေးမှုများ၊ သတင်းထုတ်ပြန်အသိပေးမှုများကို မီဒီယာများဖြင့် ကျယ်ကျယ်ပြန့်ပြန့် ထိထိရောက်ရောက် ဆောင်ရွက်သွားရမည်ဖြစ်ပါသည်။ ယခုဆောင်ရွက်မည့် အီလက်ထရောနစ်စနစ်ဖြင့် လူဦးရေမှတ်ပုံတင်ခြင်းလုပ်ငန်းသည် နိုင်ငံတော်အတွက် မှတ်တမ်းတင်နိုင်မည့် လုပ်ငန်းတစ်ခုဖြစ်ပြီး အခြေအနေ အချိန်အခါနှင့် လိုက်လျောညီထွေ အလွန်လုပ်သင့်သည့် လုပ်ငန်းတစ်ခုလည်းဖြစ်ပါသည်။ ထိုလုပ်ငန်း အောင်မြင်ရေးအတွက် ပြည်သူကိုဗဟိုပြုသည့်စနစ်ဖြင့် ဆောင်ရွက်ရမည်ဖြစ်ပြီး ပြည်သူတစ်ဦးတစ်ယောက်ကိုမျှ ချန်လှပ်မထားရမည့် လုပ်ငန်းဖြစ်လေရာ လုပ်ငန်းများ ချောမောအောင်မြင်ရေးအတွက် ပြည်သူအားလုံးက ကျရာအခန်းကဏ္ဍမှ တက်ကြွစွာ ပါဝင်လုပ်ဆောင်သင့်ပါကြောင်း တိုက်တွန်းနှိုးဆော်အပ်ပါသည်။ ထို့အပြင် အဆိုပါ အီလက်ထရောနစ်စနစ်ဖြင့် လူဦးရေမှတ်ပုံတင်သည့်လုပ်ငန်းသည် ခေတ်ကာလအချိန်အခါနှင့်အညီ နိုင်ငံတော်အတွက် အမှန်တကယ်လိုအပ်နေသည့် ဦးစားပေးလုပ်ငန်းဖြစ်ပေရာ နိုင်ငံတော်အစိုးရက စတင်ဆောင်ရွက်တော့မည့် အဆိုပါလုပ်ငန်းအား လှိုက်လှဲစွာကြိုဆိုပါကြောင်း ရေးသားလိုက်ပါသည်။

**ရည်ညွှန်းကိုးကား။**
- **World Bank – Identity Management System Analysis, Country Report of Myanmar**
- **ပြည်ထောင်စုလွှတ်တော်တွင် ဆွေးနွေးတင်ပြချက်များ**
- **သတင်းစာဆောင်းပါးများ**

ရန်ကုန်တက္ကသိုလ် ရာပြည့်အထိမ်းအမှတ် ဂုဏ်ပြုဆောင်းပါး

# တက္ကသီလာ မြကျွန်းသာမှာ ပညာရည်နို့ သောက်စို့ခဲ့ပါသည် (အပိုင်း-၁)

စန်းနီလာဝင်း

## ကံ့ကော်တန်းကို လွမ်းပါသည်

မြရွက်ဝေဝေ
ပင်ခြေယှက်ထိုး၊ ခက်ချင်းမိုးသား
သာနိုးကံ့ကော်၊ မိုးမျှော်လန်းဆန်း
စိန်ပန်းတမာ၊ ခက်ချင်းဖြာယှက်
တက္ကသီလာ၊ မြကျွန်းသာ၌
ဝိဇ္ဇာသိပ္ပံ၊ ဘုံဗိမာန်နှယ်
အောင်မြေမှန်ရာ၊ ပြည်မြန်မာဝယ်
ပညာပန်းများ၊ လန်းဆန်းရာတည်း။

အင်းလျားကန်ပေါင်ရိုးဆီမှ တိုးတိုးတိတ်တိတ် လှုပ်ခတ်လာသော လေနုအေးသည် ကံ့ကော်မြိုင်တန်းကို ကျော်လွှား၍ အဓိပတိလမ်းမကြီးကို ရောက်လာပြီဆိုသည်နှင့် ဝဲဘက်ရှိ ဝိဇ္ဇာခန်းမကြီးနှင့် ယာဘက်ရှိ သိပ္ပံခန်းမကြီးတို့ကို ကသုတ်ကရက် နှုတ်ဆက်ထွေးပိုက်လိုက်ဟန်တူသည်။ ငွါးငွါးစွင့်စွင့် မားမားမြင့်မြင့်



၁၉၂၁ ခုနှစ် ရန်ကုန်တက္ကသိုလ် ပထမဦးဆုံးအကြိမ် ဘွဲ့နှင်းသဘင်အခမ်းအနား၌ ဂုဏ်ထူးဆောင် စာပေပါရဂူဘွဲ့ဆက်ကပ်ခံခဲ့ရသော ကျေးဇူးတော်ရှင် လယ်တီဆရာတော်ကြီး။

ရပ်တည်နေသော သက်တော်ရှည် သစ်ပုပ်ပင်ကြီးသည် အဆင့်မြင့်ဝိဇ္ဇာသိပ္ပံပညာရပ်တို့၏ ဘူမိနက်သန် အောင်မြေမှန်ရာဖြစ်သော ဘွဲ့နှင်းသဘင်အဆောက်အအုံကြီးကို ဂါရဝဖြင့် ဦးခိုက်နေပုံရသည်။

"နတ္ထိ သံမံ ဝိဇ္ဇာ မိတ္တံ" (There's no Friend Like Wisdom) "ပညာနှင့်တူသော မိတ်ဆွေဟူ၍ မရှိ"ဟူသော ဆောင်ပုဒ်သည် အဆင့်မြင့်ပညာရပ်များ သင်ကြားလေ့ကျင့်ပေးရာ အမိရန်ကုန်တက္ကသိုလ်ကြီး၏ ဘဝ အလင်းရောင်ပေးလျက်ရှိသော ခံယူချက်ဆိုင်ရာ ဆောင်ပုဒ်တစ်ခုပင် ဖြစ်ပါသည်။

အဆင့်မြင့် ဝိဇ္ဇာ သိပ္ပံပညာရပ်များ၏ ပညာတံခွန်စိုက်ထူရာ အမိရန်ကုန်တက္ကသိုလ်ရှိ ကံ့ကော်တောကား လွမ်းမောဖွယ်ရာရှိနေသလို ပညာထူးချွန် လူရည်မွန်တို့အဖို့ ပညာဘဏ္ဍာတိုက်ကြီးသဖွယ်ရှိနေသည်။

သူလည်းလေလောကီသားပေမို့ ပုထုဇဉ်ပီပီ ကံ့ကော်တောမှပြောသော ချစ်ပုံပြင်များ၊ အင်းလျားကန်ပေါင်ရိုးဆီက သမုဒယလှိုင်းသံများသည် အသက်နှစ်ဆယ် ပတ်ဝန်းကျင်အရွယ် လူငယ်မောင်မယ်အချို့၏




ရန်ကုန်တက္ကသိုလ် နှစ်တစ်ရာပြည့်အတွက် ဘွဲ့နှင်းသဘင်ခန်းမနှင့် ဆရာဇော်ဂျီ၏ ၁၉၂၅ ခုနှစ် စက်တင်ဘာလထုတ် ယူနီဗာစီတီ ကောလိပ်မဂ္ဂဇင်း၌ ဖော်ပြပါရှိခဲ့သည့် ရန်ကုန်တက္ကသိုလ်ကဗျာကို ပြန်လည်ဂုဏ်ပြု ဖော်ပြထားစဉ်။

ဘဝတစ်စိတ်တစ်ပိုင်းကို လွှမ်းမိုးသည်လည်း ရှိပါသည်။ ပညာမစုံခင် ကြင်ရာမစုံစေနှင့်ဟူသော မိဘဆရာ၊ လူကြီးသူမများ၏ ဩဝါဒကို မြေဝယ်မကျလိုက်နာကြသည့် ကျောင်းသား ကျောင်းသူတို့မှာလည်း ရမက်ဖုံးသည့် အသည်းနှလုံးကို ဆုံးမထားကာ ဇေစာရီ တစ်ကိုယ်တော်ဝါဒီအဖြစ် ပညာသည်သာ ဘဝ၊ ဘဝသည်သာ ပညာဟူသော ခံယူချက်ဖြင့် ထူးချွန်ထက်မြက်သော ပညာရှင် (Excellent Scholar) ဖြစ်အောင် ကြိုးပမ်းကြပါသည်။ သူတို့သည် တက္ကသိုလ်များ ဗဟိုစာတိုက်ကြီးကို မှီငြမ်းကိုးကား အားထားရာ စာပေဘဏ္ဍာတိုက်ကြီးအဖြစ် အသုံးပြုကြသလို သင်္ချာဆန်သည့် ဘဝချည်းအဖြစ်မခံလိုဘဲ ကဗျာဆန်သော ဘဝအဖြစ် တေးဂီတအနုပညာကို အပန်းဖြေ ရိပ်သာရှိ အနုပညာခန်းမတွင် သီဆိုတီးမှုတ်ကာ သရုပ်မှန်ရသအနုပညာကို လေ့လာလိုက်စားကြသူများလည်း ရှိပါသည်။ ကိုယ်လက်လှုပ်ရှား အားကစားလိုက်စားကြသည့် မောင်မယ်များသည်လည်း တက္ကသိုလ်အားကစားရုံ၊ ရေကူးကန်၊ ဘောလုံးကွင်း၊ တင်းနစ်ကွင်းတို့တွင် ညီညာဖြဖြ လေ့ကျင့်ကြသူများလည်း ရှိပါသည်။ ကျောင်းပြီးလျှင် အမျိုးသားကာကွယ်ရေးတာဝန်ကို အဓိကထမ်းဆောင်လိုကြသည့် ကျောင်းသားများက တက္ကသိုလ်လေ့ကျင့်ရေးတပ်သို့ဝင်ကာ စစ်ပညာကို သင်ယူလေ့ကျင့်ကြပါသည်။ စာမှစာ၊ ဂီတမှဂီတဟူသော တစ်ဖက်သတ်ခံယူမှုဖြင့် ကိုယ်လက်လှုပ်ရှားအားကစားနှင့် ကင်းဝေးကြသည့် မောင်မယ်များမှာ ကိုယ်ခံအားနည်းပြီး တက္ကသိုလ်ဆေးရုံသို့ ဂိလာနလူနာအဖြစ် မကြာခဏ သွားပြနေရသည်ကိုလည်း တွေ့ခဲ့ရကြုံခဲ့ရပါသည်။

### ရန်ကုန်တက္ကသိုလ်၏ ရေခံ မြေခံ

အမိရန်ကုန်တက္ကသိုလ်ကြီး၏ မူလဘူတဇာတိဘဝမှာ အင်္ဂလိပ်နယ်ချဲ့အစိုးရ၏ ကိုလိုနီအုပ်ချုပ်ရေးဘဝတွင် ၁၈၇၈ ခုနှစ်၌ ရန်ကုန်ကောလိပ် (Rangoon College) အဖြစ်ဖြင့် စတင်မွေးဖွားလာခဲ့ရသည့် ၁၉၀၆ ခုနှစ်တွင် အစိုးရကောလိပ် (Government College) ဟု ပြောင်းလဲခေါ်ဝေါ်ခဲ့သည်။ ထိုစဉ်က အိန္ဒိယနိုင်ငံရှိ ကာလကတ္တားတက္ကသိုလ် (University of Calcutta)၏ လက်အောက်ခံဖြစ်ခဲ့ပြီး ၁၉၂၀ ပြည့်နှစ်သို့ ရောက်သောအခါ ရန်ကုန်ယူနီဗာစီတီကောလိပ် (Rangoon University College) နှင့် ဂျပ်ဆင်ကောလိပ် (Judson College) တို့ပူးပေါင်း၍ ရန်ကုန်တက္ကသိုလ် (Rangoon University )ဟု ခေါ်ဝေါ်သတ်မှတ်ခဲ့ပါသည်။

ထိုစဉ်က အင်္ဂလိပ်နယ်ချဲ့အစိုးရကျင့်သုံးခဲ့သော ရန်ကုန်တက္ကသိုလ်ပညာရေးစနစ်မှာ ကိုလိုနီအုပ်ချုပ်ရေးယန္တရားအတွက် မရှိမဖြစ်လိုအပ်သည့် အလိုတော်ရိဝန်ထမ်းများကို မွေးထုတ်ရန်သာ ဖြစ်သည်။ ထို့ကြောင့် ရန်ကုန်တက္ကသိုလ် သုတေသနအသင်းဥက္ကဋ္ဌနှင့် သုတေသီ ဂျေအက်စ်ဖာနေဗယ်လ် (J.S Furnival) ရေးသားပြုစုခဲ့သည့် ကိုလိုနီဝါဒနှင့် လက်တွေ့ကျင့်သုံးမှု (Colonial Policy and Practice) အမည်ရှိစာအုပ်တွင် "ဗြိတိသျှအစိုးရသည် မြန်မာနိုင်ငံ၌ ပညာရေးစနစ်ကို ကျင့်သုံးရာတွင် စာရေးစာချီများ၊ ရှေ့နေရှေ့ရပ်များဖြစ်ရန်ကိုသာ ရည်ရွယ်ခဲ့ပြီး အင်ဂျင်နီယာများ၊ ဆရာဝန်များ၊ သဘာဝသိပ္ပံပညာရှင်များ၊ စီးပွားရေးပညာရှင်များ ပေါ်ထွက်လာအောင် ရည်ရွယ်ချက် အလျှင်းမရှိခဲ့ပါ" ဟု ဝေဖန်သုံးသပ်ထောက်ပြခဲ့သည်ကို ကြည့်ခြင်းအားဖြင့် အင်္ဂလိပ်နယ်ချဲ့အစိုးရ၏ မှုမမှန်သော ပညာရေးစနစ်ကို ထင်လင်းစွာ တွေ့မြင်ကြရမည်ဖြစ်ပါသည်။

၁၉၂၀ ပြည့်နှစ်မှာပင် တက္ကသိုလ်ကျောင်းသားမျိုးချစ်ခေါင်းဆောင်များက ကိုလိုနီပညာရေးစနစ်ကို ပယ်ဖျက်ပေးရန် အမျိုးသားရေးစိတ်ဓာတ် အပြည့်အဝဖြင့် ပထမအကြိမ် ရန်ကုန်တက္ကသိုလ်သပိတ်ကြီးကို ဆင်နွှဲခဲ့ရာ သူ့ကျွန်ဘဝမှ လွတ်မြောက်ရေးအတွက် မြန်မာ့လွတ်လပ်ရေးကြိုးပမ်းမှု မုခ်တံခါးကို စတင်ဖွင့်လှစ်ပေးနိုင်ခဲ့ပါသည်။

၁၉၂၁ ခုနှစ်တွင် ရန်ကုန်တက္ကသိုလ်၏ ပထမဦးဆုံးအကြိမ် ဘွဲ့နှင်းသဘင်ကျင်းပခဲ့ရာ ထိုစဉ်က ကျေးဇူးရှင် လယ်တီဆရာတော်ကြီးအား "ဂုဏ်ထူးဆောင် ပါရဂူဘွဲ့" ဆက်ကပ်ရန်စီစဉ်ခဲ့သော်လည်း ဆရာတော်ကြီးမှာ မျက်စိကွယ်နေရှာသဖြင့် ကိုယ်တော်တိုင် တက်ရောက်မယူနိုင်ခဲ့ကြောင်း သိရပါသည်။

စာမျက်နှာ ၉ သို့ ●

"ကိုလိုနီခေတ် ၁၉၂၀ ပြည့်နှစ်တွင် ရန်ကုန်တက္ကသိုလ်အက်ဥပဒေကို ဆန့်ကျင်တိုက်ဖျက်ခဲ့သော ပထမအကြိမ် ရန်ကုန်တက္ကသိုလ် ကျောင်းသားသပိတ်ကြီးနှင့်စပ်လျဉ်း၍ ရန်ကုန်တက္ကသိုလ် ပါမောက္ခချုပ်တစ်ဦးအဖြစ် တာဝန်ထမ်းဆောင်ခဲ့သူ ဆရာကြီး ဒေါက်တာထင်အောင်က သူရေးသားပြုစုခဲ့သော နာမည်ကျော် သမိုင်းစာအုပ်ကြီးတစ်အုပ်ဖြစ်သည့် (A History of Burma) စာအုပ်တွင် "ကိုလိုနီပညာရေးစနစ်ကို အသက်သွင်းထားခဲ့သော အင်္ဂလိပ်နယ်ချဲ့အစိုးရ၏ ရန်ကုန်တက္ကသိုလ်အက်ဥပဒေ (Rangoon University Act) ကို ဆန့်ကျင်သပိတ်မှောက်ခဲ့ကြသော ရန်ကုန်တက္ကသိုလ် မျိုးချစ်ခေါင်းဆောင်များ၏ ပထမအကြိမ် ရန်ကုန်တက္ကသိုလ်သပိတ်ကြီးကြောင့် အမျိုးသားပညာရေးစနစ် (National Education) ရုပ်လုံးပေါ်လာပြီး မြန်မာပြည်အနှံ့ ကိုယ့်အားကိုယ်ကိုး အမျိုးသားကျောင်းများ (National Schools )ပေါ်ပေါက်လာခဲ့ရသည်။ ၁၉၄၈ ခုနှစ်တွင် အင်္ဂလိပ်နယ်ချဲ့အစိုးရလက်ထဲမှ အချုပ်အခြာအာဏာတစ်ရပ်လုံးကို ပြန်လည်ရယူနိုင်သည့် မြန်မာ့လွတ်လပ်ရေးအတွက်ပါ လမ်းပြရှေ့ဆောင်မှာ ပထမအကြိမ် ရန်ကုန်တက္ကသိုလ်သပိတ်ကြီး (၁၉၂၀)နှင့်အတူ ဝံသာနုအမျိုးသားလှုပ်ရှားမှုကြီးကြောင့် ဖြစ်သည်"ဟု ဖော်ပြထားသည်ကို လေ့လာတွေ့ရှိရ"

● စာမျက်နှာ ၈ မှ

၁၉၂၅ ခုနှစ်တွင် ရန်ကုန်တက္ကသိုလ်၏လက်အောက်ခံအဖြစ် မန္တလေးကောလိပ် (Mandalay College) စတင်ပေါ်ပေါက်လာခဲ့ပြီး ၁၉၃၀ ပြည့်နှစ်၌ ရန်ကုန်မြို့တွင် ဆရာအတတ်သင်ကောလိပ် (TTC =Teachers Training College) နှင့် ဆေးပညာကောလိပ် (MC= Medical College) တို့ စတင်ပေါ်ပေါက်လာခဲ့သည်။ ၁၉၃၈ ခုနှစ်၌ မန္တလေးမြို့တွင် စိုက်ပျိုးရေးကောလိပ် (Agriculture College) စတင်ပေါ်ပေါက်ခဲ့သည်ဟု သိရသည်။

ကိုလိုနီခေတ် ၁၉၂၀ ပြည့်နှစ်တွင် ရန်ကုန်တက္ကသိုလ်အက်ဥပဒေကို ဆန့်ကျင်တိုက်ဖျက်ခဲ့သော ပထမအကြိမ် ရန်ကုန်တက္ကသိုလ် ကျောင်းသားသပိတ်ကြီးနှင့်စပ်လျဉ်း၍ ရန်ကုန်တက္ကသိုလ် ပါမောက္ခချုပ်တစ်ဦးအဖြစ် တာဝန်ထမ်းဆောင်ခဲ့သူ ဆရာကြီးဒေါက်တာထင်အောင်က သူရေးသားပြုစုခဲ့သော နာမည်ကျော် သမိုင်းစာအုပ်ကြီးတစ်အုပ် ဖြစ်သည့် ( A History of Burma) စာအုပ်တွင် “ကိုလိုနီပညာရေးစနစ်ကို အသက်သွင်းထားခဲ့သော အင်္ဂလိပ်နယ်ချဲ့အစိုးရ၏ ရန်ကုန်တက္ကသိုလ်အက်ဥပဒေ (Rangoon University Act) ကို ဆန့်ကျင်သပိတ်မှောက်ခဲ့ကြသော ရန်ကုန်တက္ကသိုလ် မျိုးချစ်ခေါင်းဆောင်များ၏ ပထမအကြိမ် ရန်ကုန်တက္ကသိုလ် သပိတ်ကြီးကြောင့် အမျိုးသားပညာရေးစနစ် (National Education) ရုပ်လုံးပေါ်လာပြီး မြန်မာပြည်အနှံ့ ကိုယ့်အားကိုယ်ကိုး အမျိုးသားကျောင်းများ (National Schools) ပေါ်ပေါက်လာခဲ့ရသည်။ ၁၉၄၈ ခုနှစ်တွင် အင်္ဂလိပ်နယ်ချဲ့အစိုးရလက်ထဲမှ အချုပ်အခြာအာဏာတစ်ရပ်လုံးကို ပြန်လည်ရယူနိုင်သည့် မြန်မာ့လွတ်လပ်ရေးအတွက်ပါ လမ်းပြရှေ့ဆောင်မှာ ပထမအကြိမ် ရန်ကုန်တက္ကသိုလ်သပိတ်ကြီး (၁၉၂၀) နှင့်အတူ ဝံသာနုအမျိုးသားလှုပ်ရှားမှုကြီးကြောင့် ဖြစ်သည်”ဟု ဖော်ပြထားသည်ကို လေ့လာတွေ့ရှိရပါသည်။

ဤနေရာတွင် ရန်ကုန်တက္ကသိုလ် ပါမောက္ခချုပ် ဆရာကြီးဒေါက်တာထင်အောင်၏ ဂုဏ်ယူအားကျစံထားဖွယ်ရာ ထူးချွန်မှုစွမ်းရည်အချို့ကို အကျဉ်းဥဒ္ဒေသအဖြစ် ဖော်ပြလိုပါသည်။ ဆရာကြီးသည် ၁၉၃၃ ခုနှစ်တွင် ထိုစဉ်က အသက် ၂၄ နှစ်အရွယ်မှာပင် “အင်္ဂလန်ဒဗ္ဗလင်တက္ကသိုလ်”မှ ပါရဂူဒေါက်တာဘွဲ့ရရှိခဲ့သည့်အပြင် အိုင်ယာလန်၊ အမေရိကန်၊ သီရိလင်္ကာနှင့် ဥရောပတက္ကသိုလ်များမှ ဂုဏ်ထူးဆောင်ပါရဂူဘွဲ့များစွာ ရရှိခဲ့သည့် ပါရမီရှင် မဟာပညာကျော်ပုဂ္ဂိုလ်ထူးတစ်ဦး ဖြစ်ပါသည်။

ဆရာကြီး၏ အစ်ကိုအကြီးဆုံးမှာ လွတ်လပ်ရေးမရမီ အမျိုးသားခေါင်းဆောင်ကြီး ဗိုလ်ချုပ်အောင်ဆန်း ဦးဆောင်ခဲ့သော အစိုးရအဖွဲ့တွင် အတွင်းဝန်အဖြစ် တာဝန်ထမ်းဆောင်ခဲ့သည့် အိုင်စီအက်စ် ဦးတင်ထွဋ် ဖြစ်ပါသည်။ အစ်ကိုငယ်မှာ လွတ်လပ်ရေးရပြီး ဖဆပလ အစိုးရအဖွဲ့တွင် တရားလွှတ်တော်ချုပ်တရားရေးဝန်ကြီးနှင့် တရားဝန်ကြီးချုပ်အဖြစ် တာဝန်ထမ်းဆောင်ခဲ့သူလည်းဖြစ်၊ အမေရိကန်သြဇာခံ ကူမင်တန်တရုတ်ဖြူများ မြန်မာနိုင်ငံထဲသို့ ကျူးကျော်ခဲ့စဉ်ကလည်း သံအမတ်ကြီးအဖြစ် ကုလသမဂ္ဂတွင် တိုင်ကြားတင်ပြခဲ့သူလည်းဖြစ်သည့် ဦးမြင့်သိန်းပင် ဖြစ်ပါသည်။



အသက် ၂၄ နှစ်အရွယ်နှင့်ပင် လန်ဒန်ဒဗ္ဗလင်တက္ကသိုလ်မှ ပါရဂူဘွဲ့ရရှိခဲ့သည့် ရန်ကုန်တက္ကသိုလ် ပါမောက္ခချုပ် ဒေါက်တာထင်အောင်

ဆရာကြီး ဒေါက်တာထင်အောင် ပါရဂူဘွဲ့အသီးသီး ရရှိပြီး မြန်မာနိုင်ငံသို့ ပြန်လည်ရောက်ရှိလာခဲ့သောအခါ အစ်ကိုဖြစ်သူများက ထိုစဉ်က ဝင်ငွေကောင်းလှသော ဝတ်လုံတော်ရရှေ့နေအဖြစ် လုပ်ကိုင်ရန် တိုက်တွန်းခဲ့သော်လည်း ဆရာကြီးသည် စေတနာ၊ ဝါသနာ၊ အနစ်နာတို့ကြောင့် ထိုစဉ်က ဝင်ငွေနည်းသော ရန်ကုန်တက္ကသိုလ် ကထိကရာထူးကိုသာ ရွေးချယ်တာဝန်ထမ်းဆောင်ခဲ့သည့် ပုဂ္ဂိုလ်ထူး ပုဂ္ဂိုလ်မြတ်ပညာရှင်တစ်ဦး ဖြစ်ခဲ့ပါသည်။

ထို့အပြင် ၁၉၅၆ ခုနှစ်၌ ထိုင်းနိုင်ငံ ဗန်ကောက်မြို့ရှိ အရှေ့တောင်အာရှတက္ကသိုလ်များအသင်းကြီးတွင် ဒုတိယဥက္ကဋ္ဌတာဝန် ယူခဲ့ရုံမျှမက အိန္ဒိယနိုင်ငံရှိ တက္ကသိုလ်များနှင့် နိုင်ငံတကာရှိ တက္ကသိုလ်များဘုတ်အဖွဲ့ကြီး၌ အမှုဆောင်လူကြီးတစ်ဦးအဖြစ် ပူးတွဲတာဝန်ယူခဲ့ကာ အမိရန်ကုန်တက္ကသိုလ်၏ ဂုဏ်ဒြပ်ကို အထူးမြင့်မားစေခဲ့ပါသဖြင့် ဂုဏ်ယူအားကျစံထားဖွယ် ဖြစ်ပါသည်။



ရန်ကုန်ကောလိပ်၌ ပထမဦးဆုံးကျောင်းအုပ်ကြီးနှင့် ပါမောက္ခတာဝန် စတင်တာဝန်ထမ်းဆောင်ခဲ့သူ ပါရဂူဘွဲ့ရ ဆရာကြီးဦးဖေမောင်တင်

အလားတူ အင်္ဂလိပ်နယ်ချဲ့အစိုးရလက်ထက်တွင် ရန်ကုန်ကောလိပ်၌ မြန်မာလူမျိုးထဲမှ ပထမဆုံးကောလိပ်ကျောင်းအုပ်ကြီးနှင့် ပါမောက္ခတာဝန်ထမ်းဆောင်ခဲ့သည့် ဂုဏ်ထူးဆောင်ပါရဂူဘွဲ့ရ ဆရာကြီးဦးဖေမောင်တင်ကိုလည်း ဂုဏ်ယူကြည်ညိုလေးစားစံထားရပါသည်။ ဆရာကြီးသည် လန်ဒန် အောက်စဖို့ဒ်တက္ကသိုလ်မှ စာပေပါရဂူဘွဲ့ရရှိခဲ့ပြီး မြန်မာစာပေသမိုင်း၊ မြန်မာသဒ္ဒါကျမ်းနှင့် တက္ကသိုလ်တွင် မြန်မာစာပေ တိုးမြှင့်သင်ကြားရေးကို ဦးဆောင်ကြိုးပမ်းခဲ့ပြီး “ခေတ်စမ်းစာပေ” ဟူသော “မြန်မာစာပေပုံစံသစ်”ကို စတင်ဖော်ထုတ်ခဲ့ပါသည်။ ဆရာကြီးသည် မြန်မာနိုင်ငံသုတေသနအသင်း ဥက္ကဋ္ဌနှင့် မြန်မာ့သမိုင်းကော်မရှင်ဥက္ကဋ္ဌအဖြစ် တာဝန်ထမ်းဆောင်ခဲ့ကာ ဗုဒ္ဓစာပေဖြစ်သော “အဋ္ဌသာလိနီကျမ်း”နှင့် “ဝိသုဒ္ဓိမဂ်ကျမ်း”တို့ကို အင်္ဂလိပ်ဘာသာသို့ ပြန်ဆိုခဲ့ပြီး မှန်နန်းရာဇဝင်ကျမ်း (ပုဂံခေတ်)ကဏ္ဍကိုလည်း သမိုင်းပါမောက္ခ ဂျီအိပ်ချ်လုစ် (GH Luce) နှင့်ပူးတွဲကာ အင်္ဂလိပ်ဘာသာသို့ ပြန်ဆိုပေးခဲ့ခြင်းကြောင့် ဆရာကြီး၏ ကြိုးပမ်းအားထုတ်မှုများမှာ အဆင့်မြင့်ပညာရေးလောက၌ အတိုင်းမသိ ကျေးဇူးတရား ကြီးမားလှပါသည်။ ။



၁၉၅၅ ခုနှစ် ရန်ကုန်မြို့ကမ္ဘာအေးကုန်းမြေ၌ ဆဋ္ဌသင်္ဂါယနာတင်ခဲ့စဉ်က တက်ရောက်ခဲ့သည့် ကမ္ဘောဒီးယားဘုရင် သီဟာနုအား ဂုဏ်ထူးဆောင် ဥပဒေပါရဂူဘွဲ့ကို ရန်ကုန်တက္ကသိုလ်မှ ချီးမြှင့်ဂုဏ်ပြုခဲ့သည်

# ကရင်ပြည်နယ်ဝန်ကြီးချုပ် ဒေါ်နန်းခင်ထွေးမြင့် မြဝတီမြို့၌ နေရပ်ပြန်များ ကြိုဆိုလက်ခံရေးနှင့် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများအား ကြည့်ရှုစစ်ဆေး

မြဝတီ မေ ၂၆

ကရင်ပြည်နယ်ဝန်ကြီးချုပ် ဒေါ်နန်းခင်ထွေးမြင့်သည် ပြည်နယ်ဝန်ကြီးများနှင့်အတူ ယနေ့မွန်းလွဲ ၁၂ နာရီခွဲတွင် မြဝတီမြို့သို့ရောက်ရှိပြီး ထိုင်းနိုင်ငံမှ ပြန်လည်ဝင်ရောက်လာသည့် နေရပ်ပြန်များ ကြိုဆိုလက်ခံရေးနှင့် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများအား ကြည့်ရှုစစ်ဆေးသည်။

**ကြည့်ရှုစစ်ဆေး**

ရှေးဦးစွာ ပြည်နယ်ဝန်ကြီးချုပ်နှင့်အဖွဲ့သည် မြဝတီမြို့ ရွှေမြဝတီ အသွားအလာကန့်သတ်စောင့်ကြည့်ရေးစခန်းသို့ သွားရောက်ပြီး နေရပ်ပြန်များအားကန့်သတ်စောင့်ကြည့်ထားရှိမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်သည် မြန်မာ-ထိုင်း အမှတ်(၂)ချစ်ကြည်ရေးတံတား BCF ဇုန်သို့ သွားရောက်ကာ ပြန်လည်ကြိုဆိုလက်ခံနေမှု အခြေအနေများအား လိုက်လံကြည့်ရှုစစ်ဆေးပြီး ကိုဗစ်-၁၉ ကူးစက်ရောဂါကာကွယ်ထိန်းချုပ်ရေး လုပ်ငန်းညှိနှိုင်း အစည်းအဝေးသို့ တက်ရောက်အမှာစကားပြောကြားသည်။



အစည်းအဝေးတွင် မြဝတီခရိုင် ကိုဗစ်-၁၉ ကူးစက်ရောဂါ ကာကွယ်ထိန်းချုပ်ရေးနှင့် အရေးပေါ်တုံ့ပြန်ရေးကော်မတီဥက္ကဋ္ဌ ခရိုင်အုပ်ချုပ်ရေးမှူး ဦးတေဇာအောင်က နေရပ်ပြန်လာသူများအား ကြိုဆိုရေးလုပ်ငန်း၊ ကန့်သတ်စောင့်ကြည့်ထားရှိရေးလုပ်ငန်း၊ ကျန်းမာရေးစစ်ဆေးမှုပြုလုပ်ရေးလုပ်ငန်းနှင့် နေရပ်ပြန်လည်ပို့ဆောင်ရေးအခြေအနေများနှင့် လုပ်ငန်းအခြေအနေများအား ရှင်းလင်းတင်ပြပြီး အစည်းအဝေးတက်ရောက်လာသူများက သက်ဆိုင်ရာကဏ္ဍအလိုက် လုပ်ငန်းလိုအပ်ချက်များအား တင်ပြကြရာ ပြည်နယ်ဝန်ကြီးချုပ်က လုပ်ငန်းလိုအပ်ချက်များကို ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

အလားတူ ပြည်နယ်ဝန်ကြီးချုပ်သည် မဲကနယ် အသွားအလာကန့်သတ်စောင့်ကြည့်ရေးစခန်းနှင့် မဲကနယ်တိုးချဲ့ကွက်သစ်တွင် လုပ်ငန်းအကောင်အထည်ဖော်ဆောင်ရွက်နေမှုအခြေအနေများ၊ ရပ်ကွက် ၆/၇ ကွက်သစ်ဖော်ဆောင်နေသည့် လုပ်ငန်းဆောင်ရွက်နေမှု အခြေအနေများကို လိုက်လံကြည့်ရှုစစ်ဆေးခဲ့ပြီး လိုအပ်သည်များ လမ်းညွှန်မှာကြားသည်။

**ဆက်ကပ်လှူဒါန်း**

ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်သည် မြဝတီမြို့ရှိ ဘုန်းတော်ကြီးကျောင်းများဖြစ်သည့် သမ္မဂ္ဂသုခကျောင်း၊ တောရကျောင်းနှင့် အေးစေတီတောင်ပေါ်ကျောင်းများသို့ သွားရောက်ပြီး ဆန်၊ ဆီ၊ ကြက်သွန်နီ၊ ဆားနှင့် ပဲများ ဆက်ကပ်လှူဒါန်းခဲ့ကြောင်း သိရသည်။

ခရိုင်(ပြန်/ဆက်)

## COVID-19 ကာလတွင် စိတ်ဖိစီးမှုများကိုကျော်လွှားနိုင်ရေး အသိပေးနှိုးဆော်ခြင်း

စိတ်ဖိစီးမှုသည် ဘဝတွင် ကြုံတွေ့ရတတ်သည့် သာမန်ဖြစ်ရိုးဖြစ်စဉ် ခံစားမှုတစ်ခုဖြစ်သော်လည်း စိတ်ဖိစီးမှုဆိုင်ရာ အခြေခံအချက်များကို သိရှိပြီး ဖြေရှင်းနိုင်စွမ်းရှိရမည်ဖြစ်သည်။ စိတ်ဖိစီးမှုသည် ထိုဖြေရှင်းနိုင်စွမ်းကို ကျော်လွန်ခြင်း (သို့မဟုတ်) ပြင်းထန်များပြားလာခြင်းများရှိသည့်အခါ စိတ်မောပန်းကျဆင်းသည့်အဆင့်သို့ ရောက်ရှိသွားနိုင်ပါသည်။ စိတ်ဖိစီးမှုလက္ခဏာများမှာ အိပ်စက်မှုပြဿနာရှိခြင်း၊ အလွန်တက်ကြွခြင်း၊ ပင်ပန်းနွမ်းနယ်ခြင်း၊ အစားအသောက်ပျက်ခြင်း၊ အစာအိမ်/အူလမ်းကြောင်း ပြဿနာရှိခြင်း၊ ခေါင်းကိုက်ခြင်း/ ကိုယ်လက်ကိုက်ခဲခြင်း၊ ဒေါသထွက်ခြင်း၊ ကြောက်လန့်တုန်လှုပ်ခြင်း၊ ပူဆွေးသောကရောက်ခြင်း၊ ဝမ်းနည်းခြင်း၊ အပြစ်ရှိသည်ဟုခံစားရခြင်း၊ စိုးရိမ်ပူပန်ခြင်း၊ မှတ်ဉာဏ်ဆိုင်ရာ ပြဿနာရှိခြင်း၊ မကောင်းတွေးခြင်း၊ ယုံကြည်မှုပျောက်ဆုံးခြင်း၊ ပျင်းရိခြင်း၊ အထီးကျန်ခြင်း၊ အခြားသူများကို အပြစ်တင်ခြင်း၊ လုပ်ဆောင်နိုင်စွမ်း ကျဆင်းလာခြင်းတို့ ခံစားရခြင်းတို့ဖြစ်ပါသည်။

ထိုခံစားရမှုများကို မှန်ကန်သောနည်းလမ်းများဖြင့် ရင်ဆိုင်ဖြေရှင်းမှုမပြုပါက ဆိုးရွားသော စိတ်မောပန်းကျဆင်းသည့်အဆင့်သို့ ရောက်ရှိသွားပြီး ပြဿနာများကို ဆက်လက်ရင်ဆိုင်ဖြေရှင်းနိုင်စွမ်း လုံးဝမရှိတော့ခြင်း စသည့် နောက်ဆက်တွဲဆိုးကျိုးများ ခံစားရနိုင်ပြီး ရေရှည်တွင် လူမှုစီးပွားအခက်အခဲများကို ရင်ဆိုင်လာရမည်ဖြစ်သည်။ ထိုအဆင့်သို့မရောက်မီ စိတ်ခွတ်ရေးရာမြှင့်တင်ပေးမှုကိုခံယူရန် လိုအပ်ပါသည်။

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနနှင့်
မြန်မာနိုင်ငံဆရာဝန်အသင်း (စိတ်ကျန်းမာပညာဌာန)

# သီတဂူဆရာတော်ကြီး ဒေါက်တာအရှင်ဉာဏိဿရက ကိုရီးယားသမ္မတနိုင်ငံမှ လှူဒါန်းသည့် အဝတ်အထည်နှင့် ပစ္စည်းများအား နယ်စပ်ဒေသများရှိ ဒေသခံပြည်သူများအတွက် နယ်စပ်ရေးရာဝန်ကြီးဌာနမှတစ်ဆင့် ဖြန့်ဝေ

**နေပြည်တော် မေ ၂၆**

သီတဂူကမ္ဘာ့ဗုဒ္ဓတက္ကသိုလ်များ၏ အဓိပတိ အဘိဓဇမဟာရဋ္ဌဂုရု အဂ္ဂမဟာပဏ္ဍိတ(D.Litt.) (Ph.D.) သီတဂူဆရာတော်ကြီး ဒေါက်တာအရှင်ဉာဏိဿရထံ ကိုရီးယားသမ္မတနိုင်ငံမှ အလှူရှင် ဒါယကာ၊ ဒါယိကာမများက စုပေါင်းလှူဒါန်းသည့် အဝတ်အထည်နှင့် အသုံးအဆောင်ပစ္စည်းများအား မြန်မာနိုင်ငံအတွင်းရှိ နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသနှင့် ချင်းပြည်နယ်အတွင်း ဝေးလံခေါင်ဖျားသည့် ဒေသများရှိ ပြည်သူများအတွက် နယ်စပ်ရေးရာဝန်ကြီးဌာနမှတစ်ဆင့် ဖြန့်ဝေရန် လွှဲပြောင်းပေးအပ်ခြင်း အခမ်းအနားကို ယနေ့နံနက် ၉ နာရီတွင် ရန်ကုန်တိုင်းဒေသကြီး ဒဂုံမြို့သစ်မြောက်ပိုင်းရှိ သီတဂူကမ္ဘာ့ဗုဒ္ဓတက္ကသိုလ်၌ ကျင်းပသည်။

**တက်ရောက်**

အခမ်းအနားသို့ သီတဂူဆရာတော်ကြီး ဒေါက်တာအရှင်ဉာဏိဿရနှင့် ဆရာတော်၊ သံဃာတော်အရှင်သူမြတ်များ၊ နယ်စပ်ရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်ချုပ်သန်းထွဋ်၊ ရန်ကုန်တိုင်းဒေသကြီး လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီး စိုးမိုးအောင်၊ လူမှုရေးဝန်ကြီး ဦးနိုင်ငံလင်း၊ မြို့တော်ဝန် ဦးမောင်မောင်စိုးနှင့် နယ်စပ်ရေးရာဝန်ကြီးဌာနမှ တာဝန်ရှိသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ သီတဂူဆရာတော်ကြီးက ဩဝါဒကထာ မိန့်ကြားရာတွင် ကိုရီးယားသမ္မတနိုင်ငံမှ အလှူရှင် ဒါယကာ၊ ဒါယိကာမများအနေဖြင့်လည်း မြန်မာနိုင်ငံအတွင်းရှိ ဝေးလံခေါင်ဖျား၍ သွားလာရေးအလွန်ခက်ခဲကာ



အအေးလွန်ကဲသော နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသနှင့် ချင်းပြည်နယ်အတွင်းရှိ တိုင်းရင်းသားပြည်သူများအတွက် သဒ္ဓါတရားထက်သန်စွာ လှူဒါန်းပေးခြင်းဖြစ်ကြောင်းနှင့် ယခုလို မိုးဦးကာလ၌ ရင်ဆိုင်ကြုံတွေ့ရမည့် ရာသီဥတုဒဏ်ကို အံတုနိုင်ရန်အတွက် လှူဒါန်းသည့် အအေးဒဏ်ခံ အဝတ်အထည်နှင့် လူအသုံးအဆောင်ပစ္စည်းများအား အမြန်ဆုံးဖြန့်ဝေပေးပို့နိုင်ရေး ဆောင်ရွက်ပေးနိုင်ရန် မိန့်ကြားသည်။

ဆက်လက်၍ နယ်စပ်ရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီးက မိမိတို့ဝန်ကြီးဌာနအနေဖြင့် ရှေးယခင်ကတည်းကပင် သီတဂူကမ္ဘာ့ဗုဒ္ဓတက္ကသိုလ်နှင့်ပူးပေါင်း၍ နယ်စပ်ဒေသများရှိ တိုင်းရင်းသားပြည်သူများအတွက် ပညာရေး၊ ကျန်းမာရေး အစရှိသည့် လှူဒါန်းထောက်ပံ့မှုများကို ဆောင်ရွက်ပေးခဲ့ပါကြောင်း၊ ယခု သီတဂူဆရာတော်ကြီး၏ လမ်းညွှန်မိန့်ကြားချက်အရ အဆိုပါ အဝတ်အထည်နှင့် လူအသုံးအဆောင်ပစ္စည်းများအား အအေးဓာတ်များပြီး လမ်းပန်းဆက်သွယ်ရေး ခက်ခဲသည့်အပြင် ဝေးလံခေါင်ဖျားသော ဒေသများဖြစ်သည့် နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ (လေရှီး၊ လဟယ်၊နန်းယွန်း)၊ ချင်းပြည်နယ်(မင်းတပ်၊ မတူပီ) ဒေသအတွင်းရှိ ဒေသခံပြည်သူတို့ လက်ဝယ်အရောက် ဖြန့်ဝေပေးခြင်းအား နယ်စပ်ရေးရာဝန်ကြီးဌာန၊ ချင်းပြည်နယ်အစိုးရအဖွဲ့နှင့် နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသဦးစီးအဖွဲ့တို့ ပူးပေါင်းစီမံဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း လျှောက်ထားသည်။

**လွှဲပြောင်းပေးအပ်**

ထို့နောက် သီတဂူဆရာတော်ကြီးက ကိုရီးယားသမ္မတနိုင်ငံမှ လှူဒါန်းထောက်ပံ့သည့် အဝတ်အထည်နှင့် လူအသုံးအဆောင်ပစ္စည်းအမျိုးအစား ၁၆ မျိုး စုစုပေါင်းအရေအတွက် ၄၉၈၉၈ တို့အား နယ်စပ်ရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီးထံ လွှဲပြောင်းပေးအပ်သည်။

ယနေ့ လှူဒါန်းပေးခဲ့သော ပစ္စည်းများမှာ လူကြီးဝတ်(ကျား)အင်္ကျီနှင့် အနွေးထည် ၂၇၄၅ ထည်၊ ဘောင်းဘီ ၆၆၇ ထည်၊ ခေါင်းစွပ် ၅၂ ခု၊ ဦးထုပ် ၃၂၇ လုံး၊ လူကြီးဝတ်(မ)အင်္ကျီနှင့် အနွေးထည် ၁၁၈၁၁ ထည်၊ ဘောင်းဘီ ၄၃၃၇ ထည်၊ မာဖလာ ၆၆၉ ခု၊ စွပ်ကျယ် ၁၅၁ ထည်၊ လည်စည်း ၈၅ ခု၊ စကပ် ၈၃၄ ထည်၊ အင်္ကျီ+ဘောင်းဘီဝမ်းဆက် ၂၈ စုံ၊ ပိုက်ဆံအိတ် ၈၄ ခု၊ ဖိနပ် ၃၅ ရံ၊ ခါးပတ် ၁၆ ခု၊ ကလေးဝတ်(ကျား) အင်္ကျီနှင့်အနွေးထည် ၁၄၈၆ ထည်၊ ဘောင်းဘီ ၁၇၅ ထည်၊ ခေါင်းစွပ် အခု ၁၀၀၊ ကလေးဝတ်(မ) အင်္ကျီနှင့် အနွေးထည် ၅၃၉ ထည်၊ ဘောင်းဘီ ၅၈၈ ထည်၊ အင်္ကျီ+ဘောင်းဘီဝမ်းဆက် ၃၀၀၊ ဦးထုပ် ၁၆၃၄ လုံး၊ ကျောပိုးအိတ် ၁၄၃ လုံး၊ ဘောပင် ၁၇၂၂ ခုနှင့် ယပ်တောင် အခု ၅၈၇၀ စုစုပေါင်းအရေအတွက် ၄၉၈၉၈ ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

## အများပြည်သူများနှင့် ရေလုပ်ငန်းရှင်များသိရှိစေရန် ကြေညာခြင်း

မြန်မာ့ပင်လယ်ငါးလုပ်ငန်းရေပြင်အတွင်း ငါးဖမ်းလုပ်ငန်းလုပ်ကိုင်ကြသည့် ကမ်းဝေး ငါးဖမ်း/ငါးသယ်ရေယာဉ်အားလုံးတွင် E-MTU/Transponder(VMS ကိရိယာ)များကို (၃၁-၁-၂၀၂၀)ရက်နေ့တွင် တပ်ဆင်ခဲ့ပြီးဖြစ်၍ ငါးလုပ်ငန်းဦးစီးဌာန၏ VMS Control Center များမှ စောင့်ကြည့်ထိန်းချုပ်ခြင်းလုပ်ငန်းစဉ်များကို ဆောင်ရွက်လျက်ရှိပါသည်။ (၁-၂-၂၀၂၀) ရက်နေ့မှ (၃၁-၅-၂၀၂၀)ရက်နေ့ထိ ကမ်းနီးငါးလုပ်ငန်းရေပြင်၊ Marine Protected Area အဖြစ် သတ်မှတ်ထားသော လန်ပိကျွန်းဧရိယာနှင့် တားမြစ်ထားသည့် ငါးဖမ်းကွက် ( F13, F14, F20, F21)များအတွင်းသို့ ဝင်ရောက်ငါးဖမ်းဆီးသော စည်းကမ်းဖောက်ဖျက်သည့် ရေယာဉ်များ၏ ပိုင်ရှင်များ၊ ရေယာဉ်မှူးများ၊ တရားဝင်ရေယာဉ်ကိုယ်စားလှယ်များအား ဖုန်းဖြင့်သတိပေးခြင်း၊ စာဖြင့်သတိပေးခြင်း၊ အလားတူစည်းကမ်းဖောက်ဖျက်မှုမျိုး ထပ်မံပြုလုပ်ခြင်းမရှိစေရန် ခံဝန်ကတိလက်မှတ်ရေးထိုးစေခြင်း၊ ငါးလုပ်ငန်းအဖွဲ့ချုပ်အပါအဝင် ငါးလုပ်ငန်းဆိုင်ရာ အသင်းအဖွဲ့များသို့ ဖြန့်ဝေအသိပေးခြင်းတို့ကို အကြိမ်ကြိမ် ဆောင်ရွက်ခဲ့ပြီး ဖြစ်ပါသည်။ ထို့အပြင် နိုင်ငံပိုင်သတင်းစာများတွင် ကြေညာခြင်း၊ MRTV ရုပ်သံတို့မှ အသိပေးကြေညာခြင်းနှင့် စည်းကမ်းဖောက်ဖျက်သည့် ရေယာဉ်စာရင်းအား ငါးလုပ်ငန်းဦးစီးဌာန၏ Website တွင်(၅)ကြိမ်တိုင်တိုင် အသိပေးကြေညာခြင်းတို့ ဆောင်ရွက်ခဲ့ပြီးဖြစ်ပါသည်။

တည်နေရာသတင်းအချက်အလက်ပေးပို့မှု မရှိသည့်ရေယာဉ်များ(Silent Vessels)၏ ပိုင်ရှင်များ၊ တရားဝင်ကိုယ်စားလှယ်များအား ရေယာဉ်၏ တည်နေရာ သတင်းအချက်အလက် ပေးပို့မှုပြတ်တောက်စေမည့် စက်ဖြုတ်ခြင်း၊ စက်ပိတ်ခြင်းတို့ကို လုံးဝမပြုလုပ်စေရန်၊ ရေယာဉ်၏ တည်နေရာပြန်လည်ပေးပို့စေရန်နှင့် အလားတူကိစ္စရပ်မျိုး ထပ်မံပြုလုပ်ခြင်းမရှိစေရန်အတွက် ဖုန်းဖြင့်သတိပေးခြင်း၊ စာဖြင့်သတိပေးခြင်း၊ ခံဝန်ကတိလက်မှတ်ရေးထိုးစေခြင်းအပြင် ငါးလုပ်ငန်းအဖွဲ့ချုပ်နှင့် ငါးလုပ်ငန်းဆိုင်ရာ အသင်းအဖွဲ့များသို့ ဖြန့်ဝေအသိပေးခြင်းတို့ကိုလည်း အကြိမ်ကြိမ် ဆောင်ရွက်ခဲ့ပြီးဖြစ်ပါသည်။

ငါးလုပ်ငန်းဦးစီးဌာနအနေဖြင့် အထက်ဖော်ပြပါစည်းကမ်းဖောက်ဖျက်သည့် ကမ်းဝေးငါးဖမ်း/ငါးသယ်ရေယာဉ်များအား(၁-၆-၂၀၂၀)ရက်နေ့မှ စတင်၍ ငါးလုပ်ငန်းဦးစီးဌာန၏ တည်ဆဲဥပဒေများနှင့် ထုတ်ပြန်ထားသည့် ညွှန်ကြားချက်အမှတ်(၅/၂၀၁၈)နှင့်အညီ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများပြည်သူများနှင့် ရေလုပ်ငန်းရှင်များသိရှိစေရန် အသိပေးကြေညာအပ်ပါသည်။

**စိုက်ပျိုးရေး၊မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန**
**ငါးလုပ်ငန်းဦးစီးဌာန**



## ပြည်မြို့နယ် စာရေးဆရာအသင်းဝင်များအား အခြေခံစားသောက်ကုန်ပစ္စည်းများ လှူဒါန်း

**ပြည် မေ ၂၆**

ပြည်မြို့နယ် စာရေးဆရာအသင်းဥက္ကဋ္ဌ ဒေါက်တာယဉ်ဝေလွင်(ပြည်)နှင့် စည်းရုံးရေးမှူး ဒေါ်နန်းနန်းဝေတို့က ကိုဗစ်-၁၉ ကာလတွင် မြို့နယ်စာရေးဆရာအသင်းဝင်များအား အခြေခံစားသောက်ကုန်ပစ္စည်းများကို ယနေ့ညနေ ၅ နာရီတွင် ပြည်မြို့ ရန်အောင်မင်္ဂလာကင်းဘုရားဓမ္မာရုံ၌ ထောက်ပံ့လှူဒါန်းသည်။

ပြည်မြို့နယ် စာရေးဆရာအသင်းဥက္ကဋ္ဌ ဒေါက်တာယဉ်ဝေလွင်(ပြည်)က ကိုဗစ်-၁၉ ကပ်ရောဂါ ဖြစ်ပွားနေချိန်တွင် အခြေခံစားသောက်ကုန်ပစ္စည်းများအား လှူဒါန်းရခြင်းဖြစ်ကြောင်းကို ရှင်းလင်းတင်ပြသည်။

အခမ်းအနားသို့ ပြည်မြို့နယ် စာရေးဆရာအသင်း နာယကများ၊ မြို့နယ်စာရေးဆရာအသင်းဝင်များ တက်ရောက်ခဲ့ကြကြောင်း သိရသည်။

**မောင်ရွှေဝင်း(ပြည်)**

## ဝမ်းတွင်းမြို့နယ် စက်မှုလယ်ယာဦးစီးဌာနမှ မိုးသီးနှံများ အချိန်မီထွန်ယက်စိုက်ပျိုးနိုင်ရန် ဝန်ဆောင်မှုပေးလျက်ရှိ

**ဝမ်းတွင်း မေ ၂၆**

မန္တလေးတိုင်းဒေသကြီး ဝမ်းတွင်းမြို့နယ်၌ တောင်သူများ မိုးသီးနှံများ အချိန်မီစိုက်ပျိုးနိုင်ရန် ထွန်ယက်ခြင်းလုပ်ငန်းများကို မြို့နယ်စက်မှုလယ်ယာဦးစီးဌာနက ဝန်ဆောင်မှုပေးလျက်ရှိကြောင်း သိရသည်။

ယခုအချိန်သည် မိုးသီးနှံများစိုက်ပျိုးကြရန် ထွန်ယက်စိုက်ပျိုးခြင်းလုပ်ငန်းများ လုပ်ကိုင်ချိန်တွင် လက်ရှိဖြစ်ပွားလျက်ရှိသော ကိုဗစ်-၁၉ ရောဂါကြောင့် တောင်သူများအနေဖြင့် ထွန်ယက်ခြင်းလုပ်ငန်းများနှင့် သီးနှံစိုက်ပျိုးခြင်းလုပ်ငန်းများ နှောင့်နှေးကြန့်ကြာမှု မဖြစ်ပေါ်စေရန် ဝမ်းတွင်းမြို့နယ် စက်မှုလယ်ယာဦးစီးဌာနပိုင် ထွန်စက်ကြီး ၁၀ စီးဖြင့် သင့်တင့်သောဈေးနှုန်းဖြင့် ဝန်ဆောင်မှုပေးလျက်ရှိကြောင်း စက်မှုလယ်ယာဦးစီးအရာရှိ ဦးတင်မောင်မြင့်ထံမှ သိရသည်။

**သန်းတင်အောင်(ကြေးမုံ)**



○ **ကျောဖုံးမှ**

လာရောက်လွှဲပြောင်းပေးအပ်သည့် အလုပ်သမားများအား ကော့သောင်းခရိုင်နှင့် မြို့နယ် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ထိန်းချုပ်ရေးနှင့် အရေးပေါ်တုံ့ပြန်ရေးကော်မတီဝင်များ၊ ဌာနဆိုင်ရာများနှင့် NGO အဖွဲ့အစည်းများက ရောဂါသံသယရှိသူများနှင့် ကူးစက်ခံရသူများ ပါဝင်လာခြင်း ရှိ၊ မရှိ၊ မြန်မာနိုင်ငံသားမဟုတ်သူများ ပါဝင်လာခြင်း ရှိ၊ မရှိ စစ်ဆေးလက်ခံခဲ့ပြီး အစားအသောက်၊ ကျန်းမာရေးနှင့် လိုအပ်သည့် ထောက်ပံ့ကူညီမှုများ ဆောင်ရွက်ပေးခဲ့ကြသည်။

လာရောက်လွှဲပြောင်းပေးအပ်သူများမှာ ကော့သောင်းဒေသခံများ အပါအဝင် အခြားပြည်နယ်နှင့် တိုင်းဒေသကြီးများမှဖြစ်ကြပြီး ကိုဗစ်-၁၉ ရောဂါကာကွယ်ထိန်းချုပ်နိုင်ရေး အမျိုးသားအလုပ်သမားများအား ကော့သောင်းမြို့ ပုလုံးတုံတုံးကျေးရွာ သဘာဝဘေးအရေးပေါ်ခိုလှုံရာ အဆောက်အအုံနှင့် အမျိုးသမီးအလုပ်သမားများအား အေးရိပ်ငြိမ်ရပ်ကွက် ကြက်တောင်အားကစားရုံရှိ ကန့်သတ်စောင့်ကြည့်ရေးစင်တာများတွင် ၂၁ ရက် ထားရှိစောင့်ကြည့်သွားမည်ဖြစ်သည်။

**ကျော်စိုး(ကော့သောင်း)**

# ဗြိတိန်နိုင်ငံ၌ လက်လီအရောင်းဆိုင်အားလုံး ဇွန် ၁၅ ရက်တွင် ပြန်လည်ဖွင့်လှစ်မည်

**လန်ဒန် မေ ၂၆**

ဗြိတိန်နိုင်ငံသည် ခရီးသွားလာခွင့်ပိတ်ပင်မှုများကို ဆက်လက်ဖြေလျှော့ပေးမည့် အစီအစဉ်၏ တစ်စိတ်တစ်ဒေသအဖြစ် လက်လီအရောင်းဆိုင်များအားလုံးကို ဇွန် ၁၅ ရက်တွင် ပြန်လည်ဖွင့်လှစ်သွားမည်ဖြစ်ကြောင်း ဗြိတိန်ဝန်ကြီးချုပ် ဘောရစ်ဂျွန်ဆင်က ကြေညာခဲ့သည်။

သို့ရာတွင် လက်လီအရောင်းဆိုင်အားလုံး ပြန်လည်ဖွင့်လှစ်ရေးလှုပ်ရှားမှုသည် ကိုရိုနာဗိုင်းရပ်စ် ဆန့်ကျင်တိုက်ဖျက်ရေးဆိုင်ရာ တိုးတက်မှုအခြေအနေအပေါ် မူတည်နေပြီး လက်လီရောင်းချသူများအနေဖြင့် ဈေးဝယ်သူများနှင့် အလုပ်သမားများကို အကာအကွယ်ပေးရန် အသစ်ချမှတ်သည့်လမ်းညွှန်ချက်များကို လိုက်နာရမည်ဖြစ်ကြောင်းလည်း ဘောရစ်ဂျွန်ဆင်က ထပ်လောင်းပြောကြားခဲ့သည်။

လဟာပြင်ဈေးများနှင့် ကားအရောင်းပြခန်းများကိုမူ ဇွန် ၁ ရက်မှစတင်ကာ ပြန်လည်ဖွင့်လှစ်သွားမည်ဖြစ်သည်။ လက်လီရောင်းချသူများအတွက် အသေးစိတ်ဆောင်ရွက်ချက်များပါဝင်သည့် လမ်းညွှန်ချက်အသစ်ကို ထုတ်ပြန်ခဲ့ပြီးဖြစ်ခြင်းကြောင့် လက်လီရောင်းချသူများအနေဖြင့် လိုအပ်သည့် ခပ်ခွာခွာနေခြင်းနှင့် ရောဂါကာကွယ်ရေးဆိုင်ရာ တစ်ကိုယ်ရေနှင့် ပတ်ဝန်းကျင်သန့်ရှင်းရေးစံနှုန်းများကို လိုက်နာဆောင်ရွက်သင့်ကြောင်းလည်း ဘောရစ်ဂျွန်ဆင်က ပြောကြားခဲ့သည်။

လက်ရှိအချိန်တွင် ဈေးဆိုင်များအနေဖြင့် ၎င်းတို့၏ဆိုင်များမဖွင့်လှစ်မီ လက်ရှိထုတ်ပြန်ထားသည့်လမ်းညွှန်ချက်များကို အကောင်အထည်ဖော်ဆောင်ရွက်ရန် အချိန်ရကြောင်းလည်း ဘောရစ်ဂျွန်ဆင်က ပြောကြားခဲ့သည်။

စီးပွားရေးလုပ်ငန်းများကို စတင်ဖွင့်လှစ်ရေး လုပ်ဆောင်ခြင်းသည် ဗြိတိန်နိုင်ငံတစ်ဝန်းတွင် အလုပ်အကိုင်သန်းပေါင်းများစွာကို အထောက်အပံ့ပေးမည်ဖြစ်သည့်အပြင် နိုင်ငံ၏ စီးပွားရေးပြန်လည်တည်ဆောက်ရေးဆိုင်ရာလမ်းကြောင်းအတွက် အကဲဖြတ်သည့်အဆင့်တစ်ခုလည်း ဖြစ်လာလိမ့်မည်ဖြစ်ကြောင်း ဗြိတိန်စီးပွားရေးဝန်ကြီး အာလော့ခ်ရှာမာက ပြောကြားခဲ့သည်။

လက်လီရောင်းချသူများဆိုင်ရာ ယာယီပူးပေါင်းထားသည့်အဖွဲ့အစည်းကလည်း ဘောရစ်ဂျွန်ဆင်၏ ကြေညာချက်ကို ကြိုဆိုပါကြောင်း ပြောကြားခဲ့ပြီး ဗြိတိန်စက်မှုအဖွဲ့ချုပ်ကလည်း အသစ်ပြဋ္ဌာန်းလိုက်သည့် လမ်းညွှန်ချက်သည် လက်လီအရောင်းဆိုင်များအား ဘေးကင်းလုံခြုံစွာဖွင့်လှစ်နိုင်ရေး အထောက်အကူပြုမည်ဖြစ်ကြောင်း ပြောကြားခဲ့သည်။



သို့ရာတွင် စီးပွားရေးလုပ်ငန်းအားလုံးကမူ ယင်းကြေညာချက်ကို အားရကျေနပ်မှုမရှိသေးပေ။ ဗြိတိန်နိုင်ငံ၏ လွတ်လပ်စွာ လက်လီရောင်းချသူများအဖွဲ့အစည်းအနေဖြင့် အသေးစားဆိုင်အများအပြားသည် လာမည့်ရက်သတ္တပတ်မှစတင်ကာ ပြန်လည်ဖွင့်လှစ်နိုင်ရန် ပြင်ဆင်ထားပြီးဖြစ်ကြောင်းလည်း ပြောကြားခဲ့သည်။

**ကိုးကား - ဘီဘီစီ၊ ဘာသာပြန် - အလင်းသစ်**

# ချီလီအစိုးရအဖွဲ့ဝင် ဝန်ကြီးနှစ်ဦး၌ ကိုရိုနာဗိုင်းရပ်စ်ပိုး တွေ့ရှိ

**ဆန်တီယာဂို မေ ၂၆**

ချီလီနိုင်ငံတွင် သမ္မတ ဆီဘက်ရှန်ပင်နီရာ၏ အစိုးရအဖွဲ့ဝင် ဝန်ကြီးနှစ်ဦး အပါအဝင် ယမန်နေ့က ကိုရိုနာဗိုင်းရပ်စ် ထပ်မံကူးစက်ခံရသူ စံချိန်တင်မြင့်တက်ခဲ့ကြောင်း သိရသည်။ ချီလီနိုင်ငံတွင် တစ်ရက်အတွင်း ကိုဗစ်-၁၉ ရောဂါ ထပ်မံကူးစက်ခံရသူ ၄၈၉၅ ဦးနှင့် သေဆုံးသူ ၄၃ ဦးအထိ ရှိခဲ့ကြောင်း ကျန်းမာရေး အာဏာပိုင်များက ကြေညာခဲ့သည်။

ကူးစက်ခံရသူများတွင် မိမိတို့ပါဝင်ကြောင်း ပြည်သူ့ဆောက်လုပ်ရေးဝန်ကြီး အဲဖရက်ဒိုမိုရန်နီနှင့် စွမ်းအင်ဝန်ကြီး ဟွမ်ကားလို့စ်ဂျိုဘတ်တို့က ပြောကြားခဲ့သည်။ "လွန်ခဲ့တဲ့ရက်အနည်းငယ်က ပြုလုပ်ခဲ့တဲ့ စစ်ဆေးမှုအရ ကိုရိုနာဗိုင်းရပ်စ်ပိုး စမ်းသပ်တွေ့ရှိခဲ့တယ်ဆိုတာ ကျွန်တော့်ကို အကြောင်းကြားခဲ့ပါတယ်။ ဒါပေမယ့် အခုချိန်ထိ ကျွန်တော့်မှာ ရောဂါလက္ခဏာ ပြသတာမရှိခဲ့ပါဘူး" ဟု မိုရန်နီက တွစ်တာ၌ ရေးသားခဲ့သည်။ အသက် ၆၃ နှစ်အရွယ် မိုရန်နီက ဝန်ထမ်းတစ်ဦးတွင် ကိုဗစ်-၁၉ ရောဂါ စမ်းသပ်တွေ့ရှိပြီးနောက် သီးသန့်ခွဲ၍ နေထိုင်ခဲ့သည်။



ကိုရိုနာဗိုင်းရပ်စ်နှင့် ဆက်စပ်နိုင်သည့် မပြင်းထန်သော ရောဂါလက္ခဏာများ ကြုံတွေ့ခဲ့သည့် ဂျိုဘတ်သည်လည်း ရောဂါကူးစက်ခံရပြီးနောက် သီးသန့်ခွဲ၍နေခဲ့ကြောင်း စွမ်းအင်ဝန်ကြီးဌာန၏ ထုတ်ပြန်ချက်တွင် ပါရှိသည်။ အသက် ၄၄ နှစ်အရွယ် ဂျိုဘတ်သည် မကြာသေးမီက သမ္မတ ဆီဘတ်ရှန်ပင်နီရာ သို့မဟုတ် အခြား အစိုးရအဖွဲ့ဝင်များနှင့် တိုက်ရိုက်ထိတွေ့ခဲ့ခြင်းမရှိဟု ထုတ်ပြန်ချက်တွင် ဖော်ပြခဲ့သည်။ ကူးစက်လူနာများနှင့် ထိတွေ့ပြီးနောက် သီးသန့်ခွဲနေထိုင်ခဲ့သည့် အခြားဝန်ကြီးသုံးဦးတွင် ကိုရိုနာဗိုင်းရပ်စ်ပိုး မတွေ့ရှိဘဲ လုပ်ငန်းခွင် ပြန်ဝင်ခဲ့ပြီဖြစ်သည်။ ချီလီနိုင်ငံတွင် ပြီးခဲ့သည့် သီတင်းပတ်က ကိုဗစ်-၁၉ ရောဂါ ကူးစက်မှု မြင့်တက်လာခြင်းကြောင့် အစိုးရက ဆန်တီယာဂိုမြို့တော်တွင် အသွားအလာကန့်သတ်မိန့် ချမှတ်ခဲ့သည်။

ချီလီနိုင်ငံတွင် ကိုဗစ်-၁၉ ကူးစက်ခံရသူ ၇၄၀၀၀ အနက် ၉၀ ရာခိုင်နှုန်းဖြစ်ပွားရာ ဆန်တီယာဂိုမြို့သည် ကပ်ရောဂါ အဓိကဖြစ်ပွားရာ နေရာဖြစ်သည်။ ပြီးခဲ့သည့်သီတင်းပတ်က အထက်လွှတ်တော် အမတ်သုံးဦးတွင် ကိုရိုနာဗိုင်းရပ်စ်ပိုး တွေ့ရှိပြီးနောက် အထက်လွှတ်တော်ကို ရပ်နားခဲ့ကာ လွှတ်တော်အစည်းအဝေးများကို ဗီဒီယိုကွန်ဖရင့်ဖြင့်သာ ကျင်းပခဲ့သည်။

**ကိုးကား - အေအက်ဖ်ပီ**
**ဘာသာပြန် - ကျော်ထိုက်စိုး**

# အီရန်နိုင်ငံ၌ စားသောက်ဆိုင်များနှင့် လက်ဖက်ရည်ဆိုင်များ ပြန်လည်ဖွင့်လှစ်ခွင့်ပြု

**တီဟီရန် မေ ၂၆**

ကိုရိုနာဗိုင်းရပ်စ် ကမ္ဘာ့ကပ်ရောဂါကြောင့် နှစ်လကြာပိတ်သိမ်းထားခဲ့ရာမှ အီရန်နိုင်ငံရှိ စားသောက်ဆိုင်များနှင့် လက်ဖက်ရည်ဆိုင်များကို ယနေ့ ပြန်လည်ဖွင့်လှစ်ခဲ့ကြသည်။

စားသောက်ဆိုင်များအားလုံးသည် ကျန်းမာရေးဆိုင်ရာ လုပ်ထုံးလုပ်နည်းများကို လိုက်နာလျက် ၎င်းတို့၏လုပ်ငန်းများကို ပြန်လည်စတင်မည်ဖြစ်ကြောင်း အီရန်ကျန်းမာရေးဒုတိယဝန်ကြီး မိုဆန်ဖာဟာဒီက ယနေ့ပြောကြားသည်။

ထို့အပြင် လက်ဖက်ရည်ဆိုင်များသည် ဆေးလိပ်နှင့် ဆေးရွက်ကြီး ရောင်းချမှုမပါဘဲ ၎င်းတို့၏ ဝန်ဆောင်မှုလုပ်ငန်းများကို ပြန်လည်စတင်မည်ဖြစ်ကြောင်း ဖာဟာဒီက ဗီဒီယိုစနစ်ဖြင့် ပြုလုပ်သည့် သတင်းစာရှင်းလင်းပွဲတွင် ပြောကြားသည်။ "ဟူခါ"ဟုခေါ်သည့် ဆေးရွက်ကြီးအသုံးပြုခြင်းသည် အီရန်နိုင်ငံရှိ လက်ဖက်ရည်ဆိုင်များနှင့် ကဖေးများတွင် ရေပန်းစားလျက်ရှိသည်။

အီရန်နိုင်ငံသည် စီးပွားရေးလုပ်ငန်းများနှင့် ယဉ်ကျေးမှုဆိုင်ရာ လှုပ်ရှားဆောင်ရွက်မှုများအပေါ် ကန့်သတ်မှုများကို ဧပြီလဆန်းပိုင်းမှစ၍ တဖြည်းဖြည်း ဖြေလျှော့ပေးခဲ့သည်။ ဖေဖော်ဝါရီ ၁၉ ရက်တွင် ကိုဗစ်-၁၉ ဗိုင်းရပ်စ် ကူးစက်မှုစတင်တွေ့ရှိခဲ့ပြီးနောက် မတ်လ အစောပိုင်းမှစ၍ အီရန်နိုင်ငံသည် အားကစား၊ စီးပွားရေးနှင့် ယဉ်ကျေးမှုဆိုင်ရာ လှုပ်ရှားဆောင်ရွက်မှုများကို ဆိုင်းငံ့ထားခဲ့သည်။ **ကိုးကား - ဆင်ဟွာ၊ ဘာသာပြန် - အောင်ဇော်လင်း**



# ကိုဗစ်-၁၉ ကာကွယ်ဆေး စမ်းသပ်ထုတ်လုပ်ရာတွင် ငှက်ဖျားရောဂါကာကွယ်ဆေး ဟိုက်ဒရိုစီကလိုရိုကွင်းဖြင့် စမ်းသပ်ခြင်းကို ကမ္ဘာ့ကျန်းမာရေးအဖွဲ့ တားမြစ်




**တိုကျို မေ ၂၆**

ကမ္ဘာ့ကျန်းမာရေးအဖွဲ့က ကိုဗစ်-၁၉ ကာကွယ်ဆေး စမ်းသပ်ထုတ်လုပ်ရာ၌ ငှက်ဖျားရောဂါကာကွယ်ဆေး ဟိုက်ဒရိုစီကလိုရိုကွင်းဆေးဖြင့် စမ်းသပ်ခြင်းကို တားမြစ်ဟန့်တားလိုက်ပြီဖြစ်ကြောင်း သိရသည်။

အဆိုပါ ငှက်ဖျားရောဂါကာကွယ်ဆေးဖြင့် စမ်းသပ်ခြင်းသည် လူနာများအတွက် ရာနှုန်းပြည့် ဘေးကင်းမှုမရှိနိုင်သည့်အတွက် ယခုကဲ့သို့ တားမြစ်ခြင်းဖြစ်သည်ဟု ကမ္ဘာ့ကျန်းမာရေးအဖွဲ့ ညွှန်ကြားရေးမှူးချုပ် ဂီဘရီယီဆပ်စ်က ဆိုသည်။

အမေရိကန်နှင့် ဆွစ်ဇာလန် နိုင်ငံများ၌ အဆိုပါ ငှက်ဖျားရောဂါကာကွယ်ဆေးဖြင့် စမ်းသပ်မှုများပြုလုပ်ခဲ့ပြီးနောက် သုတေသီများက ဟိုက်ဒရိုစီကလိုရိုကွင်းဆေးသည် ကိုဗစ်-၁၉ ရောဂါကို ကုသပေးရန် ရာနှုန်းပြည့် ထိရောက်မှုမရှိကြောင်း ပြောကြားခဲ့သည်။

ငှက်ဖျားရောဂါကာကွယ်ဆေးဖြစ်သည့် ဟိုက်ဒရိုစီကလိုရိုကွင်းကို ကိုရိုနာဗိုင်းရပ်စ် ကူးစက်ခံလူနာ ၉၆၀၀၀ အား တိုက်ကျွေးပြီးနောက် ထွက်ပေါ်လာသည့် အချက်အလက်များကို သုတေသီများက အသေးစိတ်လေ့လာမှု ပြုလုပ်ခဲ့ကြသည်။ ထို့နောက် အချို့လူနာများတွင် နှလုံးပုံမှန်အလုပ်လုပ်ခြင်းမရှိသည်ကို တွေ့ရှိရသည်ဟု သုတေသီများက အစီရင်ခံစာတစ်ရပ်တွင် ဖော်ပြခဲ့သည်။

ဘေးအန္တရာယ်ကင်းသည့် အချက်အလက်များ ရာတွေ့သည့်တိုင် ဟိုက်ဒရိုစီကလိုရိုကွင်းဆေးနှင့် စမ်းသပ်စစ်ဆေးမှုများကို ယာယီဆိုင်းငံ့ထားမည်ဖြစ်ကြောင်း ကမ္ဘာ့ကျန်းမာရေးအဖွဲ့ ညွှန်ကြားရေးမှူးချုပ်က ဆိုသည်။ ထို့ပြင် ဟိုက်ဒရိုစီကလိုရိုကွင်းဆေးသည် ငှက်ဖျားရောဂါအခံရှိသော လူနာများအတွက်သာ ဘေးကင်းလုံခြုံမှုရှိသည်ဟု ၎င်းက ဆက်လက်ပြောကြားခဲ့သည်။

သို့သော် ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး စမ်းသပ်ထုတ်လုပ်ရာတွင် အီဘိုလာရောဂါကာကွယ်ဆေးဖြစ်သည့် ရမ်ဒီဆီဗာအပါအဝင် အခြားဆေးဝါးများနှင့် စမ်းသပ်မှုကို ကမ္ဘာ့ကျန်းမာရေးအဖွဲ့က ဆက်လက်လုပ်ဆောင်ခွင့်ပြုလျက်ရှိပြီး ခုခံအားကျဆင်းသည့်ရောဂါကုသဆေးများဖြစ်သော လိုပီနာဗာနှင့် ရီတိုနာဗာဆေးဝါးများကို ပေါင်းစပ်ကာ စမ်းသပ်မှုများပြုလုပ်ခြင်းကိုလည်း ကမ္ဘာ့ကျန်းမာရေးအဖွဲ့က ခွင့်ပြုပေးထားကြောင်း သိရသည်။

**ကိုးကား - အင်န်အိတ်ချ်ကေ**
**ဘာသာပြန် - အောင်ကျော်ကျော်**

# ဂျပန်ဝန်ကြီးချုပ် ရှင်ဇိုအာဘေး ကိုဗစ်-၁၉ တုံ့ပြန်ရေး အီးယူခေါင်းဆောင်များနှင့် ဗီဒီယိုကွန်ဖရင့်ဖြင့် ဆွေးနွေး



**တိုကျို မေ ၂၆**

ဂျပန်နိုင်ငံဝန်ကြီးချုပ် ရှင်ဇိုအာဘေးနှင့် ဥရောပသမဂ္ဂ(အီးယူ)ခေါင်းဆောင်များသည် ကိုဗစ်-၁၉ ရောဂါကူးစက်ဖြစ်ပွားမှုဆိုင်ရာများ ဆွေးနွေးရန် ဗီဒီယိုကွန်ဖရင့်တစ်ရပ် ကျင်းပခဲ့ပြီး ကမ္ဘာလုံးဆိုင်ရာကပ်ရောဂါတုံ့ပြန်ရေးတွင် ပူးပေါင်းဆောင်ရွက်မှုများ တိုးမြှင့်ဆောင်ရွက်ရန် သဘောတူညီခဲ့ကြသည်။

ဥရောပသမဂ္ဂမှ တက်ရောက်လာသည့် ခေါင်းဆောင်များမှာ ဥရောပကောင်စီဥက္ကဋ္ဌ ချာလီမစ်ချယ်နှင့် ဥရောပကော်မရှင်ဥက္ကဋ္ဌ ဗွန်ဒါလီယန်တို့ဖြစ်သည်။ အဆိုပါဗီဒီယိုကွန်ဖရင့်မှတစ်ဆင့်ပြုလုပ်သည့် အစည်းအဝေးသည် ပြီးခဲ့သည့်နှစ် ဒီဇင်ဘာလအတွင်းက အီးယူခေါင်းဆောင်သစ်များ ခန့်အပ်ခဲ့ပြီး နောက်ပိုင်း ဂျပန်နိုင်ငံဝန်ကြီးချုပ် ရှင်ဇိုအာဘေးနှင့် အီးယူခေါင်းဆောင်နှစ်ဦးတို့အတွက် ပထမဆုံးအကြိမ် တွေ့ဆုံခြင်းဖြစ်ကြောင်းလည်း ဂျပန်နိုင်ငံခြားရေးဝန်ကြီးဌာနက ပြောကြားခဲ့သည်။

ဂျပန်နိုင်ငံနှင့် အီးယူနိုင်ငံများသည် ကိုရိုနာဗိုင်းရပ်စ်ကို ထိန်းချုပ်နိုင်ခဲ့ပြီးနောက် လူမှုရေးနှင့် စီးပွားရေးဆိုင်ရာ ဆောင်ရွက်ချက်များအပေါ် ချမှတ်ထားသည့် ကန့်သတ်ထိန်းချုပ်မှုများကို တဖြည်းဖြည်း ဖြေလျှော့ပေးလျက်ရှိသည်။

ဂျပန်နိုင်ငံနှင့် အီးယူမှ ခေါင်းဆောင်များသည် အီးယူ-ဂျပန် မဟာဗျူဟာမြောက်ပူးပေါင်းဆောင်ရွက်မှုနှင့် ဆက်နွှယ်သည့် ကိစ္စရပ်များကိုလည်း ဆွေးနွေးခဲ့ကြောင်းသိရသည်။

ရှင်ဇိုအာဘေးသည် ဂျပန်နိုင်ငံ၏ ခရိုင် ၄၇ ခုစလုံး၌ အရေးပေါ်အခြေအနေ လုံးဝအဆုံးသတ်စေခဲ့သည့်အပြင် တိုကျိုမြို့တော်နယ်နိမိတ်အတွင်းနှင့် ဟော့ကိုင်းဒိုးဒေသတို့တွင် ကိုဗစ်-၁၉ ရောဂါကို ထိန်းချုပ်နိုင်ခဲ့ပြီဖြစ်သောကြောင့် ယင်းဒေသများ၏ အရေးပေါ်အခြေအနေကိုလည်း မေ ၂၅ ရက်တွင် ရုပ်သိမ်းပေးခဲ့သည်။

**ကိုးကား-ဆင်ဟွာ**
**ဘာသာပြန်-အလင်းသစ်**





# ကနေဒါဝန်ကြီးချုပ်နှင့် ဂျာမနီဝန်ကြီးချုပ်တို့ ကိုရိုနာဗိုင်းရပ်စ်တုံ့ပြန်ရေး ဆွေးနွေး

**အော့တဝါ မေ ၂၆**

ကနေဒါဝန်ကြီးချုပ် ဂျပ်စတင်ထရူဒေါနှင့် ဂျာမနီဝန်ကြီးချုပ် အိန်ဂျယ်လာမာကယ်လ်တို့သည် ကိုရိုနာဗိုင်းရပ်စ်ဖြစ်ပွားမှု တုံ့ပြန်ရေးကို ဖုန်းဖြင့်ဆွေးနွေးခဲ့ကြောင်း ကနေဒါဝန်ကြီးချုပ်ရုံး၏ ဝက်ဘ်ဆိုက်မှ ဖော်ပြချက်အရသိရသည်။

"ကိုဗစ်-၁၉ ကပ်ရောဂါတိုက်ဖျက်ရေးတွင် တိုးတက်မှုများဆွေးနွေးရန် ဝန်ကြီးချုပ် ဂျပ်စတင်ထရူဒေါသည် ယနေ့ ဂျာမနီဝန်ကြီးချုပ် အိန်ဂျယ်လာမာကယ်လ်နှင့် ဖုန်းဖြင့်ဆွေးနွေးခဲ့သည်။ ဝန်ကြီးချုပ် ထရူဒေါနှင့် ဂျာမနီဝန်ကြီးချုပ် မာကယ်လ်တို့သည် ကျန်းမာရေး၊ ဘေးအန္တရာယ်ကင်းရေး၊ နိုင်ငံသားများ၏ စီးပွားရေးကို ကာကွယ်စောင့်ရှောက်မည့် ဆောင်ရွက်ချက်များ ဆွေးနွေးခဲ့ကြသည်" ဟု ထုတ်ပြန်ချက်က ဆိုသည်။ ခေါင်းဆောင်နှစ်ဦးသည် ကိုရိုနာဗိုင်းရပ်စ်တိုက်ဖျက်ရေးတွင် ကမ္ဘာ့နိုင်ငံများ ညှိနှိုင်းဆောင်ရွက်မှု၏ အရေးပါမှုကို ဆွေးနွေးခဲ့သလို ကိုဗစ်-၁၉ ရောဂါတုံ့ပြန်ရာတွင် လိုအပ်ချက်ရှိသော နိုင်ငံများသို့ ပံ့ပိုးကူညီရန် လိုအပ်ပုံကိုလည်း မီးမောင်းထိုးပြခဲ့သည်။

နိုင်ငံတကာငြိမ်းချမ်းရေးနှင့် လုံခြုံရေးမြှင့်တင်ခြင်း၊ စီးပွားရေးကြံ့ကြံ့ခံနိုင်မှုနှင့် သာယာဝပြောမှုတိုးတက်အောင် ဆောင်ရွက်ခြင်းကဲ့သို့သော ကမ္ဘာလုံးဆိုင်ရာပြဿနာများ ဖြေရှင်းရန် G-7 အပါအဝင် နယ်ပယ်အသီးသီးတွင် ဆက်လက်လက်တွဲဆောင်ရွက်ရန် ထရူဒေါနှင့် မာကယ်လ်တို့က မျှော်လင့်ကြောင်း ထုတ်ပြန်ချက်က ဆိုသည်။ ဝန်ကြီးချုပ်ထရူဒေါသည် ကိုရိုနာဗိုင်းရပ်စ် တုံ့ပြန်ရေးနှင့်ပတ်သက်၍ ပြင်သစ်သမ္မတ အီမန်နျူရယ်မေခရွန်နှင့်လည်း ဖုန်းဖြင့် ဆွေးနွေးခဲ့သည်။

"ကိုရိုနာဗိုင်းရပ်စ် ကပ်ရောဂါ၏ ကျန်းမာရေး၊ လူမှုရေးနှင့် စီးပွားရေးအကျိုးသက်ရောက်မှုများ ဖြေရှင်းမည့် နိုင်ငံတကာ၏ စည်းလုံးညီညွတ်မှုနှင့် ပူးပေါင်းဆောင်ရွက်မှု တန်ဖိုးနှင့်ပတ်သက်၍ ခေါင်းဆောင်နှစ်ဦးက ဆွေးနွေးခဲ့ကြသည်။ အာဖရိကတိုက်အပါအဝင် နိုင်ငံအချို့အတွက် ပံ့ပိုးကူညီမှု၏ အရေးပါမှုကို ၎င်းတို့က အလေးထားခဲ့သလို ကမ္ဘာ့နိုင်ငံများ၏ ညှိနှိုင်းဆောင်ရွက်မှုက တာရှည်ခံသော ပြန်လည်ကောင်းမွန်လာမှုနှင့် စီးပွားရေးကြံ့ကြံ့ခံနိုင်မှုကို အထောက်အကူပြုရန် သဘောတူခဲ့သည်" ဟု ထုတ်ပြန်ချက်က ဖော်ပြသည်။

ကိုဗစ်-၁၉ ရောဂါ တုံ့ပြန်ရန်၊ စီးပွားရေးသာယာဝပြောမှုမြှင့်တင်ရန်နှင့် ရာသီဥတုပြောင်းလဲမှု တိုက်ဖျက်ရန် ဦးစားပေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် G-7 နိုင်ငံတကာအဖွဲ့အစည်းများမှတစ်ဆင့် ဆက်လက်လက်တွဲဆောင်ရွက်ရန် ထရူဒေါနှင့် မေခရွန်က ကတိပြုခဲ့သည်။ ကမ္ဘာ့ကျန်းမာရေးအဖွဲ့အစည်း၏ စာရင်းများအရ ကနေဒါနိုင်ငံတွင် ကိုရိုနာဗိုင်းရပ်စ် ကူးစက် လူနာ ၈၄၀၀၀ ကျော်နှင့် သေဆုံးသူ ၆၄၀၀ နီးပါးရှိကြောင်း သိရသည်။

**ကိုးကား-စပွတ်နစ်**
**ဘာသာပြန်-ကျော်ထိုက်စိုး**

# ဂျပန်နိုင်ငံက ဆေးဘက်ဆိုင်ရာအထောက်အကူပစ္စည်းများနှင့် ဝန်ဆောင်ခအတွက် အမေရိကန်ဒေါ်လာ ၁ ဒသမ ၇ ဘီလီယံ သုံးစွဲမည်

**တိုကျို မေ ၂၆**

ဂျပန်နိုင်ငံအစိုးရသည် ကိုရိုနာဗိုင်းရပ်စ်ကူးစက်ပျံ့နှံ့မှုကို ကာကွယ်တားဆီးရန် ဆေးဘက်ဆိုင်ရာအထောက်အပံ့နှင့် ဝန်ဆောင်ခအတွက် အမေရိကန်ဒေါ်လာ ၁ ဒသမ ၇ ဘီလီယံ အသုံးပြုသွားမည်ဖြစ်ကြောင်း အတည်ပြုခဲ့သည်။

အဆိုပါ အမေရိကန်ဒေါ်လာ ၁ ဒသမ ၇ ဘီလီယံ အနက် အမေရိကန်ဒေါ်လာ ၁ ဒသမ ၆ ဘီလီယံခန့်ကို ကိုရိုနာဗိုင်းရပ်စ်ကူးစက်ပျံ့နှံ့မှုကို တုံ့ပြန်ဆောင်ရွက်ရန်အတွက် အထူးသီးသန့်အတည်ပြုထားသော သီးသန့်ရန်ပုံငွေမှ အသုံးပြုရန် ယနေ့တွင် ဂျပန်နိုင်ငံအစိုးရဝန်ကြီးများအဖွဲ့က သဘောတူညီခဲ့သည်။

ဂျပန်နိုင်ငံအစိုးရအနေဖြင့် နှာခေါင်းစည်းများ၊ ကာကွယ်ရေးဝတ်စုံများနှင့် လက်အိတ်များကဲ့သို့သော ဆေးဘက်ဆိုင်ရာ အထောက်အကူပစ္စည်းများကို အများအပြားထုတ်လုပ်သည့် နိုင်ငံများထံမှ ဝယ်ယူမည်ဖြစ်ပြီး ယင်းဆေးဘက်ဆိုင်ရာ အထောက်အကူပစ္စည်းများကို ဖြန့်ဝေချိန်တွင်လည်း ကိုရိုနာဗိုင်းရပ်စ်ကူးစက်လူနာများအရေး ဆောင်ရွက်ပေးနေသည့် အဖွဲ့အစည်းများကို ဦးစားပေးအဆင့်အနေဖြင့် ပေးအပ်မည်ဖြစ်သည်။

ပြည်သူ့ကျန်းမာရေး အာမခံအဖွဲ့အစည်းအား ပေးသွင်းပြီးဖြစ်သည့် အမေရိကန်ဒေါ်လာ ၁၄၈ သန်းခန့်ကို အစိုးရက တာဝန်ယူဆောင်ရွက်ရန်နှင့် ကုန်ကျစရိတ်ကို လွှမ်းခြုံဆောင်ရွက်နိုင်ရန်လည်း ဂျပန်နိုင်ငံအစိုးရဝန်ကြီးများအဖွဲ့က သဘောတူညီခဲ့သည်။

ငွေကြေးသုံးစွဲမှုတွင် အသက်ရှူလမ်းကြောင်းနှင့် နှလုံးအလုပ်လုပ်ခြင်းကို အထောက်အပံ့ပေးသည့် ECMO စက်များကို အသုံးပြုသော အထူးကြပ်မတ်ကုသဆောင်များတွင် ကိုရိုနာဗိုင်းရပ်စ်ကူးစက်လူနာများ ကုသမှုအတွက် သုံးဆအထိ သုံးစွဲသွားမည်ဖြစ်ကြောင်း သိရသည်။

**ကိုးကား-အင်န်အိတ်ချ်ကေ**
**ဘာသာပြန်-အလင်းသစ်**







# ရုရှားနိုင်ငံအရှေ့ပိုင်း၌ စစ်ဘက်ရဟတ်ယာဉ် ပျက်ကျမှုကြောင့် လေးဦး သေဆုံး



**မော်စကို မေ ၂၆**

ရုရှားလေတပ်မှ Mi-8 အမျိုးအစား ရဟတ်ယာဉ်တစ်စင်း ရုရှားနိုင်ငံအရှေ့ပိုင်း ချူကော့တာဒေသ အန်နာဒိုင်ယာမြို့အနီး ပျက်ကျ၍ မီးလောင်ကျွမ်းခဲ့ရာ လေးဦးထက်မနည်း သေဆုံးခဲ့သည်။ လေ့ကျင့်မှုပြုလုပ်စဉ် ဖြစ်ပွားခဲ့သည့် အဆိုပါပျက်ကျမှုအတွင်း အမှုထမ်းအားလုံး သေဆုံးခဲ့ကြောင်း ရုရှားတပ်မတော်က အတည်ပြုခဲ့သည်။

ဒေသန္တရအရေးပေါ်ကယ်ဆယ်ရေးဌာနက လူလေးဦးသေဆုံးခဲ့ကြောင်း အစောပိုင်းတွင် သတင်းထုတ်ပြန်ခဲ့သည်။ ရဟတ်ယာဉ်ပျက်ကျရသည့် တိကျသောအကြောင်းရင်းကို မသိရသေးသော်လည်း စက်ပိုင်းဆိုင်ရာ ချွတ်ယွင်းချက်ကြောင့်ဖြစ်နိုင်ကြောင်း ကနဦးအချက်အလက်များမှ သိရသည်။ စုံစမ်းစစ်ဆေးမှုတစ်ရပ် လုပ်ဆောင်ရန် ရဟတ်ယာဉ်ပျက်ကျရာနေရာသို့ အထူးစုံစမ်းစစ်ဆေးရေးအဖွဲ့တစ်ဖွဲ့ စေလွှတ်ခဲ့သည်။ ရဟတ်ယာဉ်ပျက်ကျရာနေရာ၌ black box များ တွေ့ရှိခဲ့ကြောင်း သိရသည်။ ယခုဖြစ်ရပ်မှာ တစ်ပတ်အတွင်း ဒုတိယအကြိမ် ရဟတ်ယာဉ်ပျက်ကျမှုဖြစ်သည်။ မေ ၁၉ ရက်က မော်စကိုမြို့အနောက်မြောက်ဘက်၌ အလားတူဖြစ်ရပ်တစ်ခုဖြစ်ပွားခဲ့ရာ အမှုထမ်းလေးဦးသေဆုံးခဲ့သည်။

၁၉၆၀ ပြည့်နှစ်များက ဆိုဗီယက်ပြည်ထောင်စုတွင် ထုတ်လုပ်ခဲ့သည့် Mi-8 စစ်ဘက် သယ်ယူပို့ဆောင်ရေးနှင့် ဘက်စုံသုံးရဟတ်ယာဉ်များသည် ကမ္ဘာပေါ်တွင် ယုံကြည်စိတ်ချရဆုံး ရဟတ်ယာဉ်များဟု ယူဆရသည်။ Mi-8 ရဟတ်ယာဉ်များကို ရုရှားနိုင်ငံတွင် ထုတ်လုပ်နေဆဲဖြစ်ပြီး ကမ္ဘာ့နိုင်ငံ ၅၀ ကျော်တွင် အသုံးပြုနေဆဲဖြစ်သည်။

**ကိုးကား-တာ့စ်နင်**
**ဘာသာပြန်-ကျော်ထိုက်စိုး**

# ရေနံဈေးကွက်နှင့် ဆီးရီးယားအရေး ရုရှားသမ္မတနှင့် အီရတ်ဝန်ကြီးချုပ်တို့ ဖုန်းဖြင့် ဆက်သွယ်ဆွေးနွေး

**မော်စကို မေ ၂၆**

ရုရှားသမ္မတ ဗလာဒီမာပူတင်သည် ကမ္ဘာ့ရေနံဈေးကွက်တည်ငြိမ်ရေး၊ ဆီးရီးယားနိုင်ငံ၏ နောက်ဆုံးအခြေအနေနှင့်ပတ်သက်၍ ယမန်နေ့က အီရတ်ဝန်ကြီးချုပ် မူစတာဖာအယ်ကာဒီမီနှင့် တယ်လီဖုန်းဖြင့် ဆက်သွယ်ဆွေးနွေးခဲ့ကြောင်း ရုရှားသမ္မတအိမ်တော်က ထုတ်ပြန်ချက်တစ်ရပ်တွင် ဖော်ပြသည်။

**အလေးအနက် ပြောဆို**

ပူတင်နှင့် အယ်ကာဒီမီတို့ ဆွေးနွေးစဉ် ကြီးမားသော ရေနံအကျပ်အတည်းကို ကျော်လွှားရန်အတွက် မကြာသေးမီက ကျင်းပသော အစည်းအဝေးတစ်ရပ်တွင် ပါဝင်တက်ရောက်ခဲ့ကြသည့် ရုရှားနှင့် အီရတ်ကိုယ်စားလှယ်တို့ သဘောတူညီမှုရရှိခဲ့သည့် ရေနံထုတ်လုပ်မှုလျှော့ချရေးဆိုင်ရာ သဘောတူချက်နှင့်စပ်လျဉ်း၍ အပြုသဘောဆောင်သော အကဲဖြတ်မှုများပြုလုပ်ခဲ့ကြပြီး နှစ်နိုင်ငံအနေဖြင့် ယင်းကိစ္စနှင့်ပတ်သက်၍ ထိရောက်သော ကြိုးပမ်းလုပ်ဆောင်မှုများကို ဆက်လက်လုပ်ဆောင်ကြရန် အလေးအနက် ပြောဆိုခဲ့ကြကြောင်း သိရသည်။

ထို့အပြင် နှစ်နိုင်ငံခေါင်းဆောင်တို့သည် ဆီးရီးယားနိုင်ငံအတွင်းရှိ နောက်ဆုံးအခြေအနေနှင့်ပတ်သက်၍ ဆွေးနွေးခဲ့ကြရာတွင် စစ်မက်ဖြစ်ပွားရာ ဆီးရီးယားနိုင်ငံအတွင်း ရေရှည်တည်တံ့သော ပုံမှန်အခြေအနေသို့ ပြန်ရောက်စေရေးနှင့် ဆီးရီးယားနိုင်ငံ၏ အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေးနှင့် နယ်မြေ၏ဂုဏ်သိက္ခာ ပြန်လည်ထူထောင်ပေးရေးအတွက် နှစ်ဖက်အကြား ညှိနှိုင်းဆောင်ရွက်မှုတိုးမြှင့်ရန် သဘောတူခဲ့ကြသည်။

ထို့အပြင် ကုန်သွယ်ရေး၊ စီးပွားရေးနှင့် စွမ်းအင်ကဏ္ဍများတွင် နှစ်နိုင်ငံအကြား ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာ ကိစ္စရပ်များနှင့်ပတ်သက်၍ ဆွေးနွေးခဲ့ကြသည့်အပြင် နှစ်နိုင်ငံအကြား ဆက်ဆံရေးကို တိုးမြှင့်ရန်လည်း ဆန္ဒရှိသည်ဟု ထုတ်ဖော်ပြောကြားခဲ့ကြသည်။

ထို့အပြင် ပူတင်နှင့် အယ်ကာဒီမီတို့သည် နယ်ပယ်အသီးသီး၌ နှစ်နိုင်ငံအကြား ထိတွေ့ဆက်ဆံမှု ဆက်လက်လုပ်ဆောင်ကြရန်လည်း သဘောတူခဲ့ကြသည်။

**ကိုးကား - ဆင်ဟွာ**
**ဘာသာပြန် - ဂျေတီ**


ရုရှားသမ္မတ ဗလာဒီမာပူတင်


အီရတ်ဝန်ကြီးချုပ် မူစတာဖာအယ်ကာဒီမီ



# ကိုဗစ်-၁၉ ရောဂါ ထပ်မံကူးစက်မှုမရှိသည့်အတွက် နိုင်ငံအတွင်း ဝင်/ထွက်ခွင့် လာအိုအစိုးရခွင့်ပြု

**ဗီယင်ကျန်း မေ ၂၆**

နိုင်ငံခြားရေးဝန်ကြီးဌာနမှ ခွင့်ပြုထားသည့် ခရီးသွားလက်မှတ်ကိုင်ဆောင်သော ကျောင်းသားများ၊ လာအိုနိုင်ငံသားများ၊ ပညာရှင်များနှင့် သံတမန်များသည် လာအိုနိုင်ငံသို့ ဝင်ရောက်ခွင့်ရမည်ဖြစ်သည့်အပြင် လာအိုနိုင်ငံမှ ထွက်ခွင့်ရရှိတော့မည်ဖြစ်ကြောင်း လာအိုတာဝန်ရှိသူများက ယနေ့ ပြောကြားသည်။

လာအိုနိုင်ငံ၌ ၄၄ ရက်အတွင်း ကိုဗစ်-၁၉ ရောဂါ ကူးစက်မှုတစ်စုံတစ်ဦးမျှ မရှိသော်လည်း ကိုဗစ်-၁၉ ရောဂါ ထိရောက်စွာ ကာကွယ်တားဆီးရေးနှင့် ထိန်းချုပ်ရေးအတွက် အစိုးရ၏လမ်းညွှန်ချက်များကိုမူ ပြည်သူများအနေဖြင့် တင်းကျပ်စွာ ဆက်လက်လိုက်နာရန် လိုအပ်ကြောင်း လာအိုကျန်းမာရေးဝန်ကြီးဌာနအောက်ရှိ ကူးစက်ရောဂါထိန်းချုပ်ရေးဌာနမှ ညွှန်ကြားရေးမှူးချုပ် ရတ်တာနာရှိုင်းဖက်စဗန့်က ယနေ့ပြုလုပ်သော သတင်းစာရှင်းလင်းပွဲတစ်ရပ်တွင် ပြောကြားသည်။

ယမန်နေ့က နိုင်ငံတကာနယ်စပ် စစ်ဆေးရေးဂိတ်များမှတစ်ဆင့် လာအိုနိုင်ငံသို့ ဝင်ရောက်လာသည့် လူဦးရေ စုစုပေါင်း ၁၉၃၄ ဦးရှိပြီး ၎င်းတို့အနက် ၁၀၉၃ ဦးသည် ထိုင်းနိုင်ငံမှ ဝင်ရောက်ခဲ့ခြင်းဖြစ်သည်။ ထို့အတူ တရုတ်နိုင်ငံမှ လေးဦးနှင့် ဗီယက်နမ်နိုင်ငံတို့မှ ၇၇၇ ဦး စသည်ဖြင့် အသီးသီး ဝင်ရောက်ခဲ့ကြကြောင်း သိရသည်။

သို့သော် အဆိုပါ အလုပ်သမားအားလုံးကို အဖျား ရှိ၊ မရှိ စစ်ဆေးခဲ့ရာ တစ်စုံတစ်ယောက်မှ အဖျားလက္ခဏာမရှိကြသော်လည်း ကိုဗစ်-၁၉ ရောဂါ ထိန်းချုပ်ရေးဆိုင်ရာ အစိုးရ၏ လမ်းညွှန်ချက်နှင့်အညီ သီးသန့်စောင့်ကြည့်ရေးစင်တာများတွင် ၁၄ ရက်ကြာ သီးခြားခွဲ၍ စောင့်ကြည့်ရမည်ဖြစ်ကြောင်း သိရသည်။

လာအိုအစိုးရသည် ကိုဗစ်-၁၉ ရောဂါ သံသယရှိသူများအတွက် နိုင်ငံတစ်ဝန်းတွင် သီးခြားစောင့်ကြည့်ရေးစင်တာ ၉၀ ဖန်တီးပေးထားပြီး ယင်းစင်တာများတွင် ကိုဗစ်-၁၉ ရောဂါ သံသယရှိသူ ၃၇၅၆ ဦးကို လောလောဆယ် သီးခြားစောင့်ကြည့်လျက်ရှိကြောင်း ကိုဗစ်-၁၉ ရောဂါ ကာကွယ်တားဆီးရေးနှင့် ထိန်းချုပ်ရေးဆိုင်ရာ အမျိုးသားလုပ်ငန်းအင်အားစုကော်မတီက ယနေ့ ပြောကြားသည်။

လာအိုအစိုးရသည် နိုင်ငံအတွင်း ကိုဗစ်-၁၉ ရောဂါ စမ်းသပ်စစ်ဆေးမှုကို အရှိန်မြှင့်လုပ်ဆောင်လျက်ရှိရာ ထိုအချိန်မှစ၍ ယနေ့အထိ လူ ၅၈၅၅ ဦး၏ နမူနာကို ရောဂါပိုး ရှိ၊ မရှိ စမ်းသပ်စစ်ဆေးခဲ့ပြီး ၎င်းတို့အနက် ၁၉ ဦးတွင် ကိုဗစ်-၁၉ ရောဂါပိုး တွေ့ရှိခဲ့ခြင်းဖြစ်သည်။

သို့သော် ရောဂါ ကူးစက်ခံရသူ ၁၉ ဦးအနက် ၁၄ ဦးသည် ကိုဗစ်-၁၉ ရောဂါမှ ပြန်လည်ကျန်းမာလာခဲ့ပြီး ဆေးရုံများမှ ပြန်ဆင်းသွားကြောင်း သိရသည်။ ကျန်လူနာငါးဦးသည် မြို့တော် ဗီယင်ကျန်းရှိ အစိုးရက သတ်မှတ်ထားသည့် ဆေးရုံတွင် ဆေးဝါးကုသမှု ခံယူလျက်ရှိကြကြောင်း သိရသည်။

လာအိုနိုင်ငံတွင် ပထမဆုံး ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူ နှစ်ဦးကို မတ် ၂၄ ရက်က စမ်းသပ်တွေ့ရှိခဲ့ကြောင်း သိရသည်။

**ကိုးကား - ဆင်ဟွာ**
**ဘာသာပြန် - ဂျေတီ**

# မွန်တီနီဂရိုးနိုင်ငံက ကိုဗစ်-၁၉ ရောဂါ ကင်းစင်နိုင်ငံအဖြစ် ကြေညာ

**ပေါ့ဒ်ဂျိုရီကာ မေ ၂၆**

မွန်တီနီဂရိုးနိုင်ငံတွင် ကိုရိုနာဗိုင်းရပ်စ်ကူးစက်ခံရသူအားလုံး ပြန်လည်ကျန်းမာလာသည့်အတွက် ကိုရိုနာဗိုင်းရပ်စ်ကင်းစင်နိုင်ငံဖြစ်လာပြီဖြစ်ကြောင်း ပြည်သူ့ကျန်းမာရေးအင်စတီကျူက ယမန်နေ့က ကြေညာခဲ့သည်။

မွန်တီနီဂရိုးနိုင်ငံသည် ဥရောပအရှေ့တောင်ပိုင်းနိုင်ငံများအနက် ကိုရိုနာဗိုင်းရပ်စ်ကူးစက်မှု နောက်ဆုံးတွေ့ရှိသောနိုင်ငံဖြစ်ခဲ့သည်။ သို့သော် ဗိုင်းရပ်စ်ကူးစက်ခံရသူများ စစ်ဆေးမတွေ့ရှိမီကတည်းက ဗိုင်းရပ်စ်ကာကွယ်ရေး လုပ်ငန်းစဉ်များကို ကြိုတင်ဆောင်ရွက်ထားရှိခဲ့သည်။

နိုင်ငံအတွင်း၌ ဗိုင်းရပ်စ်ကူးစက်ခံရသူ ၃၂၄ ဦးရှိခဲ့ပြီး ၃၁၅ ဦးပြန်လည်ကျန်းမာလာကာ ကိုးဦး သေဆုံးခဲ့သည်။

နိုင်ငံအတွင်း ဗိုင်းရပ်စ်ကူးစက်မှုများ ထပ်မံမတွေ့ရှိသည့်အတွက် ဗိုင်းရပ်စ်ကာကွယ်ရေးစည်းမျဉ်းများကို လိုက်နာကြသည့် ပြည်သူများနှင့် ဗိုင်းရပ်စ်ကာကွယ်ရေးအတွက် ပိုင်းဝန်းကြိုးပမ်းပေးခဲ့သည့် အဖွဲ့အစည်းများအား မွန်တီနီဂရိုးဝန်ကြီးချုပ် ဒူစကို မက်ကိုဗစ်က ကျေးဇူးတင်စကားဆိုခဲ့သည်။

အကယ်၍ နိုင်ငံအတွင်း၌ ဗိုင်းရပ်စ်ကူးစက်ခံရသူများ အသစ်ထပ်မံတွေ့ရှိပါက လိုအပ်သော ဗိုင်းရပ်စ်ကာကွယ်ရေးဆိုင်ရာ ပစ္စည်းများနှင့် ဆေးဝါးထောက်ပံ့မှုများ လုံလောက်စွာရှိသည့်အတွက် စိုးရိမ်ပူပန်မှုမရှိကြရန် ဝန်ကြီးချုပ် မက်ကိုဗစ်က ပြည်သူများအား ပြောကြားသည်။

**ကိုးကား - နယူးယောက်တိုင်းမ်**
**ဘာသာပြန် - အောင်ကျော်ကျော်**



# အာဖဂန်အစိုးရက တာလီဘန်အကျဉ်းသား ၉၀၀ ခန့် ပြန်လည်လွှတ်ပေး

**ကဘူး မေ ၂၆**

အာဖဂန်-တာလီဘန် ငြိမ်းချမ်းရေးဆွေးနွေးမှုများ အထမြောက်အောင်မြင်စေရန်ရည်ရွယ်ပြီး အာဖဂန်နစ္စတန်အစိုးရက တာလီဘန်အကျဉ်းသား ၉၀၀ ခန့်အား ယနေ့ပြန်လည်လွှတ်ပေးခဲ့ကြောင်း သိရသည်။

အာဖဂန်-တာလီဘန် ငြိမ်းချမ်းရေးဆွေးနွေးမှုများ စတင်နိုင်ရန်နှင့် အပစ်အခတ်ရပ်စဲရေးသဘောတူညီမှုများ ထပ်မံတိုးမြှင့်နိုင်ရန်အတွက် အာဖဂန်အစိုးရက တာလီဘန်အကျဉ်းသား ၉၀၀ ကို ပြန်လည်လွှတ်ပေးခဲ့ခြင်းဖြစ်သည်ဟု အမျိုးသားလုံခြုံရေးကောင်စီရုံး ပြောရေးဆိုခွင့်ရှိသူ ဂျဗစ်ဖေဆယ်က ပြောကြားခဲ့သည်။

တာလီဘန်စစ်သွေးကြွအဖွဲ့က အိဒ် ဘာသာရေးပွဲတော်ကျင်းပရေးအတွက် သုံးရက်တာ အပစ်အခတ်ရပ်စဲရေးကြေညာခဲ့ပြီးနောက် အာဖဂန်အစိုးရက တာလီဘန်အကျဉ်းသားများလွှတ်ပေးခဲ့ခြင်းဖြစ်သည်။ တာလီဘန်စစ်သွေးကြွအဖွဲ့က အပစ်အခတ်ရပ်စဲရေးသဘောတူညီချက်ကို နောက်ထပ်လေးရက် (သို့မဟုတ်) လေးရက်ထက်ပိုပြီး တိုးမြှင့်သတ်မှတ်ရန် သဘောတူညီခဲ့ကြောင်း သိရသည်။ **ကိုးကား - ဆင်ဟွာ၊ ဘာသာပြန် - အောင်ကျော်ကျော်**

**ကမ္ဘာတစ်ဝန်း ကိုဗစ်-၁၉ ရောဂါဆိုင်ရာ နောက်ဆုံးအခြေအနေ**

ဗိုင်းရပ်စ်ပိုး ကူးစက်ခံရသူ

၅၆၂၂၉၃၉ ဦး

သေဆုံးသူ

၃၄၈၇၁၅ ဦး

ပြန်လည်ကျန်းမာလာသူ

၂၃၉၃၅၃၉ ဦး

# လွိုင်လင်မြို့နယ်၌ ငွေကျပ် ဘီလီယံ ၄၀ ကျော် တန်ဖိုးရှိ အိုက်စ်များ သိမ်းဆည်းရမိ

**လွိုင်လင် မေ ၂၆**

ရှမ်းပြည်နယ် လွိုင်လင်မြို့နယ်၌ မေ ၂၄ ရက်က ငွေကျပ် ဘီလီယံ ၄၀ ကျော်တန်ဖိုးရှိ အိုက်စ်များ သိမ်းဆည်းရမိခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ မူးယစ်ဆေးဝါး တားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များ ပါဝင်သော ပူးပေါင်းအဖွဲ့သည် သတင်းအရ မေ ၂၄ ရက် နံနက် ၂ နာရီတွင် လွိုင်လင်မြို့ ဟိုတင့်ကျေးရွာအနီး လွိုင်လင်-တောင်ကြီးကားလမ်းတွင် ခွန်စံဦးမောင်းနှင်ပြီး ဝေလင်းထွန်း လိုက်ပါလာသည့် ၁၂ ဘီးယာဉ်ကို ရပ်တန့်ရှာဖွေရာ ၎င်းယာဉ်အတွင်းမှ အိုက်စ် ၁၆၁၅ ကီလို သိမ်းဆည်းရမိခဲ့သည်။

ယာဉ်မောင်း ခွန်စံဦးနှင့် ဝေလင်းထွန်းတို့အား စစ်ဆေးချက်အရ အမှုတွင် ပါဝင်ပတ်သက်သူများဖြစ်သည့် ကရင်ပြည်နယ် ကြာအင်းဆိပ်ကြီးမြို့နယ် ဘုရားသုံးဆူမြို့နယ်ခွဲ ကျွန်းချောင်းအုပ်စု လေးဖာထောကျေးရွာနေ ကိုသူ(ခ)မြင့်သူ၊ ကိုဖြူနှင့် မိုင်းရှူးမြို့နယ် ဝမ်ဟိုင်းကျေးရွာအုပ်စု ဝမ်ဆော့ကျေးရွာနေ ကိုစိုင်းတို့အား မူးယစ်ဆေးဝါးနှင့်စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာ ဥပဒေအရ အရေးယူထားကြောင်း သိရသည်။

ရဲပြန်ကြား

ခွန်စံဦးနှင့် ဝေလင်းထွန်းတို့အား သိမ်းဆည်းရမိသည့် အိုက်စ်များနှင့်အတူ တွေ့ရစဉ်။



# မန္တလေးမြို့၌ ကလေးငယ်နှစ်ဦးအား ငွေကြေးများ တောင်းခိုင်းသည့် အမျိုးသားနှစ်ဦးကို ထောင်ဒဏ် တစ်နှစ်စီချမှတ်

**မန္တလေး မေ ၂၆**

ကလေးငယ်နှစ်ဦးအား အဓမ္မခိုင်းစေ၍ ငွေကြေး တောင်းရမ်းခိုင်းနေသည့် အမျိုးသားနှစ်ဦးကို သက်ဆိုင်ရာ မြို့မရဲစခန်း၌ ကလေးသူငယ်အခွင့်အရေးများဆိုင်ရာဥပဒေဖြင့် ယမန်နေ့ မွန်းလွဲပိုင်းက အမှုဖွင့်အရေးယူခဲ့ပြီး ယနေ့တွင် တရားရုံးက အလုပ်နှင့် ထောင်ဒဏ် တစ်နှစ်စီ ပြစ်ဒဏ်ချမှတ်ခဲ့ကြောင်း သိရသည်။

မန္တလေးမြို့ ချမ်းအေးသာစံမြို့နယ် ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံးမှ ရာအိမ်မှူးသည် မေ ၂၅ ရက် နံနက်ပိုင်းက ၂၆ လမ်းနှင့် ၇၈ လမ်းထောင့် မီးပွိုင့်တွင် အမျိုးသားနှစ်ဦးက ကလေးငယ်နှစ်ဦးကို အဓမ္မခိုင်းစေ၍ ငွေကြေးတောင်းရမ်းခိုင်းနေကြောင်း သတင်းအရ အမှတ်(၈)မြို့မရဲစခန်းမှ တပ်ဖွဲ့ဝင်များ၊ ဆက်စပ်ရပ်ကွက်များမှ အုပ်ချုပ်ရေးအဖွဲ့ဝင်များနှင့်အတူ သွားရောက်စစ်ဆေးရာ ကလေးငယ်နှစ်ဦးမှာ အသက်လေးနှစ် နှစ်လနှင့် အသက်ခြောက်နှစ်အရွယ်ရှိ ယောကျ်ားလေးများဖြစ်ကြပြီး ၎င်းတို့အား ငွေကြေးတောင်းရမ်းခိုင်းသူများမှာ ဖခင်တော်စပ်သူများဖြစ်ကြောင်း သိရှိရပြီး တောင်းရမ်းခိုင်း၍ ရရှိငွေနှင့်အတူ တွေ့ရှိဖမ်းဆီး၍ ကလေးသူငယ်နှစ်ဦးအား အတင်းအဓမ္မခိုင်းစေ၍ လမ်းသွားလမ်းလာများနှင့် မော်တော်ယာဉ်များထံမှ ငွေကြေးများ တောင်းရမ်းခိုင်းသူ ဝင်းနိုင်နှင့် သိန်းဆုတို့ နှစ်ဦးကို ချမ်းအေးသာစံမြို့နယ် အမှတ်(၈) မြို့မရဲစခန်းက အမှုဖွင့်အရေးယူခဲ့ကြောင်း သိရသည်။

အဆိုပါ အမျိုးသားနှစ်ဦးကို ယနေ့ နံနက်ပိုင်းတွင် မြို့နယ်တရားရုံးသို့ တရားစွဲတင်ပို့ခဲ့ရာ ပြစ်မှုကျူးလွန်ကြောင်း ဝန်ခံထွက်ဆို၍ မြို့နယ်တရားသူကြီးက အလုပ်နှင့် ထောင်ဒဏ် တစ်နှစ်စီကျခံစေရန် အမိန့်ချမှတ်ခဲ့ကြောင်း သိရသည်။

**သန်းဇော်မင်း(ပြန်/ဆက်)**



# ရမည်းသင်းမြို့နယ်၌ စိတ်ကြွဆေးပြားများ သိမ်းဆည်းရမိ

**ရမည်းသင်း မေ ၂၆**

မန္တလေးတိုင်းဒေသကြီး ရမည်းသင်းခရိုင်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးကြီးဝင်းကျော်နှင့် ရဲတပ်ဖွဲ့ဝင်များ၊ ပူးပေါင်းအဖွဲ့သည် သတင်းအရ ယမန်နေ့ မွန်းလွဲ ၂ နာရီတွင် ဇီးဖြူကုန်းကျေးရွာနေ မင်းအောင်၏နေအိမ်သို့ ဝင်ရောက်ရှာဖွေရာ စိတ်ကြွဆေးပြား ၅၄၇ ပြား၊ အရှည် လေးပေခန့်ရှိ တူမီးသေနတ်တစ်လက်တို့အား တွေ့ရှိသိမ်းဆည်းရမိခဲ့သဖြင့် ၎င်းအား ရမည်းသင်းမြို့မရဲစခန်းက မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာဥပဒေဖြင့် အမှုဖွင့်အရေးယူထားကြောင်း သိရသည်။

ရဲပြန်ကြား

# သဃ်န်းကျွန်းမြို့နယ်၌ ယာဉ်တိုက်မှုကြောင့် တစ်ဦးသေဆုံး

**ရန်ကုန် မေ ၂၆**

ရန်ကုန်အရှေ့ပိုင်းခရိုင် သဃ်န်းကျွန်းမြို့နယ်၌ ယမန်နေ့ နံနက်ပိုင်းက ယာဉ်နောက်ဆုတ်ရာမှ ယာဉ်နောက်တွင်ရှိနေသူအား တိုက်မိပြီး သေဆုံးမှုဖြစ်ပွားခဲ့သည်။

ဖြစ်စဉ်မှာ သဃ်န်းကျွန်းမြို့နယ် (ဃ)ရပ်ကွက် လွတ်လပ်ရေးလမ်းပေါ်တွင် ရှိန်းထက်အောင် မောင်းနှင်သောယာဉ်သည် အရှေ့မှအနောက်သို့ နောက်ဆုတ်စဉ် ယာဉ်နောက်တွင် ရှိသော ကိုထက်နိုင်ဖြိုးအား တိုက်မိသဖြင့် ဒဏ်ရာများရရှိကာ သေဆုံးခဲ့ကြောင်း သိရသည်။

ချယ်ရီ

# မြို့နယ်အချို့တွင် တရားမဝင်သစ်များ သိမ်းဆည်းရမိ

**နေပြည်တော် မေ ၂၆**

သစ်တောဦးစီးဌာနမှဝန်ထမ်းများ၊ သစ်တောလုံခြုံရေး ရဲတပ်ဖွဲ့ဝင်များ၊ မြန်မာနိုင်ငံ ရဲတပ်ဖွဲ့ဝင်များ၊ လွှတ်တော်ကိုယ်စားလှယ်ရုံးမှ အဖွဲ့ဝင်များ၊ ကျေးရွာ/ ရပ်ကွက်အုပ်ချုပ်ရေးအဖွဲ့ဝင်များ၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှဝန်ထမ်းများ၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ တပ်မတော်သားများ ပါဝင်သော ပူးပေါင်းအဖွဲ့သည် မေ ၂၂ ရက်မှ ၂၄ ရက်အထိ မကွေးတိုင်းဒေသကြီး ဂန့်ဂေါမြို့နယ် လောင်ထောင်ကြိုးဝိုင်း(၂၁)အတွင်း တရားမဝင် ကျွန်း ၂၂ ဒသမ ၁၁၄ တန်၊ လောင်ထောင်ကြိုးဝိုင်းအကွက်အမှတ်(၁၉)အတွင်းမှ ကျွန်းသစ် ၁၅ ဒသမ ၁၆၈၀ တန်၊ ကလေးဝမြို့နယ် နန်းမော်ကယ်ရွာ၏ အနီးမှ ကျွန်း/ပျဉ်းကတိုးခွဲသား ၁၁ ဒသမ ၄၆၁၄ တန်၊ ကလေးမြို့နယ် ဘုန်းကြိုးဝိုင်းအကွက်အမှတ်(၆၉) အတွင်းမှ ကျွန်း/ပျဉ်းကတိုးသစ် ၁၃ ဒသမ ၈၉ တန်၊ ပင်လောင်းမြို့နယ် ပေါင်းလောင်းကြိုးဝိုင်းအကွက်အမှတ် (၁၅၈) အတွင်း မျောက်သွေး/ စကားဝါသစ်/ စကွဲယား ၁၅ ဒသမ ၅၉၂၈ တန်၊ စဉ့်ကူးမြို့နယ် ဆည်တော်ကြီးဆည်အတွင်းမှ ကျွန်းခွဲသား/ သစ်မာ/ အခြားသစ် ၃၈ ဒသမ ၃၉၁၂ တန်၊ ပဲခူးမြို့နယ် ဇီးတောကျေးရွာအနီးမှ ကျွန်းသစ်ခွဲသား ၈ ဒသမ ၅၄၃၀ တန်၊ ကြို့ပင်ကောက်-အလယ်ကုန်းလမ်းမကြီးတွင် ယာဉ်ပေါ်မှ ပျဉ်းကတိုးခွဲသား ၃ ဒသမ ၅၂၂၈ တန်၊ ပုသိမ်မြို့နယ် ကြက်တူရွေးချောင်းဘေးမှ ဘောင်ဆန့်ခွဲသား ၇ ဒသမ ၅၁၅၈ တန်အား ပိုင်ရှင်မဲ့သိမ်းဆည်းရမိခဲ့သည်။

ရန်ကုန် - ပုသိမ် ကားလမ်း ဗိုလ်မြတ်ထွန်းတံတား (Toll Gate)အနီး ယာဉ်ပေါ်မှ တောင်သရက်ခွဲသား ၅ ဒသမ ဝ၁၁၂ တန်နှင့်အတူ ပြစ်မှုကျူးလွန်သူနှစ်ဦး၊ ကျိုက်ခမီမြို့ အောင်သုခရပ်ကွက်အတွင်းရှိ နေအိမ်ခြံဝင်းများအတွင်း တရားမဝင် ကညင်/ကတွတ်ခွဲသား ၁၀၁ ဒသမ ၉၆၀၁ တန်နှင့်အတူ ပြစ်မှုကျူးလွန်သူသုံးဦး၊ မုံရွာ-ယာကြီး-ကလေးဝကားလမ်း မိုင်တိုင်အမှတ် (၄၉/၂) အနီး၌ ပိတောက်ခွဲသား ၃ ဒသမ ၃၉၀၆ တန်၊ ၁၂ ဘီးယာဉ်တစ်စီးနှင့်အတူ ပြစ်မှုကျူးလွန်သူနှစ်ဦးတို့အား ဖမ်းဆီးရမိခဲ့ပြီး ပြစ်မှုကျူးလွန်သူများအား ဥပဒေနှင့်အညီ ထိရောက်စွာ အရေးယူနိုင်ရေး သက်ဆိုင်ရာရဲစခန်းတွင် အမှုဖွင့်လှစ် ဆောင်ရွက်လျက်ရှိပါကြောင်း သစ်တောဦးစီးဌာနမှ သိရသည်။

**ညီညီသန်း(နေပြည်တော်)**

# တရားမဝင်ကုန်စည်များ တားဆီးထိန်းချုပ်ရေး ဆောင်ရွက်လျက်ရှိ

**နေပြည်တော် မေ ၂၆**

တရားမဝင်ကုန်စည်များ တားဆီးထိန်းချုပ်ရေးအတွက် ရေပူနှင့်မရမ်းချောင် အမြဲတမ်းစစ်ဆေးရေးစခန်းတို့ကို ဌာနဆိုင်ရာပူးပေါင်းအဖွဲ့များဖြင့် ၂၀၁၇ ခုနှစ် မတ် ၁ ရက်တွင် စတင်ဖွင့်လှစ်ဆောင်ရွက်ခဲ့ပြီး ယမန်နေ့တွင် မန္တလေး-မူဆယ် ပြည်ထောင်စုလမ်းမကြီး တစ်လျှောက် ကုန်သွယ်မှုယာဉ် ပို့ကုန် ၃၄၆ စီး၊ သွင်းကုန် ၃၃၅ စီး၊ ရန်ကုန်-မြဝတီလမ်းမကြီးတစ်လျှောက် ကုန်သွယ်မှုယာဉ် သွင်းကုန် ၂၁၇ စီး ကုန်စည်များ သယ်ယူပို့ဆောင်လျက်ရှိသည်။

အဆိုပါစစ်ဆေးရေးစခန်းများက တင်သွင်း/တင်ပို့သော ကုန်ပစ္စည်းများကို စစ်ဆေးမှုပြုလုပ်ဆောင်ရွက်လျက်ရှိရာ ယမန်နေ့တွင် မရမ်းချောင် အမြဲတမ်းစစ်ဆေးရေးစခန်းက တားဆီးမှု တစ်မှု ခန့်မှန်းတန်ဖိုးငွေကျပ် ၇ ဒသမ ၂ သန်း တန်ဖိုးရှိ တရားဝင်စာရွက်စာတမ်းအထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် ကွမ်းစားဆေး Parijat(1 x10x30)-12Pkgs အား စစ်ဆေးတွေ့ရှိ၍ သိမ်းဆည်းခဲ့ကြောင်းသိရသည်။

**သတင်းစဉ်**

# ကျောက်တံခါးမြို့၌ လျှပ်စစ်ပန်ကာ အပူလွန်ကဲရာမှ နေအိမ်တစ်လုံးမီးလောင်

**ကျောက်တံခါး မေ ၂၆**

ပဲခူးတိုင်းဒေသကြီး ကျောက်တံခါးမြို့နယ် ကျောက်တံခါးမြို့ ကွင်းနောက်ရပ်ကွက် ရန်ကုန်မန္တလေးပြည်ထောင်စုလမ်း လျှပ်စစ်(၂)လမ်းထိပ်၌ ယနေ့နံနက် ၃ နာရီခန့်၌ လူနေအိမ်တစ်လုံး မီးလောင်မှုဖြစ်ပွားခဲ့သည်။

ဖြစ်စဉ်မှာ ကျောက်တံခါးမြို့ ကွင်းနောက်ရပ်ကွက် လျှပ်စစ်(၂)လမ်း ဦးဒီလစ်ကူးမား၏ နေအိမ်အပေါ်ထပ်ရှိ လျှပ်စစ်ပန်ကာအပူလွန်ကဲရာမှတစ်ဆင့် မီးလောင်မှုဖြစ်ပွားခဲ့သည်။

မီးလောင်မှုကြောင့် နေအိမ်မိသားစုများဖြစ်သည့် ဂိုပ၊ သက်ဦးကို၊ မူဆီတို့သုံးဦးမှာ လက်မောင်းလက်ပြင်နှင့် ပုခုံးတို့တွင် မီးဟပ်ပေါက်ပြဲဒဏ်ရာ(မစိုးရိမ်ရ)ရရှိခဲ့၍ ကျောက်တံခါးမြို့နယ် ပြည်သူ့ဆေးရုံသို့ ပို့ဆောင်ခဲ့သည်။

ဖြစ်စဉ်နှင့်ပတ်သက်ပြီး ကျောက်တံခါးမြို့မရဲစခန်းက ဦးဒီလစ်ကူးမားအား အမှုဖွင့်အရေးယူဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**ခင်ကို(ကျောက်တံခါး)**

# ကျွန်းစုမြို့၌ နှာခေါင်းစည်းမဝတ်သူ ၃၃ ဦးအား ဒဏ်ရိုက်အရေးယူ

**ကျွန်းစု မေ ၂၆**

တနင်္သာရီတိုင်းဒေသကြီး ကျွန်းစုမြို့နယ်တွင် ကိုဗစ်-၁၉ ရောဂါထိန်းချုပ်ရေးနှင့် အရေးပေါ်တုံ့ပြန်ရေးကော်မတီနှင့် ဌာနဆိုင်ရာအဖွဲ့အစည်းများ၊ ပရဟိတအဖွဲ့များ ပူးပေါင်း၍ ယမန်နေ့ မွန်းလွဲပိုင်းက ကိုဗစ်-၁၉ ရောဂါ ကာကွယ်ထိန်းချုပ်နိုင်ရေးအတွက် နှာခေါင်းစည်းမဝတ်ဘဲ သွားလာနေသူများအား စစ်ဆေးဒဏ်ရိုက်အရေးယူခြင်း ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

စစ်ဆေးရာတွင် ဒုတိယမြို့နယ်အုပ်ချုပ်ရေးမှူး ဦးကျော်သီဟနှင့် ကိုဗစ်-၁၉ ရောဂါထိန်းချုပ်ရေးနှင့် အရေးပေါ်တုံ့ပြန်ရေးကော်မတီဝင်များ၊ ဌာနဆိုင်ရာအဖွဲ့အစည်းများ၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးများ၊ လူမှုရေးအသင်းအဖွဲ့များ ပူးပေါင်း၍ ကျွန်းစုမြို့ အမှတ်(၁)ရပ်ကွက် မြို့မဈေးရှေ့နှင့် ဗိုလ်ချုပ်လမ်းတစ်လျှောက်၊ ဆိပ်ကမ်းတံတားနှင့် အမြန်ရေယာဉ်အတွင်း၊ ကျွန်းစုမြို့ အမှတ်(၂)ရပ်ကွက် ဗိုလ်ချုပ်လမ်းနှင့် ဘုရင့်နောင်လမ်းဆုံတို့၌ နှာခေါင်းစည်းမဝတ်ဘဲ သွားလာနေကြသူ ၃၃ ဦးတို့အား ငွေကျပ် ၅၀၀၀ နှင့်ညီမျှသော နှာခေါင်းစည်းများ ဝယ်ယူစေခြင်း ဒဏ်ရိုက်ဆောင်ရွက်ခဲ့ကြကြောင်း သိရသည်။

**စည်သူရအောင်(ကျွန်းစု)**



## COVID-19 ရောဂါ စောင့်ကြပ်ကြည့်ရှုမှုနှင့်ပတ်သက်၍ သတင်းထုတ်ပြန်ခြင်း

### (၂၆-၅-၂၀၂၀) ရက်နေ့၊ ည (၈:၀၀)နာရီ

၁။ (၂၆-၅-၂၀၂၀) ရက်နေ့၊ ညနေပိုင်းတွင် အမျိုးသားကျန်းမာရေးဓာတ်ခွဲမှုဆိုင်ရာဌာန (ရန်ကုန်) မှ (ပထမအသုတ်) စစ်ဆေးပြီးစီးခဲ့သော ဓာတ်ခွဲနမူနာ (၅၅၉) ခု၊ ဆေးသုတေသနဦးစီးဌာန (DMR) မှ (ပထမအသုတ်) စစ်ဆေးပြီးစီးခဲ့သော ဓာတ်ခွဲနမူနာ (၁၁၁) ခု၊ စုစုပေါင်း (၆၇၀)ခုတွင် -

- COVID-19 ရောဂါ ဓာတ်ခွဲအတည်ပြု လူနာသစ် (၃) ဦးတွေ့ရှိရပါသည်။

၂။ (၂၆-၅-၂၀၂၀) ရက်နေ့၊ ည (၈:၀၀)နာရီအထိ မြန်မာနိုင်ငံတွင် COVID-19 ရောဂါ ဓာတ်ခွဲအတည်ပြုလူနာ (၂၀၆) ဦးရှိပြီဖြစ်ပါသည်။

၃။ (၂၆-၅-၂၀၂၀) ရက်နေ့အထိ ဓာတ်ခွဲအတည်ပြု လူနာဟောင်း (old confirmed case) များ၏ ဓာတ်ခွဲနမူနာများတွင် (၂) ကြိမ် ဆက်တိုက် ပိုးမတွေ့ရှိသူ အသစ် (၁) ဦး (Case-52) ရှိခဲ့သဖြင့် စုစုပေါင်း (၁၂၄) ဦးရှိပြီး ၎င်းတို့အနက် (၁၁၄) ဦးအား ဆေးရုံမှ ဆင်းခွင့်ပြုခဲ့ပြီးဖြစ်ကာ သတ်မှတ်နေရာများတွင် အသွားအလာဆက်လက်ကန့်သတ်၍ စောင့်ကြပ်ကြည့်ရှုလျက်ရှိပါသည်။

၄။ ဓာတ်ခွဲအတည်ပြုလူနာများအနက် သေဆုံးသူ (၆)ဦး ရှိပါသည်။

၅။ (၂၅-၅-၂၀၂၀) ရက်နေ့၊ နေ့လယ် (၁၂:၀၀) နာရီမှ (၂၆-၅-၂၀၂၀)ရက်နေ့၊ နေ့လယ် (၁၂:၀၀) နာရီအတွင်း တွေ့ရှိရသော စောင့်ကြည့်လူနာအသစ် (၆၂) ဦး ရှိပါသည်။

**COVID-19 ရောဂါအတွက် ဓာတ်ခွဲစစ်ဆေးခဲ့မှုအခြေအနေထုတ်ပြန်ချက်**
**(၂၆-၅-၂၀၂၀) ရက်နေ့၊ ည (၈:၀၀) နာရီ**

| | |
|---|---|
| (၂၆-၅-၂၀၂၀) ရက်နေ့တွင် အမျိုးသားကျန်းမာရေးဓာတ်ခွဲမှုဆိုင်ရာဌာန (ရန်ကုန်) မှ (ပထမအသုတ်) ဓာတ်ခွဲစစ်ဆေးပြီးစီးခဲ့သည့် ဓာတ်ခွဲနမူနာ | (၅၅၉) ခု |
| (၂၆-၅-၂၀၂၀) ရက်နေ့တွင် ဆေးသုတေသနဦးစီးဌာနမှ (ပထမအသုတ်) ဓာတ်ခွဲစစ်ဆေးပြီးစီးခဲ့သည့် ဓာတ်ခွဲနမူနာ | (၁၁၁) ခု |
| COVID-19 (SARS-CoV-2) တွေ့ရှိ (ဓာတ်ခွဲအတည်ပြုလူနာသစ်) (positive) | (၃) ဦး |

**COVID-19 ရောဂါအတွက် ဓာတ်ခွဲစစ်ဆေးခဲ့မှုအခြေအနေထုတ်ပြန်ချက်**
**(၂၆-၅-၂၀၂၀) ရက်နေ့၊ ည (၈:၀၀) နာရီ**

| | အသစ် | ယခုအထိ စုစုပေါင်း |
|---|---|---|
| COVID-19 ဓာတ်ခွဲအတည်ပြုလူနာ စုစုပေါင်း (confirmed) | (၃) ဦး | (၂၀၆) ဦး |
| ကုသမှုခံယူပြီး ရောဂါပိုးကင်းစင်လာသူ (recovered) | (၁) ဦး | (၁၂၄) ဦး |
| သေဆုံးလူနာ (death) | (၀) ဦး | (၆) ဦး |

**(၂၆-၅-၂၀၂၀) ရက်နေ့ ဓာတ်ခွဲစစ်ဆေးမှုများတွင် COVID-19 လူနာတွေ့ရှိမှု**
**ည (၈:၀၀) နာရီ**

| လူနာ အမှတ်စဉ် | အသက် | ကျား/ မ | နေထိုင်ခဲ့သည့် လိပ်စာ | COVID-19 ရောဂါ အတည်ပြု လူနာများနှင့် ထိတွေ့မှု | ပြည်ပသို့ ခရီးသွား ရာဇဝင် ရှိ/ မရှိ | ဆေးကုသမှု ခံယူစေမည့် ဆေးရုံ | COVID-19 ဓာတ်ခွဲ အဖြေ | မှတ်ချက် |
|---|---|---|---|---|---|---|---|---|
| 204 | ၃၉ နှစ် | ကျား | မန္တလေးမြို့၊ မန္တလေးတိုင်းဒေသကြီး | မရှိ | ရှိ (အိန္ဒိယ) | ဝေဘာဂီအထူးကုဆေးရုံ | တွေ့ရှိ | အသွားအလာ ကန့်သတ်ထားရှိသူများ (မြောက်ဒဂုံမြို့နယ်) |
| 205 | ၆၃ နှစ် | မ | မန္တလေးမြို့၊ မန္တလေးတိုင်းဒေသကြီး | မရှိ | ရှိ (အိန္ဒိယ) | ဝေဘာဂီအထူးကုဆေးရုံ | တွေ့ရှိ | |
| 206 | ၆၆ နှစ် | ကျား | မန္တလေးမြို့၊ မန္တလေးတိုင်းဒေသကြီး | မရှိ | ရှိ (အိန္ဒိယ) | ဝေဘာဂီအထူးကုဆေးရုံ | တွေ့ရှိ | |

ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန

## COVID-19 ရောဂါ စောင့်ကြပ်ကြည့်ရှုမှုနှင့်ပတ်သက်၍ သတင်းထုတ်ပြန်ခြင်း

### (၂၆-၅-၂၀၂၀) ရက်နေ့၊ နံနက် (၈:၀၀) နာရီ

၁။ (၂၅-၅-၂၀၂၀) ရက်နေ့တွင် အမျိုးသားကျန်းမာရေးဓာတ်ခွဲမှုဆိုင်ရာဌာန (ရန်ကုန်) (NHL) မှ ဓာတ်ခွဲနမူနာ (၃၇၅) ခုအား ထပ်မံစစ်ဆေးခဲ့ရာ -

- COVID-19 ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် မတွေ့ရှိရပါ။

၂။ သို့ဖြစ်ရာ (၂၅-၅-၂၀၂၀) ရက်နေ့အတွက် အမျိုးသားကျန်းမာရေးဓာတ်ခွဲမှုဆိုင်ရာဌာန (ရန်ကုန်) (NHL) မှ ဓာတ်ခွဲနမူနာ (၆၅၆) ခုနှင့် ဆေးသုတေသနဦးစီးဌာန(DMR)မှ ဓာတ်ခွဲနမူနာ (၁၂၁) ခု၊ စုစုပေါင်း (၇၇၇) ခုအား စစ်ဆေးခဲ့ရာတွင် COVID-19 ရောဂါ ဓာတ်ခွဲအတည်ပြု လူနာသစ် (၂) ဦး တွေ့ရှိခဲ့ပါသည်။ COVID-19 ရောဂါ ဓာတ်ခွဲအတည်ပြု လူနာသစ် (၂) ဦး တွေ့ရှိမှုနှင့်ပတ်သက်၍ သတင်းထုတ်ပြန်ပြီး ဖြစ်ပါသည်။

၃။ (၂၆-၅-၂၀၂၀)ရက်နေ့၊ နံနက်(၈:၀၀)နာရီအထိ မြန်မာနိုင်ငံတွင် COVID-19 ရောဂါ ဓာတ်ခွဲအတည်ပြုလူနာ (၂၀၃)ဦးရှိပါသည်။

**COVID-19 ရောဂါအတွက် ဓာတ်ခွဲစစ်ဆေးမှုအခြေအနေ**
**(၂၆-၅-၂၀၂၀) ရက်နေ့၊ နံနက် (၈:၀၀)နာရီ**

| | |
|---|---|
| (၂၅-၅-၂၀၂၀) ရက်နေ့အတွက် အမျိုးသားကျန်းမာရေးဓာတ်ခွဲမှုဆိုင်ရာဌာန (ရန်ကုန်)မှ ဓာတ်ခွဲစစ်ဆေးပြီးစီးခဲ့သည့် ဓာတ်ခွဲနမူနာ စုစုပေါင်း | (၆၅၆) ခု |
| (၂၅-၅-၂၀၂၀) ရက်နေ့အတွက် ဆေးသုတေသနဦးစီးဌာနမှ ဓာတ်ခွဲစစ်ဆေးပြီးစီးခဲ့သည့် ဓာတ်ခွဲနမူနာ စုစုပေါင်း | (၁၂၁) ခု |
| COVID-19 (SARS-CoV-2) တွေ့ရှိ (ဓာတ်ခွဲအတည်ပြုလူနာသစ်) | (၂) ဦး |

ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန

# ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနသို့ KFHI နှင့် Be My Friend (Myanmar) မှ နှာခေါင်းစည်းနှင့် တစ်ကိုယ်ရေသုံးကာကွယ်ရေးဝတ်စုံများ လှူဒါန်း

**ရန်ကုန် မေ ၂၆**

ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနသို့ ကိုရီးယားသမ္မတနိုင်ငံအခြေစိုက် Korea Food for the Hungry International (KFHI) နှင့် Be My Friend (Myanmar) မှ နှာခေါင်းစည်းနှင့် တစ်ကိုယ်ရေသုံးကာကွယ်ရေးဝတ်စုံများ ပေးအပ်လှူဒါန်းပွဲ အခမ်းအနားကို ယနေ့ နံနက် ၁၀ နာရီက ရန်ကုန်မြို့ ဒဂုံမြို့နယ်ရှိ ဆေးသုတေသနဦးစီးဌာန(ရုံးချုပ်) အစည်းအဝေးခန်းမ၌ ပြုလုပ်သည်။

ပေးအပ်လှူဒါန်းပွဲ အခမ်းအနားတွင် ဆေးသုတေသနဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ပါမောက္ခ ဒေါက်တာဇော်သန်းထွန်းနှင့် မြန်မာနိုင်ငံဆိုင်ရာ ကိုရီးယားသမ္မတနိုင်ငံသံရုံးမှ Deputy Chief of Mission, Minister Counsellor Mr. Hahm Jeonghan တို့က အမှာစကားပြောကြားပြီး အလှူရှင် Korea Food for the Hungry International (KFHI)နှင့် Be My Friend (Myanmar)မှ Mr. Won, Sunghee က လှူဒါန်းရခြင်းနှင့်စပ်လျဉ်း၍ ရှင်းလင်းပြောကြားသည်။

ထို့နောက် ဆေးသုတေသနဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ပါမောက္ခ ဒေါက်တာဇော်သန်းထွန်းထံ ကိုရီးယားသမ္မတနိုင်ငံ သံရုံးမှ Deputy Chief of Mission, Minister Counsellor Mr. Hahm Jeonghan နှင့် အလှူရှင်တို့က နှာခေါင်းစည်းနှင့် တစ်ကိုယ်ရေသုံးကာကွယ်ရေးဝတ်စုံများ ပေးအပ်လှူဒါန်းပြီး ညွှန်ကြားရေးမှူးချုပ် ပါမောက္ခ ဒေါက်တာဇော်သန်းထွန်းက ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည်ပေးအပ်သည်။

ယနေ့ လှူဒါန်းပွဲတွင် လတ်တလော အသက်ရှူလမ်းကြောင်းဆိုင်ရာ ကိုဗစ်-၁၉ ရောဂါ ကာကွယ်နိုင်ရန်အတွက် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနသို့ Korea Food for the Hungry International (KFHI) နှင့် Be My Friend (Myanmar) မှ အမေရိကန်ဒေါ်လာ ၅၆၀၀၀ နှင့်ညီမျှသော နှာခေါင်းစည်း ၅၀၀၀၀ နှင့် တစ်ကိုယ်ရေသုံး ကာကွယ်ရေးဝတ်စုံ ၅၀၀၀ ကို လှူဒါန်းခဲ့ခြင်းဖြစ်ကြောင်း သိရသည်။ **သတင်း-မင်းသစ်(MNA)၊ ဓာတ်ပုံ-ဇော်မင်းလတ်**



# ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြင့်ထွေး ကိုဗစ်-၁၉ ကာကွယ်ထိန်းချုပ်ရေးလုပ်ငန်းများ ပိုမိုထိရောက်စွာဆောင်ရွက်ရေး လူမှုရေးဝန်ကြီးများနှင့် ပြည်သူ့ကျန်းမာရေးနှင့် ကုသရေးဦးစီးဌာနမှူးများနှင့် ညှိနှိုင်းဆွေးနွေး



**နေပြည်တော် မေ ၂၆**
ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာ မြင့်ထွေးသည် ယနေ့နံနက် ၉ နာရီတွင် ထိုင်းနိုင်ငံမှပြန်လည် ဝင်ရောက်လာသူများကို စနစ်တကျ ပြန်လည်လက်ခံ၍ ကိုဗစ်-၁၉ ကာကွယ်ထိန်းချုပ်ရေး လုပ်ငန်းများ ပိုမိုထိရောက်စွာ ပေါင်းစပ်ဆောင်ရွက်ရေး တိုင်းဒေသကြီး/ ပြည်နယ် လူမှုရေးဝန်ကြီးများ၊ ပြည်သူ့ကျန်းမာရေးနှင့် ကုသရေးဦးစီးဌာနမှူးများနှင့် Video Conferencing ဖြင့် ညှိနှိုင်းဆွေးနွေးသည်။

**စနစ်တကျစီမံခန့်ခွဲ**

ဆွေးနွေးပွဲတွင် ပြည်ထောင်စုဝန်ကြီးက ယခုအချိန်တွင် ထိုင်းနိုင်ငံတွင် အလုပ်လုပ်ကိုင်ခဲ့သည့် မြန်မာနိုင်ငံသားများ အလုံးအရင်းဖြင့် ပြန်လည်ဝင်ရောက်လာလျက်ရှိသဖြင့် ထိုသို့ဝင်ရောက်မှုများအပေါ်တွင် ချိန်သားကိုက်စနစ်တကျ စီမံခန့်ခွဲမှုများပြုလုပ်ကာ ကိုဗစ်-၁၉ ပြန့်ပွားကူးစက်မှုများ မရှိစေရေး ဆောင်ရွက်ရမည်ဖြစ်ပါကြောင်း၊ ယနေ့အထိ မိမိတို့နိုင်ငံတွင် ကိုဗစ်-၁၉ လူနာ ၂၀၆ ဦးရှိပြီး ယခုရက်ပိုင်းတွင် တွေ့ရှိရသော လူနာသစ်များသည် ပြည်ပနိုင်ငံများမှ ပြန်လည်ဝင်ရောက်လာသူများဖြစ်သည်ကို တွေ့ရှိရပါကြောင်း၊ ယနေ့အထိ ဓာတ်ခွဲစစ်ဆေးခဲ့သည့် သံသယ/ စောင့်ကြည့်လူနာများ၌ ၁ ဒသမ ၃ ရာခိုင်နှုန်း၊ ဓာတ်ခွဲအတည်ပြု လူနာနှင့် ထိတွေ့ခဲ့သူများ၌ ၃ ဒသမ ၄ ရာခိုင်နှုန်းနှင့် အသွားအလာကန့်သတ်ထားရှိသူများ၌ သုည ဒသမ ၃ ရာခိုင်နှုန်းတို့တွင် ရောဂါပိုးတွေ့ရှိခဲ့ပါကြောင်း၊ ယနေ့အထိ ကိုဗစ်-၁၉ ဓာတ်ခွဲစစ်ဆေးမှုများတွင် သံသယ/စောင့်ကြည့်လူနာများနှင့် ဓာတ်ခွဲအတည်ပြုလူနာနှင့်ထိတွေ့ခဲ့သူများ အားလုံးကိုလည်းကောင်း၊ အသွားအလာ ကန့်သတ်ထားသူများ၏ ၅ ဒသမ ၄ ရာခိုင်နှုန်းကိုလည်းကောင်း စစ်ဆေးခဲ့ပြီး၊ စစ်ဆေးခဲ့သည့် ဓာတ်ခွဲနမူနာ စုစုပေါင်း ၂၀၃၁၉ ခုအနက် တစ်ရာခိုင်နှုန်းတွင် ရောဂါပိုးစစ်ဆေးတွေ့ရှိခဲ့ပါကြောင်း။

**စာရင်းဇယားနှင့် သတင်းအချက်အလက်များ**

လက်ရှိအခြေအနေတွင် အတိုင်းအတာတစ်ခုအထိ လက်ခံနိုင်သော ရောဂါထိန်းချုပ်နိုင်မှုအဆင့်တစ်ခုကို ရရှိနေသော်လည်း ကိုဗစ်-၁၉ နှင့် ရောဂါပိုး၏ သဘောသဘာဝကို အပြည့်အစုံ မသိရှိသေးသဖြင့် မိမိတို့အနေဖြင့် လက်ရှိလုပ်ဆောင်နေသည့် လုပ်ငန်းများကို လုံးဝအားလျှော့၍မရဘဲ ပူးပေါင်းဆောင်ရွက်မှုများ ဆက်လက်ပြုလုပ်ရမည်ဖြစ်ပါကြောင်း၊ တိုင်းဒေသကြီး/ပြည်နယ်များတွင် လူမှုရေးဝန်ကြီးများ၏ ဦးဆောင်မှု၊ ပြည်သူ့ကျန်းမာရေးနှင့် ကုသရေးဦးစီးဌာနမှူးများ၏ ပညာရပ်ကျွမ်းကျင်မှုပိုင်းဆိုင်ရာ စီမံခန့်ခွဲမှု၊ ကျန်းမာရေးဝန်ထမ်းများ၊ နီးနွယ်ဌာန/ အဖွဲ့အစည်းများ၊ လူမှုရေးပရဟိအဖွဲ့အစည်းများ အားလုံး၏ ကြိုးပမ်းအားထုတ်ဆောင်ရွက်နေမှုများအား ကျေးဇူးတင်ရှိပါကြောင်း၊ ဝန်ကြီးဌာနအနေဖြင့် တိုင်းဒေသကြီး/ ပြည်နယ်အသီးသီးမှ ပေးပို့လာသော စာရင်းဇယားနှင့် သတင်းအချက်အလက်များကို နေ့စဉ် ပြည်သူ့ကျန်းမာရေးနှင့် ရောဂါဗေဒရှုထောင့်မှ ဆန်းစစ်မှုများ ပြုလုပ်၍ စီမံခန့်ခွဲမှု၊ လမ်းညွှန်မှုများကို ဆောင်ရွက်လျက်ရှိသဖြင့် တိုင်းဒေသကြီး/ ပြည်နယ် လူမှုရေးဝန်ကြီးများ၊ တာဝန်ရှိသူများအနေဖြင့် မှန်ကန်သော သတင်းအချက်အလက်များ၊ အကြံပြုချက်များကို အချိန်နှင့်တစ်ပြေးညီ ဆက်လက်ပေးအပ်စေလိုပါကြောင်း၊ နိုင်ငံတွင်းသို့ ပြန်လည်ဝင်ရောက်လာသူများကို နယ်စပ်ဝင်၊ ထွက်ဂိတ်များတွင် လက်ခံမှတ်တမ်းယူမှု၊ အသွားအလာကန့်သတ်ထားရှိရန် နေရာများသို့ သီးခြားယာဉ်များဖြင့် သတ်မှတ်စည်းကမ်းချက်များနှင့်အညီ ပို့ဆောင်မှု၊ အသွားအလာကန့်သတ်ထားရှိခြင်း စီမံခန့်ခွဲမှုလုပ်ငန်းများအတွက် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနမှ လမ်းညွှန်ချက်များ ထုတ်ပြန်ထားပြီး အဆိုပါလမ်းညွှန်ချက်များကို တိကျစွာလိုက်နာဆောင်ရွက်ရန် အရေးကြီးပါကြောင်း၊ သက်ဆိုင်ရာ တိုင်းဒေသကြီး/ ပြည်နယ်များ၊ လုပ်ငန်းပါဝင်ဆောင်ရွက်သူများအကြား အချိတ်အဆက်မိစွာဖြင့် စနစ်တကျ ဆောင်ရွက်နေကြသည်မှာ ကောင်းမွန်ပါကြောင်း။

ယခုအချိန်အခါ၌ လုပ်ငန်းများဆောင်ရွက်ရာတွင် လုပ်ငန်းကဏ္ဍအလိုက် တာဝန်ခွဲဝေဆောင်ရွက်မှုနှင့် ချိန်သားကိုက် စနစ်တကျ ပူးပေါင်းဆောင်ရွက်မှုတို့သည် ပိုမို၍အရေးကြီးလာပါကြောင်း၊ လက်ရှိတွင် တိုင်းဒေသကြီး/ ပြည်နယ်များရှိ အသွားအလာကန့်သတ်ထားရှိရာ နေရာ ၁၀၀၀၀ ခန့်တွင် အသွားအလာကန့်သတ်ထားရှိသူ ၅၆၀၀၀ ခန့်ရှိနေပြီး၊ ယနေ့အထိ အသွားအလာကန့်သတ်ထားရှိခံခဲ့ရသူ စုစုပေါင်း ၂၂၀၀၀၀ ခန့် ရှိပါကြောင်း၊ အသွားအလာကန့်သတ်ထားရှိရာနေရာများအား စီမံခန့်ခွဲမှုပြုလုပ်ရာတွင် အသွားအလာကန့်သတ်မှုခံရသူများ စည်းကမ်းလိုက်နာမှုရှိရေးအတွက် ကြိုးကြပ်ဆောင်ရွက်ရန်မှာ အထူးအရေးကြီးပါကြောင်း၊ ထိုသို့ တိကျစွာ စည်းကမ်းလိုက်နာမှုရှိမှသာလျှင် ကိုဗစ်-၁၉ ကို ကောင်းစွာ ထိန်းချုပ်နိုင်ပြီး ဤကပ်ရောဂါဘေးကို ကျော်လွှားနိုင်မည်ဖြစ်ပါကြောင်း။

**ဆွေးနွေးပြောကြား**

အသွားအလာကန့်သတ်ထားရှိရာနေရာများ၏ အခြေအနေကို စစ်ဆေးသည့်ပုံစံစာရင်း (Checklist) များကို အသုံးပြု၍ စောင့်ကြည့်ဆန်းစစ်မှုများ ဆက်လက်ဆောင်ရွက်ရမည် ဖြစ်ပါကြောင်း၊ မိမိတို့နိုင်ငံရှိ ဓာတ်ခွဲအတည်ပြုလူနာများ၏ ၆၀ ရာခိုင်နှုန်းခန့်တွင် ရောဂါလက္ခဏာ တစ်စုံတစ်ရာမရှိသေးသော်လည်း ရောဂါပိုးရှိနေသည် ဆိုသည့်အချက်အား နေရပ်ပြန်လာသည့် အသွားအလာကန့်သတ်ထားရှိခံရသူများ သိရှိရန် အထူးအလေးပေး၍ ပြောကြားရမည်ဖြစ်ပါကြောင်း၊ ဝန်ကြီးဌာနအနေဖြင့် ကိုဗစ်-၁၉ ဓာတ်ခွဲစစ်ဆေးမှုများကို ပိုမိုတိုးမြှင့်လုပ်ဆောင်လျက်ရှိပြီး မန္တလေးတိုင်းဒေသကြီးတွင် လာမည့်လအတွင်း ဓာတ်ခွဲစစ်ဆေးမှုများ စတင်ပြုလုပ်နိုင်ရေး စီစဉ်လျက်ရှိပါကြောင်း၊ အလားတူ မွန်ပြည်နယ်၊ ရှမ်းပြည်နယ်တို့တွင် စစ်ဆေးနိုင်ရေးကိုလည်း စီစဉ်လျက်ရှိပါကြောင်း၊ ယနေ့ ဆွေးနွေးပွဲတွင် ပြည်ပမှ နိုင်ငံအတွင်းသို့ ပြန်လည်ဝင်ရောက်လာသူများအတွက် စီမံခန့်ခွဲမှုလုပ်ငန်းများနှင့် ပတ်သက်၍ လက်ရှိဆောင်ရွက်နေမှု၊ ဆက်လက်ဆောင်ရွက်မည့် အစီအစဉ်များ၊ လိုအပ်ချက်များ၊ ကိုဗစ်-၁၉ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးနှင့်ပတ်သက်သည့် အထွေထွေကိစ္စရပ်များကို ပွင့်လင်းစွာ ဆွေးနွေးပြောကြားကြစေလိုပါကြောင်း ပြောကြားသည်။

ဆက်လက်၍ ကရင်ပြည်နယ်၊ မွန်ပြည်နယ်၊ ပဲခူးတိုင်းဒေသကြီးနှင့် မကွေးတိုင်းဒေသကြီး လူမှုရေးဝန်ကြီးများနှင့် မန္တလေးတိုင်းဒေသကြီး လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီးတို့က သက်ဆိုင်ရာ တိုင်းဒေသကြီး/ ပြည်နယ်များတွင် ပြည်ပမှ နိုင်ငံအတွင်းသို့ ပြန်လည်ဝင်ရောက်လာမှုအခြေအနေများ၊ အသွားအလာကန့်သတ်ထားရှိမှုလုပ်ငန်းစဉ် အဆင့်ဆင့် ဆောင်ရွက်နေမှုများ၊ အသွားအလာကန့်သတ်ထားရှိသည့်ဦးရေ၊ လုပ်ငန်းကဏ္ဍအလိုက် တာဝန်ခွဲဝေဆောင်ရွက်မှုနှင့် ပူးပေါင်းဆောင်ရွက်မှုများ၊ လုပ်ငန်းအတွေ့အကြုံများ၊ တွေ့ကြုံရသည့် အခက်အခဲများကို ဆွေးနွေးပြောကြားသည်။

ထို့နောက် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာမြလေးစိန်၊ အမြဲတမ်းအတွင်းဝန် ပါမောက္ခဒေါက်တာသက်ခိုင်ဝင်း၊ ညွှန်ကြားရေးမှူးချုပ် (ပြည်ထောင်စုဝန်ကြီးရုံး) ဒေါက်တာသာထွန်းကျော်၊ ညွှန်ကြားရေးမှူးချုပ် (ပြည်သူ့ကျန်းမာရေးနှင့် ကုသရေးဦးစီးဌာန) ဒေါက်တာစိုးဦးတို့က ပြန်လည်ဆွေးနွေးကြသည်။

ဆက်လက်၍ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၊ တိုင်းဒေသကြီး/ ပြည်နယ် ပြည်သူ့ကျန်းမာရေးနှင့် ကုသရေးဦးစီးဌာနမှူးများက သက်ဆိုင်ရာတိုင်းဒေသကြီး/ ပြည်နယ်အလိုက် အသွားအလာကန့်သတ်ထားရှိမှုလုပ်ငန်းများတွင် ကျန်းမာရေးကဏ္ဍ ပူးပေါင်းပါဝင်ဆောင်ရွက်နေမှု၊ ဓာတ်ခွဲနမူနာများ ရယူဆောင်ရွက်နေမှု၊ သံသယ/ စောင့်ကြည့်လူနာအရေအတွက်၊ ဓာတ်ခွဲစစ်ဆေးမှု အခြေအနေ၊ တွေ့ကြုံရသည့် အခက်အခဲနှင့် လိုအပ်ချက်များကိုလည်းကောင်း၊ ဆေးသုတေသနဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်နှင့် အမျိုးသားကျန်းမာရေးဓာတ်ခွဲမှုဆိုင်ရာဌာန (ရန်ကုန်)မှ ဒုတိယညွှန်ကြားရေးမှူးချုပ်တို့က လက်ရှိ ဓာတ်ခွဲစစ်ဆေးမှုအခြေအနေများ၊ ဓာတ်ခွဲပစ္စည်းများ အမျိုးအစားအလိုက် ရရှိမှု၊ ဝယ်ယူမှု၊ ကျန်ရှိစာရင်းများ၊ ဆက်လက်ဆောင်ရွက်မည့်လုပ်ငန်း အစီအစဉ်များကိုလည်းကောင်း၊ ကိုဗစ်-၁၉ ကုသရေးဌာန (ဖောင်ကြီး)၊ ဝေဘာဂီအထူးကုဆေးရုံကြီးနှင့် တောင်ဥက္ကလာပ အထူးကုဆေးရုံကြီးတို့မှ ဆေးပညာရှင် ပါမောက္ခများက ကိုဗစ်-၁၉ ကုသရေးလုပ်ငန်းများ ဆောင်ရွက်နေမှုနှင့် အထွေထွေကိစ္စရပ်များကိုလည်းကောင်း၊ ဆွေးနွေးပွဲသို့ တက်ရောက်လာသူများက အထွေထွေဆွေးနွေးအကြံပြုချက်များကို လည်းကောင်း အသီးသီးဆွေးနွေးပြောကြားကြသည်။

ဆွေးနွေးပွဲသို့ တက်ရောက်သူများ၏ ဆွေးနွေးအကြံပြုချက်များကို မှတ်တမ်းတင်ပြီး ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနမှ အကောင်အထည်ဖော်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

# ချင်းပြည်နယ်ရှိ တိုက်ပွဲရှောင်စခန်းများတွင် ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ တုံ့ပြန်ရေးလုပ်ငန်းများ ဆက်လက်ဆောင်ရွက်လျက်ရှိ



**နေပြည်တော် မေ ၂၆**
လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနသည် IDP စခန်းများနှင့် တိုက်ပွဲရှောင်စခန်းများတွင် နေထိုင်ကြသည့် ပြည်တွင်းနေရပ်စွန့်ခွာသူများအား ကိုဗစ်-၁၉ ရောဂါ ကူးစက်ပြန့်ပွားခြင်းမှ ကာကွယ်၊ ထိန်းချုပ်၊ တုံ့ပြန်ရေးလုပ်ငန်းများကို သက်ဆိုင်ရာဌာန၊ အဖွဲ့အစည်းများနှင့် ပူးပေါင်း၍ အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသည်။

ထိုသို့ ဆောင်ရွက်လျက်ရှိရာ မေ ၂၄ ရက်တွင် ချင်းပြည်နယ် ဆမီးမြို့ရှိ သာသနာ့ဝေပုလ္လဘုန်းတော်ကြီးကျောင်း လမ်းဦးစီးဝန်ထမ်းအိမ်ရာ (အလက)လိပ်ကုန်း အိုးအိမ်ဝန်ထမ်းအိမ်ရာနှင့် စိုက်ပျိုးရေးရုံး၊ အထက၊ စည်ပင်ရုံး/ကမ်းနား သောင်ပြင်၊ IDP တန်းလျား၊ IDP လုံးချင်း၊ ရွက်ဖျင်တဲ(ထွေ/အုပ်) တိုက်ပွဲရှောင်စခန်းများနှင့် ပလက်ဝမြို့ရှိ အထက (၁)မြို့မ၊ RC ဘုရားကျောင်း၊ ဆွေမျိုးများနေအိမ်(မြို့မ)၊ ဝိသုဒ္ဓါရုံကျောင်းတိုက်၊ ဆွေမျိုးများ နေအိမ် (ရွာမ)၊ အင်္ဂလီကန်ဘုရားကျောင်း၊ တောင်တန်းသာသနာပြုကျောင်း၊ ဆွေမျိုးများ နေအိမ် (ရိက္ခာ)၊ လောင်းကဒူးခန်းမ(ကင်ဝ)၊ တစည်ရုံး၊ စိုက်ပျိုးရေးဝန်ထမ်းအိမ်ရာ၊ နှစ်ခြင်းဘုရားကျောင်းနှင့် မူလွန်(မြို့မ) တိုက်ပွဲရှောင်စခန်းများသို့ သွားရောက်၍ အဝတ် နှာခေါင်းစည်း ၁၁၈၀၀၊ ထုံးအိတ် ၂၀၀၊ ဆပ်ပြာတောင့် ၇၇၀၄ တောင့်၊ လက်သန့်ဆေးရည်ဘူး ၂၄၅၀၊ ကိုဗစ်-၁၉ အသိပညာပေး အသံဖိုင် ထည့်သွင်းထားသော Memory Stick ခုနစ်ခု၊ Hand Speaker ၁၄ ခု၊ အပူချိန်တိုင်းကိရိယာ ၁၄ ခုတို့အား ထောက်ပံ့ခဲ့သည်။

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေး ဝန်ကြီးဌာနအနေဖြင့် ကိုဗစ်-၁၉ ကူးစက်ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ တုံ့ပြန်ရေးနှင့်ပတ်သက်၍ ထောက်ပံ့မှုလုပ်ငန်းများအပြင် အသိပညာပေးလုပ်ငန်းများ၊ အသိပေးနှိုးဆော်ခြင်းလုပ်ငန်းများနှင့် စိတ်ဓာတ်ရေးရာမြှင့်တင်ပေးမှုဆိုင်ရာလုပ်ငန်းများကို နေပြည်တော် အပါအဝင် တိုင်းဒေသကြီး/ပြည်နယ် အားလုံးတွင် စဉ်ဆက်မပြတ် ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**သတင်းစဉ်**

## ကိုဗစ်-၁၉ Call Center ဖွင့်လှစ်ထားရှိ

**နေပြည်တော် မေ ၂၆**
ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးတွင် အရှိန်အဟုန်မြှင့် ဆောင်ရွက်နိုင်ရန်အတွက် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၊ ဆေးသုတေသနဦးစီးဌာန၊ ဆက်သွယ်ရေးညွှန်ကြားမှုဦးစီးဌာနတို့ ညှိနှိုင်းမှုဖြင့် ဆက်သွယ်ရေးအော်ပရေတာလေးခု၊ Blue ocean ကုမ္ပဏီတို့ပူးပေါင်း၍ COVID-19 Call Center (ဖုန်းနံပါတ် ၂၀၁၉)အား နံနက် ၈ နာရီမှ ည ၈ နာရီအထိ ရန်ကုန်မြို့ ဆေးသုတေသနဦးစီးဌာနတွင် ဆေးသုတေသနဦးစီးဌာနမှ ဝန်ထမ်း ၄၃ ဦး၊ မြန်မာနိုင်ငံ ဆရာဝန်များအသင်းမှ စေတနာ့ဝန်ထမ်း ဆရာဝန် ၁၇ ဦး စုစုပေါင်း ၆၀ ဖြင့် ဧပြီ ၈ ရက်မှစတင်၍ ဖွင့်လှစ်ထားကြောင်း သိရသည်။

**သတင်းစဉ်**

# မေ ၂၆ ရက်တွင် ကိုဗစ် - ၁၉ ရောဂါပိုးရှိသူ သုံးဦး ထပ်တိုးလာသဖြင့် ရောဂါပိုးရှိသူ စုစုပေါင်း ၂၀၆ ဦးရှိ

**နေပြည်တော် မေ ၂၆**

ယနေ့တွင် ကိုဗစ်-၁၉ ရောဂါပိုးရှိသူ သုံးဦးတွေ့ရှိပြီး ၎င်းတို့အားလုံးမှာ အိန္ဒိယနိုင်ငံမှ ပြန်လာသည့် မန္တလေးမြို့မှ အသက် ၃၉ နှစ်အရွယ် အမျိုးသား တစ်ဦး၊ အသက် ၆၃ နှစ်အရွယ် အမျိုးသမီး တစ်ဦးနှင့် အသက် ၆၆ နှစ်အရွယ် အမျိုးသား တစ်ဦးတို့ဖြစ်ကြောင်း၊ သို့ဖြစ်၍ ရောဂါပိုးရှိသူ စုစုပေါင်း ၂၀၆ ဦး ရှိသွားပြီဖြစ်ကြောင်း ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၏ သတင်းထုတ်ပြန်ချက်အရ သိရသည်။

ရောဂါပိုးတွေ့ရှိသူ ၂၀၆ ဦးအနက် သေဆုံးသူ ခြောက်ဦး၊ ပိုးမတွေ့ရှိတော့သူ စုစုပေါင်း ၁၂၄ ဦး၊ ဆေးရုံမှ ဆင်းခွင့်ပြုခဲ့သူ ၁၁၄ ဦးရှိကြောင်း ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၏ ထုတ်ပြန်ချက်တွင် ဖော်ပြထားသည်။

သတင်းစဉ်

## မြန်မာနိုင်ငံအတွင်း ကိုရိုနာဗိုင်းရပ်စ် စောင့်ကြပ်ကြည့်ရှုမှု အခြေအနေ

| ဓာတ်ခွဲစစ်ဆေးသူစုစုပေါင်း | ပိုးတွေ့လူနာပေါင်း |
|---|---|
| ၂၀၃၂၂ | ၂၀၆ |

| ရောဂါပိုးကင်းစင်လာသူ | သေဆုံးသူ |
|---|---|
| ၁၂၄ | ၆ |

စောင့်ကြည့်လူနာ စုစုပေါင်း - ၄၇၂၃

ရောဂါကင်းစင်၍ ဆေးရုံမှ ဆင်းခွင့်ရရှိသူ - ၁၁၄ ဦး (အသွားအလာ ဆက်လက်ကန့်သတ်ထားရှိ)

❖ ပြည်နယ်နှင့် တိုင်းဒေသကြီးများ၌ ရောဂါပိုး တွေ့ရှိမှုနှင့် သေဆုံးသူ စာရင်းဖော်ပြမှု

| စဉ် | ပြည်နယ်/တိုင်းဒေသကြီး | ပိုးတွေ့ရှိသူ | သေဆုံးသူ |
|---|---|---|---|
| ၁ | ရန်ကုန် | ၁၅၆ | ၅ |
| ၂ | ချင်း | ၉ | |
| ၃ | ပဲခူး | ၇ | ၁ |
| ၄ | စစ်ကိုင်း | ၇ | |
| ၅ | မန္တလေး | ၆ | |
| ၆ | ရှမ်း(ရှေ့) | ၃ | |
| ၇ | ရှမ်း(တောင်) | ၃ | |
| ၈ | နေပြည်တော် | ၃ | |
| ၉ | ရှမ်း(မြောက်) | ၂ | |
| ၁၀ | ကရင် | ၂ | |
| ၁၁ | ရခိုင် | ၂ | |
| ၁၂ | မကွေး | ၂ | |
| ၁၃ | ကချင် | ၁ | |
| ၁၄ | တနင်္သာရီ | ၁ | |
| ၁၅ | မွန် | ၁ | |
| ၁၆ | ဧရာဝတီ | ၁ | |
| | စုစုပေါင်း | ၂၀၆ | ၆ |

❖ ယနေ့အချိန်ထိ ကယားပြည်နယ်တွင် ရောဂါပိုးတွေ့ရှိသူ မရှိပါ။

ကိုးကား - ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန ၂၆-၅-၂၀၂၀ ရက်၊ ည (၈) နာရီ

## ကမ္ဘာ့နိုင်ငံများမှ ကိုဗစ်-၁၉ ရောဂါ ကူးစက် / သေဆုံးမှု အများဆုံး ၁၀ နိုင်ငံ

| နိုင်ငံအမည် | ကိုဗစ်-၁၉ ရောဂါ ပိုးတွေ့ရှိသူ | ရောဂါပိုး ကင်းစင်သွားသူ | ပိုးတွေ့ သေဆုံးလူနာ |
|---|---|---|---|
| အမေရိကန် | ၁၇၀၉၂၄၃ | ၄၆၅၆၆၈ | ၉၉၈၈၃ |
| ဘရာဇီး | ၃၇၆၆၆၉ | ၁၅၃၈၃၃ | ၂၃၅၂၂ |
| ရုရှား | ၃၆၂၃၄၂ | ၁၃၁၁၂၉ | ၃၈၀၇ |
| စပိန် | ၂၈၂၄၈၀ | ၁၉၆၉၅၈ | ၂၆၈၃၇ |
| ဗြိတိန် | ၂၆၅၂၂၇ | စိစစ်ဆဲ | ၃၇၀၄၈ |
| အီတလီ | ၂၃၀၁၅၈ | ၁၄၁၉၈၁ | ၃၂၈၇၇ |
| ပြင်သစ် | ၁၈၂၉၄၂ | ၆၅၁၉၉ | ၂၈၄၃၂ |
| ဂျာမနီ | ၁၈၀၈၃၀ | ၁၆၂၀၀၀ | ၈၄၃၃ |
| တူရကီ | ၁၅၇၈၁၄ | ၁၂၀၀၁၅ | ၄၃၆၉ |
| အိန္ဒိယ | ၁၄၇၁၄၄ | ၆၁၉၂၃ | ၄၁၉၇ |

## အာဆီယံနိုင်ငံများမှ ကိုဗစ်-၁၉ ရောဂါ သတင်းထုတ်ပြန်ချက်

| နိုင်ငံအမည် | ကိုဗစ်-၁၉ ရောဂါ ပိုးတွေ့ရှိသူ | ရောဂါပိုး ကင်းစင်သွားသူ | ပိုးတွေ့ သေဆုံးလူနာ |
|---|---|---|---|
| စင်ကာပူ | ၃၂၃၄၃ | ၁၅၇၃၈ | ၂၃ |
| အင်ဒိုနီးရှား | ၂၃၁၆၅ | ၅၈၇၇ | ၁၄၁၈ |
| ဖိလစ်ပိုင် | ၁၄၆၆၉ | ၃၄၁၂ | ၈၈၆ |
| မလေးရှား | ၇၆၀၄ | ၆၀၄၁ | ၁၁၅ |
| ထိုင်း | ၃၀၄၅ | ၂၉၂၉ | ၅၇ |
| ဗီယက်နမ် | ၃၂၇ | ၂၇၂ | ၀ |
| မြန်မာ | ၂၀၆ | ၁၂၄ | ၆ |
| ဘရူနိုင်း | ၁၄၁ | ၁၃၇ | ၁ |
| ကမ္ဘောဒီးယား | ၁၂၄ | ၁၂၂ | ၀ |
| လာအို | ၁၉ | ၁၄ | ၀ |



## စစ်ကိုင်းမြို့ ခုတင် ၂၀၀ ပြည်သူ့ဆေးရုံကြီးသို့ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ရေးအထောက်အကူပြုပစ္စည်းများ ပေးအပ်လှူဒါန်း

**စစ်ကိုင်း မေ ၂၆**

စစ်ကိုင်းမြို့ ခုတင် ၂၀၀ ပြည်သူ့ဆေးရုံကြီးသို့ တစ်ကိုယ်ရေသုံး ကာကွယ်ရေးဝတ်စုံ ၁၀ စုံ၊ နှာခေါင်းစည်း ၅၀၀၊ လက်သန့်ဆေးရည်ဘူး ၅၀ ပေးအပ်လှူဒါန်းပွဲကို ယနေ့ နံနက် ၁၀ နာရီက အဆိုပါဆေးရုံကြီးရှိ အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အဆိုပါလှူဒါန်းသည့်ပစ္စည်းများအား ရန်ကုန်မြို့ ဒေါက်တာဗိုလ်ဗိုလ်မောင် (စော်ဘွားလေးဗိုလ်ဗိုလ်မောင် သံဆူးကြိုး)မိသားစုက စစ်ကိုင်းမြို့ မြို့မိမြို့ဖအဖွဲ့ဝင် ဦးချစ်ဖူး(ရွှေနှင်းဆီစာပေ)နှင့် မြို့နယ်ကြက်ခြေနီတို့မှ တစ်ဆင့် လှူဒါန်းခဲ့ကြောင်း သိရသည်။

မင်းထက်အောင်(မန်းကိုယ်ပွား)

## ပြန်ကြားရေးဝန်ကြီးဌာန ဝန်ထမ်းများအတွက် နှာခေါင်းစည်းများ လှူဒါန်း

**နေပြည်တော် မေ ၂၆**

ကိုဗစ်-၁၉ ရောဂါကာကွယ်၊ ထိန်းချုပ်ရေးကာလအတွင်း ပြန်ကြားရေးဝန်ကြီးဌာနရှိ ဝန်ထမ်းများ အသုံးပြုနိုင်ရန် ယူနန်ပြည်နယ် ယူနန်တီဗွီမှ နှာခေါင်းစည်း ၅၀၀၀ နှင့် Myanmar – China Lancang Mekong Culture Communication Co.,Ltd. က နှာခေါင်းစည်း ၅၀၀၀ စုစုပေါင်း နှာခေါင်းစည်း ၁၀၀၀၀ ကို ယမန်နေ့က ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီးရုံးတွင် လာရောက်လှူဒါန်းခဲ့ကြောင်း သိရသည်။

သတင်းစဉ်

## တစ်ယောက်နဲ့တစ်ယောက် ခပ်ခွာခွာနေ




သင်သာ တခြားသူတွေနဲ့ (၆)ပေအကွာမှာနေခြင်းဟာ ကိုရိုနာဗိုင်းရပ်စ်ကို လူတွေအကြား ကူးစက်ပျံ့နှံ့ဖို့ အခွင့်အရေး လုံးဝ မပေးထားတာ ဖြစ်ပါတယ်။ ဒါကြောင့် တတ်နိုင်သလောက် အိမ်မှာပဲ နေပါ။ မဖြစ်မနေ အပြင်ထွက်ရပြီ ဆိုရင် ခုလို (၆)ပေအကွာကနေ သွားလာလှုပ်ရှားကြပါ။

# တပ်မတော်သားများနှင့်မီးသတ်တပ်ဖွဲ့ဝင်များ ပူးပေါင်း၍ ကိုဗစ်-၁၉ ရောဂါကာကွယ်ရေးအတွက် ပိုးသတ်ဆေးဖျန်းခြင်းများဆောင်ရွက်

**နေပြည်တော် မေ ၂၆**

သက်ဆိုင်ရာတိုင်းစစ်ဌာနချုပ်အသီးသီးမှ တပ်မတော်သားများ၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ ဌာန၊ အဖွဲ့အစည်းများပူးပေါင်း၍ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ထိန်းချုပ်နိုင်ရေးအတွက် မေ ၂၁ ရက်က ပိုးသတ်ဆေးဖျန်းခြင်းလုပ်ငန်းများကို နေပြည်တော်၊ တိုင်းဒေသကြီး/ပြည်နယ်များမှ မြို့နယ် ၄၈ မြို့နယ်ရှိ နေရာ ၈၅ နေရာတို့တွင် မီးသတ်ယာဉ်များ၊ မီးသတ်ပစ္စည်းကိရိယာများဖြင့် ဆောင်ရွက်ခဲ့ရာ ပိုးသတ်ဆေးရည် ၄၇ ဂါလန်၊ ပိုးသတ်ဆေးမှုန့် ၄၂ ကီလိုဂရမ်၊ ရေဂါလန် ၅၃၄၀ သုံးစွဲခဲ့ပြီး ပိုးသတ်ဆေးဖျန်းခြင်းလုပ်ငန်းများကို တာဝန်ရှိသူများက လိုက်လံကြည့်ရှုအားပေးခဲ့ကြောင်း သိရသည်။

သတင်းစဉ်



ရခိုင်ပြည်နယ် ကျောက်တစ်လုံး ဌာနပေါင်းစုံစစ်ဆေးရေးဂိတ်၌ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ရေး ပိုးသတ်ဆေးဖျန်းစဉ်။



ရန်ကုန်တိုင်းဒေသကြီးလွှတ်တော်၌ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ရေး ပိုးသတ်ဆေးဖျန်းစဉ်။



မန္တလေးဘူတာ၌ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ရေး ပိုးသတ်ဆေးဖျန်းစဉ်။



ရန်ကုန်တိုင်းဒေသကြီး မရမ်းကုန်းမြို့နယ်၌ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ရေး ပိုးသတ်ဆေးဖျန်းစဉ်။



ရန်ကုန်တိုင်းဒေသကြီး တာမွေမြို့နယ်၌ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ရေး ပိုးသတ်ဆေးဖျန်းစဉ်။



ရန်ကုန်တိုင်းဒေသကြီး မရမ်းကုန်းမြို့နယ်၌ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ရေး ပိုးသတ်ဆေးဖျန်းစဉ်။



မကွေးတိုင်းဒေသကြီး မိုးလုံလေလုံအားကစားခန်းမ၌ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ရေး ပိုးသတ်ဆေးဖျန်းစဉ်။



မန္တလေးတိုင်းဒေသကြီး ချမ်းအေးသာစံမြို့နယ် အလိုတော်ပြည့်ကျောင်း၌ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ရေး ပိုးသတ်ဆေးဖျန်းစဉ်။

# စပါးမျိုးစေ့အခမဲ့ထောက်ပံ့နိုင်ရေးညှိနှိုင်းအစည်းအဝေး ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် တက်ရောက်

**ရန်ကုန် မေ ၂၆**

ကိုဗစ်-၁၉ရောဂါကြောင့် တောင်သူများအခက်အခဲမရှိစေရေးနှင့် စပါးတိုးတက်ထွက်ရှိစေရေးအတွက် မျိုးစေ့အဆင့်ပြောင်းလဲစိုက်ပျိုးနိုင်ရန်နှင့် အခမဲ့မျိုးစပါးထောက်ပံ့ရေးလုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယနေ့နံနက်ပိုင်းက ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့ရုံး၌ ကျင်းပသည်။

အဆိုပါအစည်းအဝေးသို့ ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးဖြိုးမင်းသိန်း၊ ရန်ကုန်တိုင်းဒေသကြီး လွှတ်တော်ဥက္ကဋ္ဌ ဦးတင်မောင်ထွန်း၊ ဒုတိယဥက္ကဋ္ဌနှင့် တိုင်းဒေသကြီး ဝန်ကြီးများ၊ တိုင်းဒေသကြီး တာဝန်ရှိသူများ၊ ဌာနဆိုင်ရာတာဝန်ရှိသူများနှင့် လွှတ်တော်ရုံးမှ တာဝန်ရှိသူများ တက်ရောက်ကြသည်။

"ကျွန်မတို့ ရန်ကုန်တိုင်းဒေသကြီးအတွင်းမှာ မိုးစပါးစိုက်ပျိုးတဲ့အခါ သုံးနှစ်အထက်စိုက်ပျိုးထားတဲ့ စပါးစိုက်ကေတွေမှာ မျိုးကောင်းမျိုးသန့်တွေလဲလှယ်နိုင်အောင် ထောက်ပံ့ပေးသွားမှာဖြစ်ပါတယ်။ အထွက်ကောင်းတဲ့ ကေတွေအားလုံးအတွက်တော့ မဟုတ်ပါဘူး။ မျိုးအဆင့်ပြောင်းလဲဖို့ လိုအပ်တဲ့စိုက်ကေတွေအတွက် ထောက်ပံ့ပေးသွားမယ့်အစီအစဉ်ဖြစ်ပါတယ်"ဟု တိုင်းဒေသကြီး ဒုတိယဦးစီးမှူး ဒေါ်အေးမီမီစိုးက ကြေးမုံသို့ ပြောပြသည်။

ရန်ကုန်တိုင်းဒေသကြီးအစိုးရတာဝန်ရှိသူများက တိုင်းဒေသကြီးစိုက်ပျိုးရေးဦးစီးဌာနမှတာဝန်ရှိသူများအား ကိုဗစ်-၁၉အလွန်ကာလမိုးစပါးစိုက်တောင်သူများအခက်အခဲမရှိစေရန်နှင့် မျိုးအဆင့်မြှင့်တင်ရန် လိုအပ်သော စိုက်ကေများအတွက်အခမဲ့မျိုးစပါးများထောက်ပံ့ပေးရန် လမ်းညွှန်မှာကြားခဲ့ကြောင်း သိရသည်။

ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ မိုးစပါးစိုက်တောင်သူများအခက်အခဲမရှိစေရန် ကိုဗစ်-၁၉အလွန်ထောက်ပံ့ပေးမှုအဖြစ် ထောက်ပံ့ပေးရန်လိုအပ်သည့် မိုးစပါးစိုက်ကေများ အနက် ကေ ၇၅၀၀၀ အတွက် မျိုးကောင်းမျိုးသန့်စပါးတင်းပေါင်း ၁၁၀၀၀၀ ကျော် ထောက်ပံ့ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

**မြင့်မောင်စိုး**







# လှိုင်ကော်မြို့နယ် မြေယာရှင်းလုပ်ငန်းများ ကယားပြည်နယ်ဝန်ကြီးချုပ် ကြည့်ရှုစစ်ဆေး

**လွိုင်ကော် မေ ၂၆**

ကယားပြည်နယ် လွိုင်ကော်မြို့ စိမ်းလန်းသာယာလှပစေရန် ပန်းဥယျာဉ် မြေယာရှင်းခြင်းနှင့် ကော်ဖီပျိုးဥယျာဉ် ဆောင်ရွက်ထားရှိမှုများကို ကယားပြည်နယ်ဝန်ကြီးချုပ် ဦးအယ်လ်ဖောင်းရှိုက မေ ၂၅ ရက် ညနေ ၅ နာရီတွင် လိုက်လံကြည့်ရှုစစ်ဆေးခဲ့သည်။

ပြည်နယ်ဝန်ကြီးချုပ်က ကယားပြည်နယ်၏ မြို့တော် လွိုင်ကော်မြို့စိမ်းလန်းသာယာပြီး မြို့တော်၏ အင်္ဂါရပ်များနှင့်အညီ သန့်ရှင်းသာယာလှပရေး၊ ကဏ္ဍစုံ ဘက်စုံဖွံ့ဖြိုးတိုးတက်ရေးအတွက် လွိုင်ကော်-ပင်လောင်းအဝေးပြေးလမ်းမကြီး၊ လွိုင်ကော်- ရှားတော လမ်းမကြီးများ၏ ဘေးမြေကွက်လပ်နေရာများတွင်ဆောင်ရွက်လျက်ရှိသော ယာယီပန်းဥယျာဉ်လုပ်ငန်း၊ ပျိုးဥယျာဉ်လုပ်ငန်း၊ ပရိဘောဂအရောင်းပြခန်း၊ လွိုင်ကော်လေဆိပ် မြေယာရှင်း၊ ကော်ဖီပျိုးဥယျာဉ်လုပ်ငန်းများကို အပိုင်းလိုက် တာဝန်ယူဆောင်ရွက်နေသော ကုမ္ပဏီများမှ ရှင်းလင်းပြသမှုများကို လိုက်လံကြည့်ရှုစစ်ဆေးပြီး စာချုပ်တွင် သတ်မှတ်ထားသည့် စည်းကမ်းချက်များအတိုင်း ပြည့်မီအောင် ဆောင်ရွက်နိုင်ရေး၊ အချိန်မီပြီးစီးအောင် ဆောင်ရွက်သွားရန်နှင့် လိုအပ်သည်များကို လမ်းညွှန်မှာကြားခဲ့သည်။

**မြို့နယ်(ပြန်/ဆက်)**

# စေတနာ့ဝန်ထမ်းများအား ကိုဗစ်-၁၉ရောဂါ တုံ့ပြန်ဆောင်ရွက်အကူအညီပေးရေး ဆရာဖြစ်သင်တန်းဖွင့်ပွဲ စစ်ကိုင်းတိုင်းဒေသကြီးဝန်ကြီးချုပ် တက်ရောက်

**မုံရွာ မေ ၂၆**

စစ်ကိုင်းတိုင်းဒေသကြီးဝန်ကြီးချုပ် ဒေါက်တာမြင့်နိုင်နှင့် တာဝန်ရှိသူများသည် ယနေ့ နံနက် ၉နာရီက တိုင်းဒေသကြီး အစိုးရအဖွဲ့ရုံး ဘက်စုံသုံးခန်းမ၌ ကျင်းပသော စေတနာ့ဝန်ထမ်းများအား ကိုဗစ်-၁၉ရောဂါ တုံ့ပြန်ဆောင်ရွက် အကူအညီပေးရေး ဆရာဖြစ်သင်တန်းသို့ တက်ရောက်အမှာစကားပြောကြားခဲ့သည်။

စစ်ကိုင်းတိုင်းဒေသကြီးအတွင်း ကန့်သတ်စောင့်ကြည့်စခန်းများတွင် ကိုဗစ်-၁၉ရောဂါ ကာကွယ်ရေးအတွက် မိမိရပ်ရွာနှင့် ပတ်ဝန်းကျင်တွင် စေတနာ့ဝန်ထမ်းများအဖြစ် တာဝန်ထမ်းဆောင်ခဲ့ကြသူများအားလုံးကိုဂုဏ်ယူပါကြောင်း၊ ယနေ့သင်တန်းတွင် တိုင်းဒေသကြီးနှင့် ပြည်နယ်များအလိုက် မြို့နယ်များရှိ ကန့်သတ်စောင့်ကြည့်စခန်းများတွင် လုပ်အားပေးလျက်ရှိသော စေတနာ့ဝန်ထမ်းများကို သင်တန်းပေးသွားမှာဖြစ်ပါကြောင်း၊ သင်တန်းကို မုံရွာ၊ ရွှေဘို၊ တန့်ဆည်၊ ရေဦး၊ ခင်ဦး၊ ဝက်လက်၊ ကန့်ဘလူ၊ ကျွန်းလှ၊ ယင်းမာပင်၊ ကနီ၊ ဆားလင်းကြီးမြို့နယ်များမှ သင်တန်းသား၆၄ ဦးအား နည်းပြဆရာ ၁၀ ဦးက အထူးအလေးထား သင်ကြားပေးသွားမှာဖြစ်ကြောင်း တိုင်းဒေသကြီး ဝန်ကြီးချုပ်က ပြောကြားသည်။

စစ်ကိုင်းတိုင်းဒေသကြီးအတွင်း သင်တန်းကို လာရောက်တက်ရောက်နိုင်ခြင်းမရှိသော ဝေးလံဒေသများဖြစ်သော ကသာ၊ ကောလင်း၊ ဝန်းသို၊ ပင်လည်ဘူး၊ ထီးချိုင့်၊ ဗန်းမောက်၊ အင်းတော်၊ ကလေး၊ ကလေးဝ၊ မင်းကင်း၊ တမူး၊ မော်လိုက်၊ ဖောင်းပြင်၊ ဟုမ္မလင်း၊ လေရှီး၊ ခန္တီး၊ လဟယ်နှင့် နန်းယွန်းမြို့နယ်များမှ နည်းပြသင်တန်းတက်ရောက်မည့်သူများအတွက် ZOOM Training ကို မေ ၂၈ ရက် နံနက် ၉ နာရီခွဲမှ မွန်းလွဲ ၁၂ နာရီ ခွဲအထိ သင်ကြားပေးသွားမည်ဖြစ်သည့်အပြင် သင်တန်းတက်ရောက်ပြီးသူများက သက်ဆိုင်ရာမြို့နယ်များအလိုက် ကန့်သတ်စောင့်ကြည့်စခန်းများမှ စေတနာ့ဝန်ထမ်း ၆၅၄၂ ဦးအား ဆင့်ပွားသင်တန်းများကို မေ ၂၉ ရက်မှ ဇွန် ၆ ရက်အထိ ဖွင့်လှစ်သင်ကြားပေးသွားမည်ဖြစ်ကြောင်း၊ သင်တန်းများ အဆက်မပြတ် ဖွင့်လှစ်ဆောင်ရွက်သွားရာမှာလည်း စေတနာ့ဝန်ထမ်းများအား ကန့်သတ်စောင့်ကြည့်စခန်းများတွင် ၂၁ ရက် ပြည့်မီအောင် လုပ်အားပေးဆောင်ရွက်သွားကြရန်နှင့် ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးဆိုင်ရာလုပ်ငန်းများကို အားလုံး စိတ်စေတနာအပြည့်ဖြင့် ဆောင်ရွက်သွားကြရန် တိုက်တွန်းလိုကြောင်း တိုင်းဒေသကြီးဝန်ကြီးချုပ်က ဆက်လက်ပြောကြားခဲ့သည်။

**ထွန်းကိုကို**
**(ယင်းမာပင်)**



# မြန်မာ-တရုတ် သံတမန်ဆက်ဆံရေး နှစ် (၇၀) ပြည့် အထိမ်းအမှတ် စာစီစာကုံး၊ ဆောင်းပါး၊ ပန်းချီ၊ ဓာတ်ပုံ ဖိတ်ခေါ်ပြိုင်ပွဲ ကျင်းပမည်

**မန္တလေး မေ ၂၆**

၂၀၂၀ ပြည့်နှစ် ဇွန်လ ၈ ရက်နေ့တွင် ကျရောက်မည့် မြန်မာ-တရုတ် သံတမန်ဆက်ဆံရေး နှစ် (၇၀) ပြည့် အထိမ်းအမှတ်အဖြစ် မန္တလေးတိုင်းဒေသကြီး မြန်မာ-တရုတ် ချစ်ကြည်ရေးအသင်းနှင့် မန္တလေးမြို့အခြေစိုက် တရုတ်ပြည်သူ့သမ္မတနိုင်ငံ ကောင်စစ်ဝန်ချုပ်ရုံး တို့မှ ပူးပေါင်း၍ စာစီစာကုံး၊ ဆောင်းပါး၊ ပန်းချီ၊ ဓာတ်ပုံ ဖိတ်ခေါ်ပြိုင်ပွဲ ကျင်းပမည်ဖြစ်ကြောင်း သိရသည်။

စာစီစာကုံး၊ ဆောင်းပါး ဖိတ်ခေါ်ပြိုင်ပွဲတွင် အစဉ်အလာရှိပြီးဖြစ်သော မြန်မာ-တရုတ် ဆွေမျိုးပေါက်ဖော် ဆက်ဆံရေးနှင့် ချစ်ကြည်ရင်းနှီးမှုကို ပေါ်လွင်စေသော စာစီစာကုံးနှင့် ဆောင်းပါးများကို ရေးသားပေးပို့ ယှဉ်ပြိုင်ရမည်ဖြစ်ပြီး စာစီစာကုံးပြိုင်ပွဲ (ဝါသနာရှင်အဆင့်)နှင့် ဆောင်းပါးပြိုင်ပွဲ (ပညာရှင်အဆင့်) သတ်မှတ်ထားကာ ပထမ၊ ဒုတိယ၊ တတိယဆုများနှင့် နှစ်သိမ့်ဆုများကိုရွေးချယ်ချီးမြှင့်မည်ဖြစ်သည်။

ပန်းချီ ဖိတ်ခေါ်ပြိုင်ပွဲတွင် ၁၆ နှစ်အောက် သက်ငယ်တန်းနှင့် ၁၆ နှစ်အထက် သက်ကြီးတန်းဟူ၍ ခွဲကာ ဝင်ရောက်ယှဉ်ပြိုင်နိုင်မည်ဖြစ်ပြီး ပြိုင်ပွဲဝင်များမှ အတန်းလိုက် ပထမ၊ ဒုတိယ၊ တတိယဆုများနှင့် နှစ်သိမ့်ဆုများကို ရွေးချယ်ချီးမြှင့်မည်ဖြစ်သည်။

ဓာတ်ပုံ ဖိတ်ခေါ်ပြိုင်ပွဲအား ဆွေမျိုးပေါက်ဖော်ချစ်ကြည်ရေး နှစ် ၇၀ ခရီး ခေါင်းစဉ်ဖြင့် ကျင်းပမည်ဖြစ်ပြီး မြန်မာ-တရုတ် ဆွေမျိုးပေါက်ဖော်ချစ်ကြည်ရေးကို သရုပ်ဖော်၍ မည်သည့်ကင်မရာအမျိုးအစားနှင့်မဆို ရိုက်ကူးထားသော (Color / Black & White ) (8x12) (300dpi / max 5mb) ဓာတ်ပုံများဖြင့် တစ်ဦးလျှင် လေးပုံထိ ပေးပို့ယှဉ်ပြိုင်နိုင်ပြီး အကောင်းဆုံးဓာတ်ပုံ ၁၀ ဆု ရွေးချယ်ချီးမြှင့်မည်ဖြစ်သည်။

ဖိတ်ခေါ်ပြိုင်ပွဲများတွင် သတ်မှတ်ချက်များနှင့်အညီ မည်သူမဆိုပါဝင်ယှဉ်ပြိုင်နိုင်ပြီး မိမိတို့၏ ပြိုင်ပွဲဝင် စာစီစာကုံး၊ ဆောင်းပါး၊ ပန်းချီ၊ ဓာတ်ပုံနှင့်အတူ အကြောင်းအရာ၊ အမည်၊ မွေးသက္ကရာဇ်၊ ဆက်သွယ်ရန်လိပ်စာ၊ ဖုန်းနံပါတ်တို့နှင့်အတူ အီးမေးလ်လိပ်စာ chinamyanmar70@gmail.com သို့ ဇွန် ၅ ရက် နောက်ဆုံးထား၍ပေးပို့နိုင်ကြောင်း သိရသည်။

**မောင်ဘဦး**

# ကျိုက်ထိုမြို့နယ်အတွင်း ကွန်ကရစ်လမ်းခင်း

**ကျိုက်ထို မေ ၂၆**

၂၀၁၉-၂၀၂၀ ဘဏ္ဍာရေးနှစ်တွင် ကျိုက်ထိုမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်း ရန်ပုံငွေဖြင့် အင်္ဂဘုံကျေးရွာတွင် ဆောင်ရွက်နေသည့် ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်း (၅၆၅'x၁၂'x၆")ကိုကျေးလက်ဦးစီးဌာနမှ ဝန်ထမ်းများက မေ ၂၅ ရက်တွင် သွားရောက် ကွင်းဆင်းစစ်ဆေးခဲ့သည်။

ကျေးရွာကော်မတီ အဖွဲ့ဝင်များအား သတ်မှတ်ချိန်အတွင်း အရည်အသွေးပြည့်မီသည့် ကွန်ကရစ်လမ်းအဖြစ် ပြီးစီးအောင် ဆောင်ရွက်သွားကြရန်နှင့် လိုအပ်သည်များကိုညှိနှိုင်းမှာကြားခဲ့ကြောင်း၊ ၂၀၁၉-၂၀၂၀ ဘဏ္ဍာရေးနှစ်တွင် ကျိုက်ထိုမြို့နယ်အတွင်း ကျေးရွာ ဖွံ့ဖြိုးရေးစီမံကိန်း ရန်ပုံငွေဖြင့် လုပ်ငန်းများ ဆောင်ရွက်မည့်ကျေးရွာ ၂၀ ရွာရှိကြောင်း သိရသည်။

**ကြေးမုံ**

# ကရင်ပြည်နယ်ဝန်ကြီးချုပ်နှင့်အဖွဲ့ ကော့ကရိတ်မြို့ဘုန်းတော်ကြီးကျောင်းနှင့် သီလရှင်ကျောင်းများသို့ လှူဖွယ်ပစ္စည်းများလှူဒါန်း



**ကော့ကရိတ် မေ ၂၆**

ကရင်ပြည်နယ်ဝန်ကြီးချုပ် ဒေါ်နန်းခင်ထွေးမြင့်နှင့်အဖွဲ့သည် ယနေ့ နံနက် ၉ နာရီတွင် ကော့ကရိတ်မြို့ မြို့ပေါ်ကျေးရွာဘုန်းတော်ကြီးကျောင်းနှင့် သီလရှင်ကျောင်းသို့ ဆန်၊ ဆီ၊ ဆား၊ ပဲ၊ နှာခေါင်းစည်း၊ လက်သန့်ဆေးရည်၊ အဝတ် ခြေသုတ်တို့ကို လာရောက်လှူဒါန်းခဲ့ကြသည်။

ထိုသို့လှူဒါန်းရာတွင် ကော့ကရိတ်မြို့ပေါ်ရှိတောင်ပေါ်ကျောင်းဘုန်းတော်ကြီးကျောင်းသို့ ဆန် ၁၅ အိတ်၊ ဆီတစ်ပုံး၊ ပဲတစ်အိတ်၊ ဆားတစ်အိတ်၊ နှာခေါင်းစည်းတစ်ဖာ၊ လက်သန့်ဆေးရည်၊အဝတ်ခြေသုတ်၊ လေသာဘုန်းတော်ကြီးကျောင်းသို့ ဆန်၂၇ အိတ်၊ ဆီတစ်ပုံး၊ ဆားတစ်အိတ်၊ ပဲတစ်အိတ်၊ နှာခေါင်းစည်းတစ်ဖာ၊ လက်သန့်ဆေးရည်၊ အဝတ်ခြေသုတ်၊ မိဒ္ဒေါဒယသီလရှင်ကျောင်းသို့ဆန် ၁၈ အိတ်၊ ဆီတစ်ပုံး၊ ပဲတစ်အိတ်၊ဆားတစ်အိတ်၊ နှာခေါင်းစည်းတစ်ဖာ၊ လက်သန့်ဆေးရည်နှင့် အဝတ်ခြေသုတ်၊ ကော့ဝါလဲကျေးရွာ အေးချမ်းသာယာတောရ ကျောင်းရှိ ရဟန်း ၁၂၈ ပါး၊ သီလရှင်အပါး ၁၂၀တို့အတွက် ဆန် ၁၃၅ အိတ်၊ ဆီငါးပုံး၊ ပဲသုံးအိတ်၊ ကြက်သွန်သုံးအိတ်၊ ဆားအိတ်ကြီးတစ်အိတ်၊ ငါးသေတ္တာ၊ နှာခေါင်းစည်း၊ လက်သန့်ဆေးရည်နှင့် အဝတ်ခြေသုတ်တို့ကို ကရင်ပြည်နယ်ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများက သွားရောက်လှူဒါန်းခဲ့ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

# နေပြည်တော်၌ မိုးသီးနှံများအချိန်မီစိုက်ပျိုးနိုင်ရေး စက်မှုလယ်ယာဦးစီးဌာနက ထွန်ယက်ခြင်းလုပ်ငန်းများ ကူညီဆောင်ရွက်ပေးလျက်ရှိ

**နေပြည်တော် မေ ၂၆**

နေပြည်တော်အတွင်းရှိ ဒေသခံတောင်သူများအနေဖြင့် မိုးသီးနှံများအချိန်မီ စိုက်ပျိုးနိုင်ရေး မြေယာပြုပြင်ထွန်ယက်ရန်အတွက် စက်မှုလယ်ယာဦးစီးဌာနမှ ဌာနပိုင်ထွန်စက်ကြီးများဖြင့် ထွန်ယက်ရေးဝန်ဆောင်မှုလုပ်ငန်းများကို ကူညီဆောင်ရွက်ပေးလျက်ရှိကြောင်း တိုင်းဒေသကြီး ဦးစီးဌာနမှူး ဦးကျော်ဝေထံမှ သိရသည်။



လက်ရှိကိုဗစ် – ၁၉ ရောဂါဖြစ်နေချိန်ကာလအတွင်း သက်ဆိုင်ရာမြို့နယ်အသီးသီးရှိ တောင်သူများ၏ မိုးသီးနှံစိုက်ပျိုးရေးလုပ်ငန်းများပြင်ဆင်ဆောင်ရွက်ရာတွင် အခက်အခဲမကြုံတွေ့စေရေးအတွက် စက်မှုလယ်ယာစခန်းအမှတ်(၄၇)လယ်ဝေး၊ အမှတ်(၆၈)တပ်ကုန်း၊ အမှတ်(၈၄)ပျဉ်းမနားတွင် ထွန်စက်ကြီး ၆၁ စီး၊ ကောက်စိုက်စက် ခြောက်စီးနှင့် ရိတ်သိမ်းခြွေလှေ့စက် ၂၁ စီးတို့ဖြင့် မြေယာပြုပြင်ထွန်ယက်၊ စိုက်ပျိုး၊ ရိတ်သိမ်းခြင်းလုပ်ငန်းများအတွက် ကူညီဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

“ဝန်ဆောင်ခဈေးနှုန်းအနေနဲ့ ထယ်ထိုးခြင်းအတွက် တစ်ဧက ကျပ် ၁၃၀၀၀၊ ထွန်မွှေခြင်းအတွက် တစ်ဧက ကျပ် ၆၅၀၀၊ ကောက်စိုက်စက်ဖြင့် စိုက်ပျိုးခြင်းအတွက် တစ်ဧကကျပ် ၂၅၀၀၀၊ ရိတ်သိမ်းခြွေလှေ့ခြင်းအတွက် တစ်ဧက ၃၅၀၀၀ ကျပ်နဲ့ဆောင်ရွက်ပေးသွားပါမယ်။ ရာသီဥတုကြောင့် စပါး၊ ပြောင်းသီးနှံများ လေလွင့်ဆုံးရှုံးမှု မဖြစ်ပေါ်စေရေးအတွက်ကိုလည်း ပျဉ်းမနားမြို့နဲ့ လယ်ဝေးမြို့တို့မှာရှိတဲ့ အခြောက်ခံစက်ကြီးများဖြင့် ဆောင်ရွက်ပေးလျက်ရှိပါတယ်။ နေပြည်တော်စက်မှုလယ်ယာဦးစီးဌာနရဲ့ ကြီးကြပ်မှုနဲ့ လယ်ယာထွန်စက်မောင်းနှင်ခြင်းကို စိတ်ပါဝင်စားကြတဲ့ တောင်သူတွေကိုလည်း ထွန်စက်ကြီးမောင်းနှင်ထိန်းသိမ်းမှုပညာသင်တန်းများကို အခါအားလျော်စွာ ဖွင့်လှစ်သင်ကြားပေးနေလျက်ရှိပါတယ်” ဟု နေပြည်တော်စက်မှုလယ်ယာဦးစီးဌာနမှူးဦးကျော်ဝေက ပြောကြားသည်။

**မြို့နယ်(ပြန်/ဆက်)**

# ကိုဗစ်-၁၉ ရောဂါကြိုတင်ကာကွယ်ရေး အသိပညာပေးလက်ကမ်းစာစောင်များဖြန့်ဝေ

**ဒီပဲယင်း**

ဒီပဲယင်းမြို့၌ ကိုဗစ်–၁၉ ရောဂါမပြန့်ပွားဖို့ သတင်းစကားလက်ကမ်းစာစောင်များကို ယနေ့နံနက်ပိုင်းက ဒီပဲယင်းမြို့နယ်ပြည်သူ့အားကစားကွင်းအတွင်း ယာယီဖွင့်လှစ်ထားသည့် ဈေးရှိဈေးသည်များနှင့် ဈေးဝယ်သူများအား အခမဲ့ဖြန့်ဝေခဲ့သည်။

အဆိုပါလက်ကမ်းစာစောင်တွင် ကိုဗစ်–၁၉ ကာကွယ်ထိန်းချုပ်ကုသရေးလုပ်ငန်းများတွင် ပါဝင်ဆောင်ရွက်နေသူများနှင့် လက်တွေ့အခြေအနေအပြန်အလှန်ဆွေးနွေးပြောဆိုချက်များ၊ ရုပ်ရှင်နှင့်ဗီဒီယိုသရုပ်ဆောင်များ၏ ကိုဗစ်–၁၉ကြိုတင်ကာကွယ် ရေးဆောင်ပုဒ်များပါဝင်သော သတင်းစကား လက်ကမ်းစာစောင်များကို အခမဲ့ ဖြန့်ဝေခဲ့ကြောင်း သိရသည်။

**သိန်းထွန်း(ဒီပဲယင်း)**

**ဖောင်းပြင်**

စစ်ကိုင်းတိုင်းဒေသကြီး မော်လိုက်ခရိုင် ဖောင်းပြင်မြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနက ကိုဗစ်– ၁၉ရောဂါကာကွယ်ထိန်းချုပ်ရေး သတင်းစကားလက်ကမ်းစာစောင်များကို ပြည်သူများဖတ်ရှုနိုင်ရန် ယာယီပျံကျဈေး၌ ယနေ့နံနက် ၇ နာရီက ဖြန့်ဝေပေးခဲ့သည်။

အဆိုပါစာစောင်တွင် ကိုဗစ်– ၁၉ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးလုပ်ငန်းများတွင် ပါဝင်ဆောင်ရွက်သူများနှင့် လက်တွေ့အခြေအနေများကို အပြန်အလှန်ဆွေးနွေး ပြောကြားချက်မှကောက်နုတ်ချက်များ၊ ကိုဗစ်– ၁၉ ရောဂါကူးစက်မှုကာကွယ် ရေးလိုက်နာဆောင်ရွက်ရမည့်အချက်များ၊ သရုပ်ဆောင်၊ ဂီတအနုပညာရှင် များ၏ကိုဗစ်–၁၉ရောဂါနှင့်ပတ်သက်၍အသိပညာပေးပြောကြားချက်များ ပါဝင်ပြီး ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန နေပြည်တော်ရုံးချုပ်မှ ထုတ်ဝေခဲ့ကြောင်းသိရသည်။

**ကိုထွန်း(ဖောင်းပြင်)**

# မကွေးတိုင်းဒေသကြီးအတွင်းရှိကျေးရွာများတွင် တစ်ပိုင်တစ်နိုင်စိုက်ခင်း စိုက်ပျိုးမည်



**မကွေး မေ ၂၆**

မကွေးတိုင်းဒေသကြီးအတွင်း တိုင်းဒေသကြီးအစိုးရ၏ပံ့ပိုးကူညီလမ်းညွှန်မှု၊ စိုက်ပျိုးရေးဦးစီးဌာန၏ မူဝါဒလမ်းညွှန်ချက်များနှင့်အညီ ဇွန်လအတွင်း မြို့နယ် ၂၅ မြို့နယ်မှ ကျေးရွာပေါင်း ၅၁၀ တွင် တစ်ပိုင်တစ်နိုင် ဟင်းသီးဟင်းရွက်စိုက်ခင်း စိုက်ပျိုးရန် စီစဉ်ဆောင်ရွက်လျက်ရှိကြောင်း မကွေးတိုင်းဒေသကြီး စိုက်ပျိုးရေးဦးစီးဌာန ဒုတိယတိုင်းဒေသကြီးဦးစီးမှူး ဒေါ်မော်မော်ဝင်းထံမှ သိရသည်။

မကွေးတိုင်း ဒေသကြီးအတွင်း မကွေးခရိုင်တွင် ကျေးရွာ ၁၃၂ ရွာ၊ မင်းဘူးခရိုင်တွင် ကျေးရွာ ၁၁၀၊ ဂန့်ဂေါခရိုင်တွင် ကျေးရွာ ၆၂ ရွာ၊ ပခုက္ကူခရိုင်တွင် ကျေးရွာ ၁၁၀၊ သရက်ခရိုင်တွင် ကျေးရွာ ၉၆ ရွာ စုစုပေါင်းကျေးရွာ ၅၁၀ တွင် အိမ်ခြံဝင်းဥယျာဉ် စိုက်ပျိုးရန် စီစဉ်ဆောင်ရွက်ထားရှိကြောင်း၊ ရုံးပတီ၊ တိုင်ထောင်ပဲ၊ တိုင်လွတ်ပဲ၊ ခရမ်း၊ ငရုတ်၊ ရွှေဖရုံ (မြေလွတ်)၊ ကျောက်ဖရုံ(မြေလွတ်)၊ ဘူး(မြေလွတ်)၊ ကြက်ဟင်းခါး၊ ပြောင်းချို၊ ချဉ်ပေါင်၊ ဟင်းနုနယ်၊ ပဲစောင်းလျား၊ သခွား၊ ကြက်သွန်နီ၊ ခရမ်းချဉ်၊ ဆလတ်၊ ပဲလင်းမြွေ၊ ဖရုံသခွား အမျိုးအစားများကို အဓိကထားစိုက်ပျိုးရန် စီစဉ်ထားရှိကြောင်း စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

"ကျွန်မအနေနဲ့ ဒီအစီအစဉ်လေးကို အလွန်သဘောကျပါတယ်၊ ကိုဗစ်–၁၉ ကာလမှာ ဟင်းသီးဟင်းရွက်တွေကလည်း နည်းနည်းဈေးကြီးလာလို့ အိမ်ခြံဝင်းဥယျာဉ်စိုက်ပျိုးပြီးသွားရင် ဈေးလည်းသက်သာလာမယ်၊ အားလုံးကလည်း စုစုစည်းစည်းနဲ့ ဝိုင်းလုပ်ရတဲ့အတွက် ရွာသူ ရွာသားအချင်းချင်း လည်းစည်းရုံးလာမယ်၊ မစိုက်ပျိုးသေးတဲ့ ကျေးရွာတွေကလည်း စိတ်ဝင်စားစွာနဲ့ ပူးပေါင်းပါဝင်လာ မယ်ဆိုရင် သန့်ရှင်းလတ်ဆတ်ပြီး ဘေးအန္တရာယ်ကင်းတဲ့ ဟင်းသီးဟင်းရွက်တွေကို မကွေးတိုင်းဒေသကြီးတစ်ခုလုံး ဈေးပေါပေါနဲ့စားသုံးနိုင်တော့မှာပါဟု"ဒုတိယတိုင်းဒေသကြီးဦးစီးမှူးက ပြောပြသည်။

**မေသူလွင်**
**(မကွေးကိုယ်ပွား)**

# ကန့်ဘလူမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ ပျိုးပင်များကို ပြည်သူများအား အခမဲ့ဖြန့်ဝေပေးအပ်

**ကန့်ဘလူ မေ ၂၆**

ကိုဗစ်–၁၉ ကာလ၌ ဈေးများအတွင်း လူစုလူဝေးရှောင်ရှားရန်ရည်ရွယ်ကာ နေအိမ်ခြံဝင်းများအတွင်း အိမ်ခြံဥယျာဉ်စိုက်ပျိုးခြင်းဖြင့် ဟင်းသီးဟင်းရွက်များ ဘေးအန္တရာယ်ကင်းရှင်းစွာ စားသုံးနိုင်ရန်အတွက် စစ်ကိုင်းတိုင်းဒေသကြီး ကန့်ဘလူမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန အိမ်ခြံဝင်းဥယျာဉ်ခြံများတွင် ပျိုးထောင်ထားရှိသည့် သခွား၊ ဘူး၊ ရွှေဖရုံ၊ ကျောက်ဖရုံ၊ ကြက်ဟင်းခါး ပျိုးပင်များကို အမှတ်(၄)ရပ်ကွက်အုပ်ချုပ်ရေးမှူးနေအိမ်၊ မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနရုံးတို့တွင် ယနေ့နံနက်ပိုင်းက ရပ်ကွက်နေပြည်သူများအား အခမဲ့ဖြန့်ဝေပေးခဲ့ကြောင်း မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနရုံးမှ သိရသည်။

"ကိုဗစ်–၁၉ ကာလအတွင်းမှာ မိဘပြည်သူများ ဟင်းသီးဟင်းရွက် သစ်သီးဝလံများကို မိမိနေအိမ်ခြံဝင်းအတွင်းမှာ စိုက်ပျိုးပြီး လတ်လတ်ဆတ်ဆတ်စားသောက်နိုင်ဖို့အတွက် ပျိုးပင်များကို စိုက်ပျိုးရေးဦးစီးဌာန အိမ်ခြံဝင်းဥယျာဉ်ခြံတွေမှာ ပျိုးပြီးတော့ အမှတ်(၄)ရပ်ကွက်မှာရှိတဲ့ မိဘပြည်သူတွေကို အခမဲ့ဖြန့်ဝေပေးခြင်း ဖြစ်ပါတယ်။ ကျွန်တော်တို့ မြို့နယ်မှာ စိုက်ပျိုးရေးနည်းပညာပြန့်ပွားရေးစင်တာ (Knowledge Center–KC) ကိုးခုမှာ ဌာနကဝန်ထမ်းတွေရှိပြီး စိုက်ပျိုးရေးနည်းပညာများ၊ မျိုးကောင်းမျိုးသန့် မျိုးစေ့များ ရရှိရေးအခက်အခဲများကိုလည်း အကူအညီတောင်းခံနိုင်ပါတယ်”ဟု မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှူး ဦးစံအောင်က ပြောကြားသည်။

**အောင်ဝင်းငြိမ်း(ကန့်ဘလူ)**

## ကချင်ပြည်နယ်ဝန်ကြီးချုပ် တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာန ပြည်နယ်ညွှန်ကြားရေးမှူးရုံး ဆောက်လုပ်ရေး ပန္နက်ရိုက်တင်ပေး

**မြစ်ကြီးနား မေ ၂၆**

၂၀၁၉ - ၂၀၂၀ ဘဏ္ဍာနှစ် ပြည်ထောင်စုဘဏ္ဍာရန်ပုံငွေဖြင့် တည်ဆောက်သွားမည့် တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာန ကချင်ပြည်နယ်ညွှန်ကြားရေးမှူးရုံးဆောက်လုပ်နိုင်ရေးအတွက် ယနေ့ နံနက် ၉ နာရီတွင် အဆိုပါ ရုံးသစ်ဆောက်လုပ်သွားမည့် မြစ်ကြီးနားမြို့ မန်ခိန်ရပ်ကွက် မေခဝန်ထမ်းအိမ်ရာအနီးရှိ မြေကွက်လပ်၌ ကျင်းပရာ ပြည်နယ်ဝန်ကြီးချုပ် ဒေါက်တာခက်အောင်နှင့် တာဝန်ရှိသူများက ပန္နက်ရိုက်တင်ပေးကြပြီး အမွှေးနံ့သာရည်များ ပက်ဖျန်းပေးခဲ့သည်။

အဆိုပါ အသစ်ဆောက်လုပ်သွားမည့် တိုင်းရင်းသား လူမျိုးများရေးရာဝန်ကြီးဌာန ကချင်ပြည်နယ်ညွှန်ကြားရေးမှူးရုံးတွင် တိုင်းရင်းသားစာပေနှင့်ယဉ်ကျေးမှုဦးစီးဌာနနှင့် တိုင်းရင်းသားအခွင့်အရေးများ ကာကွယ်စောင့်ရှောက်ရေးဦးစီးဌာန နှစ်ခုတို့အတွက် ၂၀၁၉-၂၀၂၀ ဘဏ္ဍာနှစ် ပြည်ထောင်စုဘဏ္ဍာရန်ပုံငွေကျပ် ၃၂၀ ဒသမ ၉၂၀ သန်းဖြင့် (၈၀ပေ x ၆၀ပေ)၊ RC နှစ်ထပ်အဆောက်အအုံဖြစ်ပြီး သန်းဆုဝေကုမ္ပဏီလီမိတက်က တာဝန်ယူဆောက်လုပ်သွားမည်ဖြစ်သည်။ **ပြည်နယ်(ပြန်/ဆက်)**



## လှိုင်းဘွဲ့မြို့နယ်ရှိ ဈေးများ၌ မျက်နှာအကာအကွယ်နှင့် နှာခေါင်းစည်းများလှူဒါန်း

**လှိုင်းဘွဲ့ မေ ၂၆**

ကရင်ပြည်နယ် လှိုင်းဘွဲ့မြို့နယ်ရှိ မြို့မဈေး၊ယာယီပျံကျဈေးနှင့်ထီလုံဈေးများအတွင်းဈေးရောင်းချသူများအားကိုဗစ်-၁၉ ရောဂါကြိုတင်ကာကွယ်တားဆီးရေးနှင့်ထိန်းချုပ်နိုင်ရေးအတွက် မျက်နှာအကာအကွယ်နှင့် နှာခေါင်းစည်းများကို သက်ဆိုင်ရာတာဝန်ရှိသူများက သွားရောက်လှူဒါန်းခဲ့ကြောင်း သိရသည်။

ကရင်ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌ ဦးစောချစ်ခင်၊ ပအိုဝ်းတိုင်းရင်းသားလူမျိုးရေးရာဝန်ကြီး ဦးခွန်မျိုးတင့်၊ မြို့နယ်အုပ်ချုပ်ရေးမှူးဦးမင်းသိန်းနှင့် သက်ဆိုင်ရာတာဝန်ရှိသူများသည် ယနေ့ နံနက် ၇ နာရီတွင် လှိုင်းဘွဲ့မြို့မဈေး၊ ယာယီပျံကျဈေးနှင့် ထီလုံးဈေးအတွင်း ဈေးရောင်းချနေသူများအား မျက်နှာအကာအကွယ်နှင့် နှာခေါင်းစည်း၈၀၀ကို အခမဲ့ဖြန့်ဝေပေးခဲ့သည်။ **မြို့နယ်(ပြန်/ဆက်)**

## စက်ရုံအလုပ်ရုံမှ အလုပ်သမားများနှင့် ရုံးဝန်ထမ်းများအဆင်ပြေစေရန် တောင်ဒဂုံဖျားနာကုဆေးခန်းဖွင့်ရက် တိုးမြှင့်သတ်မှတ်

**ရန်ကုန် မေ ၂၆**

ကိုဗစ်-၁၉ ရောဂါ ကာလအတွင်း ဖျားနာလူနာများအားကုသမှုပေးနေသည့် ဒဂုံမြို့သစ် (တောင်ပိုင်း)မြို့နယ် (၅၄)ရပ်ကွက် ဖေယျာမြိုင်လမ်းမကြီးရှိ စုအသက်မွေးဝမ်းကျောင်းသိပ္ပံတွင် ဖွင့်လှစ်ထားရှိသောဖျားနာကု Fever Clinic ဆေးခန်းဖွင့်ရက်အားစက်ရုံအလုပ်ရုံများမှ အလုပ်သမားများနှင့် ရုံးဝန်ထမ်းများ အဆင်ပြေစေရေးအတွက် တစ်ရက်ထပ်မံတိုးမြှင့်လိုက်ပြီဖြစ်ကြောင်း သိရသည်။

တောင်ဒဂုံဖျားနာကုဆေးခန်းအား အပတ်စဉ် တနလ်ာ၊ ဗုဒ္ဓဟူးနှင့် သောကြာနေ့တို့တွင် နံနက် ၈ နာရီမှ ၁၁ အထိပုံမှန်ဖွင့်လှစ်ကုသပေးလျက်ရှိရာမှ ယခုအခါ တနင်္ဂနွေတစ်ရက်ထပ်တိုးသတ်မှတ်ခဲ့ခြင်းဖြစ်သည်။

ထိုသို့ကုသရက်ထပ်တိုးသတ်မှတ်ခြင်းနှင့်ပတ်သက်၍ တောင်ဒဂုံဖျားနာကုဆေးခန်းမှ တာဝန်ခံဆရာဝန် ဒေါက်တာဇော်လင်းဘိုက "တချို့စက်ရုံအလုပ်သမားတွေကဖျားကြနာကြဖြစ်တဲ့အခါ ကြားရက်တွေမှာပြသဖို့အဆင်မပြေကြဘူး။ ကိုဗစ်-၁၉ ရောဂါကာလမှာဖျားနာလို့သွားပြရင်လည်း တခြားဆေးခန်းတွေက လက်မခံတာမျိုးတွေရှိပါတယ်။ အဲဒါကြောင့် စက်ရုံအလုပ်ရုံတွေကအလုပ်သမားတွေနဲ့ ရုံးဝန်ထမ်းတွေ အဆင်ပြေအောင် စနေနေ့တစ်ရက် ထပ်တိုးမယ်ဆိုပြီးလုပ်တယ်။ ဒါပေမယ့် တချို့စက်ရုံအလုပ်ရုံတွေက စနေနေ့မှာနေ့တစ်ဝက်ဆင်းရတာမျိုးတွေရှိလို့ လွတ်လွတ်ကင်းကင်း ဖြစ်အောင်တနင်္ဂနွေနေ့ကိုထပ်တိုးသတ်မှတ်လိုက်တာဖြစ်ပါတယ်" ဟု ရှင်းလင်းပြောကြားခဲ့သည်။



တောင်ဒဂုံဖျားနာကုဆေးခန်းအား ကိုဗစ်-၁၉ ကာလအတွင်း ဖျားနာလူနာများအတွက် အကောင်းဆုံးအကြံဉာဏ်နှင့် ကုသမှု(အခမဲ့)ပေးနိုင်ရန်အတွက် ဧပြီ ၂၇ ရက်တွင် စတင်ဖွင့်လှစ်ခဲ့ခြင်းဖြစ်ပြီး ဆေးခန်းဖွင့်သည့်ရက်များတွင် တစ်ရက်လျှင် ပျမ်းမျှလူဦးရေ ၁၀ ဦးနှင့် ၁၅ ဦးကြား လာရောက်ပြသကြကြောင်း သိရသည်။

မေ ၂၅ ရက်တွင် လာရောက်ပြသသူလူနာအမျိုးသားနှစ်ဦး၊ အမျိုးသမီးခုနစ်ဦးရှိပြီး ဆေးခန်းထိုင်သူ စေတနာ့ဝန်ထမ်း ဆရာဝန်နှစ်ဦးနှင့် ဆေးဝန်ထမ်းများက သတ်မှတ်ထားသော တစ်ကိုယ်ရေသုံးကာကွယ်ရေးဝတ်စုံပြည့်ဖြင့် ကြည့်ရှုကုသပေးခြင်းဖြစ်ပြီး ဆေးခန်းဖွင့်လှစ်ချိန်ပြီးဆုံးသည့်အခါ ဆေးခန်းအတွင်းအပြင်နှင့် ဆေးခန်းဧရိယာတစ်ဝိုက်ကို ပိုးသတ်ဆေးဖျန်းခြင်းများ ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

**ကိုထက်**

## We Love Yangon မှ အခြေခံစားသောက်ကုန်များ လှူဒါန်း

**ရန်ကုန် မေ ၂၆**

ကိုဗစ်-၁၉ ရောဂါ ကာကွယ်ထိန်းချုပ်ရေးအတွက် အင်းစိန်မြို့နယ် ရွာမအနောက်ရပ်ကွက်၌ We Love Yangon မှ ဆန်၊ ဆီ၊ ဆား၊ ငရုတ်၊ ကြက်သွန်၊ ကြက်ဥ၊ ကော်ဖီ၊ ကွေကာအုပ်စသည့် လူ ၁၀၀ စာ အခြေခံစားသောက်ကုန်များ လှူဒါန်းခြင်းကို မေ ၂၄ ရက် နံနက်ပိုင်းက ပြုလုပ်ခဲ့သည်။

လှူဒါန်းရာတွင် အင်းစိန်မြို့နယ် ရွာမအနောက်ရပ်ကွက်ရှိ အခြေခံလူတန်းစားများ နေထိုင်သည့် နေအိမ်များသို့ သွားရောက်၍ အခြေခံစားသောက်ကုန် လူ ၁၀၀ စာကို မြို့နယ်စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ ဦးသိန်းသန်း၊ လက်ထောက်အုပ်ချုပ်ရေးမှူး ဦးကျော်သူဟန်တို့ ဦးဆောင်မှုဖြင့် We Love Yangon အဖွဲ့များ၊ We Love Inseinအဖွဲ့များ၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးနှင့် ရပ်ကွက် စေတနာ့ဝန်ထမ်းများ ပူးပေါင်း၍ အိမ်တိုင်ရာရောက် လှူဒါန်းခဲ့သည်။

**မြို့နယ်(ပြန်/ဆက်)**

## လှိုင်ကော်မြို့ရှိ စားသောက်ဆိုင်များ စည်းကမ်းချက်များနှင့်အညီဖွင့်လှစ်ရေး ရှင်းလင်းဆွေးနွေး

**လှိုင်ကော် မေ ၂၆**

လှိုင်ကော်မြို့အတွင်း ကိုဗစ်-၁၉ ရောဂါကြောင့် ပိတ်ထားသည့် စားသောက်ဆိုင်များ ပြန်လည်ဖွင့်လှစ်ရာတွင် ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနမှ ထုတ်ပြန်ထားသည့် ညွှန်ကြားချက်များနှင့်အညီ ဖြစ်စေရေးအတွက် စည်းကမ်းချက်များရှင်းလင်းဆွေးနွေးခြင်းကို မေ ၂၄ ရက် ညနေပိုင်းက လှိုင်ကော်မြို့နယ်ခန်းမ၌ ကျင်းပခဲ့ကြောင်း သိရသည်။

### စည်းကမ်းချက်များအတိုင်း လိုက်နာဆောင်ရွက်

မြို့နယ်အဆင့် ကိုဗစ်-၁၉ရောဂါ ထိန်းချုပ်ရေးနှင့် အရေးပေါ်တုံ့ပြန်ရေးကော်မတီဥက္ကဋ္ဌ မြို့နယ်အုပ်ချုပ်ရေးမှူးဦးရန်နိုင်ဝင်း၊ လှိုင်ကော်မြို့နယ်စည်ပင်သာယာရေးအမှုဆောင်အရာရှိ ဦးသန်းထွန်းနှင့် လှိုင်ကော်မြို့နယ် ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာထွန်းနေဝင်းတို့က စားသောက်ဆိုင်များအနေဖြင့် ဆိုင်ထိုင်စနစ်ကိုပြန်လည်ဖွင့်လှစ်မည်ဆိုပါက ပြင်ဆင်ထားရှိရမည့်အချက် ၁၅ ချက်၊ စားသုံးသူများလိုက်နာဆောင်ရွက်ရမည့်အချက်ရှစ်ချက်နှင့် အထူးဂရုပြုဆောင်ရွက်ရမည့် သန့်ရှင်းရေးလုပ်ငန်းအချက်လေးချက်တို့ကို ဆိုင်ပိုင်ရှင်များအား အသိပေးရှင်းလင်းပြောကြားခြင်းနှင့် စည်းကမ်းချက်များ ဖြန့်ဝေခြင်းတို့ ဆောင်ရွက်ခဲ့ပြီး တာဝန်ရှိသူများလာရောက်စစ်ဆေးချိန်တွင် သတ်မှတ်ထားသည့် စည်းကမ်းချက်များအတိုင်း လိုက်နာဆောင်ရွက်သည့် စားသောက်ဆိုင်များကို ပြန်လည်ဖွင့်လှစ်ရောင်းချခွင့် ပြုပေးသွားမည်ဖြစ်ကြောင်း သိရသည်။

ထို့နောက် တက်ရောက်လာကြသည့် စားသောက်ဆိုင်မှ လုပ်ငန်းရှင်များက သိရှိလိုသည့်အချက်များကိုမေးမြန်းဆွေးနွေးကြရာ တာဝန်ရှိသူများက ပြန်လည်ရှင်းလင်းဖြေကြားခဲ့ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

## ရန်ကုန်မြို့ ဈေးအချို့၌ လူတိုင်းနှာခေါင်းစည်းတပ်ပါ ဆိုင်းဘုတ်များစိုက်ထူ

**ရန်ကုန် မေ ၂၆**

ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီနှင့် မြန်မာနိုင်ငံရင်ခွင်မဲ့ကလေးငယ်များ လှေ့ချရေးနှင့် ကာကွယ်စောင့်ရှောက်ရေးအသင်း(ရန်ကုန်တိုင်းဒေသကြီး)တို့ပူးပေါင်း၍ကိုဗစ် - ၁၉ ရောဂါကာကွယ်ရေးအတွက် လူတိုင်း နှာခေါင်းစည်းတပ်ပါ ဆိုင်းဘုတ်စိုက်ထူပွဲကို ယမန်နေ့နံနက်ပိုင်းက တာမွေမြို့နယ်ရှိဈေးများဖြစ်သည့် ကျောက်မြောင်းဈေး၊ တာမွေ(ယာယီဈေး)နှင့် ဒဂုဏ်ညွန့်ဈေးတို့၌ကျင်းပရာ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီဝင် ဒေါ်သန်းမြင့်အောင်၊ ဈေးများဌာနမှ ဒုတိယဌာနမှူး ဦးသန့်ဇင်ထွန်း၊ ဈေးများဌာန (တောင်ပိုင်းခရိုင်)ခေတ္တခရိုင်မှူး ဦးဟန်ညွန့်နှင့် ခရိုင်အရာရှိများ၊ မြန်မာနိုင်ငံရင်ခွင်မဲ့ ကလေးငယ်များ လှေ့ချရေးနှင့် ကာကွယ်စောင့်ရှောက်ရေးအသင်း (ရန်ကုန်တိုင်းဒေသကြီး)မှ တာဝန်ရှိသူများ၊ တာမွေမြို့နယ် စည်ပင်သာယာရေး ကော်မတီဥက္ကဋ္ဌ ဦးအောင်မျိုးလင်း၊ တာမွေမြို့နယ်ဈေးအသီးသီးမှ ဈေးတာဝန်ခံနှင့် ဝန်ထမ်းများ၊ ဈေးသာယာရေးအဖွဲ့ဝင်များ တက်ရောက်ခဲ့ကြသည်။

အဆိုပါ ဈေးအသီးသီးတို့၌ ဈေးဝယ်လာသူပြည်သူများအား ကိုယ်အပူချိန်တိုင်းတာခြင်း၊ လက်သန့်ဆေးရည်ဆေးခြင်း၊ ဈေးရုံအတွင်းအပြင် ထုံးဖြူးခြင်း ပိုးသတ်ဆေးရည်ဖျန်းခြင်း အသံချဲ့စက်ဖြင့်"လူတိုင်းနှာခေါင်းစည်းတပ်ပါ "လှုံ့ဆော်ရေးလုပ်ငန်းများကို နေ့စဉ်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**မြင့်မောင်**

## မိုင်းဖြတ်၌ ပုံမှန်ကာကွယ်ဆေးများကို ဇွန်လမှစ၍ ပြန်လည်ထိုးနှံပေးသွားမည်

**မိုင်းဖြတ် မေ ၂၆**

ရှမ်းပြည်နယ်(အရှေ့ပိုင်း) မိုင်းဖြတ်မြို့နယ်တွင် ပုံမှန်ကာကွယ်ဆေးများကို ဇွန် ၁ ရက်မှစ၍ မြို့နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာန၊ မိခင်နှင့်ကလေး ကျန်းမာရေးဌာနတွင် နေ့စဉ် နံနက် ၈နာရီမှ မွန်းတည့်၁၂နာရီအထိ ထိုးနှံပေးသွားမည်ဖြစ်ကြောင်း မေ ၂၆ ရက်က မြို့နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှ သိရသည်။

ကိုဗစ်-၁၉ရောဂါ မကူးစက်စေရေးနှင့် လူစုလူဝေးမဖြစ်ပေါ်စေရေးအတွက် ကြိုတင်ကာကွယ်သည့်အနေဖြင့် ရပ်ကွက်နှင့် ကျေးရွာများကို နေ့အလိုက်ခွဲ၍ ထိုးနှံပေးသွားမည်ဖြစ်ရာ မြို့ပေါ်ရပ်ကွက်နှင့်ကျေးရွာများဖြစ်သည့် ဈေးတန်း၊ ကွက်သစ်၊ ဝမ်မိုင်ရပ်ကွက်များကို ဇွန် ၁ရက်တွင် လည်းကောင်း၊ တပ်နယ်ပေါင်းစုံကို ဇွန် ၂ ရက် တွင်လည်းကောင်း၊ ဝမ်ဟွေရပ်ကွက်နှင့် ဟိုနားကျေးရွာ (ရှမ်း၊ အာခါ၊ လားဟူ)ရွာများတွင် ဇွန် ၃ရက်တွင်လည်းကောင်း၊ ဝမ်ပုံ၊ ဝမ်နောင် ကျေးရွာများကို ဇွန် ၄ရက်တွင်လည်းကောင်း အသီးသီးထိုးနှံပေး သွားမည်ဖြစ်သည်။

**မြို့နယ်(ပြန်/ဆက်)**

# ယာဉ်အန္တရာယ်ကင်းရှင်းရေးနှင့် မော်တော်ယာဉ် စီမံခန့်ခွဲမှုဥပဒေ ပြဋ္ဌာန်း

**ယာဉ်အန္တရာယ်ကင်းရှင်းရေးနှင့် မော်တော်ယာဉ် စီမံခန့်ခွဲမှုဥပဒေ**
(၂၀၂၀ ပြည့်နှစ်၊ ပြည်ထောင်စုလွှတ်တော် ဥပဒေအမှတ် ၆။)
၁၃၈၂ ခုနှစ်၊ နယုန်လဆန်း ၅ ရက်
(၂၀၂၀ ပြည့်နှစ်၊ မေလ ၂၆ ရက် )
ပြည်ထောင်စုလွှတ်တော်သည် ဤဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

**အခန်း(၁)**

**အမည်နှင့် အဓိပ္ပာယ်ဖော်ပြချက်**

၁။ ဤဥပဒေကို ယာဉ်အန္တရာယ်ကင်းရှင်းရေးနှင့် မော်တော်ယာဉ်စီမံခန့်ခွဲမှု ဥပဒေဟု ခေါ်တွင်စေရမည်။

၂။ ဤဥပဒေတွင်ပါရှိသော အောက်ပါစကားရပ်များသည် ဖော်ပြပါအတိုင်း အဓိပ္ပာယ်သက်ရောက်စေရမည်-

(က) **မော်တော်ယာဉ်** ဆိုသည်မှာ စက်အားကိုဖြစ်စေ၊ လျှပ်စစ်အားကို ဖြစ်စေ၊ အခြားစွမ်းအင် တစ်မျိုးမျိုးကိုဖြစ်စေ အသုံးပြု၍ မောင်းနှင်သောယာဉ်ကို ဆိုသည်။ ယင်းစကားရပ်တွင် မော်တော်ဆိုင်ကယ်၊ နောက်တွဲယာဉ်၊ စက်ယန္တရားများနှင့် ဝန်ကြီးဌာနက အခါအားလျော်စွာ အမိန့်ကြော်ငြာစာ ထုတ်ပြန်သတ်မှတ်သည့် ယာဉ်များလည်း ပါဝင်သည်။

(ခ) **စီးပွားရေးလုပ်ငန်းသုံးမော်တော်ယာဉ်** ဆိုသည်မှာ စီးပွားရေး အလို့ငှာ ငှားရမ်းခ သို့မဟုတ် သယ်ယူပို့ဆောင်ခရယူ၍ ခရီးသည် သို့မဟုတ် ကုန်စည်ကို သယ်ယူပို့ဆောင်သော မော်တော်ယာဉ်ကို ဆိုသည်။

(ဂ) **နောက်တွဲယာဉ်** ဆိုသည်မှာ မော်တော်ယာဉ်ဖြင့် ချိတ်ဆွဲသည့် ဘီးတပ်ယာဉ်ကိုဆိုသည်။

(ဃ) **မော်တော်ဆိုင်ကယ်** ဆိုသည်မှာ ဘေးတွဲပါသည်ဖြစ်စေ၊ မပါသည် ဖြစ်စေ အနည်းဆုံး ဘီးနှစ်ဘီးဖြင့် မောင်းနှင်သော မော်တော်ယာဉ် ကို ဆိုသည်။

(င) **မော်တော်ယာဉ်၏ အဓိကအစိတ်အပိုင်း** ဆိုသည်မှာ မော်တော် ယာဉ်၏ ရုပ်သဏ္ဌာန်၊ ကိုယ်ထည်၊ အင်ဂျင်၊ ဂီယာ၊ ဘောင်၊ ဝင်ရိုး နှင့် မောင်းနှင်တံ အထိုင်စနစ်တို့ကို ဆိုသည်။

(စ) **ဝန်တင်အား** ဆိုသည်မှာ မော်တော်ယာဉ်တွင် ဦးစီးဌာနက သတ်မှတ်တင်ဆောင်ခွင့်ပြုသည့် ကုန်အလေးချိန်၊ ခရီးသည် အရေအတွက် သို့မဟုတ် ကုန်အလေးချိန်နှင့် ခရီးသည်အရေ အတွက် စုစုပေါင်းတို့ကို ဆိုသည်။

(ဆ) **ဘေးအန္တရာယ်ရှိသောကုန်ပစ္စည်းများ(Dangerous Goods)** ဆိုသည်မှာ သဘာဝပတ်ဝန်းကျင်၊ ကျန်းမာရေး၊ ဘေးအန္တရာယ် ကင်းရှင်းရေးနှင့် နိုင်ငံတော်လုံခြုံရေးကို ထိခိုက်စေသည့် ပစ္စည်း များ၊ အရာဝတ္ထုများ၊ အရည်များနှင့် အခိုးအငွေ့များကို ဆိုလိုသည်။

(ဇ) **ကနဦးမှတ်ပုံတင်ခြင်း** ဆိုသည်မှာ မော်တော်ယာဉ်ကို မှတ်ပုံတင် အရာရှိထံတွင် သတ်မှတ်ချက်များနှင့်အညီ ပထမဦးဆုံး မှတ်ပုံ တင်ခြင်းကို ဆိုသည်။

(ဈ) **ယာယီမှတ်ပုံတင်ခြင်း** ဆိုသည်မှာ မော်တော်ယာဉ်ကို ကနဦး မှတ်ပုံတင်ခြင်းမပြုမီ သက်ဆိုင်ရာမှတ်ပုံတင်အရာရှိထံ သတ်မှတ် ချက်များနှင့်အညီ မှတ်ပုံတင်ခြင်း သို့မဟုတ် ပြည်ပနိုင်ငံများတွင် မှတ်ပုံတင်ထားသော မော်တော်ယာဉ်များကို ပြည်ထောင်စုအစိုးရ အဖွဲ့၏ ခွင့်ပြုချက်ဖြင့် မြန်မာနိုင်ငံအတွင်း နေ့ရက်၊ အချိန်နှင့်နေရာ ကန့်သတ်ချက်များဖြင့် ခေတ္တဝင်ရောက်နိုင်ရေးနှင့် ခေတ္တ ဖြတ်သန်းသွားလာနိုင်ရေးအတွက် လည်းကောင်း၊ ပြည်ထောင်စု အစိုးရအဖွဲ့၏ ခွင့်ပြုချက်ဖြင့် ပြန်လည်တင်ပို့ရန် ရည်ရွယ်၍ ပြည်ပနိုင်ငံများမှ ယာယီတင်သွင်းလာသော မော်တော်ယာဉ်များကို သတ်မှတ်ကာလအတွင်း အသုံးပြုနိုင်ရေးအတွက် လည်းကောင်း သက်ဆိုင်ရာမှတ်ပုံတင်အရာရှိထံ သတ်မှတ်ချက်များနှင့်အညီ မှတ်ပုံတင်ခြင်းတို့ကိုဆိုသည်။

(ည) **သက်တမ်းတိုးမှတ်ပုံတင်ခြင်း** ဆိုသည်မှာ မှတ်ပုံတင်ထားသော မော်တော်ယာဉ်ကို သက်ဆိုင်သည့် ဒေသဆိုင်ရာ မှတ်ပုံတင် အရာရှိထံ သတ်မှတ်ချက်များနှင့်အညီ သက်တမ်းတိုးဆောင်ရွက် ခြင်းကို ဆိုသည်။

(ဋ) **မှတ်ပုံတင်အရာရှိ** ဆိုသည်မှာ မော်တော်ယာဉ်ကို မှတ်ပုံတင်ရန် ဦးစီးဌာနက တာဝန်ပေးအပ်ထားသော ဦးစီးဌာနမှတ်ပုံတင်အရာရှိ သို့မဟုတ် ဒေသဆိုင်ရာမှတ်ပုံတင်အရာရှိကို ဆိုသည်။

(ဌ) **ဦးစီးဌာနမှတ်ပုံတင်အရာရှိ** ဆိုသည်မှာ ဦးစီးဌာန၏ အရာရှိ တစ်ဦးဦးအား မှတ်ပုံတင်အရာရှိအဖြစ် ဦးစီးဌာနက ခန့်အပ်တာဝန် ပေးသောသူကို ဆိုသည်။

(ဍ) **ဒေသဆိုင်ရာမှတ်ပုံတင်အရာရှိ** ဆိုသည်မှာ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်၊ ပြည်ထောင်စုနယ်မြေ၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ တိုင်း သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ၊ ခရိုင်နှင့် မြို့နယ် ကုန်းလမ်းပို့ဆောင်ရေး ညွှန်ကြားမှုဦးစီးဌာနရုံးများရှိ အရာရှိ တစ်ဦးဦးအား ဒေသဆိုင်ရာ မှတ်ပုံတင်အရာရှိအဖြစ် ဦးစီးဌာနက ခန့်အပ်တာဝန်ပေးထားသောသူကို ဆိုသည်။

(ဎ) **လိုင်စင်ထုတ်ပေးသူအရာရှိ** ဆိုသည်မှာ ယာဉ်မောင်းလိုင်စင်နှင့် ယာဉ်အကူလိုင်စင် ထုတ်ပေးရန် ဦးစီးဌာနက တာဝန်ပေးအပ်ထား သော အရာရှိကို ဆိုသည်။

(ဏ) **မော်တော်ယာဉ်မှတ်ပုံတင်စာအုပ် (Registration Logbook of a Motor Vehicle)** ဆိုသည်မှာ မော်တော်ယာဉ်မှတ်ပုံတင်ထားသူကို ထုတ်ပေးသည့် မှတ်ပုံတင်ထားသော မော်တော်ယာဉ်ဆိုင်ရာ အချက်အလက်များ ပါဝင်သည့် မှတ်တမ်းစာအုပ်ကို ဆိုသည်။

(တ) **မော်တော်ယာဉ်မှတ်ပုံတင် သက်သေခံလက်မှတ် (Registration Certificate of a Motor Vehicle)** ဆိုသည်မှာ မော်တော်ယာဉ်ကို မှတ်ပုံတင်ထားရှိကြောင်း၊ အများပြည်သူဆိုင်ရာနေရာနှင့် အခြား သွားလာခွင့်ပြုနိုင်သောနေရာများတွင် မောင်းနှင်နိုင်ကြောင်း အသိအမှတ်ပြုထုတ်ပေးသော အထောက်အထား သက်သေခံ လက်မှတ်ကို ဆိုသည်။

(ထ) **မော်တော်ယာဉ်စစ်ဆေးချက် သက်သေခံလက်မှတ်(Vehicle Inspection Certificate)** ဆိုသည်မှာ ဦးစီးဌာန သို့မဟုတ် ဦးစီးဌာန၏ ခွင့်ပြုချက်ဖြင့် မော်တော်ယာဉ်စစ်ဆေးခြင်း ပုဂ္ဂလိက လုပ်ငန်းက ထုတ်ပေးသော မော်တော်ယာဉ်ကြံ့ခိုင်မှုရှိကြောင်း အထောက်အထား သက်သေခံလက်မှတ်ကိုဆိုသည်။

(ဒ) **မော်တော်ယာဉ်မှတ်ပုံတင်နံပါတ်ပြား (Registration Number Plate of a Motor Vehicle)** ဆိုသည်မှာ မော်တော်ယာဉ်၏ မှတ်ပုံတင်အမှတ်ကို ဖော်ပြလျက် မော်တော်ယာဉ်၏ အရှေ့နှင့် အနောက်တွင် တပ်ဆင်အသုံးပြုရန် လည်းကောင်း၊ မော်တော် ဆိုင်ကယ်၏ မှတ်ပုံတင်အမှတ်ကိုဖော်ပြလျက် မော်တော်ဆိုင်ကယ် ၏ အနောက်တွင် တပ်ဆင်အသုံးပြုရန် လည်းကောင်း ဦးစီးဌာနက ထုတ်ပေးထားသော နံပါတ်ပြားကို ဆိုသည်။

(ဓ) **မော်တော်ယာဉ် မှတ်ပုံတင်ထားသူ** ဆိုသည်မှာ မော်တော်ယာဉ် မှတ်ပုံတင်မှတ်တမ်းတွင် မှတ်ပုံတင်ထားသူအဖြစ် အမည်ဖော်ပြ ထားသူကို ဆိုသည်။

(န) **မော်တော်ယာဉ်ပိုင်ရှင်** ဆိုသည်မှာ မော်တော်ယာဉ်ကို ဥပဒေနှင့်အညီ တစ်နည်းနည်းဖြင့် ပိုင်ဆိုင်သူကိုဆိုသည်။ ယင်းစကားရပ်တွင် မော်တော်ယာဉ်မှတ်ပုံတင်ထားသူ သို့မဟုတ် ဥပဒေနှင့်အညီ မော်တော်ယာဉ်ကို လက်ရှိရရှိထားသူလည်း ပါဝင်သည်။

(ပ) **မော်တော်ယာဉ်အတွက်တာဝန်ရှိသူ** ဆိုသည်မှာ မော်တော်ယာဉ် ပိုင်ရှင် သို့မဟုတ် မော်တော်ယာဉ်နှင့်စပ်လျဉ်း၍ ကြီးကြပ်တာဝန်ယူ ဆောင်ရွက်သူ သို့မဟုတ် မော်တော်ယာဉ် မောင်းနှင်သူကို ဆိုသည်။

(ဖ) **မော်တော်ယာဉ်စစ်ဆေးခြင်း ပုဂ္ဂလိကလုပ်ငန်း** ဆိုသည်မှာ ဦးစီးဌာန ၏ ခွင့်ပြုချက်ဖြင့် မော်တော်ယာဉ် စစ်ဆေးခြင်းလုပ်ငန်းကို သတ်မှတ်ချက်များနှင့်အညီ လုပ်ကိုင်ခွင့်ရရှိသော ပုဂ္ဂိုလ် သို့မဟုတ် အဖွဲ့အစည်းက ဆောင်ရွက်သည့်လုပ်ငန်းကို ဆိုသည်။

(ဗ) **မော်တော်ယာဉ်စစ်ဆေးခြင်းဆိုင်ရာ နည်းပညာကျွမ်းကျင်သူအဖွဲ့** ဆိုသည်မှာ မော်တော်ယာဉ်စစ်ဆေးခြင်း ပုဂ္ဂလိကလုပ်ငန်း လုပ်ကိုင်သူ(Operator)များ၏ မော်တော်ယာဉ်စစ်ဆေးသည့် စက်ကိရိယာ (Vehicle Inspection Equipment)များ အရည်အသွေး ပြည့်မီမှု ရှိ မရှိ၊ စစ်ဆေးခြင်း နည်းစနစ်များမှန်ကန်မှုနှင့် တိကျမှု ရှိ မရှိ၊ စစ်ဆေးခြင်းဆိုင်ရာ လုပ်ထုံးလုပ်နည်းနှင့် လုပ်ငန်းစဉ်များ မှန်ကန်မှု ရှိ မရှိတို့အတွက် စစ်ဆေးခြင်း၊ စောင့်ကြည့်လေ့လာခြင်း နှင့် လုပ်ငန်းစွမ်းဆောင်ရည် အကဲဖြတ်ခြင်းတို့ကိုဆောင်ရွက်ရန် ဦးစီးဌာနက သတ်မှတ်တာဝန်ပေးအပ်သော အဖွဲ့အစည်းကို ဆိုသည်။

(ဘ) **ယာဉ်မောင်းလိုင်စင်** ဆိုသည်မှာ လိုင်စင်ထုတ်ပေးသူအရာရှိက ပုဂ္ဂိုလ်တစ်ဦးအား မော်တော်ယာဉ်ကိုဖြစ်စေ၊ သီးခြားဖော်ပြထား သည့် အတန်းအစား သို့မဟုတ် အမျိုးအစားတစ်ခုခုတွင် ပါဝင်သော မော်တော်ယာဉ်ကိုဖြစ်စေ မောင်းနှင်ခွင့်ပြုကြောင်း ဤဥပဒေအရ ထုတ်ပေးသည့် စာတမ်းအမှတ်အသားကိုဆိုသည်။

(မ) **ယာဉ်အကူလိုင်စင်** ဆိုသည်မှာ ပုဂ္ဂိုလ်တစ်ဦးအား ခရီးသည်တင် မော်တော်ယာဉ်တွင်ဖြစ်စေ၊ ကုန်တင်မော်တော်ယာဉ်တွင်ဖြစ်စေ မော်တော်ယာဉ်မောင်းသူနှင့် ခရီးသည်များကို ကူညီဆောင်ရွက်ခွင့် ပြုကြောင်း ဤဥပဒေအရ ထုတ်ပေးသည့် စာတမ်းအမှတ်အသားကို ဆိုသည်။

(ယ) **လုပ်ငန်းလိုင်စင်** ဆိုသည်မှာ ဤဥပဒေအရ ထုတ်ပေးသည့် မော်တော် ယာဉ်စစ်ဆေးခြင်း ပုဂ္ဂလိကလုပ်ငန်း သို့မဟုတ် မော်တော်ယာဉ် မောင်းသင်တန်းကျောင်း လုပ်ငန်းလုပ်ကိုင်ခွင့်ပြုသော စာတမ်း အမှတ်အသားကို ဆိုသည်။

(ရ) **အများပြည်သူဆိုင်ရာနေရာ** ဆိုသည်မှာ အများပြည်သူတို့ ဝင်ထွက် သွားလာခွင့်ရှိသော နေရာ၊ လမ်းနယ်၊ လမ်းမကြီး၊ လမ်းသွယ်နှင့် လမ်းကြောင်းတို့ကို ဆိုသည်။

(လ) **လမ်းညွှန်း၊ လမ်းအမှတ်အသားနှင့် အချက်ပြများ** ဆိုသည်မှာ မော်တော်ယာဉ်မောင်းသူများ အပါအဝင် လမ်းအသုံးပြုသူများ အန္တရာယ်ကင်းရှင်းစွာ သွားလာနိုင်ရေးအတွက် အချက်ပြအညွှန်း၊ အမှတ်အသားနှင့် အချက်ပြကိရိယာများကို ဆိုသည်။

(ဝ) **ပတ်ဝန်းကျင်ထိန်းသိမ်းရေး** ဆိုသည်မှာ မော်တော်ယာဉ်ကြောင့် လေထု၊ ရေထု၊ မြေထု ညစ်ညမ်းခြင်းနှင့် အသံဆူညံခြင်းတို့ လျော့နည်းစေရန် ထိန်းသိမ်းရေးကို ဆိုသည်။

(သ) **ရန်ပုံငွေ** ဆိုသည်မှာ ဤဥပဒေအရ တည်ထောင်သည့် ယာဉ် အန္တရာယ်ကင်းရှင်းရေးဆိုင်ရာ ရန်ပုံငွေကို ဆိုသည်။

(ဟ) **အမျိုးသားကောင်စီ** ဆိုသည်မှာ ဤဥပဒေအရ ဖွဲ့စည်းသော အမျိုးသားယာဉ်အန္တရာယ်၊ လမ်းအန္တရာယ်ကင်းရှင်းရေးကောင်စီ ကို ဆိုသည်။

(ဠ) **ဒေသဆိုင်ရာကောင်စီ** ဆိုသည်မှာ ဤဥပဒေအရ ဖွဲ့စည်းသော တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် သို့မဟုတ် ပြည်ထောင်စု နယ်မြေ ယာဉ်အန္တရာယ်၊ လမ်းအန္တရာယ် ကင်းရှင်းရေးကောင်စီ ကို ဆိုသည်။

(အ) **ဝန်ကြီးဌာန** ဆိုသည်မှာ ပြည်ထောင်စုအစိုးရ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာနကို ဆိုသည်။

(ကက) **ဦးစီးဌာန** ဆိုသည်မှာ ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေး ဝန်ကြီးဌာန၊ ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှု ဦးစီးဌာနကို ဆိုသည်။

(ခခ) **ညွှန်ကြားရေးမှူးချုပ်** ဆိုသည်မှာ ကုန်းလမ်းပို့ဆောင် ရေးညွှန်ကြားမှုဦးစီးဌာန၊ ညွှန်ကြားရေးမှူးချုပ်ကို ဆိုသည်။

**အခန်း(၂)**

**ရည်ရွယ်ချက်**

၃။ ဤဥပဒေ၏ ရည်ရွယ်ချက်များမှာ အောက်ပါအတိုင်းဖြစ်သည်-

(က) မော်တော်ယာဉ်များအား ဥပဒေနှင့်အညီ စစ်ဆေးပြီး မှတ်ပုံတင် စေရန်၊

(ခ) မော်တော်ယာဉ်အမျိုးအစားအလိုက် မောင်းနှင်မည့်သူများအား သတ်မှတ်ထားသည့် အရည်အချင်းနှင့် ပြည့်မီမှုရှိမရှိ စစ်ဆေးပြီး ယာဉ်မောင်းလိုင်စင်ထုတ်ပေးရန်၊

(ဂ) မော်တော်ယာဉ်ကြောင့် ဖြစ်ပေါ်လာသော လေထု၊ ရေထု၊ မြေထု ညစ်ညမ်းခြင်းနှင့် အသံဆူညံခြင်းတို့ လျော့နည်းစေရေး ဆောင်ရွက်ရန်၊

(ဃ) မော်တော်ယာဉ်ကြောင့် မတော်တဆဖြစ်ပွားမှုများ လျော့နည်း ကျဆင်းလာစေရေးအတွက် စနစ်တကျစီမံခန့်ခွဲရန်၊

(င) ယာဉ်အန္တရာယ်ကင်းရှင်းစွာ သွားလာနိုင်ရေးအတွက် သတ်မှတ် ချက်များနှင့်အညီ စစ်ဆေးခြင်းနှင့် ကြီးကြပ်ခြင်းပြုနိုင်ရန်၊

(စ) ယာဉ်ကြောပိတ်ဆို့မှု လျော့နည်းကျဆင်းလာစေရန်နှင့် ယာဉ်အန္တရာယ်ကင်းရှင်းရေး ဆောင်ရွက်ရာတွင် အဆင့်မြင့် နည်းပညာသုံး ပို့ဆောင်ရေးစနစ်ကို ထိရောက်စွာ အသုံးပြုရန်၊

(ဆ) ယာဉ်မတော်တဆထိခိုက်မှုအန္တရာယ်ကြောင့် ပြည်သူတို့၏ အသက်နှင့်လူမှုစီးပွား ဆုံးရှုံးမှုများနှင့် ထိခိုက်ဒဏ်ရာရမှုများ လျော့နည်းလာစေရန်နှင့် လမ်းအသုံးပြုသူများ သွားလာမှု လွယ်ကူချောမွေ့စေရန်၊

(ဇ) ဘေးအန္တရာယ်ရှိသော ကုန်ပစ္စည်းများကို အန္တရာယ်ကင်းစွာ သယ်ယူပို့ဆောင်စေရန်။

**အခန်း (၃)**

**အမျိုးသားယာဉ်အန္တရာယ်၊ လမ်းအန္တရာယ် ကင်းရှင်းရေးကောင်စီနှင့် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် သို့မဟုတ် ပြည်ထောင်စုနယ်မြေ ယာဉ်အန္တရာယ်၊ လမ်းအန္တရာယ် ကင်းရှင်းရေးကောင်စီများ ဖွဲ့စည်းခြင်းနှင့် လုပ်ငန်းတာဝန်များ**

၄။ ပြည်ထောင်စုအစိုးရအဖွဲ့သည်-

(က) ဒုတိယသမ္မတတစ်ဦးဦးအား ဥက္ကဋ္ဌအဖြစ် ဆောင်ရွက်စေပြီး သင့်လျော်သောပုဂ္ဂိုလ်များဖြင့် အမျိုးသားကောင်စီကို ဖွဲ့စည်းရ မည်။

(ခ) ပုဒ်မခွဲ(က)အရ ဖွဲ့စည်းသော အမျိုးသားကောင်စီကို လိုအပ်ပါက ပြင်ဆင်ဖွဲ့စည်းနိုင်သည်။

၅။ အမျိုးသားကောင်စီ၏ လုပ်ငန်းတာဝန်များမှာ အောက်ပါအတိုင်းဖြစ်သည်-

(က) ယာဉ်အန္တရာယ်၊ လမ်းအန္တရာယ် ကင်းရှင်းရေးဆိုင်ရာ မူဝါဒများ ချမှတ်ခြင်း၊

(ခ) ယာဉ်အန္တရာယ်၊ လမ်းအန္တရာယ်ကင်းရှင်းရေးနှင့်ပတ်သက်၍ ပြည်သူလူထုအား အသိပညာပေးမည့် နည်းလမ်းများ၊ လုပ်ငန်းစဉ် များ၊ အစီအမံများ ချမှတ်ကြီးကြပ်ခြင်း၊

(ဂ) အမျိုးသားယာဉ်အန္တရာယ်၊ လမ်းအန္တရာယ်ကင်းရှင်းရေး လုပ်ငန်း စီမံချက် အကောင်အထည်ဖော်နိုင်ရေးအတွက် ပါဝင်ဆောင်ရွက်ရ မည့် အစိုးရဌာန၊ အစိုးရအဖွဲ့အစည်းများ၏ လုပ်ငန်း တာဝန်များကို သတ်မှတ်ခြင်း၊

(ဃ) ယာဉ်အန္တရာယ်၊ လမ်းအန္တရာယ်ကင်းရှင်းရေးလုပ်ငန်းများ ဆောင်ရွက်နိုင်ရန် ငွေကြေးနှင့် လူ့စွမ်းအားအရင်း အမြစ်များရရှိ စေရေးဆောင်ရွက်ခြင်း၊

(င) ရန်ပုံငွေလက်ခံရယူခြင်း၊ သုံးစွဲခြင်း၊ ထိန်းသိမ်းခြင်းနှင့် စီမံခန့်ခွဲ ခြင်းတို့ကို ကြပ်မတ်ခြင်း၊

(စ) ယာဉ်အန္တရာယ်၊ လမ်းအန္တရာယ်ကင်းရှင်းရေးလုပ်ငန်းများ၊ စီမံကိန်းများ အကောင်အထည်ဖော်ဆောင်ရွက်ခြင်း၏ ဖြစ်ပေါ် တိုးတက်မှုအခြေအနေနှင့် တွေ့ကြုံရသည့် အခက်အခဲများနှင့် ပတ်သက်၍ အစီရင်ခံတင်ပြလာမှုများကို စိစစ်ဆောင်ရွက်ခြင်း၊

(ဆ) ယာဉ်အန္တရာယ်၊ လမ်းအန္တရာယ်သည် နိုင်ငံတော်နှင့် နိုင်ငံသား များ၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုတို့အတွက် အဟန့်အတား ဖြစ်စေနိုင်ကြောင်း ပြည်သူတစ်ရပ်လုံးကသိရှိပြီး ပိုမိုလေးစား လိုက်နာစေရန်ဆောင်ရွက်ခြင်း၊

*(ဆက်လက်ဖော်ပြပါမည်)*

# စက်မှုဇုန်ဥပဒေ ပြဋ္ဌာန်း

**စက်မှုဇုန်ဥပဒေ**

(၂၀၂၀ ပြည့်နှစ်၊ ပြည်ထောင်စုလွှတ်တော်ဥပဒေအမှတ် ၇။)

၁၃၈၂ ခုနှစ်၊ နယုန်လဆန်း ၅ ရက်

(၂၀၂၀ ပြည့်နှစ်၊ မေလ ၂၆ ရက်)

ပြည်ထောင်စုလွှတ်တော်သည် ဤဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

**အခန်း(၁)**

**အမည်နှင့် အဓိပ္ပာယ်ဖော်ပြချက်**

၁။ ဤဥပဒေကို စက်မှုဇုန်ဥပဒေဟု ခေါ်တွင်စေရမည်။

၂။ ဤဥပဒေတွင်ပါရှိသော အောက်ပါစကားရပ်များသည် ဖော်ပြပါအတိုင်း အဓိပ္ပာယ်သက်ရောက်စေရမည်-

(က) **နိုင်ငံတော်** ဆိုသည်မှာ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ကို ဆိုသည်။

(ခ) **အစိုးရအဖွဲ့** ဆိုသည်မှာ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ပြည်ထောင်စုအစိုးရအဖွဲ့ကို ဆိုသည်။

(ဂ) **ဝန်ကြီးဌာန** ဆိုသည်မှာ ပြည်ထောင်စုအစိုးရ စီမံကိန်း၊ ဘဏ္ဍာရေးနှင့် စက်မှုဝန်ကြီးဌာနကို ဆိုသည်။

(ဃ) **စက်မှုဇုန်** ဆိုသည်မှာ အစိုးရအဖွဲ့က အမိန့်ကြော်ငြာစာ ထုတ်ပြန်၍ စက်မှုဇုန်အဖြစ် နယ်နိမိတ်ပိုင်းခြား သတ်မှတ် တည်ထောင်သည့်နေရာကို ဆိုသည်။

(င) **တည်ထောင်ပြီးစက်မှုဇုန်** ဆိုသည်မှာ ဤဥပဒေ မပြဋ္ဌာန်းမီက တည်ရှိခဲ့သော စက်မှုဇုန်၊ စက်မှုဇုန်ခွဲ၊ စက်မှုနယ်မြေ၊ စက်မှုရပ်ကွက် သို့မဟုတ် စက်မှုဥယျာဉ်ကို ဆိုသည်။

(စ) **ဗဟိုကော်မတီ** ဆိုသည်မှာ စက်မှုလုပ်ငန်းများနှင့် စက်မှုဇုန်များ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဤဥပဒေအရ ဖွဲ့စည်းသော စက်မှုလုပ်ငန်းနှင့် စက်မှုဇုန်ဖွံ့ဖြိုးတိုးတက်ရေး ဗဟိုကော်မတီကို ဆိုသည်။

(ဆ) **ဒေသဆိုင်ရာကော်မတီ** ဆိုသည်မှာ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်နှင့် ပြည်ထောင်စုနယ်မြေတို့တွင် ဒေသအလိုက် စက်မှုဇုန်များဖော်ဆောင်ရေးနှင့် ကြီးကြပ်ရေးအတွက် ဤဥပဒေအရ ဖွဲ့စည်းသော ဒေသဆိုင်ရာ စက်မှုဇုန်များ ဖော်ဆောင်ရေးနှင့် ကြီးကြပ်ရေးကော်မတီကို ဆိုသည်။

(ဇ) **စီမံခန့်ခွဲရေးကော်မတီ** ဆိုသည်မှာ သက်ဆိုင်ရာစက်မှုဇုန်တွင် စီမံခန့်ခွဲရေးလုပ်ငန်းများကို ဆောင်ရွက်ရန် ဤဥပဒေအရ ဖွဲ့စည်းသော စက်မှုဇုန်စီမံခန့်ခွဲရေးကော်မတီကို ဆိုသည်။

(ဈ) **အခြေခံအဆောက်အအုံများ** ဆိုရာတွင် စက်မှုဇုန်နှင့်ဆက်စပ်သည့် လျှပ်စစ်ဓာတ်အား ဖြန့်ဖြူးရေး၊ ရေရရှိရေး၊ ရေဆိုးသန့်စင်ရေး၊ မီးဘေးလုံခြုံရေး၊ ကားလမ်း၊ ရထားလမ်း၊ ဆိပ်ကမ်း၊ လေဆိပ်၊ ဆက်သွယ်ရေးကွန်ရက် စသည့် ရုပ်ဝတ္ထုပိုင်းဆိုင်ရာ အခြေခံလိုအပ်ချက်များနှင့် ကွန်ပျူတာအစီအစဉ်များ၊ လုပ်ငန်းများ လွယ်ကူထိရောက်စေရေးအတွက် ဆောင်ရွက်ပေးနိုင်သည့် စီမံခန့်ခွဲရေးဆိုင်ရာ အစီအစဉ်များစသည့် ရုပ်ဝတ္ထုပိုင်းဆိုင်ရာ မဟုတ်သည့် အခြေခံလိုအပ်ချက်များ ပါဝင်သည်။

(ည) **ရင်းနှီးတည်ဆောက်သူ** ဆိုသည်မှာ စက်မှုဇုန် ထူထောင်တည်ဆောက်သည့်လုပ်ငန်း၊ စက်မှုဇုန်အတွင်း အခြေခံအဆောက်အအုံ တည်ဆောက်သည့် လုပင်န်းနှင့် လုပ်ငန်းလည်ပတ်ခြင်း သို့မဟုတ် မွမ်းမံထိန်းသိမ်းခြင်းဆိုင်ရာလုပ်ငန်းများကို ဤဥပဒေပါ ပြဋ္ဌာန်းချက်များနှင့်အညီ ကိစ္စရပ်တစ်ခုချင်းအလိုက် တာဝန်ယူဆောင်ရွက်သည့် ပုဂ္ဂိုလ်၊ ကုမ္ပဏီ သို့မဟုတ် အဖွဲ့အစည်းကို ဆိုသည်။

(ဋ) **ရင်းနှီးမြှုပ်နှံသူ** ဆိုသည်မှာ ဒေသဆိုင်ရာကော်မတီ၏ သတ်မှတ်ချက်များနှင့်အညီ စက်မှုဇုန်အတွင်း ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းကို ဆောင်ရွက်သည့် ပုဂ္ဂိုလ်၊ ကုမ္ပဏီ သို့မဟုတ် အဖွဲ့အစည်းကို ဆိုသည်။

**အခန်း (၂)**

**ရည်ရွယ်ချက်**

၃။ ဤဥပဒေ၏ ရည်ရွယ်ချက်များမှာ အောက်ပါအတိုင်းဖြစ်သည် -

(က) စက်မှုလုပ်ငန်းများ ရေရှည်ဖွံ့ဖြိုးတိုးတက်စေရန်နှင့် စက်မှုဇုန်များ အောင်မြင်စွာ အကောင်အထည်ဖော် ဆောင်ရွက်နိုင်စေရန်၊

(ခ) စက်မှုဇုန်များကို နိုင်ငံတော်၏စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဆိုင်ရာ မူဘောင်များနှင့်အညီ စနစ်တကျ စီမံထူထောင်၍ ပြည်တွင်းပြည်ပလုပ်ငန်းရှင်များ ရင်းနှီးမြှုပ်နှံလုပ်ကိုင်နိုင်စေရန်၊

(ဂ) ကုန်ထုတ်လုပ်ငန်းနှင့် ကုန်ထုတ်လုပ်မှုဆိုင်ရာ ဝန်ဆောင်မှုလုပ်ငန်းများ၏ လိုအပ်ချက်များကို ပြည့်စုံစွာ စီမံဆောင်ရွက်ခြင်းဖြင့် စက်မှုဇုန်များအတွင်း လုပ်ငန်းချိတ်ဆက်မှုအားကောင်း၍ ဈေးကွက်အရ ယှဉ်ပြိုင်နိုင်သော စက်မှုလုပ်ငန်းများ ဖြစ်လာစေရန်၊

(ဃ) စက်မှုလုပ်ငန်းများကို စက်မှုဇုန်အတွင်း အခြေချလုပ်ကိုင်ဆောင်ရွက်လာစေရန်နှင့် စက်မှုလုပ်ငန်းများကြောင့် သဘာဝနှင့် လူမှုပတ်ဝန်းကျင်ဆိုင်ရာ ဆိုးကျိုးသက်ရောက်မှုများ မဖြစ်ပေါ်စေရေး၊ လျော့နည်းစေရေးအတွက် သက်ဆိုင်ရာဥပဒေ၊ နည်းဥပဒေများ၊ လုပ်ထုံးလုပ်နည်း၊ စံချိန်စံညွှန်းများနှင့်အညီ စနစ်တကျစီမံဆောင်ရွက်စေရန်၊

(င) စက်မှုဇုန်လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်လာစေခြင်းဖြင့် အလုပ်အကိုင်အခွင့်အလမ်း တိုးမြှင့်လာစေပြီး နိုင်ငံသားများ၏ လူနေမှုအဆင့်မြင့်မားလာစေရန်နှင့် ဒေသအလိုက် ဖွံ့ဖြိုးတိုးတက်မှုကွာဟချက်များကို လျော့နည်းစေရန်၊

(စ) စက်မှုဇုန်များ၏ ကွန်ရက်ချိတ်ဆက်မှု ပိုမိုအားကောင်းလာစေရန်၊ လိုအပ်ချက်များ ဖြည့်ဆည်းရန်နှင့် တာဝန်ယူ၊ တာဝန်ခံမှုစနစ်ထွန်းကားလာစေရန်၊

(ဆ) အသုံးပြုခွင့်ရရှိထားသောမြေများကို လက်တွေ့အသုံးပြုခြင်းဖြင့် နိုင်ငံ့စီးပွားရေးတိုးတက်စေရန်နှင့် အလုပ်အကိုင်အခွင့်အလမ်းများ ပေါ်ပေါက်လာစေရန်။

**အခန်း(၃)**

**ဗဟိုကော်မတီ ဖွဲ့စည်းခြင်းနှင့် လုပ်ငန်းတာဝန်များ**

၄။ အစိုးရအဖွဲ့သည် -

(က) စက်မှုလုပ်ငန်းများ ရေရှည်ဖွံ့ဖြိုးတိုးတက်စေရန်၊ စက်မှုဇုန်များ ဖွံ့ဖြိုးတိုးတက်ရန်နှင့် ဤဥပဒေပါလုပ်ငန်းတာဝန်များကို ဆောင်ရွက်ရန် သင့်လျော်သော ပြည်ထောင်စုအဆင့် ပုဂ္ဂိုလ်တစ်ဦးကို ဥက္ကဋ္ဌအဖြစ်လည်းကောင်း၊ သက်ဆိုင်ရာဝန်ကြီးဌာန၊ အစိုးရဌာန၊ အဖွဲ့အစည်းများမှ သင့်လျော်သော ပုဂ္ဂိုလ်များကို အဖွဲ့ဝင်များအဖြစ်လည်းကောင်း ပါဝင်စေလျက် ၁၅ ဦးထက် မပိုသော ဗဟိုကော်မတီကို ဖွဲ့စည်းရမည်။

(ခ) ပုဒ်မခွဲ (က)အရ ဖွဲ့စည်းရာတွင် အဖွဲ့ဝင်များအနက်မှ ဒုတိယဥက္ကဋ္ဌ၊ အတွင်းရေးမှူးနှင့် တွဲဖက်အတွင်းရေးမှူးတို့ကို သတ်မှတ်တာဝန်ပေးရမည်။

(ဂ) ပုဒ်မခွဲ (က) အရ ဖွဲ့စည်းသည့် ဗဟိုကော်မတီကို လိုအပ်ပါက ပြင်ဆင်ဖွဲ့စည်းနိုင်သည်။

၅။ ဗဟိုကော်မတီ၏ လုပ်ငန်းတာဝန်များမှာ အောက်ပါအတိုင်းဖြစ်သည်-

(က) ဤဥပဒေပါ ပြဋ္ဌာန်းချက်များနှင့်အညီ စက်မှုဇုန်များ အောင်မြင်စွာ အကောင်အထည်ဖော်နိုင်ရေးအတွက် မူဝါဒချမှတ်ခြင်းနှင့် လမ်းညွှန်ခြင်း၊

(ခ) စက်မှုဇုန်တည်ထောင်ရေးအတွက် ဒေသဆိုင်ရာကော်မတီ၏ အဆိုပြုတင်ပြချက်ကို စိစစ်သုံးသပ်၍ သဘောထားမှတ်ချက်နှင့်တကွ အစိုးရအဖွဲ့သို့ တင်ပြခြင်း၊

(ဂ) ဒေသဆိုင်ရာကော်မတီများ ဖွဲ့စည်းခြင်း၊

(ဃ) ဒေသဆိုင်ရာကော်မတီမှ တင်ပြလာသော စက်မှုဇုန်အတွင်း ရင်းနှီးတည်ဆောက်သူများနှင့် ရင်းနှီးမြှုပ်နှံသူများအား စည်းကြပ်ကောက်ခံရမည့် အခွန်အခများ၊ မြေငှားရမ်းခနှင့် မြေအသုံးပြုခများကို အတည်ပြုသတ်မှတ်ခြင်း၊

(င) ဒေသဆိုင်ရာကော်မတီမှ တင်ပြလာသည့်စက်မှုဇုန် တည်ဆောက်ရေးနှင့် ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းဆိုင်ရာ အဆိုပြုချက်များ၊ စက်မှုဇုန်ဖွံ့ဖြိုးတိုးတက်ရေး စီမံချက်များ၊ မူဝါဒဆိုင်ရာနှင့် စက်မှုဇုန်နှင့် သက်ဆိုင်သည့် ကိစ္စရပ်များကို အတည်ပြုခြင်း၊ ညှိနှိုင်းဆောင်ရွက်ပေးခြင်းနှင့် လမ်းညွှန်ခြင်း၊

(စ) စက်မှုဇုန်ဖွံ့ဖြိုးတိုးတက်ရေးအတွက် အခြေခံအဆောက်အအုံများနှင့် လိုအပ်သော အထောက်အပံ့များရရှိနိုင်ရန် ညှိနှိုင်းဆောင်ရွက်ပေးခြင်း။

**အခန်း(၄)**

**ဒေသဆိုင်ရာကော်မတီ ဖွဲ့စည်းခြင်းနှင့်လုပ်ငန်းတာဝန်များ**

၆။ ဗဟိုကော်မတီသည် -

(က) ဤဥပဒေပါ လုပ်ငန်းတာဝန်များကို ဒေသအလိုက် ထိရောက်အောင်မြင်စွာ ဆောင်ရွက်နိုင်ရန် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်နှင့် ပြည်ထောင်စုနယ်မြေတို့တွင် ဒေသဆိုင်ရာကော်မတီကို နေပြည်တော်ကောင်စီဥက္ကဋ္ဌ၊ သက်ဆိုင်ရာတိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ဝန်ကြီးချုပ်အား နာယကအဖြစ်လည်းကောင်း၊ နေပြည်တော်ကောင်စီဝင်၊ သက်ဆိုင်ရာတိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ဝန်ကြီးအား ဥက္ကဋ္ဌအဖြစ်လည်းကောင်း၊ သက်ဆိုင်ရာအစိုးရဌာန၊ အစိုးရအဖွဲ့အစည်းများမှ ပုဂ္ဂိုလ်များ၊ သက်ဆိုင်ရာ စီမံခန့်ခွဲရေးကော်မတီ ဥက္ကဋ္ဌများအနက်မှ အများဆုံး ငါးဦးတို့အား အဖွဲ့ဝင်များအဖြစ်လည်းကောင်း ဖွဲ့စည်းတာဝန်ပေးအပ်ရမည်။

(ခ) ဒေသဆိုင်ရာကော်မတီ ဥက္ကဋ္ဌက တာဝန်ပေးအပ်သူအား အတွင်းရေးမှူးအဖြစ်လည်းကောင်း၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်နှင့် ပြည်ထောင်စုနယ်မြေ စက်မှုကြီးကြပ်ရေးနှင့် စစ်ဆေးရေးဦးစီးဌာန၊ ဦးစီးဌာနမှူးအား တွဲဖက်အတွင်းရေးမှူးအဖြစ်လည်းကောင်း တာဝန်ပေးအပ်ရမည်။

(ဂ) ဒေသဆိုင်ရာ ကော်မတီအား ဥက္ကဋ္ဌအပါအဝင် ၁၅ ဦးအထိ ဖွဲ့စည်းနိုင်သည်။

(ဃ) ပုဒ်မခွဲ (က) အရ ဖွဲ့စည်းသော ဒေသဆိုင်ရာကော်မတီကို လိုအပ်ပါက ပြင်ဆင်ဖွဲ့စည်းနိုင်သည်။

၇။ ဒေသဆိုင်ရာကော်မတီ၏ လုပ်ငန်းတာဝန်များမှာ အောက်ပါအတိုင်း ဖြစ်သည်-

(က) နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့ကဖြစ်စေ၊ ရင်းနှီးတည်ဆောက်သူကဖြစ်စေ စက်မှုဇုန်အသစ်တည်ထောင်ရေးအတွက် တင်ပြလာသည့် အဆိုပြုချက်နှင့်စပ်လျဉ်း၍ သင့်လျော်သည့်နေရာ၊ လိုအပ်သည့် နယ်မြေဧရိယာ၊ အကျယ်အဝန်းနှင့် နယ်နိမိတ်ပိုင်းခြားသတ်မှတ်ချက်၊ စီးပွားရေးဆောင်ရွက်ရန် အခြေခံလိုအပ်ချက်များ ရရှိနိုင်မှုအခြေအနေ၊ စီးပွားရေးတိုးတက်နိုင်မှု အလားအလာနှင့် အလုပ်အကိုင် အခွင့်အလမ်းရရှိနိုင်မှုအခြေအနေတို့ကို စိစစ်သုံးသပ်လျက် သဘောထားမှတ်ချက်များနှင့်တကွ ဗဟိုကော်မတီသို့ တင်ပြခြင်း၊

(ခ) စက်မှုဇုန်များ၏ အခြေခံအဆောက်အအုံများ ပြည့်စုံမှုနှင့် လိုအပ်မှု၊ မြေ၊ ရေနှင့် စွမ်းအင်အကျိုးရှိစွာအသုံးချမှု၊ လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးတိုးတက်မှု၊ သဘာဝပတ်ဝန်းကျင်နှင့် လူမှုစီးပွားတာဝန်ယူနိုင်မှုတို့အပေါ် သုံးသပ်၍ လိုအပ်သောမူဝါဒများ ချမှတ်နိုင်ရန်အတွက် ဗဟိုကော်မတီသို့ တင်ပြခြင်း၊

(ဂ) စက်မှုဇုန်ပြင်ပ၌ လုပ်ကိုင်နေသော စက်မှုလုပ်ငန်းများအား စက်မှုဇုန်သို့ ပြောင်းရွှေ့လုပ်ကိုင်ရန် ကြပ်မတ်ဆောင်ရွက်ခြင်း၊ စက်မှုဇုန်အတွင်း ပြောင်းရွှေ့လုပ်ကိုင်သူများအား အခွင့်အရေးနှင့် သက်သာခွင့်များရရှိစေရန် ညှိနှိုင်းဆောင်ရွက်ခြင်း၊ မူဝါဒပိုင်းဆိုင်ရာ တောင်းခံရန် လိုအပ်ပါက ဗဟိုကော်မတီသို့ တင်ပြဆောင်ရွက်ခြင်း၊

(ဃ) စက်မှုဇုန်သစ်များ ပေါ်ပေါက်စေရန် ဖော်ဆောင်ရေးလုပ်ငန်းစဉ်များ ဆောင်ရွက်ခြင်း၊

(င) တည်ထောင်ပြီး စက်မှုဇုန်များတွင် ဆောင်ရွက်လျက်ရှိသော ဖွံ့ဖြိုးရေးအစီအစဉ်များအား အဆင့်မြှင့်တင်ဆောင်ရွက်ခြင်း၊

(စ) တည်ထောင်ပြီးစက်မှုဇုန်များနှင့် စက်မှုဇုန်အသစ်များအတွင်း ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများ အောင်မြင်စွာ ဆောင်ရွက်နိုင်ရေးအတွက် လိုအပ်သောအစီအမံများ ရေးဆွဲတင်ပြခြင်း၊ လုပ်ငန်းတာဝန်များ သတ်မှတ်ခြင်းနှင့် ဗဟိုကော်မတီ၏ အတည်ပြုချက်ရယူခြင်း၊

(ဆ) တည်ထောင်ပြီးစက်မှုဇုန်များအတွင်း ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းသစ်များအတွက် အဆောက်အဦများ ဆောက်လုပ်ရန်နေရာ သတ်မှတ်ခြင်း၊ စိစစ်ခြင်းနှင့် အတည်ပြုခြင်း၊

(ဇ) စက်မှုဇုန်များအတွက် မြေငှားရမ်းမည့်နှစ်ကာလကို သတ်မှတ်ခြင်း၊

(ဈ) စက်မှုဇုန်တွင် ရင်းနှီးမြှုပ်နှံသူများက ပုဒ်မ ၂၄ ပါ ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများကို လုပ်ကိုင်ခွင့် လျှောက်ထားလာပါက သတ်မှတ်ချက်နှင့်အညီ စိစစ်ခွင့်ပြုပေးခြင်း၊

(ည) မြေငှားရမ်းခနှင့် မြေအသုံးပြုခများကို သတ်မှတ်ထုတ်ပြန်ကြေညာနိုင်ရန် ဗဟိုကော်မတီသို့ အဆိုပြုတင်ပြ၍ ခွင့်ပြုချက်နှင့်အညီ ကောက်ခံခြင်း၊

(ဋ) ပုဒ်မ၂၃၊ ပုဒ်မခွဲ (ဇ) အရ ရရှိသည့် ရငွေများအနက် ဗဟိုကော်မတီက သတ်မှတ်သည့် ရာခိုင်နှုန်းကို နိုင်ငံတော်ဘဏ္ဍာငွေအဖြစ် ပေးသွင်းပြီးကျန်ငွေများကို ရန်ပုံငွေအဖြစ် သတ်မှတ်၍ ဘဏ္ဍာရေးဆိုင်ရာ စည်းမျဉ်းစည်းကမ်းများနှင့်အညီ ဆောင်ရွက်ခြင်း၊

(ဌ) စီမံခန့်ခွဲရေးကော်မတီ ဖွဲ့စည်းနိုင်ရန် အစီအမံများ ချမှတ်ပေးခြင်းနှင့် ယင်းကော်မတီတွင် တာဝန်ထမ်းဆောင်ရန် အရွေးချယ်ခံမည့် ရင်းနှီးမြှုပ်နှံသူများ၏ အရည်အချင်းကို သတ်မှတ်ပေးခြင်း၊

(ဍ) စီမံခန့်ခွဲရေးကော်မတီများ ဖွဲ့စည်းခြင်း၊ လုပ်ငန်းများကို အခါအားလျော်စွာ စစ်ဆေးခြင်းနှင့် သက်ဆိုင်ရာအစိုးရဌာန၊ အစိုးရအဖွဲ့အစည်းများနှင့် ဆက်သွယ်ညှိနှိုင်းပေးခြင်း၊

(ဎ) စက်မှုဇုန်ဖွံ့ဖြိုးတိုးတက်ရေးအတွက် စီမံခန့်ခွဲရေးကော်မတီက တင်ပြလာသည့် စီမံကိန်းများကို စိစစ်၍အတည်ပြုခြင်း၊ စီမံချက်များအား စိစစ်၍ ခွင့်ပြုခြင်း၊

**(ဆက်လက်ဖော်ပြပါမည်)**

# ခရီးသွားပြည်သူများ သွားလာမှုအဆင်ပြေစေရန် YBS ယာဉ်အစီးရေ ၂၉၀၀ ဝန်းကျင်ခန့်ဖြင့် ပြေးဆွဲလျက်ရှိ

**ရန်ကုန် မေ ၂၆**

ကိုဗစ်-၁၉ ရောဂါကာလအတွင်း ခရီးသွားပြည်သူများ သွားလာမှုအဆင်ပြေစေရန် YBS ယာဉ်အစီးရေ ၂၉၀၀ ဝန်းကျင်ခန့်ဖြင့် လက်ရှိတွင် ပြေးဆွဲပေးလျက်ရှိကြောင်း ရန်ကုန်တိုင်းဒေသကြီး သယ်ယူပို့ဆောင်ရေး ကြီးကြပ်ကွပ်ကဲမှု အာဏာပိုင်အဖွဲ့(YRTA)မှ သိရသည်။

ယခင်က ယာဉ်အစီးရေပုံမှန် ၄၅၀၀ ဝန်းကျင်ခန့်ဖြင့် ပြေးဆွဲပေးလျက်ရှိသော အများပြည်သူသယ်ယူပို့ဆောင်ရေး YBS ယာဉ်များသည် ကိုဗစ်-၁၉ ရောဂါဖြစ်ပွားမှုကြောင့် ယာဉ်အစီးရေပြေးဆွဲမှု လျော့နည်းခဲ့သော်လည်း လက်ရှိအချိန်တွင် ယာဉ်အစီးရေ ၂၉၀၀ ဝန်းကျင်ခန့် ရာခိုင်နှုန်းအားဖြင့် ၆၆ ရာခိုင်နှုန်းအထိ ပြန်လည်ပြေးဆွဲပေးနေပြီဖြစ်ကြောင်း YRTA မှ တွဲဖက်အတွင်းရေးမှူး ဦးလှအောင်က ပြောသည်။

ထိုသို့ ယာဉ်အစီးရေ ၆၆ ရာခိုင်နှုန်းအထိ ပြန်လည်ပြေးဆွဲပေးသော်လည်း ခရီးသည်စီးနင်းမှု ရာခိုင်နှုန်းမှာ ၂၆ ရာခိုင်နှုန်းခန့်သာရှိကြောင်း၊ ယာဉ်အစီးရေရာခိုင်နှုန်းနှင့် စီးနင်းမှုရာခိုင်နှုန်းကို နှိုင်းယှဉ်ပါက ကားပေါ်တွင် သတ်မှတ်ထားသည့် အကွာအဝေး၊ စည်းကမ်းချက်များအတိုင်းစီးနင်းရန် အဆင်ပြေသည်ဟုထင်ရသော်လည်း နံနက်ရုံးတက်ချိန်နှင့် ညနေရုံးဆင်းချိန်များတွင် စီးနင်းသည့် ခရီးသည် များပြားကြောင်း ၎င်းက ဆက်လက်ပြောကြားသည်။

"ကျွန်တော်တို့ဆီက ကားတွေဘယ်လောက်ပဲ လွှတ်ပေးလွှတ်ပေး နောက် ၁၀ မိနစ် တစ်စီးလာမယ်ဆိုရင်တောင် ခရီးသည်တွေကမစောင့်ကြတာတွေရှိတယ်၊ သူတို့ရဲ့ရုံးတက်ချိန်၊ ရုံးဆင်းချိန်တွေကို ကြည့်ပြီးတော့ အချိန်မီအောင် စီးနင်းကြတာတွေရှိတယ်၊ အဲဒီအခါကျတော့ ဒီကားမှာလူများရင်များမယ်၊ နောက်ကားမှာ နည်းရင်နည်းသွားမယ်၊ ဒါကတော့ လက်ရှိကြုံတွေ့နေရတဲ့အခက်အခဲပါ"ဟု ဦးလှအောင်က ပြောကြားသည်။

ထိုကဲ့သို့ ကားများပေါ်တွင် သတ်မှတ်ထားသည့် အကွာအဝေး မစီးနင်းနိုင်သည့် အခြေအနေမျိုးတွင် ခရီးသည်များ လက်သန့်ဆေးရည်အသုံးပြုနိုင်ရန်၊ နှာခေါင်းစည်းများ တပ်ဆင်လာရန်နှင့် ယာဉ်မောင်းများ နှာခေါင်းစည်း တပ်ဆင်မောင်းနှင်ရန် စသည့် ရောဂါကာကွယ်နိုင်သည့် နည်းလမ်းများကို တိုးမြှင့်လုပ်ဆောင်ပေးလျက်ရှိကြောင်း ၎င်းက ဆက်လက်ပြောကြားသည်။

ခရီးသည်စီးနင်းမှုနှင့်ပတ်သက်၍ Power Eleven Public ကုမ္ပဏီလီမိတက်မှ အုပ်ချုပ်မှုဒါရိုက်တာ ဦးသက်တင်ဝင်းက "ပြေလထက်မေလမှာ ခရီးသည်စီးနင်းမှု များလာပေမယ့်လည်း ကျွန်တော်တို့ကတော့ အခုချိန်ထိ သတ်မှတ်ချက်အတိုင်းပဲ ပြေးဆွဲပေးပါတယ်။ ခရီးသွားများတာက အလုပ်သွားအလုပ်ပြန် တစ်ချိန်လောက်ပဲရှိပါတယ်။ တချို့ယာဉ်လိုင်းတွေမှာ လူကျပ်တယ်ဆိုတာကလည်း အလုပ်သွား အလုပ်ပြန် တစ်ချိန်လောက်ပဲရှိပါတယ်။ နေ့ခင်းဘက်တွေဆို ထိုင်ခုံတောင် မပြည့်ဘူး။ ကျွန်တော်တို့ကတော့ လူဦးရေသတ်မှတ်ချက်နဲ့ပဲသွားပါတယ်၊ ဒီလိုသတ်မှတ်ချက်နဲ့သွားတာ ယာဉ်လိုင်းအနည်းစုပဲရှိတယ်။ အများစုက လိုက်လုပ်ဖို့မလွယ်ဘူး" ဟု ပြောသည်။

"သတ်မှတ်ချက်အတိုင်း ပြေးဆွဲဖို့ဆိုရင် ထောက်ပံ့မှုတွေရှိမှ အဆင်ပြေမယ်။ အဓိကကတော့ စက်သုံးဆီထောက်ပံ့ပေးဖို့ပါ။ စက်သုံးဆီထောက်ပံ့မှုနဲ့ပတ်သက်ပြီး YRTA အနေနဲ့ ပြည်ထောင်စုအစိုးရကိုတင်ပြထားတယ်လို့ အကြောင်းကြားပါတယ်။ ဒီနေ့အထိတော့ အခြေအနေမထူးခြားသေးပါဘူး။ ထောက်ပံ့မှုတွေ မရှိဘူးဆိုရင် ရေရှည်လည်ပတ်ဖို့ မလွယ်ကူနိုင်ဘူး။ လက်ရှိမှာ ကျွန်တော်တို့ယာဉ်လိုင်းတွေအနေနဲ့ ဆီဖိုး၊ ယာဉ်မောင်းခ၊ ကားပြင်ဆင်စရိတ်၊ ဝန်ထမ်းလစာ စတဲ့ ကုန်ကျစရိတ်တွေ လည်ပတ်ဖို့ နည်းနည်းခက်ခဲလာတယ်"ဟု ၎င်းကဆက်လက်ပြောသည်။

ရန်ကုန်တိုင်းဒေသကြီး သယ်ယူပို့ဆောင်ရေးကြီးကြပ်ကွပ်ကဲမှုအာဏာပိုင်အဖွဲ့(YRTA) အနေဖြင့် ကိုဗစ်-၁၉ ရောဂါကာလအတွင်း ဧပြီ ၁၀ ရက်မှ ၁၉ ရက်အထိ ယာဉ်လိုင်းများကို စက်သုံးဆီထောက်ပံ့ပေးခဲ့ပြီး ဆက်လက်ထောက်ပံ့နိုင်ရန် ပြည်ထောင်စုအစိုးရအဖွဲ့ထံသို့ တင်ပြထားကြောင်း၊ ထို့ပြင် ယာဉ်လိုင်းများ ပုံမှန်ပေးသွင်းရမည့် ငွေကျပ် ၄၀၀၀ ကောက်ခံမှုကိုလည်း မေ ၃၁ ရက်အထိ ရပ်ဆိုင်းထားပြီး ယာဉ်လိုင်းများတွင် ကျန်းမာရေးအထောက်အကူပြုပစ္စည်း နှာခေါင်းစည်း၊ လက်သန့်ဆေးရည်စသည်တို့ကို ထောက်ပံ့ပေးခြင်းနှင့် အလှူရှင်များ လှူဒါန်းထားသည့်ပစ္စည်းများ ဖြန့်ဝေခြင်းတို့ကို ဆောင်ရွက်ပေးလျက်ရှိကြောင်းသိရသည်။ **အေးမင်းသူ**



## အင်းလေးဒေသရှိ ငါးဖိန်းငါးမျိုး ပြုန်းတီးမှုမရှိစေရေး သားဖောက်မွေးမြူ

**ညောင်ရွှေ မေ ၂၆**

မြန်မာနိုင်ငံတွင် အင်းလေးဒေသ၌သာတွေ့ရှိရသော ဒေသမျိုးရင်းငါးဖိန်းငါးမျိုး(Cyprinusintha)ကို ညောင်ရွှေ ငါးလုပ်ငန်းစခန်းမှ နှစ်စဉ် ကောင်ရေ ၇၀၀၀၀၀ ကျော် သားဖောက်မွေးမြူ၍ ထုတ်လုပ်ဖြန့်ဖြူးပေးလျက်ရှိကြောင်းသိရသည်။

ငါးဖိန်းငါးမျိုးသည် မျိုးသုဉ်းပျောက်ကွယ်လုနီးပါးအန္တရာယ်နှင့်ရင်ဆိုင်နေရ၍ IUCN (International Union for Conservation of Nature) Red List အဖြစ် ၂၀၁၁ ခုနှစ်တွင် ပြဋ္ဌာန်းခဲ့ကြောင်း၊ ၂၀၁၈-၂၀၁၉ ခုနှစ်တွင် ငါးဖိန်းငါးမျိုးကောင်ရေ ၇၂၀၀၀၀ခန့်ကိုအင်းလေးကန်နှင့် ရေဝေရေလဲဒေသများသို့ မျိုးစိုက်ထည့်ထုတ်လုပ်ပေးခဲ့ကြောင်း ရှမ်းပြည်နယ်ငါးလုပ်ငန်းဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူး ဦးကျော်သီဟထွေးထံမှ သိရသည်။

ညောင်ရွှေငါးလုပ်ငန်းစခန်းအနေဖြင့် ယင်းငါးမျိုးကို အဓိကမွေးမြူထုတ်လုပ်၍ ဖြန့်ဖြူးပေးလျက်ရှိသည့်အပြင် ငါးဆေးထိုး သားဖောက်ခြင်း၊ မွေးမြူခြင်းနည်းပညာများဖြန့်ဝေပေးလျက်ရှိကြောင်း၊ မျိုးသုဉ်းပျောက်ကွယ်လုနီးပါးရှိသည့် ငါးမျိုးစိတ်များနှင့် အလှမွေးငါးများ မျိုးထိန်းသားဖောက်ခြင်းကိုလည်း သုတေသန ပြုဆောင်ရွက်လျက်ရှိကြောင်း ညောင်ရွှေငါးလုပ်ငန်းစခန်း တာဝန်ခံ ဒေါ်မိမိခိုင်၏ရှင်းပြချက်အရ သိရသည်။ **နေမျိုးသူရိန်(ပြန်/ဆက်)**

## ဖျာပုံခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးရေးဦးစီးဌာနက ကျေးရွာ ၁၃ ရွာသို့ သောက်သုံးရေလှူဒါန်း

**ဖျာပုံ မေ ၂၆**

ဧရာဝတီတိုင်းဒေသကြီး ဖျာပုံခရိုင် ဖျာပုံမြို့နယ်တွင် ခရိုင်ကျေးလက်ဒေသဖွံ့ဖြိုးရေး ဦးစီးဌာနက ကျေးရွာ ၁၃ ရွာသို့ သောက်သုံးရေ ဂါလန်ပေါင်း ၃၈၀၀၀ ကျော် လှူဒါန်းခဲ့ကြောင်း သိရသည်။

ကိုဗစ်-၁၉ ရောဂါဖြစ်ပွားနေသည့် ကာလအတွင်း ဖျာပုံခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးရေးဦးစီးဌာနအနေဖြင့် ပင်မလုပ်ငန်းဖြစ်သည့် ရေလှူဒါန်းမှုကို ဖျာပုံခရိုင်အတွင်းရှိ ကျေးရွာ ၁၃ ရွာသို့ သွားရောက်၍ သောက်သုံးရေ ဂါလန်ပေါင်း ၃၈၀၀၀ ကျော်ကို ကျေးရွာနေပြည်သူများ လက်ဝယ်အရောက် ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန၏ လမ်းညွှန်ချက်များနှင့်အညီ လှူဒါန်းခဲ့ပြီး လာမည့်နှစ်များ၌ ယခုနှစ်ကဲ့သို့ ရေရှားပါးသည့်ကျေးရွာများတွင် သောက်သုံးရေရှားပါးမှုများမဖြစ်စေရန် စီမံချက်များရေးဆွဲ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ဖျာပုံခရိုင် ဦးစီးမှူး ဦးဇေယျာဇော်မျိုးထံမှ သိရသည်။ **ခရိုင်(ပြန်/ဆက်)**

## မုဒုံမြို့၌ ပြန်လည်ဖွင့်လှစ်ခွင့်ရသည့် အလုပ်ဌာနများမှ အလုပ်သမားများအား လူမှုဖူလုံရေးထောက်ပံ့ကူညီ

**မုဒုံ မေ ၂၆**

မွန်ပြည်နယ် မုဒုံမြို့နယ်တွင် ပူးပေါင်းအဖွဲ့ဖြင့် စစ်ဆေးပြီး ပြည်နယ်အစိုးရအဖွဲ့၏အမိန့်ဖြင့် ပြန်လည်ဖွင့်လှစ်ခွင့်ရရှိသော လူမှုဖူလုံရေးတွင် အကျုံးဝင်သည့် အလုပ်ဌာနသုံးခုမှ မှတ်ပုံတင်ထားသည့် အလုပ်သမား ၂၆၁ ဦးအား လူမှုဖူလုံရေးထောက်ပံ့ကူညီမှု အကျိုးခံစားခွင့် ၄၀ ရာခိုင်နှုန်းကို ယမန်နေ့ နံနက်ပိုင်းက မြို့နယ်လူမှုဖူလုံရေးရုံးတွင် ထောက်ပံ့ကြေးပေးအပ်ခဲ့သည်။



အဆိုပါ ထောက်ပံ့ကြေးပေးအပ်ခြင်းနှင့် ပတ်သက်၍ ပုဂ္ဂလိကပိုင်အလုပ်ဌာနသုံးခုဖြစ်သော ဖူးရှင်းဘရားသား(စ်)ရော်ဘာစက်ရုံ၊ ဟွန်ဒါ(မြန်မာ) သစ်အချောထည်စက်ရုံနှင့် ရာစုနှစ် ရော်ဘာထုတ်လုပ်ရေးကုမ္ပဏီတို့မှ မှတ်ပုံတင်ထားသည့်အလုပ်သမား၂၆၁ဦးတို့အား ၂၀၁၂ခုနှစ် လူမှုဖူလုံရေးဥပဒေအရ(၁/၂၀၂၀)အတွက် ထည့်ဝင်ကြေးပေးသွင်းထားသည့် အလုပ်သမားများ၏ ၄၀ ရာခိုင်နှုန်းကို လူမှုဖူလုံရေးထောက်ပံ့ကူညီမှု အကျိုးခံစားခွင့်အဖြစ် လူမှုဖူလုံရေးရန်ပုံငွေမှ ထောက်ပံ့ပေးခြင်းဖြစ်ကြောင်း မြို့နယ်လူမှုဖူလုံရေးရုံးခွဲတာဝန်ခံ ဒေါ်သက်သက်ခိုင်က ပြောကြားသည်။

လူမှုဖူလုံရေးတွင် အကျုံးဝင်သည့်အလုပ်ဌာနသုံးခုမှ မှတ်ပုံတင်ထားသည့် အလုပ်သမား ၂၆၁ ဦးအား လူမှုဖူလုံရေးထောက်ပံ့ကူညီမှု အကျိုးခံစားခွင့် ၄၀ ရာခိုင်နှုန်းဖြစ်သော ငွေကျပ်၈၁၄၁၀၉၃ ဒသမ ၃၃ ကို တာဝန်ရှိသူများက ပေးအပ်ခဲ့ကြောင်း သိရသည်။ **မြို့နယ်(ပြန်/ဆက်)**

## မိုင်းဖြတ်မြို့နယ်၌ ငမြှောင်တောင်ပိုးအန္တရာယ် အသိပေးနှိုးဆော်ထား

**မိုင်းဖြတ် မေ ၂၆**

ရှမ်းပြည်နယ်အတွင်းရှိ အချို့မြို့နယ်များ၏ ပြောင်းစိုက်ခင်းများတွင် ယခုအခါ ငမြှောင်တောင်ပိုး အနည်းငယ်ကျရောက်လျက်ရှိရာ ရှမ်းပြည်နယ်(အရှေ့ပိုင်း) မိုင်းဖြတ်မြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ မြို့နယ်အတွင်းရှိတောင်သူများ၊ စိုက်ပျိုးရေးနှင့်ဆက်စပ်နေသောလုပ်ငန်းရှင်များသို့ အသိပေးနှိုးဆော်ထားကြောင်း သိရသည်။



ငမြှောင်တောင်သည် ပြောင်း၊ စပါး၊ မြေပဲ၊ ဟင်းသီးဟင်းရွက်နှင့်ဝါသီးနှံများ အပါအဝင် သီးနှံမျိုးပေါင်း ၈၀ ကျော်ကို ဖျက်ဆီးနိုင်သည့်အပြင် တစ်ညအတွင်းကီလိုမီတာ ၁၀၀ကျော်အထိ ပျံသန်းနိုင်စွမ်းရှိပြီး အဆိုပါဖျက်ပိုးအားထိရောက်စွာနှိမ်နင်းနိုင်ခြင်းမရှိပါက သီးနှံအထွက်နှုန်းထိခိုက်စေနိုင်သည့်အပြင် စားနပ်ရိက္ခာဖူလုံမှုအပေါ်တွင်လည်း များစွာသက်ရောက်စေနိုင်သော ဖျက်ပိုးဖြစ်သည့်အတွက် ထိရောက်စွာ ကာကွယ်နှိမ်နင်းရန် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်း ဝန်ကြီးဌာန စိုက်ပျိုးရေးဦးစီးဌာန သီးနှံကာကွယ်ရေးဌာနခွဲမှ အသိပေးနှိုးဆော်ထားသည်။

ငမြှောင်တောင်ပိုးအား တောင်သူများ၏ စိုက်ခင်းများတွင် တွေ့ရှိ၍ မြို့နယ် စိုက်ပျိုးရေးဦးစီးဌာနသို့ ချက်ချင်း အကြောင်းကြားပါက ဝန်ထမ်းများက ကျေးရွာများရှိ စိုက်ခင်းများသို့အရောက် ကွင်းဆင်းစစ်ဆေး၍ ကာကွယ်နှိမ်နင်းရေး လုပ်ငန်းများ ကို ပူးပေါင်းဆောင်ရွက်သွားမည်ဖြစ်ကြောင်းသိရသည်။

**မြို့နယ်(ပြန်/ဆက်)**

## ကျွဲ၊ နွား ပေါင်ပုပ်၊ လက်ပုပ် ရောဂါ ကာကွယ်ဆေးထိုး

**စေတုတ္တရာ မေ ၂၆**

မကွေးတိုင်းဒေသကြီး မင်းဘူးခရိုင် စေတုတ္တရာမြို့နယ် မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနမှ ဒုတိယဦးစီးမှူး ဒေါက်တာဇော်မျိုးအောင် ဦးဆောင်သော စေတုတ္တရာမြို့နယ်အတွင်းရှိ တယ်ဇားကျေးရွာနှင့် မွန်ဇော်ကျေးရွာများရှိ ကျွဲ၊ နွားကောင်ရေ ၃၀၀ အား ကျွဲ၊ နွားပေါင်ပုပ်လက်ပုပ်ရောဂါ ကာကွယ်ဆေးများ ယနေ့ နံနက် ၉ နာရီက ထိုးနှံပေးခဲ့ကြောင်းနှင့် ကျန်ရှိနေသေးသော ကျေးရွာများသို့လည်း ကာကွယ်ဆေးများ ဆက်လက်၍ ထိုးနှံပေးသွားမည် ဖြစ်ကြောင်း မြို့နယ်မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနမှ ဒုတိယဦးစီးမှူး ဒေါက်တာဇော်မျိုးအောင်ထံမှ သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

# မီးဘေးအမှု. . . အစဉ်သတိပြုကြပါ

စံလွင်(ငါးဦးစီး)

နွေရာသီရောက်လာသည့်အခါ နွေကာလ၏ ပူပြင်းမှုနှင့်အတူ ယူဆောင်လာတတ်သည်က ထိတ်လန့်ဖွယ်ရာ မီးသတ်ဥသြသံစူးစူး ဖြစ်လေသည်။ ၂၀၂၀ ပြည့်နှစ် အစပိုင်းတွင်လည်း မီးသတ်ကား၏ဥသြဆွဲသံကို ဟိုမှ၊ သည်မှကြားရစ ပြုလာပြီဖြစ်၏။ သတင်းဌာနတစ်ခုမှ ကြေညာချက်အရ ယခုနှစ်၏ပထမ သုံးလပတ်ဖြစ်သည့် ဇန်နဝါရီ၊ ဖေဖော်ဝါရီနှင့် မတ်လအတွင်း မီးလောင်မှုဖြစ်ပွားခြင်းကြောင့် ဆုံးရှုံးရသည့် ငွေကြေးပမာဏမှာ ငွေကျပ်သန်း ၃၅၀၀ ကျော်ရှိပြီး ယင်းပမာဏသည် ယမန်နှစ် ၂၀၁၉ ခုနှစ် ပထမ သုံးလပတ်ထက် ကျပ်သန်း ၁၆၀၀ ကျော်ပိုသည်ဟု ဆို၏။ မတ်လတစ်လအတွင်း တစ်နိုင်ငံလုံးအတိုင်းအတာအရ မီးလောင်မှုဖြစ်ပွားသည့် အကြိမ်ရေမှာ ၃၅၀ ကျော်ရှိကြောင်း ကြားသိလိုက်ရ၏။

**မီးလောင်ခြင်းဖြစ်ပွားမှု**

မီးလောင်ခြင်းဖြစ်ပွားရသည့် အရင်းခံအကြောင်းများကို ကြည့်ရှုပါက ပေါ့ဆမီး၊ ရှို့မီးနှင့် သဘာဝအလျောက် လောင်ကျွမ်းသည့် သဘာဝမီးဟူ၍ ခွဲခြားနိုင်လိမ့်မည်ဟု ထင်ပါသည်။ သဘာဝမီးဆိုသည်က သစ်တောကြီးများအတွင်း အများဆုံးဖြစ်ပွားပြီး ပူပြင်းခြောက်သွေ့သည့် ရာသီများ၌ သစ်ပင်အချင်းချင်း ပွတ်တိုက်မိရာမှစ၍ လောင်ကျွမ်းသည့်မီး ဖြစ်ပါ၏။ ၂၀၁၉ ခုနှစ်နောက်ပိုင်းတွင် ဩစတြေးလျနိုင်ငံ၌ လနှင့်ချီ၍လောင်ကျွမ်းသည့်တောမီးကို သတိထားမိကြလိမ့်မည်ထင်ပါသည်။ သဘာဝသစ်တောများ ထောင်ပေါင်းများစွာ မီးသင့်ပျက်စီးရသည့်အပြင် တောရိုင်းတိရစ္ဆာန်ပေါင်း အများအပြား သေဆုံးခဲ့ရသည်။ တောမီးများလောင်ကျွမ်းသည့်အခါ ဆိုးရွားသည့်အချက်ကား မီးငြိမ်းသတ်ရန်ခက်ခဲပြီး မီးလောင်သည့် ကာလရှည်ခြင်းပင်။ တောမီးများသည် သဘာဝအလျောက်လောင်ကျွမ်းသည် ဆိုသော်လည်း သစ်တောများအတွင်း မီးဖိုပြီး စနစ်တကျ မငြိမ်းသတ်ခဲ့ခြင်းနှင့် ဆေးလိပ်မီးကဲ့သို့သော မီးစများကို စည်းကမ်းမဲ့စွာစွန့်ပစ်တတ်သည့် လူအချို့၏ ပေါ့ဆမှုကြောင့် တောမီးလောင်ကျွမ်းရသည်မျိုးလည်း ရှိပါ၏။

**ရှို့မီး**

ရှို့မီးဆိုသည်က လူတို့၏ပယောဂဖြင့် မီးလောင်ကျွမ်းစေရန် ဖန်တီးထားခြင်းမှအစပြု၍ လောင်ကျွမ်းရသည့် မီးဖြစ်သည်။ မိမိတို့ ငယ်ရွယ်စဉ်အချိန်က မြို့အသီးသီးရှိ ဈေးကြီးများ၌ ပြည်သူ့ပစ္စည်း ကော်ပိုရေးရှင်းဟု ခေါ်ဝေါ်သော ပပက အစိုးရဆိုင်များရှိပါ၏။ စာရင်းစစ်ဝင်ချိန်၌ ထိုပပကဆိုင်အချို့တွင် စာရင်းဖျောက်ရန်အတွက် ဆိုင်အတွင်းလောင်စာများ ဖန်တီးထားရှိကာ မီးလောင်စေရန် လုပ်ဆောင်ထားတတ်ပါသည်။ ထိုအချိန်အခါမျိုး၌ မီးသတ်ဝန်ထမ်းများက အထူးကြပ်မတ်၍ စစ်ဆေးကြရသည်ကို သတိရမိပါ၏။

သူတစ်ပါး အတိဒုက္ခရောက်စေရန် ရည်ရွယ်ပြီး လူနေထူထပ်သည့်ရပ်ကွက်များအတွင်း မီးကွင်းပစ်ခြင်းသည်လည်း ရှို့မီးအမျိုးအစားတွင် ထည့်သွင်းရမည်ဖြစ်ပါသည်။ ၎င်းအပြင် လင်မယားချင်းရန်ဖြစ်၍ နေအိမ်ကိုမီးရှို့ခြင်း၊ မူးယစ်ရမ်းကား၍သော်လည်းကောင်း၊ စိတ်ဝေဒနာကြောင့်သော်လည်းကောင်း နေအိမ်အဆောက်အအုံများကို မီးတင်ရှို့ခြင်းသည်လည်း ရှို့မီးအမျိုးအစားပင် ဖြစ်ပါ၏။

**လူတစ်ယောက်၏ ပေါ့ဆမှုကြောင့် မီးလောင်ကျွမ်းမှုဖြစ်ပွားပါက ထိုလူတစ်ဦး တည်းသာ ဆုံးရှုံးရသည်မဟုတ်ဘဲ အများစုပါ အတိဒုက္ခရောက်ကြရပါသည်။ မီးလောင်ကျွမ်းမှုသည် ကိုယ်ဖြစ်ကိုယ်ခံမဟုတ်ဘဲ ကိုယ်ဖြစ်လျှင် အများပါ ရောနှောပြီးခံရမည့် ယခုကာလတစ်ကမ္ဘာလုံး၌ ကျရောက်နေသော ကိုဗစ်-၁၉ ကပ်ရောဂါဆိုးသဖွယ်ပင် ဖြစ်ပါသည်။ အိမ်တစ်အိမ်၌ သူခိုးဝင်၍ခိုးလျှင် အနည်းဆုံးတော့ တချို့တစ်ဝက်ကျန်ကောင်း ကျန်မည်ဖြစ်သော်လည်း မီးလောင်ပါကမူ အဝတ်စုတ်မျှပင် ကျန်တော့မည် မဟုတ်ပေ။**

မီးလောင်မှုဖြစ်ပွားရခြင်း အကြောင်းရင်းများ၌ အကြိမ်ရေအများဆုံးမှာ မီးပေါ့ဆ၍ လောင်ကျွမ်းရသည့် ပေါ့ဆမီး အမျိုးအစားဖြစ်ပါ၏။ ရာခိုင်နှုန်းအားဖြင့် တွက်ပါက ၈၀ ရာခိုင်နှုန်းအထက်ရှိမည်ဟု ထင်ပါသည်။ ဖယောင်းတိုင်မီး၊ မီးခွက်မီး၊ မီးသွေးမီးဖို၊ ထင်းမီးဖိုနှင့် လျှပ်စစ်မီးဖိုများ အသုံးပြုထားပြီး အကြောင်းအမျိုးမျိုးကြောင့် ငြိမ်းသတ်ရန် မေ့လျော့သွားရာမှ လောင်ကျွမ်းရသည့်မီးမှာ ပေါ့ဆမီး အမျိုးအစားဖြစ်ပါ၏။ ဘုရားမီးထွန်းသည့် ဖယောင်းတိုင်မှ ကူးစက်သောမီးနှင့် ဖယောင်းတိုင်ထွန်း စာဖတ်ရင်း အိပ်ပျော်သွားရာမှ လောင်သည့်မီး၊ ကလေးသူငယ်များ ထမင်းဟင်းချက်ပြုတ်ရာမှတစ်ဆင့် လောင်သောမီး တို့သည်လည်း ပေါ့ဆမီးများ ဖြစ်ကြပါသည်။

ယခုနောက်ပိုင်း၌ လျှပ်စစ်ဓာတ်အားအသုံးများလာကြသည်ဖြစ်ရာ ရေခဲသေတ္တာ၊ ပန်ကာ၊ အဲကွန်းစသည် တို့တွင် အပူလွန်ကဲပြီး မီးလောင်ကျွမ်းတတ်ပါသည်။ နေအိမ်များ၌ လျှပ်စစ်ဓာတ်အားသုံးပစ္စည်းများ သုံးစွဲမှုများပြားလာသည်နှင့်အမျှ သွယ်တန်းထားသည့် လျှပ်စစ်မီးကြိုးများ၏ ခံနိုင်ဝန်အားကို သတိမမူဘဲ ရေစက်မောင်း၊ ထမင်းဟင်းချက်၊ အဲကွန်းအသုံးပြုမှုများကို တစ်ပြိုင်နက် လုပ်ဆောင်ကြရာ မီးကြိုးများလိုင်းပူးကာ ဝိုင်ယာရှော့ဖြစ်ရာမှအစပြု၍ မီးလောင်ကျွမ်းမှု အများဆုံးဖြစ်လေ့ရှိပါသည်။

ယခုကာလ၌ လျှပ်စစ်ဓာတ်အားသုံးစွဲမှုများမှာ တောရော မြို့ပါ ပိုမိုများပြားလာသည့်အလျောက် လျှပ်စစ်မီးနှင့်ပတ်သက်သည့် ဆောင်ရန်၊ ရှောင်ရန်များကို ဗဟုသုတအနေဖြင့် ဆည်းပူးထားသင့်ကြပါသည်။ ပထမအဆင့်အနေဖြင့် မိမိတို့နေထိုင်ရာဒေသ၏ လျှပ်စစ်ဓာတ်အားပေးဌာနနှင့် ဆက်သွယ်ရန် တယ်လီဖုန်းနံပါတ်များကိုလည်းကောင်း၊ ရပ်ကွက်အလိုက်၊ လမ်းအလိုက် တာဝန်ကျသည့် လျှပ်စစ်ဌာနဝန်ထမ်း (Line man) များ၏ ဖုန်းနံပါတ်ကိုလည်းကောင်း ရယူထားသင့်ပါသည်။

မိမိအတွေ့အကြုံအရ မိမိတို့နေအိမ်၌ လျှပ်စစ်မီးနှင့်ပတ်သက်၍ သံသယရှိပါက သက်ဆိုင်ရာဌာနနှင့် ဆက်သွယ်ပါ။ ဝန်ထမ်းများ အလျင်အမြန်ရောက်ရှိလာကာ ကြည့်ရှုပြင်ဆင်ပေးပါသည်။ အိမ်သွယ်လျှပ်စစ်မီးသုံးစွဲပုံစနစ်နှင့် ဆောင်ရန်၊ ရှောင်ရန်များကို စစ်ဆေးပေးခြင်း၊ ပညာပေးပြောကြားချက်များ ဆောင်ရွက်ပေးပါသည်။ ဥပမာအားဖြင့် ဝိုင်ယာကြိုးများ တစ်စုံတစ်ရာရှော့ဖြစ်၍ ရုတ်တရက်မီးထလောင်ပါက မီးသတ်ဆေးဘူးဖြင့် ငြိမ်းသတ်ခြင်း၊ ရေဖြင့်ပက်မည့်အစား ရေစိုအဝတ်ဖြင့် ခပ်လှမ်းလှမ်းမှအုပ်ပေးခြင်းဖြင့် မီးငြိမ်းသတ်ရမည်ဖြစ်ကြောင်း စသည်တို့ကို ရှင်းပြပေးပါသည်။

**မီးခိုးတော့အပြုတ်နံ့**

မီးသတ်ဦးစီးဌာန၏ ပညာပေးဆောင်ပုဒ်များတွင် "သင့်ကြောင့်မီးမလောင်ပါစေနှင့်"၊ "လူခိုးတော့ အစုတ်ကျန် မီးခိုးတော့ အပြုတ်နံ့" စသည်များကို လူတိုင်းလိုလို ဖတ်ဖူးကြပါလိမ့်မည်။ လူတစ်ယောက်၏ ပေါ့ဆမှုကြောင့် မီးလောင်ကျွမ်းမှုဖြစ်ပွားပါက ထိုလူတစ်ဦးတည်းသာ ဆုံးရှုံးရသည်မဟုတ်ဘဲ အများစုပါ အတိဒုက္ခရောက်ကြရပါသည်။ မီးလောင်ကျွမ်းမှုသည် ကိုယ်ဖြစ်ကိုယ်ခံမဟုတ်ဘဲ ကိုယ်ဖြစ်လျှင် အများပါ ရောနှောပြီးခံရမည့် ယခုကာလတစ်ကမ္ဘာလုံး၌ ကျရောက်နေသော ကိုဗစ် - ၁၉ ကပ်ရောဂါဆိုးသဖွယ်ပင် ဖြစ်ပါသည်။ အိမ်တစ်အိမ်၌ သူခိုးဝင်၍ခိုးလျှင် အနည်းဆုံးတော့ တချို့တစ်ဝက် ကျန်ကောင်းကျန်မည်ဖြစ်သော်လည်း မီးလောင်ပါကမူ အဝတ်စုတ်မျှပင် ကျန်တော့မည် မဟုတ်ပေ။ ယခုခေတ်ကာလ၌ အိမ်တစ်လုံးအဖြစ် ပြန်လည်ထူထောင်ဖို့အရာသည် မည်မျှခက်ခဲသည်ကို တွေးကြည့်ရုံနှင့်ပင် သိနိုင်ပါ၏။ သို့ဖြစ်ပေရာ မီးလောင်ကျွမ်းမှု အလွယ်တကူဖြစ်ပွားသွားနိုင်သည့်၊ ကဲကဲဆတ်မခံသည့် ယခုလို ပူပြင်းခြောက်သွေ့သောရာသီမျိုး၌ သင်၏ ပေါ့ဆမှုကြောင့် မီးမလောင်ပါစေနှင့်ဟု အလေးထားသတိပေးလိုက်ရကြောင်းပါဗျာ။ ။

---

## တောင်သူများ၏ မိုးမိသောနွေစပါးများအား အခြောက်ခံစက်ဖြင့် အခမဲ့ကူညီဆောင်ရွက်ပေး

ကျောင်းကုန်း မေ ၂၆

ဧရာဝတီတိုင်းဒေသကြီး ကျောင်းကုန်းမြို့နယ် အမှတ်(၉) စက်မှုလယ်ယာစခန်းတွင် ကျောင်းကုန်းမြို့နယ်အတွင်း အမ်ဖန်မုန်တိုင်းအပြီး မိုးမိထားသောနွေစပါးများအား အခြောက်ခံရန် အခက်အခဲရှိသော တောင်သူများကို ယနေ့နံနက်မှစတင်ကာ စပါးအခြောက်ခံစက်ဖြင့် ဌာနမှ အခမဲ့ကူညီဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

အဆိုပါ စပါးအခြောက်ခံစက်သည် တစ်ကြိမ်လျှင် စပါးတင်း ၅၀၀ အထိ အခြောက်ခံနိုင်ကြောင်း၊ တောင်သူများ ရာသီဥတုဖောက်ပြန်လာပါက အဆင်ပြေချောမွေ့စေရန် အချိန်မရွေး ကူညီပေးနိုင်စေရေးအတွက် စက်မှုလယ်ယာဦးစီးဌာနမှ စပါးအခြောက်ခံစက်အား ထားရှိဆောင်ရွက်ပေးခြင်းဖြစ်ကြောင်း၊ တောင်သူများ ထွန်စက်ဖြင့် ထွန်ယက်ခြင်း၊ စပါးရိတ်သိမ်းခြင်း၊ ကောက်စိုက်စက်ဖြင့် စပါးစိုက်ပျိုးခြင်း၊ မိုးမိစပါးများ အခြောက်ခံခြင်းတို့ ဆောင်ရွက်လိုပါက စက်မှုလယ်ယာဦးစီးဌာနနှင့် အချိန်မရွေး ဆက်သွယ်ဆောင်ရွက်နိုင်ကြောင်း မြို့နယ်ဦးစီးဌာနမှူး ဦးရဲထွန်းက ပြောသည်။



ခရိုင်(ပြန်/ဆက်)

## ကိုဗစ်-၁၉ ရောဂါကာကွယ်ထိန်းချုပ်ရေးကာလ အလုပ်ပိတ်ရက်အတွက် လူမှုဖူလုံရေးအာမခံအလုပ်သမားများအား ထောက်ပံ့

ဒိုက်ဦး မေ ၂၆

ပဲခူးတိုင်းဒေသကြီး ဒိုက်ဦးမြို့တွင် ပူးပေါင်းအဖွဲ့ဖြင့် စစ်ဆေးပြီး တိုင်းဒေသကြီးအစိုးရအဖွဲ့၏ အမိန့်ဖြင့် ပြန်လည်ဖွင့်လှစ်ခွင့်ရရှိသော လူမှုဖူလုံရေးတွင် အကျုံးဝင်မှတ်ပုံတင်ထားသည့် စက်ရုံမှ အလုပ်သမား ၄၀ အား လူမှုဖူလုံရေးထောက်ပံ့ကူညီမှု အကျိုးခံစားခွင့် ၄၀ ရာခိုင်နှုန်းကို ယနေ့နံနက်ပိုင်းက ဒိုက်ဦးမြို့ လူမှုဖူလုံရေးရုံး၌ ထောက်ပံ့ပေးအပ်သည်။

အဆိုပါ ထောက်ပံ့ကြေးပေးအပ်ခြင်းနှင့်ပတ်သက်၍ ပုဂ္ဂလိကပိုင် အလုပ်ဌာနဖြစ်သော ရွှေဟသာအရက်ချက်စက်ရုံမှ မှတ်ပုံတင်ထားသည့် အလုပ်သမား ၄၀ တို့ကို ၂၀၁၂ ခုနှစ် လူမှုဖူလုံရေးဥပဒေအရ(၁/၂၀၂၀)လအတွက် ထည့်ဝင်ကြေးပေးသွင်းထားသည့် ကိုဗစ်-၁၉ ရောဂါကာကွယ်ထိန်းချုပ်ရေးကာလ အလုပ်ပိတ်ရက်များအတွက် အလုပ်သမားများ၏ လုပ်ခလစာ၏ ၄၀ ရာခိုင်နှုန်းကို လူမှုဖူလုံရေးထောက်ပံ့ကူညီမှု အကျိုးခံစားခွင့်အဖြစ် လူမှုဖူလုံရေးရန်ပုံငွေမှ ထောက်ပံ့ပေးခြင်းဖြစ်ကြောင်း မြို့နယ်တာဝန်ခံ ဒေါ်နွယ်နီဝင်းက ပြောသည်။

လူမှုဖူလုံရေးတွင် အကျုံးဝင်မှတ်ပုံတင်ထားသည့် ရွှေဟသာအရက်ချက်စက်ရုံမှ အာမခံအလုပ်သမား ၄၀ အား လူမှုဖူလုံရေး ထောက်ပံ့ကူညီမှု အကျိုးခံစားခွင့် ၄၀ ရာခိုင်နှုန်းဖြစ်သော ငွေကျပ် ၉၂၁၆၀၀ ကို မြို့နယ်လူမှုဖူလုံရေးရုံးခွဲတာဝန်ခံက စက်ရုံကြီးကြပ်ရေးမှူး ဦးငြိမ်းချမ်းအောင်အား ပေးအပ်ခဲ့သည်။

ကျော်ကျော်(ဒိုက်ဦး)

---

## ဧရာဝတီမြစ်ရေ အခြေအနေ

နေပြည်တော် မေ ၂၆

ဧရာဝတီမြစ်ရေသည် မြစ်ကြီးနားမြို့တွင် မေ ၂၃ ရက်မှ ၂၅ ရက်အထိ ခုနစ်ပေခွဲခန့်နှင့် မေ ၂၆ ရက် မွန်းလွဲ ၁၂ နာရီခွဲ အချိန်တိုင်းထွာချက်အရ ယင်းမြို့တွင် ၇၄၆ စင်တီမီတာသို့ ရောက်ရှိခဲ့ကာ တစ်ရက်အတွင်း ရှစ်ပေခန့် မြင့်တက်ခဲ့သည်။ အဆိုပါမြစ်ရေသည် ဗန်းမော်မြို့၊ ရွှေကူမြို့၊ ကသာမြို့နှင့် သပိတ်ကျင်းမြို့တို့တွင် လေးရက်အတွင်း တစ်ပေခွဲမှ ခုနစ်ပေခန့် မြင့်တက်ခဲ့ပြီး ဖြစ်သည်။

ဧရာဝတီမြစ်အထက်ပိုင်းတွင် မြင့်တက်ခဲ့သော အဆိုပါမြစ်ရေများသည် နောက်လေးရက်အတွင်း ဗန်းမော်မြို့၊ ရွှေကူမြို့၊ ကသာမြို့နှင့် သပိတ်ကျင်းမြို့တို့တွင် ငါးပေမှ ခြောက်ပေခန့်၊ နောက် ခုနစ်ရက်အတွင်း မန္တလေးမြို့၊ စစ်ကိုင်းမြို့၊ မြင်းမူမြို့၊ ပခုက္ကူမြို့နှင့် ညောင်ဦးမြို့တို့တွင် ခြောက်ပေမှ ခုနစ်ပေခွဲခန့်၊ နောက် ၁၂ ရက်အတွင်း ချောက်မြို့၊ မင်းဘူးမြို့၊ မကွေးမြို့၊ အောင်လံမြို့၊ ပြည်မြို့၊ ဆိပ်သာမြို့၊ ဟင်္သာတမြို့နှင့် ဇလွန်မြို့တို့တွင် လေးပေခွဲမှ ခြောက်ပေခန့် လက်ရှိရေမှတ်များအထက် မြင့်တက်လာနိုင်သည်။

**ဂရုပြုနေထိုင်သင့်**

သို့ဖြစ်ပါ၍ မြစ်ကြောင်းများအတွင်း သွားလာနေကြသည့် ရေယာဉ်၊ လှေ၊ သင်္ဘောများအနေဖြင့် ဂရုပြုသင့်ပါကြောင်းနှင့် မြစ်ရေနည်းစဉ် သဲသောင်ခုံများတွင် စိုက်ပျိုးနေထိုင်ကြသူများအနေဖြင့်လည်း မြစ်ရေတိုးလာနိုင်မှုကို ဂရုပြုနေထိုင်သင့်ပါကြောင်း မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာနက အကြံပြုထားသည်။

ကြေးမုံ

# အေစီမီလန်တိုက်စစ်မှူး အီဘရာဟီမိုဗစ် ခြေသလုံးဒဏ်ရာရရှိခဲ့



အေစီမီလန်တိုက်စစ်မှူး ဇလက်တန် အီဘရာဟီမိုဗစ်ဟာ ခြေသလုံးဒဏ်ရာရရှိခဲ့ပြီး ၁၀ ရက်အတွင်းပြန်လည်ကောင်းမွန်လာလိမ့်မယ်လို့ အေစီမီလန်အသင်းက ပြောကြားခဲ့ပါတယ်။

အသက် ၃၈ နှစ်အရွယ်ရှိ ဆွီဒင်တိုက်စစ်မှူး အီဘရာဟီမိုဗစ်ဟာ မေ ၂၅ ရက်က ပြုလုပ်ခဲ့တဲ့ အေစီမီလန်အသင်းရဲ့ လေ့ကျင့်ရေးအစီအစဉ်မှာ ခြေသလုံးဒဏ်ရာရရှိခဲ့တာဖြစ်တယ်လို့လည်း သိရပါတယ်။ တိုက်စစ်မှူး အီဘရာဟီမိုဗစ်ဟာ ဒီဇင်ဘာလအတွင်းက ခြောက်လသက်တမ်းရှိ စာချုပ်တစ်ရပ်နဲ့ အေစီမီလန်အသင်းကို ပြန်လည်ပြောင်းရွှေ့ခဲ့တာဖြစ်ပြီး အေစီမီလန်အသင်းအတွက် ၁၀ ပွဲပါဝင်ကစားပေးခဲ့ရာမှာ သွင်းဂိုးလေးဂိုး သွင်းယူပေးခဲ့တာဖြစ်ပါတယ်။

တိုက်စစ်မှူး အီဘရာဟီမိုဗစ်ဟာ ကစားသမားဘဝကို မယ်လ်မိုအသင်းနဲ့အတူ စတင်ခဲ့ပြီး အေဂျက်အသင်းနဲ့အတူ ၂၀၀၁ ခုနှစ်ကနေ ၂၀၀၄ ခုနှစ်အထိ ၇၄ ပွဲမှာ ၃၅ ဂိုး၊ ဂျူဗင်တပ်အသင်းနဲ့အတူ ၂၀၀၄ ခုနှစ်ကနေ ၂၀၀၆ ခုနှစ်အထိ ပွဲပေါင်း ၇၀ မှာ ၂၃ ဂိုး၊ အင်တာမီလန်အသင်းနဲ့အတူ ၂၀၀၆ ခုနှစ်ကနေ ၂၀၀၉ ခုနှစ်အထိ ၈၈ ပွဲမှာ ၅၇ ဂိုး၊ ဘာစီလိုနာအသင်းနဲ့အတူ ၂၀၀၉ ခုနှစ်ကနေ ၂၀၁၁ ခုနှစ်အထိ ၂၉ ပွဲမှာ ၁၆ ဂိုး၊ အေစီမီလန်အသင်းနဲ့အတူ ၂၀၁၁ ခုနှစ်ကနေ ၂၀၁၂ ခုနှစ်အထိ ၃၂ ပွဲမှာ ၂၈ ဂိုး၊ ပီအက်စ်ဂျီအသင်းနဲ့အတူ ၂၀၁၂ ခုနှစ်ကနေ ၂၀၁၆ ခုနှစ်အထိ ၁၂၂ ပွဲမှာ ၁၁၃ ဂိုး၊ မန်ယူအသင်းနဲ့အတူ ၂၀၁၆ ခုနှစ်ကနေ ၂၀၁၈ ခုနှစ်အထိ ၃၃ ပွဲမှာ ၁၇ ဂိုး၊ အယ်လ်အေဂလက်ဆီ အသင်းနဲ့အတူ ၂၀၁၈ ခုနှစ်ကနေ ၂၀၁၉ ခုနှစ်အထိ ၅၆ ပွဲမှာ ၅၂ ဂိုးအသီးသီးသွင်းယူပေးခဲ့ကာ ၂၀၂၀ ပြည့်နှစ်မှာ အေစီမီလန်အသင်းဆီ ပြောင်းရွှေ့လာခဲ့တာဖြစ်ပါတယ်။

ငွေကြယ် - စုစည်းသည်

## လူငယ်ဖွံ့ဖြိုးရေးစီမံကိန်းအတွက် မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်နှင့် ဥရောပနာမည်ကြီးကလပ်အသင်းအချို့ ဆွေးနွေး

ရန်ကုန် မေ ၂၆

မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်သည် ဘောလုံးအကယ်ဒမီများနှင့် လူငယ်ဖွံ့ဖြိုးရေးစီမံကိန်းအတွက် ဥရောပနာမည်ကြီးကလပ်အသင်းအချို့နှင့် ဆွေးနွေးနေပြီး ဂျာမနီနှင့် နယ်သာလန်ထိပ်သီးကလပ်အသင်းအချို့ ပါဝင်လျက်ရှိသည်။

မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်သည် ယခင်နည်းစနစ်ဒါရိုက်တာဟောင်း အဲရစ်အာဗရန်နှင့် ယခုလအတွင်း လမ်းခွဲခဲ့ပြီးနောက်ပိုင်း လူငယ်ဖွံ့ဖြိုးရေးစီမံကိန်းအတွက် ပြန်လည်ဆောင်ရွက်လျက်ရှိပြီး မြန်မာ့ဘောလုံးနှင့် သင့်တော်နိုင်မည့်နည်းလမ်းများအား ရှာဖွေလုပ်ဆောင်နေခြင်းဖြစ်သည်။ မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်သည် ကမ္ဘာ့ဘောလုံးအဖွဲ့ချုပ်၏ ပံ့ပိုးမှုဖြင့် ဘောလုံးအကယ်ဒမီသုံးခု တည်ဆောက်ထားပြီး ယင်းအကယ်ဒမီများအတွက် သင်ကြားမှုများအပြင် အခြားလူငယ်ဖွံ့ဖြိုးရေးစီမံကိန်းများအတွက်ပါ ဆောင်ရွက်ရန် ညှိနှိုင်းနေခြင်းဖြစ်သည်။

မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်သည် နယ်သာလန်ထိပ်သီးကလပ် အေဂျက်အသင်း၊ ဂျာမနီထိပ်သီးကလပ် ဒေါ့မွန်အသင်းတို့နှင့် ဆွေးနွေးနေခြင်းဖြစ်ပြီး ယင်းအသင်းများနှင့် ဆွေးနွေးနေသည့်အခြေအနေများကို မေ ၂၅ ရက်က ပြုလုပ်သည့် နည်းစနစ်ကော်မတီအစည်းအဝေးတွင် ထည့်သွင်းဆွေးနွေးခဲ့သည်။ယင်းအသင်းများနှင့် မိတ်ဖက်ပြုလုပ်နိုင်ပါက မြန်မာ့ဘောလုံးအတွက် ရရှိလာနိုင်မည့် အကျိုးအမြတ်များအပြင် ကုန်ကျစရိတ်ကိုလည်း ထည့်သွင်းဆွေးနွေးခဲ့ပြီး နည်းစနစ်ကော်မတီအစည်းအဝေးတွင် ထပ်မံဆွေးနွေးသွားမည် ဖြစ်သည်။

မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်သည် မြန်မာ့ဘောလုံးတိုးတက်အောင်မြင်ရေးအတွက် အဓိကအချက်ဖြစ်သည့် လူငယ်ဖွံ့ဖြိုးရေးစီမံကိန်းကို စနစ်တကျအကောင်အထည်ဖော်ဆောင်ရွက်ရန် ပြင်ဆင်နေခြင်းဖြစ်ပြီး ဥရောပကလပ်အသင်းများနှင့် မိတ်ဖက်ဆောင်ရွက်ခွင့်ရပါက မြန်မာ့ဘောလုံးတိုးတက်ရေးအတွက် များစွာအကျိုးရှိနိုင်ပေသည်။ အေဂျက်အသင်းသည် လူငယ်စီမံကိန်းများတွင် နာမည်ရထားသည့်အသင်းဖြစ်ပြီး ဒေါ့မွန်အသင်းမှာလည်း ဂျာမနီကလပ်အသင်းများတွင် ထိပ်တန်းအဆင့်ရပ်တည်လျက်ရှိသည်။ **ရှိုင်းထက်ဇော်**

## အင်တာမီလန်နဲ့ အာဂျင်တီးနားတိုက်စစ်မှူး အိုင်ကာဒီ ပီအက်စ်ဂျီသို့ အမြဲတမ်းစာချုပ်နဲ့ ပြောင်းရွှေ့ရန် နီးစပ်နေ

အင်တာမီလန်အသင်းနဲ့ အာဂျင်တီးနားတိုက်စစ်မှူး အိုင်ကာဒီဟာ ပြင်သစ်ပထမတန်းကလပ် ပီအက်စ်ဂျီအသင်းဆီ အမြဲတမ်းစာချုပ်နဲ့ ပြောင်းရွှေ့ကစားဖို့ နီးစပ်နေပြီလို့ သိရပါတယ်။ တိုက်စစ်မှူး အိုင်ကာဒီဟာ ပြီးခဲ့တဲ့နွေရာသီအပြောင်းအရွှေ့ကာလအတွင်းက ပီအက်စ်ဂျီအသင်းကို အငှားစာချုပ်နဲ့ ရောက်ရှိလာခဲ့သူလည်း ဖြစ်ပါတယ်။

ပီအက်စ်ဂျီအသင်းအနေနဲ့ အိုင်ကာဒီကို ခေါ်ယူမယ်ဆိုရင် ပြောင်းရွှေ့ကြေး ယူရို သန်း ၇၀ ပေးချေရမှာဖြစ်ပြီး ပီအက်စ်ဂျီအသင်း အားကစားဒါရိုက်တာ လီယိုနာဒိုကတော့ ကိုရိုနာဗိုင်းရပ်စ်ဖြစ်ပွားမှုကြောင့် ဘဏ္ဍာရေးအခက်အခဲဖြစ်ခဲ့လို့ ယူရိုသန်း ၇၀ ထက် လျှော့ချပေးဖို့ ဆန္ဒရှိနေတာဖြစ်ပါတယ်။

လက်ရှိမှာ အိုင်ကာဒီကို ခေါ်ယူရေးနဲ့ပတ်သက်ပြီး ဆုကြေးငွေအပေါ်မူတည်ပြီး ယူရို ၅၅ သန်းနဲ့ သန်း ၆၀ အကြားမှာ သဘောတူညီဖို့ရှိနေတာဖြစ်ပါတယ်။ အိုင်ကာဒီရဲ့ အပြောင်းအရွှေ့နဲ့ပတ်သက်ပြီး အခုတစ်ပတ်ထဲမှာ ဆက်လက်ဆွေးနွေးသွားဖို့ရှိပြီး ပီအက်စ်ဂျီအသင်းကတော့ အိုင်ကာဒီကို အသင်းမှာ ဆက်ရှိနေဖို့ ဆန္ဒရှိနေတာ ဖြစ်ပါတယ်။

တိုက်စစ်မှူး အိုင်ကာဒီဟာ ပီအက်စ်ဂျီအသင်းနဲ့အတူ ဒီဇင်ဘာလကနေ ဖေဖော်ဝါရီလအထိသာ ကစားခဲ့ရပေမယ့် ပီအက်စ်ဂျီအသင်းအတွက် ပထမရာသီမှာပဲ သွင်းဂိုး ၂၀ ဂိုးသွင်းယူပေးနိုင်ခဲ့တာဖြစ်ပါတယ်။ ပီအက်စ်ဂျီအသင်းဟာ တိုက်စစ်မှူး ကာဗာနီအသင်းကနေ ထွက်ခွာတော့မှာဖြစ်တဲ့အတွက် တိုက်စစ်မှူး အိုင်ကာဒီကို အသင်းမှာဆက်ရှိနေဖို့ ဆန္ဒရှိနေခဲ့တာဖြစ်ပြီး ကာဗာနီဟာ လာမယ့်လမှာ စာချုပ်သက်တမ်းကုန်ဆုံးမှာ ဖြစ်ပါတယ်။

## ရှန်ဟိုင်းရှင်ဟွာအသင်းက ပြန်လည်ခေါ်ယူဖို့ ဆန္ဒရှိနေတာကြောင့် မန်ယူအသင်းအနေနဲ့ အိုင်ဟာလိုကို ဆုံးရှုံးရဖွယ်ရှိနေ

တိုက်စစ်မှူး အိုင်ဟာလိုရဲ့ မိခင်ကလပ်အသင်းဖြစ်တဲ့ ရှန်ဟိုင်းရှင်ဟွာအသင်းက တရုတ်စူပါလိဂ်ရာသီအကြို လေ့ကျင့်ရေးအစီအစဉ်တွေမစတင်မီမှာ အိုင်ဟာလိုကို ပြန်လည်ခေါ်ယူဖို့ ဆန္ဒရှိနေတာကြောင့် မန်ယူအသင်းအနေနဲ့ အိုင်ဟာလိုကို ဆုံးရှုံးရဖွယ်ရှိနေတယ်လို့ သိရပါတယ်။

နိုင်ဂျီးရီးယားတိုက်စစ်မှူး အိုင်ဟာလိုဟာ ဇန်နဝါရီဈေးကွက်အတွင်းက တရုတ်စူပါလိဂ်ကလပ် ရှန်ဟိုင်းရှင်ဟွာအသင်းကနေ မန်ယူအသင်းဆီ အငှားစာချုပ်နဲ့ လာရောက်ကစားနေတာဖြစ်ပြီး မန်ယူအသင်းနဲ့အတူ အကောင်းဆုံးခြေစွမ်းပြကစားနိုင်ခဲ့တဲ့အပြင် မန်ယူအသင်းအတွက် စတင်ပွဲထွက်ခွင့်ရခဲ့တဲ့ ပွဲစဉ်သုံးခုမှာ လေးဂိုးအထိ သွင်းယူပေးနိုင်ခဲ့တဲ့ ကစားသမားတစ်ဦးလည်းဖြစ်ပါတယ်။

အိုင်ဟာလိုရဲ့ မန်ယူအသင်းနဲ့ချုပ်ဆိုထားတဲ့ အငှားစာချုပ်သက်တမ်းဟာ ဇွန်လကုန်ပိုင်းမှာ ကုန်ဆုံးမှာဖြစ်ပြီး မန်ယူအသင်းအနေနဲ့ အိုင်ဟာလိုကို အသင်းမှာ ဆက်ရှိနေဖို့ ဆန္ဒရှိနေတာလည်းဖြစ်ပါတယ်။ ကိုရိုနာဗိုင်းရပ်စ်ကူးစက်ပြန့်ပွားမှုတွေကြောင့် ရပ်နားထားရတဲ့ ပရီမီယာလိဂ်ရာသီကို ဇွန်လနောက်ပိုင်းမှာ ပြန်လည်စတင်ဖို့ရှိနေပြီး မန်ယူအသင်းက ၂၀၁၉-၂၀၂၀ ဘောလုံးရာသီကုန်ချိန်အထိ အိုင်ဟာလိုကို အသင်းမှာ ဆက်ရှိနေဖို့ မျှော်လင့်နေတာဖြစ်ပါတယ်။

တရုတ်စူပါလိဂ်ကလပ် ရှန်ဟိုင်းရှင်ဟွာအသင်းကလည်း ကိုရိုနာဗိုင်းရပ်စ်ဖြစ်ပွားမှုကြောင့် တရုတ်စူပါလိဂ်ကို ရပ်နားထားခဲ့ရတာဖြစ်တဲ့အတွက် လာမယ့်လအတွင်းမှာ ပြန်လည်စတင်မယ့် တရုတ်စူပါလိဂ်ပြိုင်ပွဲအမီ တိုက်စစ်မှူး



အိုင်ဟာလိုကို ပြန်လည်ခေါ်ယူဖို့ ဆန္ဒရှိနေတာဖြစ်ပါတယ်။

ရှန်ဟိုင်းရှင်ဟွာအသင်းအနေနဲ့ အိုင်ဟာလိုကို တစ်ပတ်လုပ်ခလစာပေါင်လေးသိန်းနဲ့ နှစ်နှစ်သက်တမ်းရှိစာချုပ်သစ်တစ်ရပ် ထပ်တိုးချုပ်ဆိုဖို့ စီစဉ်နေတာဖြစ်ပြီး ကစားသမားကိုယ်တိုင်ကတော့ မန်ယူအသင်းမှာပဲ ဆက်ကစားဖို့ ဆန္ဒပြင်းပြနေတယ်လို့ သိရပါတယ်။

# အနုပညာ

## အနုပညာသက်တမ်းငါးနှစ်ပြည့် အထိမ်းအမှတ်အဖြစ် ကလေးများအတွက် လှူဒါန်းခဲ့တဲ့ Seventeen

တောင်ကိုရီးယားအမျိုးသားတေးဂီတအဖွဲ့တစ်ဖွဲ့ဖြစ်တဲ့ Seventeen ဟာ လတ်တလောမှာ တေးဂီတလောကအတွင်း စတင်ဝင်ရောက်ခဲ့တာ ငါးနှစ်ပြည့်ခဲ့ပြီဖြစ်ပါတယ်။ အဖွဲ့ရဲ့ နှစ်ပတ်လည်အထိမ်းအမှတ်အဖြစ် ကလေးတွေနဲ့ ဆယ်ကျော်သက်တွေအတွက် ပညာရေးနဲ့ပတ်သက်တဲ့ လှူဒါန်းမှုတွေပြုခဲ့ကြောင်း စွန်ပီဒေါ့ကွန်းရဲ့ ရေးသားဖော်ပြချက်တွေအရ သိရပါတယ်။

ယနေ့မှာ Seventeen ဟာ အနုပညာသက်တမ်း ငါးနှစ်ပြည့်မြောက်ခဲ့တာဖြစ်ပါတယ်။ အဆိုပါနေ့မှာ အဖွဲ့ရဲ့ တတိယမြောက် စတီရီယိုတေးအယ်လ်ဘမ် An Ode ကို ရိုက်ကူးစဉ် လျှပ်တစ်ပြက်ရိုက်ကူးထားတဲ့ အဖွဲ့ဝင်တွေရဲ့ ပုံရိပ်တွေပါဝင်နေတဲ့ ဗီဒီယိုတစ်ခုကို ထုတ်လွှင့်ပြသခဲ့ပါတယ်။ ဒါ့အပြင် ယနေ့မှာ အမှန်တကယ်အကူအညီလိုအပ်နေတဲ့ ကလေးငယ်တွေအတွက် ပညာသင်ဆုတွေကိုလည်း ထောက်ပံ့ပေးခဲ့ပါတယ်။

အဖွဲ့ဝင်တွေဟာ ဒီလိုလှူဒါန်းရာမှာ ယဉ်ကျေးမှုပေါင်းစုံရှိတဲ့ နိုင်ငံအသီးသီးမှ ရွှေ့ပြောင်းနေထိုင်ကြတဲ့ မိသားစုတွေမှ ကလေးငယ်တွေအတွက် အဓိကပံ့ပိုးပေးခဲ့တာဖြစ်ပြီး ပညာသင်ဆုတွေနဲ့ ယဉ်ကျေးမှုနဲ့ အနုပညာဆိုင်ရာပညာရပ်တွေ သင်ကြားဖို့အတွက် ထောက်ပံ့လှူဒါန်းခဲ့တာဖြစ်ကြောင်းလည်း သိရပါတယ်။

Seventeen ဟာ အနုပညာသက်တမ်းတစ်လျှောက် နှစ်ပတ်လည်နေ့တွေမှာ ယခုလိုပင် ကလေးတွေအတွက် ရည်ရွယ်ကာ လှူဒါန်းမှုတွေ ပြုလေ့ရှိပါတယ်။



